
www.burmeseclassic.com



# သမီးချစ်

ရဝေထွန်း

ပန်းချီ စံတိုး

www.burmeseclassic.com

www.burmeseclassic.com

ရဝေထွန်း

# သမီးချစ်

ပါရမီ

စာပေ

www.burmeseclassic.com

www.burmeseclassic.com

## သမီးချစ်

စတုတ္ထအကြိမ်၊ ၁၉၉၉ စက်တင်ဘာလ၊ အုပ်ရေ ၁၅၀၀

အဖုံးပန်းချီ စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၄၅/၉၉(၈) နှင့် စာမူခွင့်ပြုချက် အမှတ် ၂၆၀/၉၉(၅)တို့အရ ဦးဝင်းမြင့်(၀၁၅၁၂)၊ ဝင်းမြင့်အောင်စာပေ၊ ၃၁၅၊ ၂-ခ ရပ်ကွက်၊ သောက်ကြန့်တိုးချဲ့၊ မင်္ဂလာဒုံက ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏက ပုံနှိပ်သည်။

**တန်ဖိုး ၁၈၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ရန်ကုန်(ဖုံး၂၅၃၂၄၆)
၂/၄၊ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| | စာရေးဆရာကြီးဆရာဖေယျ၏ စကားဦး | ... | ၄ |
| | နိဒါန်း | ... | ၆ |
| ၁။ | ဝါသနာရှင် | ... | ၁၁ |
| ၂။ | သူငယ်ချင်းသုံးယောက် | ... | ၁၉ |
| ၃။ | ဖေဖေနှင့် မေမေ | ... | ၂၈ |
| ၄။ | ဤမောင်နှမ | ... | ၃၆ |
| ၅။ | အိမ်ပြေးမကလေးများ | ... | ၄၅ |
| ၆။ | ပြေးနိုင်မှ လွတ်စေမည် | ... | ၅၅ |
| ၇။ | တောင်ကြားဂိတ် | ... | ၆၂ |
| ၈။ | ကုသိနာရုံ | ... | ၇၀ |
| ၉။ | နီပေါ သာသနာဝင် | ... | ၇၇ |
| ၁၀။ | တစ်ဓာတ်ပြောင်းပြီ | ... | ၈၅ |
| ၁၁။ | ခွဲခွာချိန် | ... | ၉၅ |
| ၁၂။ | အမိဖမ်းတော့မည် | ... | ၁၀၃ |
| ၁၃။ | ခရီးတစ်ထောက် | ... | ၁၀၈ |
| ၁၄။ | အလှည့်အပတ် | ... | ၁၁၅ |
| ၁၅။ | ကျား | ... | ၁၂၁ |
| ၁၆။ | မြွေ | ... | ၁၃၄ |
| ၁၇။ | နာဂ | ... | ၁၄၁ |
| ၁၈။ | မြစ်ကြီးနားတွင် | ... | ၁၅၄ |
| ၁၉။ | အချုပ်ခန်း | ... | ၁၇၁ |
| ၂၀။ | စိတ်ရှိလက်ရှိ | ... | ၁၇၉ |
| ၂၁။ | မွေးရပ်ဌာနေ | ... | ၁၈၆ |
| ၂၂။ | အောင်ပန်းပန်ချိန် | ... | ၁၉၅ |
| | သမီးချစ်နှင့် နီပေါပြည် | ... | ၁၉၉ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာကြီး ဆရာဖေမြင့်၏
# စကားဦး

လွန်ခဲ့သည့် တစ်နှစ်ခန့်က ဆွာမိ အဂေဟာနန္ဒ ဘာရတီအမည်ရှိသော ပုဂ္ဂိုလ်တစ်ဦး အင်္ဂလိပ်ဘာသာဖြင့် စီရင်ရေးသား၍ အင်္ဂလန်ပြည် လန်ဒန်မြို့မှ ပုံနှိပ်ထုတ်ဝေသော "သ–ဩကာ–ရုတ်" (မြန်မာဘာသာ အားဖြင့် "မြေနီရောင်သင်္ကန်း")ခေါ်သော စာတစ်အုပ်ကို ဖတ်ခဲ့ရဖူး ပေသည်။ ဆွာမိအဂေဟာနန္ဒ ဘာရတီဟူသော အမည်မှာ အိန္ဒိယပြည် ဟိန္ဒူဘာသာဘုန်းကြီး၏ ဘွဲ့နာမံ ဖြစ်သော်လည်း ရေးသားသူမှာ အိန္ဒိယတိုင်းသားမဟုတ်၊ ဥရောပတိုက် ဩစတြီးယားပြည်၊ ဗီယာနာ မြို့သား လီယိုပို ဖစ်ရှား ဖြစ်သည်။ လီယိုပို ဖစ်ရှား သည် ကျောင်းသား အရွယ်ငယ်စဉ်ကပင် သက္ကတဘာသာစာပေများကို သင်ကြားလေ့လာခဲ့ သည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွား၍ ဩစတြီးယားကို ဟစ်တလာ သိမ်းယူပြီးနောက် အသက် ၁၇ နှစ်အရွယ်တွင် စစ်မှုထမ်းရသည်။ စစ်ကြီးပြီးသည့်နောက် ၁၉၄၇ ခုနှစ်သို့ရောက်သောအခါ သက္ကတ ကျမ်းများ၌ ပါရှိသော တရားများကို အိန္ဒိယသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ရှာဖွေမည်ဟု ဆုံးဖြတ်ကာ အိန္ဒိယသို့လာရောက်၍ ဟိန္ဒူ ဘုန်းကြီးအဖြစ်ကို ခံယူပြီးလျှင် ဟိန္ဒူဘုန်းကြီးများနည်းအတိုင်း နှစ် ပေါင်းများစွာ ပင်ပန်းဆင်းရဲ ဒုက္ခအမျိုးမျိုးတို့ကိုခံ၍ ဒေသအရပ်ရပ် ဆရာအသီးသီးတို့ထံတွင် နည်းနာခံယူလျက် တရားကိုရှာလေသည်။

ထိုစာအုပ်ကို ဖတ်ပြီးသောအခါ ပုဂံခေတ်မှ ယခုအထိ မြန်မာ ပြည်မှ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ် အဆက်ဆက်တို့သည် မဇ္ဈိမဒေသ (အိန္ဒိယ)၊ လင်္ကာဒီပ (သီဟိုဠ်ကျွန်း)တို့ကို သွားရောက်ရှာဖွေကြပုံ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဂျပန်၊ တရုတ်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ စသည်တို့မှ ဗုဒ္ဓဘာသာတရားတော်များကို မြန်မာပြည်သို့ လာရောက်ရှာဖွေကြပုံ အကြောင်းအရာများကို သတိရမိ

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ ထိုသို့သောအကြောင်းအရာများကို သာသနာလင်္ကာရ၊ သာသနဝံသ၊ ဆရာစဉ်စာတမ်း စသည်တို့တွင် များစွာတွေ့ရသည်။ သို့သော် ၎င်းတို့မှာ အတိတ်ကအကြောင်းအရာများဖြစ်လျက် အမြွက်မျှလောက်သာဖြစ်ကြရာ ယခုမျက်မှောက်ခေတ်၌ မြန်မာနိုင်ငံသို့ လာရောက်၍ ဗုဒ္ဓဘာသာတရားတော်များကို ရှာဖွေလေ့လာကြသော နိုင်ငံခြားပုဂ္ဂိုလ်များအကြောင်းကို ဆွာမိ အဂေဟာနန္ဒ ဘာရတီ၏ "မြေနီရောင်သင်္ကန်း"ကဲ့သို့ ရေးသားထားကြပါမူကား ကောင်းလေစွဟု တောင့်တနေမိလေသည်။ ထိုအတွင်း ဆရာရဝေထွန်းရေးသားသော "သမီးချစ်"စာအုပ်ကို တွေ့ရှိဖတ်ရှုရသောအခါ ငါ၏တောင့်တချက်ပြည့်စုံပြီဟု လက်သီးလက်မောင်း တန်းမိပေသည်။

ဤစာအုပ်၌ ပါရှိသော နီပေါပြည်သူ အမျိုးသမီးကလေး ဂဏေသကုမာရီမှာ အသက်အရွယ်အားဖြင့်ဆိုသော် အလွန်ပင် နုနယ်သေး၏။ စိတ်ဓာတ်ပါရမီအားဖြင့်မူကား ရင့်သန်သူဖြစ်သည်။ အသက် ၁၄ နှစ်အရွယ်မျှပင် "ဘုရား"ဟူသောအသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် နှလုံး၌ ကိန်းဝင်ပွင့်လင်းခြင်းကို ရလေသည်။ နုနယ်သော အမျိုးသမီးတို့၌ စိတ်ကူးမျှပင် ထည့်ဝံ့ကြမည်မဟုတ်သော စွန့်စားခြင်းဖြင့် ကြမ်းတမ်းခက်ခဲလှသော ကန္တာရခရီးကို ဖြတ်ကျော်လာရောက်၍ မြန်မာနိုင်ငံ၌ တရားကိုရှာလေသည်။ ဂဏေသ ကုမာရီ၏ စွန့်စားမှုကား ထူးမြတ်လှ၏။ လူသားတို့အတွက် အားတက်ဖွယ် စံနမူနာကြီးတစ်ရပ် ဖြစ်ပေသည်။

ဂဏေသကုမာရီ၏ တရားအတွက် စွန့်စားမှုကို မြန်မာနိုင်ငံကသာလျှင်မဟုတ် ကမ္ဘာကလည်း သိအပ်ပေသည်။ ထို့ကြောင့် ဆရာရဝေထွန်း၏စာအုပ်ကို မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေထားရုံမျှနှင့်သိမ့်ရောင့်ရဲမနေဘဲ အခြားသော ကမ္ဘာသူကမ္ဘာသားတို့ကိုလည်း အကျိုးပြုနိုင်စေရန် အင်္ဂလိပ်၊ ပြင်သစ် စသောဘာသာများကို ပြန်ဆို၍ ပုံနှိပ်ထုတ်ဝေအပ်လှပေသည်။

ဓေယျ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

တောစခန်းတစ်နေရာရှိ ပုံစံကောင်း၍ ကျယ်ဝန်းသော ဗိုလ်တဲတစ်ခုကို ဖျက်ယူခဲ့ပြီး မြို့ကြီးအလယ်တွင် အများသုံးနိုင်ရန် စာကြည့်တိုက်ဆောက်လိုက်သည်။ ဗိုလ်တဲပုံသဏ္ဍာန်အတိုင်းမဟုတ်ဘဲ စာကြည့်တိုက် ပုံသဏ္ဍာန်ဖြင့် ပြုပြင်တည်ဆောက်လိုက်ခြင်းဖြစ်သော်လည်း ယခင် ဗိုလ်တဲတုန်းက တိုင်, ရက်မ, ဆင့်, အခင်း, အကာ, ထုပ်, လျောက်, ဒိုင်း, မြားနှင့်အမိုးများကိုပင် ပြန်လည်အသုံးပြုထားပေသည်။ ထူးခြားသည်ကား တောစခန်းဗိုလ်တဲဘဝတွင် လူသုံးမများဘဲ ပစ်ထားရသလိုရှိသဖြင့် မကြာမီ ပျက်စီးသွားတော့မည့်အခြေမှ မြို့အတွင်း စာကြည့်တိုက်ဖြစ်လာသောအခါ လူသုံးများပြီး ပိုမိုခိုင်ခံ့လာရခြင်းပင် ဖြစ်သည်။ ရိုးသားသော ဗိုလ်တဲအသွင်မှ ဆန်းကြယ်သောစာကြည့်တိုက်အသွင်သို့ ပြောင်းလာ၏။ ထို့ပြင် တစ်ဦးတလေအကျိုးပြုသော၊ ပုဂ္ဂလိကသုံးဖြစ်သော၊ လူသိနည်းသော ဗိုလ်တဲဘဝမှ အများအကျိုးပြုသော၊ လူထုသုံးဖြစ်သော၊ လူသိများသော စာကြည့်တိုက်ဘဝသို့ ပြောင်းလာ၏။

အထက်ပါစကားရပ်မှာ ဥပမာအဖြစ်သာ တင်ပြထားသော စကားရပ်ဖြစ်သည်။ စာရေးသူသည် ဤ"သမီးချစ်"ကို ဘဝဖြစ်စဉ်မှန်မှ ဝတ္ထုတာဇ်ပုဒ် ပြုလုပ်ထားပေရာ ဘဝဖြစ်စဉ်မှန် (ဝါ) အတ္ထုပ္ပတ္တိကို ဗိုလ်တဲနှင့် ဥပမာပြု၍ ဝတ္ထုကို စာကြည့်တိုက်နှင့် ဥပမာပြုလိုက်ပါသည်။(အထက်ပါစာပိုဒ်များဖြင့် စာရေးသူသည် အတ္ထုပ္ပတ္တိနှင့် ဝတ္ထုကို သရုပ်ခွဲနေသည်မဟုတ်ပါ။ ဤစာအုပ်၏ ဖြစ်စဉ်ကို တင်ပြရင်းက စိတ်ထဲတွင် ထင်ဟပ်စွဲဝင်လာသော အရိပ်အယောင်ကိုဖမ်း၍ ရေးသား ပြလိုက်ခြင်းသာ ဖြစ်ပါ၏။ အတ္ထုပ္ပတ္တိအင်္ဂါရပ်ကား မည်သို့၊ ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါရပ်ကား မည်ပုံ စသည် ဖော်ပြကြရန်ကား ကမ္ဘာ့စာပေ ပညာရှင်ကြီးတို့၏ တာဝန်သာဖြစ်ပါသည်။)

ဤဘဝဖြစ်စဉ်ပိုင် (ဝါ) အတ္ထုပ္ပတ္တိရှင်ကလေး၏ ဖြစ်ရပ်မှန်မှာ စိတ်ကူးယဉ်ဝတ္ထုများထက် ကောင်းသည်။ စိတ်ခေတ်ပြင်းပြမှု၊ ဖွဲ့သတ္တိနှင့် စွန့်စားမှုတို့မှာ စိတ်ကူးယဉ်စခန်းကို ကျော်လွှမ်း၍နေပေသည်။ အမှန်အားဖြင့် ဤအတ္ထုပ္ပတ္တိကို အတ္ထုပ္ပတ္တိအနေဖြင့် ရေးလျှင်လည်း ဖတ်၍ကောင်းသော၊ မှတ်သားထိုက်သော၊ နည်းယူထိုက်သော စာတစ်ပုဒ်ဖြစ်လာမည်သာတည်း။ သို့သော် တောစခန်း ဗိုလ်တဲပမာ ရိုးသားသော၊ တစ်ဦးတလေ အကျိုးပြုသော၊ ပုဂ္ဂလိကသုံးဖြစ်သော၊ လူသိနည်းသောအဖြစ်မှုကား တက်လာမည်မဟုတ်ပေ။ ထို့နောက် မကြာမီပျောက်ကွယ်သွားပေမည်။ (အတ္ထုပ္ပတ္တိသည် ပုဂ္ဂိုလ်၏ဖြစ်ရပ် ထူးချွန်မှုမှတစ်ပါး ဝတ္ထုကဲ့သို့ ခိုင်ခံ့သော အထောက်အကူမရှိပေ။ ကမ္ဘာ့လူချွန်လူမွန်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ယင်းတို့၏ဂုဏ်ရည်နှင့် အခြားအကြောင်းတို့ကြောင့်သာ ဖတ်ရသည်ဖြစ်ရာ အဘယ်ဝါသနာရှင်မျှ နှစ်ခါထပ်၍ မဖတ်လိုကြပေ။ ဖတ်ပြီးချိန်မှစ၍ ချထားလိုက်ရာ နောက်ထပ်ကောက်၍ မကိုင်မိတော့သဖြင့် မကြာမီပျောက်၍ သွားရတော့၏။)

ဤဖြစ်ရပ်ကား ပျောက်ကွယ်သွားသင့်သော ဖြစ်ရပ်မျိုးမဟုတ်ပေ။ တိမ်မြုပ်နေစကောင်းသော ကြောင်းရာမဟုတ်ပေ။ အမျိုးသမီးတိုင်း နမူနာယူသင့်သော၊ ဗုဒ္ဓဘာသာရေးအတွက် မှတ်တမ်းတင်ထိုက်သော၊ ထေရဝါဒ ဗုဒ္ဓသာသနာအတွက် အားတက်စရာကောင်းသော ဖြစ်ရပ်ဖြစ်စဉ်တစ်ခုဖြစ်ရာ အမျိုးသမီးလောက ဖွဲ့သတ္တိပွားတိုးရေးနယ်ပယ် ဘာသာရေးတစ်ခေတ်လုံးအတွက် ထာဝစဉ်ရှိနေထိုက်သည်ဟု စာရေးသူတို့ အသိုက်အဝန်းက ယူဆစွဲပိုက်ထားပါသည်။

ထို့ကြောင့် တောစခန်း ဗိုလ်တဲမှသည် မြို့အတွင်းစာကြည့်တိုက်အဖြစ် သယ်ယူပြောင်းရွှေ့၍ တည်ဆောက်သလိုပင် ဤ သမီး

www.burmeseclassic.com

www.burmeseclassic.com



ချစ်"ကို တကယ့်အဖြစ်မှန် (အတ္ထုပ္ပတ္တိ)မှ ဝတ္ထုတစ်ပုဒ် ပြုလုပ်လိုက်ပါ၏။ သို့ပြုရာဝယ် ဇိုလ်တဲမှ သစ်သံအဆောက်အအုံများကို သူ့အတိုင်း အသုံးပြုသလိုပင် အဖြစ်မှန်မှ ဖြစ်စဉ်ဇာတ်ကြောင်း နာမည်ရင်း အမှန်အကန်တို့ကို မပြောင်းမလွဲဘဲဘဝဖြစ်စဉ်ပိုင်၏ ခွင့်ပြုချက်အရ အသုံးပြုလိုက်ပါသည်။ အတ္ထုပ္ပတ္တိပုံသဏ္ဌာန်ကိုသာ ဝတ္ထုပုံသဏ္ဌာန်သို့ ပြောင်းလဲထားပါသည်။ သို့ပြောင်းလဲရာဝယ် ဇိုလ်တဲမှ စာကြည့်တိုက်အဖြစ် ပြုပြင်ရာ၌ အတွင်းအပြင်အဆင်တို့ကို စာကြည့်တိုက်နှင့် လျော်စွာ စာအုပ်ဗီရို၊ စားပွဲ၊ ကုလားထိုင် စသည်တို့ဖြင့် သူနေရာနှင့်သူ ဆေဆေဆာဆာ ထည့်သွင်းပြင်ဆင်ထားရသလို ဝတ္ထုနှင့်လျော်သော ပြောဆိုပြုမူ ဟန်ယူဟန်ထား လှုပ်ရှားတွေးခေါ်မှုများ တန်ဆာဆင်မှုများ ပါဝင်လာရပါ၏။ သို့သော် ဤပါဝင်လာရချက်တို့မှာ ဖြစ်ရပ်မှန်ကိုပင် အခြေစိုက်ထားသဖြင့် သဘာဝလွန်သော စကားပိုများကား မဟုတ်ပါပေ။

ဤစာအုပ်ကိုရေးရာ၌ ဘဝဖြစ်စဉ်ပိုင်နှင့် တွေ့ဆုံမေးမြန်း၍လည်းကောင်း၊ ဖြစ်စဉ်အချုပ်ရေးသားထားချက်တို့ကို ကြည့်ရှု၍လည်းကောင်း၊ နီးစပ်ရာတို့ကို အကူအညီယူ၍လည်းကောင်း၊ ဆိုင်ရာစာအုပ်စာတမ်းများမှ ကောက်နုတ်၍လည်းကောင်း ရေးသားခဲ့၏။ သို့သော် ဘဝဖြစ်စဉ်ပိုင်နှင့် ကျေကျေနပ်နပ်တွေ့ဆုံ၍ ဖြစ်ပုံပျက်ပုံအလုံးစုံကို အကြမ်းအားဖြင့် အသေးစိတ်မှတ်သားခဲ့သော်လည်း ဖြစ်စဉ်ကို ပထျာဖြန့်ရာ၌မူကား စိတ်ကူးဉာဏ်ကို အသုံးပြုရသော အချက်များမှာ မလွှဲမကင်းသာဘဲ ပါဝင်တန်သလောက် ပါဝင်ပေသေးသည်။ မည်သို့ပင်ဖြစ်စေ စိတ်ကူးယဉ်ဝတ္ထုများကဲ့သို့ကား ဇာတ်ဆောင်များကို စိတ်ကူး၍ မွေးထုတ်ကာ အရုပ်များကို အသက်သွင်းသလို ပတ်ဝန်းကျင်လျော်ရာ ပုဂ္ဂိုလ်များ၏ ဟန်ပန်မူရာကို သွင်းယူရေးသားရခြင်းမရှိဘဲ ပင်ကိုသက်ရှိပုဂ္ဂိုလ်များသာ ပါဝင်သဖြင့် အခြားသူ၏ ဟန်ပန်မူရာကို သွင်းယူရန်မလို၊ ပင်ကိုမူအတိုင်းပင် ပါဝင်လာစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပါဝင်သူပုဂ္ဂိုလ်ကြီး အများအပြားမှာ စာရေးသူ တွေ့ကြုံသိကျွမ်းထားသူများ မဟုတ်၍ ဘဝဖြစ်စဉ်ပိုင်၏ ခွင့်ပြုချက် အရ ပါဝင်လာရသော်လည်း ယင်းတို့၏ ဟန်ပန်မူရာတို့မှာ စာရေးသူ ၏ ဖန်တီးမှုပေါ်တွင် တည်ရှိနေကြရကြောင်း ဝန်ခံပါ၏။ မည်သို့ပင် ဖြစ်စေ၊ ထိုပုဂ္ဂိုလ်ကြီးတို့အပေါ်တွင် စာရေးသူသည် လေးလေးစားစား စေတနာထား၍ နီးစပ်နိုင်သမျှ နီးစပ်အောင် ကြိုးစား၍ဖန်တီးပါသည်။ အကယ်၍ အချို့ဟန်ပန်မူရာတို့မှာ တကယ့်ပုဂ္ဂိုလ်ဒြပ်နှင့် မဟပ်မိဘဲ ဖြစ်နေပါသော် စေတနာပေါ်မူတည်၍ ဆိုင်ရာပုဂ္ဂိုလ်ကြီးများက ခွင့် လွှတ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ထို့ပြင် ဤစာအုပ်၏ စပ်ရာစပ်ရာ အချို့နေရာတို့၌ သင့်လျော် သော ဗဟုသုတများကို အကြောင်းရပ်နှင့် ဆီလျော်အောင် ထည့်သွင်း ထားပါသည်။ အချို့အကြောင်းအရာများမှာ လေးနက်သဖြင့် စာဖတ် သူများအဖို့ ပျင်းရိဖွယ်ရာ ဖြစ်ကောင်းဖြစ်နေပေမည်။ သို့သော် ထိုသို့ လေးနက်သော အကြောင်းအရာတို့ကို ဤရေးဟန်ထက် ပေါ့လျော့ သော ရေးဟန်ကိုသုံး၍ အပျော်လုံးလုပ်ပစ်ရန်လည်း မထိုက်သဖြင့် လေးနက်ရင်းအတိုင်း လေးနက်နေရသည်ကို စာဖတ်သူတို့က ခွင့်လွှတ် စေလိုပါသေးသည်။

အမှန်အားဖြင့် ဤဖြစ်စဉ်မှာ စိတ်ကူးဉာဏ်ဖြင့် ဖန်တီးသော ဝတ္ထုများကဲ့သို့ လုပ်ကြံချဲ့ထွင် တန်ဆာဆင်ရသော အရေးအသားမျိုး မပါဝင်။ ပင်ကိုအဖြစ်အပျက်ကပင် ဖတ်သူ၏အာရုံကို လှုပ်လှုပ်ရှားရှား လာအောင် ဆွဲဆောင်သွားနိုင်သော အဖြစ်အပျက် ဇာတ်လမ်းမူရင်း အခင်း၊ အခက်၊ အဖြေတို့ ဝေဝေဆာဆာ ရှိနေသဖြင့် စာရေးသူတာဝန် မှာ ယင်းဖြစ်ရပ်မှန် ကျောရိုး(ဝါ)ပုံကြမ်းရိုးခံကို စိတ်ကူးဉာဏ် အနည်း ငယ်ထုတ်၍ အသွေးအရောင်ခြယ်လှယ်ပေးရုံသာဖြစ်ပေ၏။ ဤသို့ အသွေးအရောင် ခြယ်လှယ်ရုံမျှသာ စာရေးသူ၏ တာဝန်ရှိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်ဝတ္ထုတို့ကဲ့သို့ စွဲမက်ဖွယ်အကွက်များ မပါဝင်ဟု ထင်မြင်ယူဆသူများရှိပါကလည်း ဇာတ်လမ်း၏အသည်းဖြစ်သော ပဓာနပါဝင်သူ၏ ဂုဏ်ရည်ကို ထောက်ထား၍ သည်းခံစိတ် ပွားစေလိုပါသည်။

အချုပ်မှာ ဤဖြစ်စဉ်ကို ဝတ္ထုကဲ့သို့ ဖတ်၍ အဖြစ်မှန်ဟု မှတ်သားကာ နည်းယူသင့် နည်းယူထိုက် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သည်တို့ကို နည်းယူဂုဏ်ပြုလျက် မြတ်မြတ်နိုးနိုး သိမ်းဆည်းထားကြမည်ဆိုလျှင် ရေးသားသူဆန္ဒ ပြီးမြောက်ပြီဟု ဆိုရမည်သာ ဖြစ်ပါတော့၏။

၁၃၂၄ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊
(၂၇၊ ၂၊ ၆၃)၊ ဗုဒ္ဓဟူးနေ့။

ရဝေထွန်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

# ဝါသနာရှင်

"နိဗ္ဗာန်ဆိုတာ တကယ်ရှိတဲ့တရားမှ ဟုတ်ပါရဲ့လားလို့ မေးချင်နေကြတယ်မဟုတ်လား၊ မေးနိုင်ပါတယ်။ အဲဒီလိုမေးရင် နိဗ္ဗာန်ဆိုတာဟာ တကယ်ရှိတဲ့ တရားအမှန်ပါပဲလို့ ဖြေဆိုလိုက်ပါတယ်။ ဒါဖြင့် နိဗ္ဗာန်ဟာ တကယ်ရှိရင် ဘယ်လိုပုံသဏ္ဌာန်လဲ၊ လုံးလုံးလား၊ ပြားပြားလား၊ ဘုံနန်းပြာသာဒ် အဆောင်ဆောင်တွေနဲ့လား–လို့ တစ်ဆင့်တက်ပြီး မေးမယ်ဆိုလဲ မေးစရာပါပဲ။ အမှန်ကတော့ နိဗ္ဗာန်ဆိုတာ မြင်တွေ့ရတဲ့ ရုပ်တရားမျိုးမဟုတ်လို့ ထင်ထင်ရှားရှားကြီး မြင်တွေ့နေရတဲ့ ပစ္စည်းဝတ္ထုမဟုတ်ပေဘူး။ ဒါဖြင့် ဘယ်လိုသိနိုင်မလဲဆိုတော့ သိနိုင်မြင်နိုင်ပုံက..."

နီပေါတရားနာပရိသတ်များသည် ဘုန်းတော်ကြီး ဟောပြောနေသော တရားကို အလွန်စိတ်ဝင်စားစွာ မလှုပ်မယှက် စူးစိုက်နာယူနေကြပေသည်။ နိဗ္ဗာန်ကို မြင်နိုင်သိနိုင်ပုံ ဆိုသဖြင့် ပိုမို၍ သိချင်မြင်ချင်စိတ် ပြင်းပြကြဟန်ဖြင့် အသက်မှ မရှူနိုင်အောင် ရှေ့စကားအဆက်ကို ငံ့စားနေကြလေသည်။

"လူတွေဟာ ရုပ်တရား၊ နာမ်တရားများ ရှိတယ်ဆိုတာကို လက်ခံနိုင်ကြတယ်၊ ယုံကြည်နိုင်ကြတယ်၊ ရုပ်တရားဆိုရင် မျက်စိနဲ့တောင် ထင်ထင်ရှားရှား မြင်နေရလို့ အထူးပြောနေစရာ မလိုတော့ဘူး။ နာမ်တရားဆိုရင်လဲ မျက်စိနဲ့ မမြင်ရပေမယ့် လောဘတွေဖြစ်နေပုံ၊ ဒေါသတွေဖြစ်နေပုံကစပြီး နေ့စဉ်နေ့တိုင်း လူတွေရဲ့ အာသာဆန္ဒအမျိုးမျိုးတွေ ပြောင်းလဲဖြစ်ပေါ်နေတာကို အမြဲတွေ့နေမြင်နေရတော့ စိတ်ဆိုတဲ့ နာမ်တရားဟာ ထင်ရှားနေပြီမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးသည် ရံခါရံခါ ပါဠိဘာသာဖြင့် ဟောသည်။ သို့သော် အများအားဖြင့်မူ မြန်မာဘာသာဖြင့် ဟော၍ မြန်မာဘာသာ တတ်သော မြန်မာပြည် နီပေါရဟန်းတော်တစ်ပါးက နီပေါဘာသာသို့ ပြန်ပေးလေသည်။ ယနေ့ဟောသောနိဗ္ဗာန်တရားအကြောင်းမှာ နီပေါ တရားနာပရိသတ်များက အသိလိုဆုံးတရားဖြစ်သဖြင့် ပရိသတ်များမှာ ဘာသာပြန်ဖြင့် တစ်ဆင့်နာကြားနေရသည်ကိုပင် အားမလိုအားမရ ရှိနေကြဟန်တူပေသည်။

နေရာမှာ နီပေါပြည်၊ ကတ္တမန္ဒူမြို့တော်နှင့် လေးမိုင်ခန့် ကွာဝေးသောပါတန် ခေါ် လလိတပူရမြို့တစ်နေရာတွင်ဖြစ်၏။ တရား ဟောနေသော ဘုန်းတော်ကြီးမှာ မြန်မာဘုန်းတော်ကြီးတစ်ပါးဖြစ်၍ မြန်မာနိုင်ငံ မော်လမြိုင်မြို့မှ အိန္ဒိယပြည် ကုသိနာရုံမြို့တွင် ကြွရောက် သီတင်းသုံးနေရာမှ နီပေါပြည်သို့ ခရီးလှည့်လည်လာသော ဆရာ တော် ဦးဓမ္မာလောကဖြစ်၏။ မော်လမြိုင်မြို့တွင် သီတင်းသုံးသွားဖူးသော နီပေါထေရဝါဒ ဘုန်းတော်ကြီး သီရိဗုဒ္ဓဃောသနှင့် စပ်၍ ရောက် လာစဉ် နီပေါလူမျိုးထေရဝါဒဗုဒ္ဓဘာသာဝင်များက တရားဟောရန် ပင့်ထား၍ ဟောနေခြင်းဖြစ်ရာ ယနေ့နောက်ဆုံးရက်ဖြစ်သဖြင့် အရေး အကြီးဆုံးဖြစ်၍ နီပေါတရားနာပရိသတ်များ အလွန်သိလိုနေသော နိဗ္ဗာန်တရားကို ဟောပြနေခြင်းဖြစ်ပေ၏။

ဘုန်းတော်ကြီးသည် တရားကို ဆက်ပြန်၏။

"နိဗ္ဗာန်ဆိုတာလဲ နာမ်တရားတစ်မျိုးပဲဖြစ်ပါတယ်၊ ဒါပေမဲ့ စိတ်ဆိုတာ အားလုံးသိနေကြတဲ့ နာမ်တရားမျိုးလို လောဘတွေ၊ မာန၊ တဏှာ၊ မစ္ဆရိယဆိုတဲ့ ပြင်းပြင်းထန်ထန်လိုချင်မှု၊ ကြမ်းတမ်းမှု၊ ထောင်လွှားမော်ကြွားမှု၊ ကိုယ့်ထက်သာမနာလိုမှု၊ ဝန်တိုမှုတွေနဲ့ပြည့်နေ တဲ့ နာမ်တရားမျိုးတော့ မဟုတ်ဘူး။ အဲဒီပြောခဲ့တဲ့တရားဆိုးမျိုးတွေ မရှိတဲ့ အလွန်အေးမြချမ်းသာတဲ့ နာမ်တရားမျိုး"

www.burmeseclassic.com

www.burmeseclassic.com



တရားသည် နက်နဲလှ၏။ ထေရဝါဒဗုဒ္ဓဘာသာအဖြစ် မရင့်ကျက်ကြသေးသော ဤတရားနာပရိသတ်တို့အဖို့ မကြားဖူးသော တရားအထူးဖြစ်နေသဖြင့်လည်း နဂိုကမှ နက်နဲသောတရားသည် ပို၍နက်နဲနေပေသည်။ ဘုန်းတော်ကြီးသည် လောဘ၊ ဒေါသစသော တရားတို့ ဖြစ်ပေါ်ခြင်းကြောင့် ပူပန်ဒုက္ခရောက်နေရပုံနှင့် ထိုလောဘ ဒေါသများ မဖြစ်လျှင် မည်သို့အေးမြနိုင်ပုံတို့ကို အကျယ်ချဲ့၍ သူ၏ နိဗ္ဗာန်တရားကို ရုပ်လုံးဖော်နေပြီး ဆက်လက်၍-

"လောဘ စတဲ့တရားတွေနဲ့ ယှဉ်စပ်နေတဲ့ စိတ်ဆိုတဲ့နာမ် တရားကို ကေန်ရှိတယ်လို့ ယုံကြည်လက်ခံနိုင်ရင် လောဘ စတဲ့တရား တွေနဲ့ မယှဉ်စပ်တဲ့ နိဗ္ဗာန်ဆိုတဲ့ နာမ်တရားကိုလဲ မုချရှိရမယ်လို့ ယုံကြည်နိုင်မယ်မဟုတ်လား"ဟု မေးမြန်းပြီး နိဗ္ဗာန်တရား၏ သိမ်မွေ့ပုံကို သရုပ်ဖော်ပြန်လေသည်။

တရားနာပရိသတ်ထဲတွင် ၁၃ နှစ်ရွယ် နီပေါမိန်းကလေး တစ်ဦးသည် နက်နဲလှသော နိဗ္ဗာန်တရားတော်ကို စူးစူးစိုက်စိုက် လေ့လာရင်း သဘောပေါက်နားလည်လာသဖြင့် ခေါင်းတညိတ်ညိတ် နှင့် နာကြား၍နေပေသည်။ ထိုနီပေါမကလေးသည် ၁၂ နှစ်သမီး အရွယ်ကပင် မြန်မာပြည်ပြန် ထေရဝါဒ နီပေါဘုန်းတော်ကြီးတစ်ပါး ထံမှ ဗုဒ္ဓကျမ်းစာအချို့နှင့် ပါဠိဘာသာကို တစ်နှစ်ကျော်ကျော် သင်အံ လေ့ကျက်ခဲ့ဖူးသဖြင့် တရား၌ အထုံဝါသနာပါသူပီပီ ဤသို့ စိတ်ဝင် စားနေနိုင်ခြင်းပင် ဖြစ်ပေ၏။

ထေရဝါဒ ဗုဒ္ဓဘာသာတရားမှာ သူသိလိုသင်လို ကျင့်ကြံလို သော တရားဖြစ်သဖြင့် ယခု မြန်မာဘုန်းတော်ကြီး ဟောသမျှကိုလည်း တစ်လုံးမကျန် မှတ်သား၍နေပေသည်။ တတ်နိုင်က ယခုချက်ချင်း နိဗ္ဗာန်တရားတော်ကြီးကို အရယူလိုစိတ်ပင် ထက်သန်၍နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားဟောနေသော မြန်မာဘုန်းတော်ကြီးသည် အပူရှိလျှင် အအေးရှိရမည်။ ဆင်းရဲရှိလျှင် ချမ်းသာရှိရမည်ဟူသော ဆန့်ကျင်ဘက် သဘောတရားများအကြောင်းကို ဥပမာတင်၍ "ဖြစ်–အို–နာ–သေ" ဆင်းရဲရှိသဖြင့် ဖြစ်–အို–နာ–သေ ဆင်းရဲမရှိသော ချမ်းသာစစ်သဘောရှိထိုက်ပုံ၊ ထိုချမ်းသာစစ်သည်ပင် နိဗ္ဗာန်မည်ပုံနှင့် နိဗ္ဗာန်ကို တခြားမှာသွားရှာမနေရဘဲ မိမိကိုယ်တွင်းမှာရှာရပုံတို့ကို အကျယ်တဝင့် ဟောပြလိုက်ရာ ဉာဏ်နုနယ်သေးသော နီပေါမကလေးမှာ သဘောအကျကြီးကျ၍ နေပေတော့သည်။

နောက်ဆုံး ဆင်းရဲအမျိုးမျိုးနှင့် ဆင်းရဲဖြစ်ကြောင်း လောဘ တဏှာ၊ ဆင်းရဲကင်းရာ နိဗ္ဗာန်တရားနှင့် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရား ဤသစ္စာလေးပါးတရားပြ၍ တရားပွဲကို အဆုံးသတ်တော်မူပြီး နောက်–

"တရားနာပရိသတ်တို့– အခု ဘုန်းကြီးဟောတဲ့တရားကို နာကြားပြီးကြပြီ၊ အဲဒီတော့ ဘုန်းကြီးတစ်ခုမေးလိုတယ်၊ မေးလိုတာက လောကကြီးမှာ– အဲ ဒီနီပေါနိုင်ငံမှာပဲ ဆိုပါတော့၊ ဘယ်ဟာဟာ အဆင်းရဲဆုံးတရားလဲ၊ ဘယ်ဟာဟာ အချမ်းသာဆုံးတရားလဲ၊ အဲဒါ သိသလား၊ ကဲ–ဖြေကြစမ်းပါ"ဟု တရားနာပရိသတ်များအား မေးခွန်းထုတ်တော်မူ၏။

ရုတ်တရက်သော် မည်သည့်အသံမှ ထွက်လာခြင်းမရှိဘဲ ပရိသတ်ကြီးသည် ငြိမ်သက်၍နေပေသည်။ ခဏတွင်းမှာပင် ပရိသတ်ကြီးထဲမှ အသံတစ်သံသည် တုန်ယင်ထစ်ငေါ့ခြင်းမရှိဘဲ ကြိုတင်စီစဉ်ထားသကဲ့သို့ပင် ကြည်လင်ပြတ်သားစွာ ထွက်ပေါ်၍လာလေသည်။

"တပည့်တော်မ လျှောက်ပါရစေဘုရား... တပည့်တော်မတို့နိုင်ငံမှာ အဆင်းရဲဆုံးကတော့ တခြားမဟုတ်ပါဘူး၊ တပည့်တော်မအဖို့တော့ ကိုယ်သင်ကြားချင်နေတဲ့ ဗုဒ္ဓကျမ်းစာတွေကို သင်ကြားခွင့်မရတာဟာ အဆင်းရဲဆုံးပါပဲဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များသည် "ဟယ်"ခနဲ အသံထွက်၍သွားကာ လျှောက်ထားသူ အသံရှင်ဘက်သို့ တစ်ပြိုင်နက် လှည့်၍ကြည့်ကြတော့သည်။ နောက်မှ တအံ့တသြဖြင့် "အမယ်... ဂဏေသကုမာရီပါလား"ဟု သံပြိုင်မှတ်ချက်ချရင်း ရယ်မော၍ သြဘာပေးကြလေ၏။ ဟုတ်ပေသည်။ တရားနာပရိသတ်ထဲမှ ရဲရဲဝံ့ဝံ့ ထ၍လျှောက်ထားလိုက်သူကား ၁၃နှစ်အရွယ် နီပေါအမျိုးသမီးကလေး "ဂဏေသကုမာရီ"ခေါ် ဂဏေသကလေးပင်ဖြစ်ပေသည်။

အရွယ်နှင့်မလိုက် ရဲစွမ်းသတ္တိရှိ၍ ဖျတ်လတ်သွက်လက်သည့် ဂဏေသကုမာရီခေါ် နီပေါအမျိုးသမီးကလေးမှာ ၁၂နှစ်အရွယ်ကပင် ထေရဝါဒီ ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့သူတစ်ဦး ဖြစ်ပေ၏။ ယခင်က ဆိုလျှင် ဂဏေသတို့အိမ်သားများသည် မိရိုးဖလာ ဟိန္ဒူဆန်နေသော မြောက်ပိုင်း ဗုဒ္ဓဘာသာခေါ် မဟာယာနဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ပေသည်။ သို့သော် ယမန်နှစ်ကပင် မြန်မာပြည်မှ ပြန်ရောက်လာခဲ့သည့် နီပေါထေရဝါဒရဟန်းတော် အသျှင်သီရိ ဗုဒ္ဓဃောသကိုယ်တော်သည် ဂဏေသတို့မြို့သို့ ရောက်လာပြီး ထေရဝါဒ ဗုဒ္ဓဘာသာတရားတော်ကို ဟောကြားတော်မူခဲ့သည်။ ထိုအရှင်သည် ထေရဝါဒဗုဒ္ဓ ဘာသာ အပွင့်ထွန်းဆုံးသော ပြည်ထောင်စုမြန်မာနိုင်ငံသို့ ကြွသွားကာ တတိယမြို့တော်ဖြစ်သည့် မော်လမြိုင်မြို့၌ ဗုဒ္ဓပိဋကတ်တော်များနှင့် ဗုဒ္ဓဘာသာဝင် ကျင့်စဉ်တရားများကို သင်ကြားခဲ့ပြီး ဤနီပေါနိုင်ငံသို့ ပြန်လည်ကြွမြန်းလာခဲ့ခြင်း ဖြစ်၏။

နီပေါနိုင်ငံ အနှံ့အပြား၌ပင် ထိုအရှင်သည် ထေရဝါဒဗုဒ္ဓဘာသာအကြောင်းနှင့် ထူးမြတ်သော ကျင့်စဉ်များကို ဟောပြောခဲ့ရာတွင် ဂဏေသတို့ လလိတပုရ(ပါတန်)မြို့၌လည်း ထေရဝါဒတရားပွဲကြီး ကျင်းပခဲ့လေသည်။ ထိုတရားပွဲကြီးအပြီး၌ မူလ မိရိုးဖလာမဟာယာန ဗုဒ္ဓဘာသာအဖြစ်မှ ထေရဝါဒဗုဒ္ဓဘာသာအဖြစ်သို့ လူပေါင်း

www.burmeseclassic.com

www.burmeseclassic.com



မြောက်မြားစွာ ကူးပြောင်းလာခဲ့ရာ ဂဏ္ဍေသ၏ မိခင်ကြီးဖြစ်သော သီရိမတိဟေရာထက္က (ဒေါ်ဟေရာထက္က)သည် ထိပ်ဆုံးက ပါဝင်ခဲ့ပေသည်။

ဒေါ်ဟေရာထက္ကသည် နီပေါ သာသနာပြုဘုန်းတော်ကြီးထံ၌ ထေရဝါဒဗုဒ္ဓဘာသာဝင်အဖြစ်သို့ မိမိကိုယ်တိုင် ဝင်ရောက်၍ ဥပါသိကာမအဖြစ် ခံယူထားရုံမျှသာမက၊ မိမိအိမ်သားများကိုပါ နှိုးဆော်တိုက်တွန်း၍ ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းစေခဲ့၏။ ခင်ပွန်းသည် သီရိမန် ဟာရသမာန (ဦးဟာရသမာန)နှင့် သားကြီး နေကာဂျီ၊ သားလတ် မဏာကာဂျီတို့အပြင် သမီး ဂဏ္ဍေသကုမာရီနှင့် ၎င်းအောက် လူမမည်သားငယ်နှစ်ဦး (သားသမီးငါးယောက်)တို့ပါ တစ်အိမ်သားလုံး ဥပါသကာ ဥပါသိကာများဖြစ်၍ လာခဲ့စေပေသည်။ ထို့ပြင်လည်း ၎င်းတို့မှ ဆက်သွယ်၍ တစ်နွယ်ငင်တစ်စင်ပါ ဆိုသကဲ့သို့ ဆွေမျိုးဉာတိ တော်တော်များလည်း ထေရဝါဒီဗုဒ္ဓဘာသာများ ဖြစ်လာခဲ့ပေသည်။

အထူးအားဖြင့် ၁၂ နှစ်အရွယ် သမီး ဂဏ္ဍေသကုမာရီကိုမူ လောကီပညာရေးဘက်မှ ထုတ်နုတ်၍ အသျှင် သီရိဗုဒ္ဓဃောသထံ အပ်နှံကာ ဗုဒ္ဓစာပေများကိုသင်ကြားစေခဲ့ပေသည်။ ထိုစဉ်က ဂဏ္ဍေသကုမာရီသည် ထေရဝါဒ ဗုဒ္ဓစာပေတွင် အရေးပါ၍ ပဓာနဖြစ်သော ပါဠိဘာသာကို စတင်သင်ကြား၍ ပရိတ်တော်များနှင့် လောကနီတိကျမ်း၊ ဓမ္မပဒကျမ်း စသည်တို့ကို ဆက်လက်သင်ကြားခဲ့ရလေသည်။

နီပေါပြည်တွင် အထက်တန်းကျောင်းများ မပေါများလှသေးသော်လည်း ဂဏ္ဍေသတို့လို ပစ္စည်းအတော်အတန် ကြွယ်ဝသူ အမျိုးသမီးများအဖို့ သင်ကြားရန် မခဲယဉ်းလှချေ။ ထို့ပြင် မဟာယာနဘာသာ၏ မူလစာပေဖြစ်သော သက္ကတစာပေသင်ကျောင်းများလည်း ရှိခဲ့၏။ သို့စေကာမူ ဂဏ္ဍေသမှာ ယင်းတို့ကို ပါဠိစာပေသင်ကြားရ

www.burmeseclassic.com

www.burmeseclassic.com



သည်လောက် မနှစ်သက်ခဲ့သဖြင့် အလေးမပေးခဲ့ပေ။ တစ်နှစ်ကျော်မျှ ပါဠိစာပေကို သင်ကြားရချိန်တွင် ဝါသနာအလျောက် ပါဠိဘာသာဖြင့် စကားပြောနိုင် ရေးနိုင်သည်အထိ တတ်မြောက်ခဲ့ပေသည်။

သို့သော် ဂဏောသတို့ ဗုဒ္ဓစာပေကို သင်ကြား၍မျှ အားမရနိုင်သေးမီ ဆရာဖြစ်သော သီရိဗုဒ္ဓဃောသကိုယ်တော်သည် ဗုဒ္ဓစာပေ သင်ကြားဆဲ တပည့်များကိုထားခဲ့ကာ သာသနာရေးကိစ္စဖြင့် အိန္ဒိယပြည် ကုသိနာရုံမြို့သို့ ကြွသွားတော်မူလေသည်။ ထို့ကြောင့် တစ်နှစ်ကျော်မျှသာ ပညာသင်ရသေးသော ဂဏောသတို့မှာ လေ့လျော်ရင်းတက်ကျိုးသကဲ့သို့ သောင်မတင်ရေမကျ စကောစကဖြင့် ဗုဒ္ဓစာပေ သင်ကြားမှုတို့ကို ရပ်ဆိုင်း၍ထားခဲ့ရတော့၏။

ဤသည်ပင် ဂဏောသအဖို့ ကြီးစွာသောဆင်းရဲတစ်ရပ်ပင်ဖြစ်လေတော့သည်။ မိဘတို့က ချမ်းသာကြွယ်ဝသူများဖြစ်သဖြင့် ဂဏောသတွင် မိန်းကလေးဘဝ လှလှပပ ဝတ်စားရမှု၊ မောင်နှမ မိဘဆွေမျိုးတို့နှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်ရမှုတို့နှင့် ခေတ်စာပေများကို အလိုရှိတိုင်း သင်ကြားရမှုတို့သည် ဗုဒ္ဓစာပေသင်ကြားမှု၌ ဝါသနာထုံလှသော သူတစ်ဦးတစ်ယောက်အဖို့ ချမ်းသာမှုဟု မဆိုနိုင်တော့။

ထို့ကြောင့် ဓမ္မကထိကဖြစ်သော မြန်မာဘုန်းတော်ကြီးက ဒုက္ခသစ္စာကို သရုပ်ဖော်၍ သူ၏တရားတော်ကို ပိုမိုလေးနက်စေမည့်အကြံဖြင့် ဆင်းရဲနှင့် ချမ်းသာကို ဖြေကြားရင်း မေးခွန်းအထုတ်တွင် ဂဏောသသည် ဗုဒ္ဓစာပေမသင်ကြားရမှုကို အဆင်းရဲဆုံးသော အဆင်းရဲကြီး တစ်ရပ်အနေဖြင့် ပရိသတ်အလယ်တွင် ရဲရဲဝံ့ဝံ့ တင်ပြဖြေဆိုလိုက်ရခြင်းပင် ဖြစ်ပါတော့၏။

"အို–ဟုတ်လား၊ ကဲ–တပည့်မလေး ဒီနားလာပြီး ပြောစမ်းပါဦး"

မြန်မာဘုန်းတော်ကြီးက ရဲရင့်သွက်လက်သော ဂဏောသကို အနားသို့ခေါ်၍ အဖြစ်အပျက်ကို လျှောက်ထားစေသည်။ တရားပွဲ

www.burmeseclassic.com

www.burmeseclassic.com



လည်း သိမ်းပြီဖြစ်၍ အာလာပ သလ္လာပအဖြစ် စကားစမြည်ပြောဆို ရင်း ဂဏောသနှင့် သူ့မိခင်ကြီးက အဖြစ်စုံကို လျှောက်ထားကာ မပြန်မီအတွင်း ဤမြို့တွင် သီတင်းသုံး၍ ဗုဒ္ဓစာပေ ဆက်လက်သင် ကြား ပေးပါရန် တောင်းပန်လေသည်။

ဘုန်းတော်ကြီးသည် အကြောင်းစုံသိရှိရသောအခါ အလွန် သနား၍ သွားလေသည်။ ထို့ကြောင့်ပင် ဒေသန္တရဗဟုသုတအလို့ငှာ အိန္ဒိယပြည်မှလှည့်လည်၍ ဤနီပေါပြည်သို့ ခေတ္တမျှသာ ရည်ရွယ် ကြွရောက်လာခြင်း ဖြစ်သော်လည်း ဂဏောသတို့ ဆွေမျိုးတစ်စု၏ တောင်းပန်ချက်ကို ခံယူကာ လလိတပူရ (ပါတန်)တွင် သုံးလနီးပါးမျှ သီတင်းသုံး၍နေလေသည်။ ထိုအတွင်း ဂဏောသနှင့် အခြားလူရွယ် ကလေးများ စာပေသင်ကြားခြင်း၊ ဗုဒ္ဓဘာသာသင်တန်းပေးခြင်း၊ လူ ကြီးများ တရားနာလာသူများအား တရားဟောခြင်း၊ ဗုဒ္ဓဝါဒကို ဖြေရှင်း ခြင်းနှင့် သာသနာပြုခြင်းတို့ကို ပြုလုပ်၍ နေတော်မူ၏။

သုံးလခန့်ကြာသောအခါ၌ကား ဘုန်းတော်ကြီးသည် "ငါတို့ မှာလည်း သာသနာရေးကိစ္စကြောင့် နိုင်ငံရပ်ခြားသို့ ခေတ္တခဏ ခရီးထွက်လာရခြင်းမျှသာဖြစ်၍ ကာလကြာကြာကြီး စာပေသင်ကြား ပို့ချပေးနေ၍ မဖြစ်နိုင်သေးကြောင်း၊ အကယ်၍ ဗုဒ္ဓစာပေသင်ကြားမှုကို တကယ်တမ်း ပေါက်ရောက်စွာ အားထုတ်လိုပါက ငါတို့မြန်မာနိုင်ငံ သို့ ပို့ပေးနိုင်ကြောင်း၊မြန်မာနိုင်ငံတွင် မိန်းကလေးများအတွက် ဗုဒ္ဓ စာပေ ပေါက်ရောက်စွာ သင်ကြားပေးနေသော သီလရှင်ကျောင်းတိုက် ကြီးများရှိကြောင်း"များကို ပြောဆိုကာ ကြွလာခဲ့ရင်းဖြစ်သော အိန္ဒိယ ပြည် ကုသိနာရုံသို့ ပြန်လည်ထွက်ခွာသွားပေရာ ဂဏောသတို့ တပည့် တစ်စုမှာ အားငယ်၍ ကျန်ရစ်ခဲ့တော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

# သူငယ်ချင်းသုံးယောက်

"မေမေရယ်... ကျွန်မ မြန်မာပြည်ကိုသွားပြီး ဘုရားစာသင်ချင်ပါတယ်၊ ပို့ပေးပါလား...ဟင်"

ဝါသနာဆိုသည်မှာ ဖျောက်ဖျက်၍ ရစကောင်းသော အရာမျိုး မဟုတ်ပါပေ။ ပါဠိနှင့် ဗုဒ္ဓစာပေကို သင်ကြားဖူး၍ ဆတက်ထမ်းပိုး တတ်မြောက်လိုစိတ်ရှိနေသော ငယ်ရွယ်သူကလေး ဂဏေသအဖို့ တတ်စရှိလျှင် တတ်ချင်ချင်ဖြစ်သည့် ဆန္ဒအာသာမှာ ဝါသနာပေါ်တွင် ထပ်လောင်းလိုက်သဖြင့် တစ်နေ့ထက်တစ်နေ့ မသင်ရမနေနိုင်အောင်ပင် ဖြစ်လာလေတော့၏။

လလိတပူရ(ပါတန်)တွင် (ထိုထက်–နီပေါတစ်ပြည်လုံးမှာပင်) ဤဗုဒ္ဓစာပေမျိုးကို သင်လိုပါသည်ဆို၍လည်း သင်ပေးမည့်သူ ပေါ်ပေါက်လာမည်မဟုတ်ရာ ဂဏေသ သင်လိုက မြန်မာဘုန်းတော်ကြီး အမိန့်ရှိသွားသည့်အတိုင်း မြန်မာနိုင်ငံသို့လိုက်ပါသွားမှပင် သင်ကြားရပေတော့မည်။ သို့စေကာမူလည်း ဂဏေသလို ငယ်ရွယ်နုနယ်လွန်းလှသော မိန်းကလေးတစ်ယောက်အဖို့ တစ်ပြည်ရပ်ခြား တိုင်းတစ်ပါး ဆိုသည်မှာ မတမ်းတစကောင်းလောက်အောင်ပင် ခက်ခဲလွန်းလှပါ၏။ ထို့ကြောင့် သူ၏ပူဆာတောင်းဆိုချက်ကို မိခင်ကြီး သိရိမတိဟောရာထကူ ကိုယ်တိုင်ကပင် စဉ်းစားသေးသည်မဟုတ်ချေ။

"မဖြစ်နိုင်တာ သမီးရယ်... သမီး ဘုရားစာသင်ချင်တယ်ပဲထားပါဦး၊ မြန်မာပြည်မှာ ဒီအတိုင်းသွားနေလို့ ဖြစ်မတဲ့လား"

"ဘာလို့မဖြစ်ရမှာလဲ မေမေရဲ့... သွားချင်လိုက်ပို့မယ်လို့ ဘုန်းဘုန်းက ဆိုနေတာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ... လိုက်ပို့ရောတဲ့... သမီး ဟိုကျ မြန်မာသီလရှင်ကျောင်းမှာ နေရမှာ... အဲဒီတော့ သီလရှင်လုပ်နိုင်ပါ့မလားလို့"

"သီလရှင်..."

သီလရှင်ဟူသော စကားကြားလျှင် ဂဏေသသည် ဆံပင်ကိုရိတ်၍ ခေါင်းတုံးကာ ဝါသောအဝတ်အရုံဖြင့် တစ်ခါတစ်ရံ တွေ့နိုင်သော နီပေါသီလရှင်များကို မြင်ယောင်မိပေသည်။ ခေါင်းတုံးရသည်မှာ တစ်ပါး ခဲယဉ်းသောအလုပ်မဟုတ်ဟု ထင်မိလေသည်။ ဗုဒ္ဓဘာသာဝင် သမီးတော်စစ်ဖြစ်ရ၍ ဗုဒ္ဓစာပေများကို သင်ကြားနေရလျှင် ဤဆံပင်မျှလောက်ကို အဘယ်ကြောင့် မဖြတ်ဝံ့ဘဲ ရှိပါမည်နည်းဟု တွေးမိလေသည်။

"သီလရှင်ဝတ်ရလဲ ကောင်းသားပဲ မေမေ... ဆံပင်ထုံးရတဲ့ ကိစ္စတောင် နည်းသေး၊ ဘာဖြစ်ဖြစ် သမီးတော့ မြန်မာပြည်သွားပြီး စာသင်ချင်တယ်၊ နော်...မေမေ...ပို့ပေးပါလားဟင်"

"ဝေးလွန်းလှပါတယ် သမီးရယ်... သမီးတစ်ယောက်တည်း ဟိုမှာသွားနေဖို့ အမေတို့ စိတ်မချပါဘူး၊ ဘုရားစာသင်ဖို့ဆိုတာတော့ အမေ သဘောကျပါတယ်၊ သင်နေစေချင်ပါတယ်၊ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ဖို့ ဆိုတာကလဲ ဗုဒ္ဓစာပေတတ်ထားဖို့ဟာက ပဓာနဆိုတာ အမေ နားလည်ပါတယ်၊ ဒါပေမဲ့ ဟိုအဝေးကြီးလွှတ်ပြီး သင်ဖို့တော့ မဖြစ်သေးဘူး၊ အဖော်ရှိမယ်ဆိုရင်လဲ အကောင်းသား"

"ဘာ မေမေ... အဖော် ဟုတ်လား"

တားမြစ်သံပါသော မိခင်၏စကားတွင် ဂဏေသအဖို့ အလင်းရောင်တစ်ကွက် လက်ခနဲ ထွက်လာသဖြင့် ရုတ်တရက် ဝမ်းသာအားတက်သွားကာ ပြန်၍ပင်မေးမိတော့၏။ "အဖော်ရှိမယ်ဆိုရင်လဲ အကောင်းသား"ဟူသော စကားလုံးသည်ပင် ဂဏေသအတွက် မျှော်လင့်ချက်ရောင်ခြည်ကွက်ပင် ဖြစ်နေပေသည်။ ထိုစကားကို မိခင်က

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်စဉ်မှာပင် ဂဏောသသည် သူနှင့် ဗုဒ္ဓစာပေသင်ကြားဖက်များ ဖြစ်သော သူငယ်ချင်းမများကို ကွက်ခနဲ မြင်ယောင်မိပေသည်။ သူငယ်ချင်းများထဲမှ သူအခင်မင်ဆုံးနှင့် အားအထားဆုံး စိတ်ချင်းအတိုက်ဆိုင်ဆုံးမှာ "မနောဟာရဒေဝီ"နှင့် "သုဘာလက္ခမိ"တို့ ညီအစ်မနှစ်ဦးပင် ဖြစ်ပေ၏။

မနောဟာရဒေဝီမှာ ၁၆ နှစ်ခန့်ရှိပြီး ညီမဖြစ်သူ သုဘာလက္ခမိကား ဂဏောသနှင့် ရွယ်တူပင်ဖြစ်၍ ကစားဖော်ကစားဖက်လည်း ဖြစ်ကြသည်။ အသျှင် သီရိဗုဒ္ဓဃောသထံတွင်လည်းကောင်း၊ မြန်မာဘုန်းတော်ကြီးထံတွင်လည်းကောင်း အတူတကွပင် ပါဠိစာပေ သင်ကြားပြီး ဝါသနာချင်းတူသဖြင့်လည်း ဂဏောသ၏ အချစ်ဆုံးအခင်မင်ဆုံးများ ဖြစ်ကြပေသည်။ ထိုထက်ပို၍ မျှော်လင့်ချက်ရှိနေသည်မှာလည်း ၎င်းတို့၏မိခင်ကြီး သီရိမတိလက္ခမိမာယာမှာ ဂဏောသ၏ မိခင်ကြီးကဲ့သို့ပင် ထေရဝါဒီအဖြစ် အစောဆုံးခံယူထားသူတစ်ဦးဖြစ်နေသောကြောင့်ပင်။

စကားပြန်မပြောဘဲ လုပ်စရာရှိသည်ကို ဆက်လက်လုပ်ကိုင်နေသော မိခင်ကြီး၏ဘေးသို့တိုးကပ်၍သွားကာ "တကယ်နော်မေမေ၊ အဖော်ရှိရင် မြန်မာပြည်ကို ထည့်နော်... နော်"ဟု သေချာအောင်ထပ်၍မေးနေသဖြင့် မိခင်ကြီးသည် ရတ်တရက် တွေဝေနေရာမှ "အေး... အေး... အဖော်ရှိရင်လဲ ထည့်ရတာပေါ့ သမီးရယ်"ဟု လေးလေးကြီး ပြောလိုက်လေသည်။

"ဒါမှ...တို့မေမေ"ဟု အော်လိုက်ကာ ဂဏောသသည် နှစ်သိမ့်ကျေနပ်မှုအတိဖြင့် မိခင်ကြီး၏ခါးကို အားရပါးရဖက်ထားလိုက်ပြီး အိမ်ပေါ်မှ ပြေးဆင်းသွားလေတော့၏။

ပြင်းပြင်းပြပြ တောင့်တနေသော အရာဝတ္ထုကို ပိုင်ပိုင်နိုင်နိုင် မရသေးသည့်တိုင်အောင် ပေးမည်ဟူသောကတိကိုရလျှင်ပင် တောင့်တ

www.burmeseclassic.com

www.burmeseclassic.com



နေရသူအဖို့ ချက်ချင်းပင်ရတော့သလို ပျော်ရွှင်ဝမ်းမြောက်သွားတတ်ခြင်းမှာ ဓမ္မတာပင်ဖြစ်သည်။ ထိုနှင့်အညီပင် ဂဏေသသည် မိမိမျှော်မှန်းတောင့်တနေသော မြန်မာနိုင်ငံသို့ သွားခွင့်ပေးမည်ဆိုသော မိခင်စကားကြောင့် မြူးကြွရွှင်လန်း၍သွားကာ အိမ်ပေါ်မှ အပြေးဆင်းသွားပြီး တစ်လမ်းကျော်လောက်သို့ ခုန်ပေါက်ပြေးထွက်၍ သွားတော့သည်။

"လက္ချမီရေ... လက္ချမီ"

ဂဏေသသည် ခုန်ပေါက်၍ပြေးလာရင်း သုဘလက္ချမီတို့လမ်းထဲသို့ ဝင်လာကတည်းကပင် တကြော်ကြော်အော်၍ခေါ်ကာ ပြေးဝင်လာလေသည်။ မြူး၍လာသော ဂဏေသကို အိမ်ရှေ့တွင်ပင် စာအတူဖတ်နေဟန်တူသော ညီအစ်မနှစ်ယောက်က ထူးဆန်းသလို ဆီးကြိုလိုက်သည်။

"ဟော... ဂဏေသပါလား၊ လာ... လာ... ဘာပြုလို့များ ဒီလောက်တောင် မြူးလာပါလိမ့်"

သုဘလက္ချမီသည် အပြေးတက်လာသော သူငယ်ချင်းအား လှေကားမှဆီးကြို၍ဖက်ရင်း နှစ်ယောက်သား ဧည့်ခန်းသို့လာကြသည်။ ဧည့်ခန်းတွင် စာတစ်အုပ်ကို ဖတ်နေသော မနောဟာရဒေဝီက ပြုံးပြုံးရွှင်ရွှင် ဆီးကြိုရင်း "အတော်ပဲဟေ့ တို့ညီအစ်မတောင် ဒီနေ့ ဂဏေသဆီလာမလို့ ပြောနေကြတာ ဟောဒီစာတစ်ပိုဒ်ကို ဖတ်ပြီး အဓိပ္ပာယ်ဖော်မရလို့၊ ကဲ– ရော့...ဖတ်ကြည့်စမ်းပါဦး"ဟု ပြောကာ လက်ထဲမှ စာအုပ်ကို ထိုး၍ပေးလေသည်။

ဂဏေသသည် မနောဟာရဒေဝီလက်ထဲမှစာအုပ်ကို ဆွဲယူ၍ ထိုင်ရင်းက အမှတ်မထင် ဟိုလှန်ဒီလှန်လုပ်နေပြီး "ဒီနေ့လေ...မေမေဆီက ကတိတစ်ခုတောင်းတာ ရလာတာနဲ့ အဲဒါပြောချင်လို့ ဂဏေသ လက္ချမီတို့ဆီ ပြေးလာတာပေါ့၊ ပြီးတော့ လက္ချမီနဲ့ရော မမ မနောဟာရ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ရော တိုင်ပင်ချင်တယ် သိလား''ဟု လိုရင်းအချက်ကို စကားစလိုက်လေသည်။

"ဘာကတိရတာလဲဟင်၊ တိုင်ပင်ချင်တာက ဘာလဲ ဆိုပါဦး"

"ဟော...ဒီညီအစ်မတွေ ဘာများတိုင်ပင်နေကြသလဲ...ဟေ"

ရုတ်တရက်မေး၍ ဧည့်ခန်းတွင်းသို့ဝင်လာသူကား သုဘာလက္ခမိတို့၏ အမေ သီရိမတိလက္ခမိမာယာ ဖြစ်လေသည်။ ဂဏေသသည် နေရာမှထ၍ အရိုအသေပေးရင်းက "အရေးကြီးတဲ့ကိစ္စပေါ့ ဒေါ်လေးရဲ့၊ ဒေါ်လေးကိုလဲ ဂဏေသ တိုင်ပင်ရဦးမှာပဲ''ဟု ပြောကာ ပြန်၍ ထိုင်ကြပြီး "ဂဏေသကလေ မေမေ့ကို မြန်မာပြည်သွားပြီး စာသင်ချင်တဲ့အကြောင်းပြောတော့ အဖော်ရှိရင် လွှတ်မယ်တဲ့...သိလား၊ အဲဒါ ပြောရအောင် လာတာပဲ''ဟု တစ်ဆက်တည်း ပြောလိုက်လေသည်။

"ကောင်းတာပေါ့အေ၊ မြန်မာပြည်မှာဆိုရင် ဘုရားစာ ကောင်းကောင်းသင်ရတာပေါ့၊ ဒီမှာဆိုရင် သင်ပေးမယ့်လူလဲမရှိဘူး၊ ဒါထက် အဖော်ကကော ရှိပလား"

ဒေါ်လက္ခမိမာယာက စိတ်အားထက်သန်စွာပြောရင်း မေးခွန်းထုတ်၏။

"ခုတော့ ဘယ်ရှိဦးမလဲ ဒေါ်လေးရဲ့၊ ဂဏေသက မမ မနော ဟရနဲ့ လက္ခမိကို အဖော်ညှိမလို့ စိတ်ကူးပြီး ဒီကိုလာခဲ့တာပဲ''ဟု ဂဏေသ က အကဲကိုကြည့်ကာ သွက်လက်စွာပင် သူ၏စိတ်ကူးကို ထုတ်ဖော်လိုက်သည်။

"ဟုတ်လား... ဂဏေသ၊ ဂဏေသသွားရင် လက္ခမိတို့လဲ လိုက်မှာပေါ့၊ နော်...မေမေ...လက္ခမိတို့ကိုကော မြန်မာပြည် ပို့ပေးမလားဟင်"

စိတ်တူသဘောတူ ဝါသနာပါတူသော သုဘာလက္ခမိက ဂဏေသစကားကို ထောက်ခံ၍ သူ့အမေကိုပါ တစ်ဆက်တည်း ခွင့်ပန်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မေမေက မေးသေးတယ်သိလား၊ မြန်မာပြည်ရောက်ရင် ညည်းတို့ သီလရှင်လုပ်နိုင်ကြပါ့မလားတဲ့၊ မြန်မာဘုန်းဘုန်းက ပြောသွားတယ်မဟုတ်လား၊ မြန်မာသီလရှင်ကျောင်းတွေမှာ ဘုရားစာကောင်းကောင်းသင်ရတယ်လို့၊ ဘာဖြစ်ဖြစ်လေ စာသာကောင်းကောင်းသင်ရလို့တော့ သီလရှင်လုပ်ရလဲ လုပ်ရမပေါ့၊ သာတောင် လွတ်လွတ်လပ်လပ် ရှိသေးနော်"ဟု ဂဏေသ က ကြားဖြတ်၍ ပြောပြ၏။

"သီလရှင်ဆိုတော့ ဆံပင်တွေရိတ်ပစ်ရမှာနော်"

"ဘာဖြစ်လဲ မမ မနောဟာရရဲ့ ရိတ်ပေါ့၊ ကျွန်မတော့ သီလရှင်လဲလုပ်ချင်တာပဲ၊ လက္ခမီကော သီလရှင် လုပ်ပါ့မလားဟင်"

သုဘလက္ခမီက ကျစ်ဆံမြီးထိုးထားသော သူ့ကျောပေါ်မှ ဆံပင်ကလေးကို လက်ဖြင့်ဆွဲ၍သပ်နေရင်း "အင်း...ဆံပင်ရိတ်ရမှာတော့ နှမြောမြောပဲ၊ ဒါပေမဲ့ ဂဏေသနဲ့ အတူတူဆိုရင် သီလရှင်လဲလုပ်မှာပဲ၊ မေမေက မလွှတ်ဘဲနေမှာပဲစိုးတာပါ"ဟု ပြောကာ သူ့မေမေအား လှည့်ကြည့်လေသည်။

"တကယ်စိတ်ပါရင် ငါက လွှတ်ပါတယ်အေ"

"တကယ်နော်...မေမေ"

"တကယ်နော်...ဒေါ်လေး"

သုဘလက္ခမီနှင့် ဂဏေသတို့က ဒေါ်လက္ခမီမာယာ၏ ခွင့်ပြုစကားအဆုံးတွင် သံပြိုင်ပင် မေးခွန်းထုတ်လိုက်ကြပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေ၏။

"ပညာသင်သွားဖို့ ဆိုတာကတော့ ကောင်းတဲ့အလုပ်ပဲ၊ လွှတ်ဖို့လဲ ဝန်မလေးပါဘူး၊ ဒါပေမဲ့ သမီးတို့နှစ်ယောက်တည်းတော့ မဖြစ်သေးပါဘူး၊ ဒီပြင်လဲ အဖော်များများရဖို့လိုဦးမယ်၊ ပြီးတော့လဲ မြန်မာပြည်ဆိုတာ အဝေးကြီးပဲ၊ သွားရေးကလဲ လွယ်မှာမဟုတ်ဘူး၊ ဒီပြင်လူကြီးတွေနဲ့လဲ တိုင်ပင်ဦးမှ၊ ပြောတော့သာ အလွယ်ကလေးရယ်၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်လက်တွေ့ကျတော့ လွယ်မှာမဟုတ်ဘူး''ဟု ဒေါ်လက္ခဏာမိမာယာက စဉ်းစဉ်းစားစားနှင့် စကားကို ခပ်လေးလေး ပြောနေလေသည်။

မိန်းကလေးနှစ်ယောက်မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရာမှ အခက်စကားကိုကြားရလျှင် ရုတ်တရက်သော် ငေးတေးတေးပင်ဖြစ်၍ သွားပေသည်။ ဟုတ်ပေသည်။ ကလေးစိတ်ကူး ကလေးအတွေးဖြင့် ကမူးရှူးထိုး ဆုံးဖြတ်၍ဖြစ်သောကိစ္စမျိုး မဟုတ်။ လေးလေးနက်နက် အဘက်ဘက်မှ တွေးဆစိတ်ကူးပြီးမှသာ အတည်ပြုရပေမည်။ ဒေါ်လက္ခဏာမိမာယာက စကားကို ဆက်ပြန်သည်။

''လမ်းပန်းကိုလဲ စိတ်ကူးရလိမ့်ဦးမယ်၊ ညည်းတို့ ဘယ်လိုသွားကြမလဲ၊ အိန္ဒိယသွားပြီး ကလကတ္တားသွား၊ အဲဒီကမှ သင်္ဘောဖြစ်ဖြစ် လေယာဉ်ပျံဖြစ်ဖြစ် စီးပြီးသွားရမှာ၊ ပြီးတော့ မြန်မာပြည်ရောက်အောင် တစ်ယောက်ယောက်က လိုက်ပို့မှမဟုတ်လား၊ ဂဏေသအဖေက လိုက်ပို့မတဲ့လား''

''ဟင့်အင် ဖေဖေ့ကို ဘာမှမပြောရသေးဘူး ဒေါ်လေးရဲ့၊ ဒါပေမဲ့ သွားဖို့ကတော့ လွယ်ပါတယ်၊ မြန်မာဘုန်းဘုန်းက ပြောတယ်မဟုတ်လား၊ သူပို့ပေးနိုင်ပါတယ်တဲ့၊ သူ့ဆီရောက်အောင် ဒီကသွားကြဖို့ပဲရှိတာပေါ့၊ သူ့လိပ်စာတွေလဲ ပေးထားခဲ့သားပဲ၊ အခု ဘုန်းဘုန်းတို့က ကုသိနာရုံမှာလေ ဒေါ်လေးရဲ့''ဟု ဂဏေသ က လမ်းစဉ်ကို သွက်လက်စွာ တင်ပြလေသည်။

''အေး... ဒီလိုတော့လဲ လွယ်သားပဲ၊ ကုသိနာရုံတင်ဆိုရင် ဒီကနေပြီး ညည်းတို့နှစ်ယောက်ကို သူတို့အဖေဖြစ်ဖြစ် လိုက်ပို့နိုင်းတောင် ဖြစ်နိုင်သားပဲ၊ ပြောကြည့်သေးတာပေါ့အေ၊ ချက်ချင်းတော့ မဖြစ်သေးပါဘူး၊ အချိန်ယူပြီး အေးအေးဆေးဆေး စီမံကြသေးတာပေါ့''ဟု ဒေါ်လက္ခဏာမိမာယာက ခေါင်းတညိတ်ညိတ်နှင့် ပြောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလဲလိုက်ချင်တယ် မေမေ"

တစ်လျှောက်လုံး ငြိမ်၍နားထောင်နေသူ မနောဟရဒေဝီက ဝင်၍ပြောလိုက်ရာ သုံးယောက်စလုံးပင် သူ့ဘက်သို့လှည့်လာပြီး ဝမ်းမြောက်သော အကြည့်ဖြင့် ကြည့်လိုက်၏။ ဒေါ်လက္ခမီမာယာကား သမီးကြီးအား စူးစိုက်၍ ကြည့်နေပြီး အတန်ကြာ "စဉ်းစားကြသေးတာပေါ့ မနောဟရရယ်၊ ငါကလဲ သမီးတို့တစ်တွေကို သိပ်တတ်စေချင်တာပါပဲ။ ဒါပေမဲ့ အလုပ်ကိုလဲ ငဲ့စရာရှိသေးတယ်မဟုတ်လား၊ သမီးတို့သွားရင် အလုပ်နိုင်မနိုင်လဲ စီစဉ်ကြည့်ဖို့ လိုလာလိမ့်မယ်" ဟု ခပ်လေးလေးလေသံဖြင့် ပြောလေသည်။

ဒေါ်လက္ခမီမာယာတို့အလုပ်မှာ အိမ်တွင်းလုပ်ငန်းတစ်ရပ်ဖြစ်သော်လည်း ကြီးကျယ်၍ ဝင်ငွေကောင်းသော အလုပ်တစ်ခုဖြစ်သည်။ အထည်အဝတ်များကို ချုပ်လုပ်ရာ၌ နာမည်ရသူများဖြစ်သဖြင့် နား၍မနေရအောင် တွင်ကျယ်သည့်ပြင် ကတ္တမန္တူရှိ တြိဘုဝနဝီရဝိကြမ္မ သဟာဒေဝ ဘုရင်*၏ နန်းသုံးအဝတ်အစားများကိုပင် တာဝန်ယူ၍ ချုပ်လုပ်ပေးနေရသူများ ဖြစ်၍လည်း အရေးကြီးသော လုပ်ငန်းရှင်များဖြစ်နေကြပေ၏။ အမျိုးသမီးအလုပ်သမားများကို ငှား၍ ကြီးမှူးလုပ်ကိုင်ကြခြင်းဖြစ်သဖြင့် မနောဟရဒေဝီနှင့် သုဘာလက္ခမီတို့အဖို့မှု တပင်တပန်း လုပ်ကြရသည်တော့မဟုတ်ပေ။ ပညာသင်သွားမည်ဆိုကလည်း သွားနိုင်စရာရှိပေသည်။

ထို့ပြင် ဒေါ်လက္ခမီမာယာမှာ ဂဏေသ၏မိခင် ဒေါ်ဟေရာထက္ကူကဲ့သို့ပင် ထေရဝါဒဗုဒ္ဓဘာသာကို ခံယူရာ၌ ရှေ့တန်းမှပါဝင်ထားသော အမျိုးသမီးကြီးဖြစ်သည့်အတိုင်း ထေရဝါဒ ဗုဒ္ဓဘာသာကိစ္စတွင် ဒေါ်ဟေရာထက္ကူနှင့် ဖက်တွဲ၍ ခေါင်းဆောင်ပြုလုပ်ခဲ့သူလည်း ဖြစ်၏။ အသျှင်သီရိ ဗုဒ္ဓဃောသကနှင့် မြန်မာဘုန်းတော်ကြီး အသျှင်ဓမ္မာလောက တို့ ဟောကြားသင်ပြသော ဗုဒ္ဓဘာသာလုပ်ငန်းစဉ်

www.burmeseclassic.com

www.burmeseclassic.com



တရားများကို နှစ်ခြိုက်စွဲလမ်း၍နေကာ ဗုဒ္ဓစာပေအချို့တစ်ဝက်ကိုပင် သမီးများနှင့်အတူ သင်ယူ၍ ရွတ်ဆိုနေသူလည်း ဖြစ်လေသည်။ သူကိုယ်တိုင်ကလည်း သူ့သမီးနှစ်ယောက် ဗုဒ္ဓစာပေသင်ကြားရာ၌ ယခုကဲ့သို့ တောင်မကျ မြောက်မကျဖြစ်နေရသည်ကို မလိုလား၊ ဖြစ်သည့်နည်းနှင့် ပေါက်ပေါက်ရောက်ရောက် သင်ကြားစေချင်နေလေ သည်။

"ကဲ...တိုင်ပင်ကြဦး၊ လုပ်စရာရှိသေးတယ်"ဟု ဆိုကာ ဒေါ်လဲ့မြမိမာယာ ထသွားပြီးနောက် မိန်းကလေးသုံးဦးအဖို့ကား မြန်မာပြည်သွား၍ သီလရှင်ဝတ်ကာ မည်သို့ စာပေသင်ကြားနေမည်၊ တတ်မြောက်ပြီး နိုင်ပေါလ်ပြည် ပြန်လာကာ မည်သို့ တစ်ဆင့်သင် ကြားပေးရမည် စသဖြင့် ငယ်ရွယ်သူများပီပီ အနာဂတ်ကို မျှော်တွေးရာ၌ အေးချမ်းသာယာသည့် ကိုယ်လိုရာဘက်သို့သာ ဆွဲယူစဉ်းစား၍ ပျော်ရွှင် မဆုံး တပြုံးပြုံး ဖြစ်နေကြပေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃

## ဖေဖေနှင့် မေမေ

ဂဏေသ အိမ်သို့ပြန်ရောက်လာသောအချိန်မှာ နေလုံးပင် ပျောက်၍နေပေပြီ။ နေ့လယ်ကတည်းက ထွက်သွားပြီး သုဘာလက္ခမိတို့ညီအစ်မနှင့် သဘောချင်းညီ၍ မြန်မာပြည်ကို စိတ်ကူးယဉ်နေကြကာ ထမင်းမှန်း ဟင်းမှန်းမသိ စကားလက်ဆုံကျနေသဖြင့် သူအိမ်သို့ ပြန်ရောက်လာချိန်တွင်မူ သူ့ဖခင်ကြီးနှင့် အလုပ်မှနောက်ကျ၍ ပြန်လာတတ်သော အစ်ကိုကြီးတို့ပင် အလုပ်တိုက်မှ ပြန်ရောက်နေနှင့်ပေပြီ။

ဂဏေသသည် သားသမီးငါးယောက်တွင် တတိယမြောက်ဖြစ်၍ တစ်ဦးတည်းသော သမီးချစ်၊ မိဘနှစ်ဦး၏အသည်းကျော်ဖြစ်သဖြင့် သူလိုလျှင် မိဘနှစ်ပါးနှင့် အစ်ကိုများ မောင်များကပါ အဆင်သင့်ဖြစ်ရသည်ချည်းသာဖြစ်ရာ၊ ဤမြန်မာပြည်သို့ သွားရောက်ပညာသင်ကြားရေး၌လည်း မိခင်ကြီးခွင့်ပြုသည့်နည်းတူ ဖခင်ကြီးကလည်း ဘယ်နည်းနှင့်မျှ ခွင့်မပြုနိုင်စရာ အကြောင်းမရှိဟုယူဆထားပြီး ဖြစ်ပေသည်။ ထို့ကြောင့်ပင် အိမ်ပေါ်သို့ရောက်လျှင်ပင် ဖခင်ရှိရာသို့ အကျိုးအကြောင်းပြောပြရန် တန်းတန်းမတ်မတ် သွားလေတော့သည်။

"ဂဏေသ... လာဦး ထိုင်စမ်း"

ဂဏေသကိုမြင်လျှင်ပင် ဖခင် သီရိမန်ဟာရသမာန (ဦးဟာရသမာန)သည် အသံမာမာဖြင့် ခေါ်လိုက်လေရာ ဂဏေသသည် ရုတ်တရက် နားမလည်နိုင်လောက်အောင်ပင် ဖြစ်သွားမိလေသည်။ ဂဏေသ၏ဖခင် ဦးဟာရသမာနသည် သားသမီးများကို အလွန်ချစ်ခင်သူဖြစ်သည်။ တစ်ဦးတည်းသောသမီးချစ် ဂဏေသကို ပိုမိုချစ်ခင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အလျောက် တစ်ရံတစ်ခါမျှ မပြုံးမရွှင် မကြည်မလင်ဖြင့် မပြောဆိုစဖူးပေ။ အသံမာမာဖြင့် မခေါ်ခဲ့ဖူးပေ။ နာမည်ကိုပင် မခေါ်ရက်ဘဲ "သမီး...သမီး"ဖြင့်သာ ချိုသာနူတ်ခွန်းမြွက်ခဲ့သူဖြစ်ရာ ယခု "ဂဏောသ" ဟု နာမည်ကိုခေါ်၍ အသံ မာရင့်ရင့်ဖြင့် ရင်နင့်ဖွယ်ရာအသွင်ကို ပြနေသည်မှာ ထူးဆန်းနေပေသည်။

ဂဏောသသည် ဖခင်၏အမူအရာကို အကဲခတ်ရင်းကပင် ဖခင်ရှေ့တွင် ခပ်ယို့ယို့ထိုင်လိုက်သည်။ ဖခင်ကား ချက်ချင်း စကားမပြောသေး။ သမီး၏တစ်ကိုယ်လုံးကို စေ့စေ့စိုက်၍ကြည့်နေသေးသည်။ ခဏကြာမှ အသံတည်တည်ဖြင့်ပင် "နင် မြန်မာပြည်သွားချင်တယ်လို့ ပြောဆို" ဟု မေးလိုက်သည်။

"ဟုတ်တယ် ဖေဖေ၊ သမီး ဘုရားစာ ဆက်သင်ချင်တယ်၊ သမီးတင်မဟုတ်ပါဘူး၊ လက္ခမီတို့ညီအစ်မလဲ လိုက်မှာ၊ ဒီကနေပြီး ကုသိနာရုံသွား၊ အဲဒီကမှ..."

"တော်စမ်း"

ကရားရေလွှတ်သလို သူထင်ရာကို စွတ်ပြောချလိုက်ရာ ဖခင်၏ ငေါက်ငမ်းလိုက်သံကိုကြားမှ လန့်၍ရပ်သွားတော့၏။

"နင့်ကို ဘယ်သူက သွားခွင့်ပေးလို့လဲ၊ မဟုတ်တာဘဲဟာ၊ ခုမှ ၁၃ နှစ်ရှိသေး၊ မိဘဆွေမျိုးကိုခွဲပြီး ဟိုမြန်မာပြည်ဆိုတာကြီး တစ်ယောက်တည်း သွားနေရမယ်လို့ပဲ၊ မသွားရဘူး၊ ဒီမှာပဲ သင်"

ဂဏောသမှာ တစ်ကိုယ်လုံး တုန်ယင်၍လာတော့သည်။ မထင်သောနေရာမှ မမျှော်လင့်သောစကားကို ကြားရသဖြင့် ပို၍ဝမ်းနည်းနေလေ၏။ ဖခင်ကြီးသည် မိမိအား မိခင်ကြီးထက်ပင် အစစအရာရာ အလိုလိုက်သေးရာ ဤကိစ္စတွင် မိခင်ကပင် ခွင့်ပြုသေးလျှင် ဖခင်က ပို၍ပင် လွှတ်စရာရှိသည်ဟု ယူဆထားခဲ့၏။ ယခုမူ ဖခင်က သူ့အား ခါးခါးသီးသီးပင် တားမြစ်ပိတ်ပင်၍နေချေပြီ။ သို့သော် ဂဏောသကား ငြိမ်၍နေသူမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဖေဖေ၊ ဒီမှာ ဘယ်လိုလုပ် ပါဠိစာသင်မလဲ၊ ဒီမှာနေရင် ကျောင်းတက် အတန်းစာသင်၊ ဒါမှမဟုတ် သက္ကတစာ သင်ချင်သင်၊ ဒါနဲ့ပဲပြီးတာပဲမဟုတ်လား၊ အခု သမီးသင်ချင်တဲ့စာမျိုး ကို ဘယ်သူက သင်ပေးနိုင်မလဲ၊ ပြီးတော့ မြန်မာပြည်ဆိုတာကိုလဲ အပြီးအပိုင် သွားနေတာမှမဟုတ်ဘဲ၊ ၃-၄နှစ် သွားသင်ပြီး ပြန်လာရင် သမီးစိတ်ကူးထားတာက…"

"နေစမ်းပါဦးဟာ၊ စိတ်ကူးတွေ- စိတ်သန်းတွေ၊ တို့ကလဲ သမီးကို ဘယ်တော့မှမသွားရဘူးလို့ ဆိုသေးတာမဟုတ်ပါဘူးဟဲ့၊ အခု ငယ်သေးလို့ စိတ်မချလို့ ပြောနေတာ၊ သမီးကြီးရင်သွား…၊ အခုတော့ ငယ်သေးတယ်…ဒါပဲ"

ဦးဟရသမာနသည် သမီးအကြောင်းသိသည်။ တင်းတင်းပြော ၍ရမည်မဟုတ်ဟု ရိပ်မိသည်နှင့် လေသံကို လျှော့လိုက်ကာ ချော့ချော့ မော့မော့ဖြင့် ပြော၍လာလေသည်။

"ဟင် ဖေဖေ…ဒါတော့ ဘယ်ဖြစ်မလဲ၊ ပညာဆိုတာ ငယ် တုန်းမှာမှ သင်လို့ကောင်းတာ၊ ကြီးမှဆိုတာကတော့ ဖေဖေတို့က ထမင်းရေပူလာ လျှာလွှဲပြောတာ၊ ဟင့်အင်း- ဟင့်အင် သွားမှာပဲ၊ သမီး… လက္ခမိတို့နဲ့တောင် တိုင်ပင်ထားပြီ"

ပြောရင်းပင် ဂဏေသမျက်လုံးအိမ်များတွင် မျက်ရည်များရွှဲ၍ လာလေသည်။ မိမိက အတည်ပေါက်ဖြင့် သွား၍အဖော်ညှိခဲ့သည်။ ဟိုက လိုက်မည်ပြောပြီးမှ မိမိက ပျက်ရချေတော့မည်။ ကောင်းပါဦး မည်လော။ ထိုအချက်သည် စိတ်ဓာတ်ပြင်းပြသူ ဂဏေသအတွက် ဝမ်းနည်း၍မဆုံး ဖြစ်ရသောအချက်ပင်ဖြစ်၏။

ဖခင်သည် သမီးမျက်နှာကို စေ့စေ့ကြည့်၍ စကားကိုမဆက်ဘဲ နေသည်။ အမှန်အားဖြင့် သမီးက မျက်ရည်ရွှဲရုံသာ။ သူက ယောကျ်ား ရင့်မကြီးဖြစ်လျက်နှင့် ငိုချင်၍နေပေသည်။ သမီးချစ်…အချစ်ဆုံးသမီး။

www.burmeseclassic.com

www.burmeseclassic.com



ဤသမီးကို သူခွဲ၍မနေနိုင်ချေ။ ထို့ကြောင့် သွားရန်လည်း ခွင့်ပေးစကားမပြောနိုင်။ သမီး မျက်ရည်ကျလာပြီဖြစ်သဖြင့် သမီးမကြိုက်သော ဖျက်စကားကိုလည်းမပြောရက်၊ သို့သော် သမီးမသွားဖြစ်အောင် ချော့မော့နိုင်မှသာ ဖြစ်တော့မည်ကို သိသဖြင့် လေကို အလျှော့ဆုံးထား၍ ပြောရပြန်သည်။

"စဉ်းစဉ်းစားစား လုပ်ဖို့ပြောတာပါ သမီးရာ၊ မသင်ရဘူးလဲ မဟုတ်ပါဘူး၊ ပြီးတော့ ဗုဒ္ဓဘာသာဆိုတာလဲ အဆန်းမဟုတ်လှပါဘူး၊ တို့ဘိုးဘွားကပဲ ဗုဒ္ဓဘာသာတွေမဟုတ်လား၊ မဟာယာန၊ ဟိနယာနလို့ နာမည်သာကွဲတာပဲ၊ စာချင်းလဲ သက္ကတနဲ့ ပါဠိနာမည်သာကွဲတာပါ၊ သိပ်မထူးလှပါဘူး သမီးရာ၊ ဒါပေမဲ့ သမီးသင်ချင်တယ်ဆိုရင် နီပေါဘုန်းကြီးတွေလဲ ရှိပါတယ်၊ ဖေဖေ စရိတ်အကုန်ခံပြီး ပင့်ပေးမယ်၊ သမီး ဆရာ သီရိဗုဒ္ဓဃောသပင့်ရင်လဲ ရမှာပါ၊ ဒါမှမဟုတ် မြန်မာဘုန်းကြီးပဲ ပင့်ပေးပါဆိုလဲ ပင့်ပေးပါ့မယ်၊ ခေတ်ကလဲ စစ်ပြီးစသာသာလေးရှိသေးတော့ သိပ်သွားလို့လာလို့ ကောင်းသေးတာမဟုတ်ဘူးသမီးရဲ့၊ ပြီးတော့ သမီးအမေ စောစောကပြောတယ်၊ သမီးဟာ မြန်မာပြည်ရောက်ရင်လဲ ဆံပင်ဖြတ်ပြီး သီလရှင်လုပ်မှာဆိုဟုတ်လား"

ဂဏေသက ခေါင်းညိတ်၍အဖြေပေးသည်။

"ဒါလဲ ဖေဖေ သဘောမတူဘူး၊ ဆံပင်ဖြတ်လို့ ဆံပင်ဆုံးရှုံးတာကမှ ပြန်ထားရင် ရပါသေးတယ်၊ သီလရှင်ဝတ်လိုက်ရင် ဖေဖေတို့ သမီးအဖြစ်က လက်လွတ်သွားပြီ၊ ဒီတော့ သမီးစဉ်းစားကြည့်ပါ၊ ကိုယ်ချစ်တဲ့သမီးကို ခွင့်ပြုနိုင်ပါ့မလားဆိုတာ"

ဖခင်၏စကားကို ပြန်လည်ချေပရန်ပင် ခက်၍နေပေ၏။ မိဘမေတ္တာဖြင့် ခွဲ၍မသွားရန် အကြောင်းအမျိုးမျိုးပြ၍ တားမြစ်နေသော ဖခင်အား ခွဲသွားနိုင်ရန် ပြန်လှန်အကြောင်းပြ၍ ပြောနေလျှင် ပြန်၍မေတ္တာမထားရာ ရောက်နေပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် ဖခင်ဘက်မှ စစ်ကူရောက်၍ လာပြန်သည်။ သူကား ဂဏောသ၏ အစ်ကိုကြီး ခေနကာဂျီဖြစ်လေသည်။ ခေနကာဂျီကို ဂဏောသသည် ဖခင်ထက်ပို၍ကြောက်သည်။ ဖခင်က အလိုလိုက်သည်။ အစ်ကိုကြီးက အလိုမလိုက်ပေ။ သူ့အောက်အစ်ကိုလေး မာဏာကာဂျီကိုမူ ဂဏောသမကြောက်ပေ။ အများအားဖြင့်လည်း မာဏာကာဂျီသည် ဂဏောသနှင့် စိတ်သဘောချင်း တူညီကြသည်။ အစ်ကိုလေးသာဆိုလျှင် သူ့ဘက်က အကူအညီရမည်သာဖြစ်၏။ သို့သော် မိခင်နှင့် အစ်ကိုလေး အရိပ်အယောင်ကို ရောက်ကတည်းက မတွေ့ရသေးချေ။

"ငါသိပြီးပါပြီဟာ...နင် မြန်မာပြည်သွားမယ်ဆိုတာ အလကားစိတ်ကူးတွေပါ၊ ဒီလိုသွားချင်ရာ လျှောက်သွားနေရအောင် နင် အရူးလား"

ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းဆိုသလို အစ်ကိုကြီးသည် ဝင်လာပြီး ဂဏောသရှေ့ရောက်လျှင်ပင် ကန့်လန့်ပြောချလိုက်ရာ ဂဏောသ၏စိတ်တွင် နင့်ခနဲ ထိခိုက်၍သွားလေသည်။ ဖခင်စကားကို ငြိမ်၍နားထောင်နေသော်လည်း အစ်ကိုကြီးအား ပြန်၍ချေပရန် ဂဏောသက ဟန်ပြင်လိုက်စဉ် မောင်နှမနှစ်ယောက်၏အကဲကို သိသော ဖခင်က ရုတ်တရက်နေရာမှထကာ "ကဲ...တော်ကြကွာ၊ သမီး သွား...သွား နင့်အမေဆီကို ခေနကာဂျီ ဟိုစာရင်းရှင်းပြီးပလားဟေ့"ဟု စကားကို လမ်းလွှဲ၍ ပစ်လိုက်လေ၏။ ဂဏောသမှာ မည်သို့မျှ ပြန်မပြောသာတော့ဘဲ တတွေတွေကျဆင်းလာသော မျက်ရည်များကို သုတ်ကာ နေရာမှထ၍ အခန်းထဲသို့ ဝင်သွားတော့ရာ သားအဖနှစ်ယောက်သာ ဧည့်ခန်းထဲတွင် ကျန်ရစ်ခဲ့လေသည်။

ထိုနေ့ညတွင် ဂဏောသသည် ထမင်းစားရန် အခန်းထဲမှပင် ထွက်မလာတော့ချေ။ မိခင်က လာခေါ်သော်လည်း အိပ်ရာပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ငို၍သာနေလေသည်။ တစ်ခါ မောင်အငယ်လေးက လာခေါ်၏။ ခေါက်၍ လွှတ်လိုက်သဖြင့် နောက်ထပ်လာမခေါ်တော့။ အခန်းအပြင်ဘက်က "မစားချင် အကုန်သက်သာတယ်"ဟု အစ်ကိုကြီး၏ ငေါ့တော့တော့ပြောသံနှင့် အစ်ကိုကြီးအား ဖခင်၏ဟန့်တားသံကို ကြားရသည်။ မိခင်နှင့် အစ်ကိုလေး၏အသံကိုမူ မကြားရချေ။ ဂဏေသသည် ဘာတွေညာတွေ စဉ်းစား၍မနေတော့၊ ညနေမှသည် မိုးချုပ်သည်အထိ အိပ်ရာထဲတွင် မျက်ရည်ဖြိုင်ဖြိုင် သွန်း၍နေတော့၏။

"သမီး...သမီး"

မှောင်ပေပြီ။ မိုးတဖြောက်ဖြောက်ကျနေသဖြင့် အိမ်ရှေ့လမ်းပေါ်တွင် လူသွားလူလာနည်းပါးနေ၍ မိုးသံမှတစ်ပါး လူသံသူသံ မကြားရပေ။ အပြင်ခန်းများတွင် မီးရောင်လင်းနေသော်လည်း အိမ်ခန်းတွင်း၌ မီးမဖွင့်ဘဲထားသဖြင့် မှောင်၍နေပေ၏။ ဂဏေသ၏မိခင် ဒေါ်ဟောရထက္ကူသည် အခန်းတွင်းသို့ ဝင်လာရင်း မီးကို ချောက်ခနဲဖွင့်လိုက်ကာ အိပ်ရာပေါ်တွင် ကွေး၍ တရှိုက်ရှိုက်ငိုနေသော သမီးမျက်နှာကိုဆွဲ၍ လှည့်လိုက်ပြီးမှ ခပ်တိုးတိုးခေါ်လိုက်သည်။ ဂဏေသသည် မျက်နှာကို ဖုံးထားရာမှ လှည့်လာပြီး မျက်ရည်သုတ်ရင်း မိခင်ကိုမော့ကြည့်လိုက်ရာ ပြုံးရွှင်နေသော မိခင်မျက်နှာကို မြင်ရ၍ တအားတက်မိလေသည်။ ထို့ကြောင့်ပင် အိပ်ရာမှထကာ မိခင်၏ရင်ခွင်ကို မှီလိုက်လေ၏။

"သမီး သိပ်ငိုမနေနဲ့ကွယ်၊ ညည်းအဖေနဲ့ အစ်ကို စိတ်ဆိုးတုန်းမို့ပါ၊ ညနေစောစောကတည်းက မေမေပြောထားတယ်၊ သူတို့ကတော့ မလွှတ်ဘူးချည်း ပြောနေတာပဲ၊ အစရှိသေးတာပဲကွယ်၊ ဒီလိုပေါ့ တဖြည်းဖြည်းတော့ သူတို့လဲ ပျော့သွားမှာပါ၊ အကြံအစည်ကြီးကြံစည်ထားရင် စိတ်ရှည်ရတယ် သမီးရဲ့၊ ချက်ချင်းတော့လဲ ဘယ်အောင်မြင်နိုင်မလဲ၊ ပူမနေပါနဲ့၊ တစ်နည်းနည်းတော့ ဖြစ်ရမှာပေါ့၊ ကဲ...ထ... ဒါထက် လိုက်မယ်ဆိုတာ သုဘာလက္ခမီတို့ ညီအစ်မ နှစ်ယောက်စလုံးပဲလား...သမီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...မေမေ"

မိခင်၏စကားလုံးများသည် တစ်ညနေလုံး အပူမီးတောက်နေသော ဂဏေသ၏ရင်ကို သီတာရေစင်နှင့် ပက်ဖျန်းပေးနေလေသည်။ ခါတိုင်းဆိုလျှင် မိခင်ကသာ မာန်တတ်မဲတတ် ဆူတတ်ပူတတ်၍ ထိုအခါမျိုးတွင် ဖခင်သည်သာ ဂဏေသ၏အားကိုးရာဖြစ်ခဲ့သည်။ ဤကိစ္စတွင်မူကား မိခင်သည် ဂဏေသ၏အလိုကို ဘာမဆိုဖြည့်တင်းပေးမည့် ကယ်တင်ရှင်ဖြစ်နေပေ၏။ ဤတွင် မိခင်ကြီး၌ ဘာသာရေးစိတ်ဓာတ် မည်မျှထက်သန်၍နေသည်ကို ချိန်ဆနိုင်စရာပင် ဖြစ်ပေတော့၏။

"ခနကာကျိက သူ့အဖေနဲ့ တစ်ကျိတ်တည်း စာစ်ဉာဏ်တည်းပဲ၊ ညည်းကို ဘယ်မှမလွှတ်ဘူးချည်း ပြောနေတယ်၊ မာဏကာကျိကတော့ သွားချင်သွားပါစေလို့ ပြောသေးတယ်၊ တကယ်လို့ သမီးတို့သွားဖြစ်ရင်တောင် သူ့ကိုပဲ အဖော်ထည့်ပြီး ကုသိနာရုံအရောက်အပို့ခိုင်းရမှာပဲ"

"တကယ်နော် မေမေ... သမီးတို့ကို အဟုတ်လွှတ်မယ်နော်"

အားတက်စရာကောင်းလှသောမိခင်စကားကြောင့် ဂဏေသ၏မျက်နှာမှာ ရွှင်၍လာပေသည်။ မိခင်သည် သမီး၏မျက်နှာကို လက်ဖြင့်ပွတ်သပ်ရင်းက သမီး၏နဖူးပေါ်ရှိ မှဲ့ရှင်ကလေးကို စမ်းနေပြီး "တစ်နည်းနည်းတော့ ဖြစ်ရမှာပေါ့သမီးရာ၊ ဒါပေမဲ့ အရှိန်မပျက်နေဦးသိလား၊ ချက်ချင်းဘာမှမလုပ်နဲ့၊ သမီးကလဲ သူတို့ကို ဖွတ်တရွတ်မပြောနဲ့၊ အေးအေးနဲ့ဖြစ်အောင် အမေ ကြံဖန်ပေးပါ့မယ်၊ ကဲ...ထမင်းမစားချင်ရင်လဲ အိပ်တော့"ဟု ယုယစွာ အိပ်ရာပေါ်တွင် ပြန်လှဲပေးခဲ့၍ မီးကို ပိတ်ထားခဲ့ကာ အသာအယာ ထွက်သွားလေတော့၏။

စိတ်ပျက်အားငယ်မှုနှင့် မျက်ရည်အလျဉ်တို့သည် မိခင်၏နှစ်သိမ့်စကားအောက်တွင် နေရောင်ခြည်အောက်မှ ဆီးနှင်းပေါက်များ

www.burmeseclassic.com

www.burmeseclassic.com



သဖွယ် ပျောက်ပျက်၍သွားလေ၏။ သောက ဗလောင်ဆူနေသဖြင့် ညစာထမင်းပင် မစားခဲ့သော်လည်း အလိုဆန္ဒပြည့်ဝသွားသဖြင့် ပီတိသုခကြောင့် ဝမ်းတွင်းဟာ၍မနေတော့။

ထိုနေ့ညကား... ရုတ်တရက် အိပ်၍မပျော်နိုင်တော့ဘဲ မိမိမရောက်ဖူးသော မြန်မာပြည်ကြီးကိုလည်းကောင်း၊ သီလရှင်ဘဝဖြင့် လွတ်လွတ်လပ်လပ် သင်ကြားရတော့မည့် ပါဠိဗုဒ္ဓစာပေများကိုလည်းကောင်း အတွေးဖြင့် မှန်းဆ၍ တလွန့်လွန့်တလူးလူးဖြင့် စိတ်ကူးယဉ်နေပေတော့ရာ မိုးလင်းခါနီးမှပင် အိပ်ပျော်၍သွားတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄

# ဤမောင်နှမ

"မဖြစ်ဘူး မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မသွားရဘူး"

အစ်ကိုကြီးသည် ဖွတ်ခေါင်းခါ၍သာ တားမြစ်နေလေ၏။

"သွားမှာပဲအစ်ကို၊ ခုမှတော့ တားမနေနဲ့တော့၊ တားနေလို့လဲ အပိုပဲ၊ အစ်ကို့ကိုရော ဖေဖေ့ကိုရော ဟိုတစ်ခါတည်းက ဂဏေသ ရှင်းပြခဲ့ပြီမဟုတ်လား၊ ပြီးတော့ ပညာသင်သွားတာ သေရွာသွားတာလဲ မဟုတ်ဘူး၊ တစ်ယောက်တည်းသွားတာဆိုရင်လဲ ပြောပါ၊ ခုတော့ အဖော်တွေနဲ့သွားမှာ၊ ပြီးတော့ အစ်ကိုလေးလဲ ကုသိနာရုံအထိ လိုက်ပို့ဦးမှာတဲ့၊ ကုသိနာရုံရောက်ရင်တော့ မြန်မာပြည်ရောက်တာနဲ့ အတူတူပဲ၊ ဟိုမှာ ဘုန်းဘုန်းတို့ရှိနေပြီ၊ ဘာမှ ခက်ခက်ခဲခဲရှိတာမဟုတ်ပါဘူး"

"တော်စမ်းပါဟာ ဂဏေသရာ၊ တော်စမ်းပါ၊ ငါ မကြားချင်ဘူး၊ ပြီးတော့ အခု ဖေဖေလဲရှိသေးတာမဟုတ်ဘူး"

အစ်ကိုကြီး ခနကာဂျီနှင့် ဂဏေသတို့မောင်နှမ အချေအတင် ပြောနေသောအချိန်မှာ မြန်မာပြည်သို့ ပညာသင်သွားရန် ပြဿနာ စတင်ပေါ်လာပြီးသည့်နောက် ရက်သတ္တနှစ်ပတ်ခန့်ကြာပြီးသော နေ့ တစ်နေ့၏ည ညဉ့်နက်စပြုနေပြီဖြစ်သောအချိန်ပင် ဖြစ်၏။ အမှန် အားဖြင့် ဂဏေသတို့သည် နက်ဖြန်နံနက်မှာပင် လလိတပူရ(ပါတန်)မှ စတင် ခရီးထွက်ကြရန် ကျိတ်၍ ကြံစည်ထားသေည်။ ဤသို့ အပူ တပြင်း ထွက်ခွာရန်ကြံရသည်မှာလည်း ယနေ့နံနက်ကပင် ဂဏေသ ၏ ဖခင်ကြီးဦးဟရသမာနသည် ကတ္တမန္ဒူ(နီပေါပြည်၏မြို့တော်) ရှိ ကုန်တိုက်ကို သွားရောက်စစ်ဆေးရန် ထွက်ခွာသွားရာ နှစ်လကြာခန့်

www.burmeseclassic.com



ကြာစရာအကြောင်းရှိသောကြောင့်ပင် ဖြစ်၏။ သဘောမတူ၊ အခွင့် မပြုသော ဖခင်အား နောက်ထပ်ခွင့်တောင်းစကား မပြောဝံ့တော့ဘဲ ဂဏေသတို့သားအမိမှာ သုဘာလက္ခမီ၊ မနောဟရဒေဝီတို့ညီအစ်မ၊ ၎င်းတို့၏မိခင် ဒေါ်လက္ခမီမာယာတို့နှင့် တိုးတိုးတိတ်တိတ် တိုင်ပင် ထားပြီး နီပေါပြည်မှထွက်ခွာရန် ပြည်ထွက်လက်မှတ်ယူခြင်း စသော လိုအပ်သမျှ ကိစ္စများကို ဤနေ့ထွက်နိုင်ရန်အတွက် ကြိုတင်၍စီမံ ထားခဲ့လေသည်။

ဒေါ်လက္ခမီမာယာ၊ မနောဟရဒေဝီနှင့် သုဘာလက္ခမီတို့ သား အမိသုံးယောက်၊ ဂဏေသနှင့် အစ်ကိုလေး မာဏကာဂျီအားလုံး ငါးယောက် သွားကြရန် ဒေါ်လက္ခမီမာယာနှင့် အစ်ကိုလေး မာဏ ကာဂျီတို့က ကုသိနာရုံသို့ရောက်လျှင် ဂဏေသတို့ သူငယ်ချင်းသုံး ယောက်အား မြန်မာဘုန်းတော်ကြီး အရှင်ဓမ္မာဝုဓအားအပ်နှံ၍ ပြန်ခဲ့ ရန် အိန္ဒိယပြည်တွင် အနည်းဆုံး တစ်လခန့် ကြာချင်ကြာမည်ဖြစ်ရာ ထိုအတွင်း ဆန်ရှားသော အိန္ဒိယတွင် စားသောက်နေထိုင်ရေးအတွက် တစ်လစာဆန်နှင့် ယူနိုင်သောရိက္ခာများယူရန်နှင့် မြန်မာပြည်ရောက် သည်အထိ အသုံးလိုမည့် စရိတ်စက လိုအပ်သောငွေကြေး အဝတ် အစားများကိုပါယူခဲ့ရန်တို့ကို တိတ်တဆိတ် အပြည့်အစုံ စီစဉ်ထားပြီး ဖြစ်ပေ၏။

ထို့ပြင် လလိတပူရ(ပါတန်)မှ အိန္ဒိယသို့ထွက်ခွာရာတွင် ခရီး တွင်ရန် ကားဖြင့်သွားနိုင်သရွေ့သွားပြီး ကားဖြင့်မသွားနိုင်လျှင် ထိုအခါ ကျမှ သင့်သလိုနည်းဖြင့် သွားကြရန်အတွက် ဒေါ်လက္ခမီမာယာတို့က အသင့်ပင် စီမံထားကြသည်။ သူတို့သားအမိသုံးယောက်မှာ မိဘ ဆွေမျိုးတို့နှင့် တစ်သဘောတည်းဖြစ်ကာ အစစအဆင်သင့် ဖြစ်နေ သော်လည်း ဤခရီး၏ ပင်မပဓာနဖြစ်နေသော ဂဏေသအဖို့မှာမူ ယခုထိ မသေချာသေးပေ။ ယနေ့ည သန်းခေါင်ကျော် (နံနက်မှာစော

www.burmeseclassic.com

www.burmeseclassic.com



ပိုင်း)ပင် ထွက်ခွာရန် ချိန်းထားပြီးဖြစ်ပေပြီ။ သို့သော် ဖခင်ကြီးက ခရီး ထွက်နေ၍ မသိသော်လည်း အိမ်တွင်ကျန်ရစ်သူ အစ်ကိုကြီး ခနကာဂျီသည် သွားမည်ဟု သိသည်နှင့်တစ်ပြိုင်နက် အပြင်းအထန် တားမြစ်နေလေတော့၏။ ထွက်ခွာရန် အားလုံးအသင့်ဖြစ်နေမှပင် ဆင်ပြောင်ကြီး အမြီးကျမှ တစ်ရပေတော့မည်။

"ဒီမှာ ဂဏေသ... နင်က အငယ်ပါဟ၊ တကယ်ဆိုရင်... ငါသွားမယ်ဆိုရင်တောင် နင်က ဖျက်ရမယ့်လူပါ၊ ပြီးတော့ နင်... မိန်းကလေး၊ တို့မောင်နှမငါးယောက်ထဲမှာ နင်တစ်ယောက်တည်း မိန်းကလေးရှိလို့ တစ်အိမ်လုံးက နင့်ကိုပဲ ဝိုင်းပြီး ချစ်လဲချစ်၊ အလိုလဲ လိုက်နေရတယ်၊ အဖေဆိုရင် နင့်ကို တို့ထက်အလေးပေးပြီးချစ်တာပဲ၊ ဒါကိုတောင်မှ နင်မထောက်ညှာတော့ဘူးလား၊ ကြည့်စမ်း... အဖေ ဟာ ငါ့သမီး ငါတို့ကို ပစ်မသွားပါဘူးဆိုပြီး ချစ်တဲ့ဇောနဲ့ ယုံယုံ ကြည်ကြည်ကြီးကိုထားပြီး ကတ္တမန္ဒူကု ဆိုင်ကို ညအိပ်ညနေ ထွက် သွားတယ်၊ ဒီတုန်းမှာ နင်က ဒီလိုလုပ်သွားရင် ပြန်လာတော့ အဖေ ကြီး ရင်မကွဲပေဘူးလား၊ စဉ်းစားကြည့်စမ်းပါ ဂဏေသရာ၊ ဒါလောက် တော့ နင်စဉ်းစားနိုင်ပါတယ်ဟာ"

အစ်ကိုကြီးပြောသည်မှာလည်း ဟုတ်ပါသည်။ အဖေသည် ဟိုတစ်နေ့ကပင် အလျှော့ပေးပြီး စကားကို ဖြတ်သွားသော်လည်း စိတ်မချသဖြင့် အရိပ်တကြည့်ကြည့်လုပ်နေသည်။ ဤအတွင်း မိမိက နောက်ထပ်တစ်ဖန် ထပ်မပြောတော့သဖြင့် မသွားဖြစ်တော့ဘူးဟုယူဆ ကာ စိတ်ချလက်ချ ခရီးထွက်သွားခဲ့ပေသည်။ မသွားလျှင်လည်း မဖြစ်ပေ။ လလိတပူရ(ပါတန်)ကဆိုင်ကို သားအဖတစ်တွေ ကိုယ်တိုင် ကိုယ်ကျ ဦးစီးပြီး ရောင်းချနိုင်ခဲ့သော်လည်း မြို့တော် ကတ္တမန္ဒူကု ဆိုင်ကိုမူ အခြားသူအား လွှဲအပ်ထားရပေသည်။ အနည်းဆုံး တစ်လ တစ်ခေါက် ဤသို့သွားရောက်၍ စစ်ဆေးစီစဉ်ရစမြဲပင် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကုန်တိုက်ဆိုင်များမှာ ပန်းကန်ခွက်ယောက်နှင့် ကြေးကုန်များ ရောင်းချသော ဆိုင်များဖြစ်ရာ လလိတပူရက(ပါတန်)ဆိုင်ရော ကတ္တမန္ဒူကဆိုင်ပါ အရောင်းအဝယ် ကောင်းလှပေသည်။ မြို့တော် ကတ္တမန္ဒူကား ပိုမိုစည်ကားသဖြင့် ဝင်ငွေလည်းကောင်း၏။ ဆိုင်က လည်း ပိုမိုတိုးချဲ့ထားပေသည်။ ထို့ကြောင့် အဖေသည် မကြာ မကြာ မသွားလျှင် မဖြစ်ပါချေ။

အကယ်၍သာ နောက်နေ့ ကတ္တမန္ဒူမှ ပြန်အရောက်တွင် သမီးထွက်ခွာသွားကြောင်းသာသိလျှင် အဖေသည် မည်သို့ရှိချိမ့်မည် နည်း။ အစ်ကိုကြီး ဓနကာဂျီပြောသလို ရင်မကွဲသည့်တိုင်အောင် အရူးတစ်ပိုင်းဖြစ်နေမည်ကား မည်သို့မျှ မလွဲပါချေ။ တစ်ဦးတည်း သော သမီးချစ်ဖြစ်၍ အထူးအလေးပေး အလိုလိုက်ခဲ့သည့်အားလျော် စွာ အချစ်ကြီး အမျက်ကြီးဆိုသလို သားသမီးအဖြစ်မှ စွန့်လွှတ်ချင် လည်း စွန့်လွှတ်ပေလိမ့်မည်လား မသိရသေး။ ထောက်ထားမည်ဆိုက ထောက်ထားစရာတွေချည်းပင်ဖြစ်ပါ၏။မေမေ့ကိုလည်း ထောက်ထား သင့်သည်ပင် ဖြစ်သည်။ မေမေသည် သူ့ကိုယ်တိုင်က ယုံကြည်မှုဖြင့် ဗုဒ္ဓစာပေသင်ကြားရေးကိုသာ အရေးထား၍ သွားခွင့်ပြုထားကာ အစစ အရာရာ တိတ်တဆိတ် နောက်ကွယ်မှစီစဉ်ပေးနေရသော်လည်း တစ်ဦး တည်းသောသမီး၊ အိမ်မှုကိစ္စတွင် အဖော်ရလှပြီဖြစ်သောသမီး၊ ဤ သမီးချစ်နှင့်ခွဲခွာ၍ ဘယ်လိုကျန်ရစ်ရမည်ကိုပင် တွေး၍ရဟန် မတူ သေးပေ။ ထွက်ခွာရက်နီးလေလေ မေမေ့မျက်မှာ မကောင်းလေလေ ကား အထင်အရှားပင်။

သို့သော် ဤသို့သာနေက မိမိ ပြင်းပြင်းပြပြ တောင့်တနေသော ဗုဒ္ဓစာပေနှင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်ရေးမှာ ကြာလေ ဝေးလေ ဝေးစရာသာရှိတော့၏။ ဤပညာနှင့် ဤဘာသာကို ဤ ဉာဏတာစရာတွေကြောင့် ယခုအခါ အပျက်ခံလိုက်ရလျှင် နောင်

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့သော အခွင့်ကောင်းသည် မည်သည့်အခါမှ ပေါ်ပေါက်လာတော့မည်မဟုတ်ချေ။ သင်ကြားအားထုတ်ရန်သင့်သောအသက်အရွယ်၊ ဆရာကောင်း အဖော်ကောင်းနှင့် အခွင့်ကောင်းကြီးသည် အမြဲတည်တံ့နေသည်မဟုတ်။ မည်သည့်ဘက်ကကြည့်ကြည့် အပျက်ခံ၍မသင့်ဟု ဂဏေသ က တွေးဆထားပြီးပင်ဖြစ်၏။

"ဦးလေး...ဦးလေး...လာပါဦးဗျ၊ ဒီမှာကြည့်ပြောစမ်းပါဦး"

စိတ်ညစ်စရာ ကောင်းလှပေသည်။ ယနေ့ညသွားမည်ဟု ဆုံးဖြတ်ချက် ချထားပြီးပါမှပင် အနှောင့်အယှက်တွေကလည်း များပဲများလွန်းလှသည်။ (အမေ့မောင်) ဦးလေးသည် အိမ်ပေါ်သို့ မမျှော်လင့်ဘဲ တက်လာရာ အစ်ကိုကြီး ဓနကာရီတွင် စစ်ကူရသွားသကဲ့သို့ အားတက်သရောပင် ဆီးကြို၍ တိုင်တမ်းလိုက်တော့၏။

"ကြံကြံဖန်ဖန် ငါ့တူမရာ၊ နင့်အသက်အရွယ်နဲ့ မြန်မာပြည်သွားစာသင်ရမယ်လို့ပဲ၊ မဟုတ်တာတွေ တောင်တောင်အီအီ လျှောက်စိတ်ကူးမနေစမ်းပါနဲ့"

ဦးလေးက အကြောင်းသိလျှင်သိချင်း ဖျက်ပြန်လေပြီ။

"စိတ်ကူးရုံတင်မဟုတ်ဘူး ဦးလေးရ၊ ခင်ဗျားတူမက နက်ဖြန်မနက်ဆိုလား ခုညဆိုလားတောင် သွားတော့မှာတဲ့၊ ဒါကြောင့် ပြောနေတာပေါ့ဗျ၊ အဖေကလဲ မရှိတုန်းမှပဲ"

"ဟေ"

ဦးလေးမှာ အတော်အံ့သြသွားပုံရသည်။

"ဖြစ်မှဖြစ်ရလေဟယ်၊ နင်တကယ်သွားမှာလား၊ မြန်မာပြည်ကို နင်ဘယ်လိုထင်နေသလဲ၊ တို့ဆီလို အေးအေးဆေးဆေးတိုင်းပြည်များ ထင်နေသလားဟ၊ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ပွဲတွေဖြစ်ပြီး အချင်းချင်း သတ်ဖြတ်တိုက်ခိုက် သောင်းကျန်းနေတာတွေ နင် သတင်းစာတွေထဲမှာ မတွေ့ဘူးလားဟ၊ အခုတောင် ကွန်မြူနစ်

www.burmeseclassic.com

www.burmeseclassic.com



တွေက မြို့တွေ တစ်မြို့ပြီးတစ်မြို့ သိမ်းနေတာ မြို့တော်ရန်ကုန်တောင် ဘယ်လိုနေမလဲ မသိရသေးဘူးတဲ့၊ ခုတက်နေတဲ့အစိုးရ ပြုတ်ကျပြီး ကွန်မြူနစ်များ အစိုးရဖြစ်နေရင် နင့်ဗုဒ္ဓဘာသာစာကြီး သင်ရပါလိမ့်မယ်ဟာ၊ ကွန်မြူနစ်ဆိုတာ ဘာမှတ်လို့လဲ၊ ဒါထားပါတော့ ဒီလောက် ဆူပူနေတဲ့အချိန်မှာ စိတ်မကူးစမ်းပါနဲ့ဟာ''

ဦးလေးသည် ဗဟုသုတများသူတစ်ဦးဖြစ်၍ သူ့ဗဟုသုတနှင့် ယှဉ်စပ်ပြောသွားရာ ဦးလေးစကားကြောင့် ဂဏေသမှာ တွန့်ဆုတ်၍ ပင် သွားမိသေးသည်။ ဒါလောက် တိုင်းပြည်တစ်ပြည်လုံး သောင်းကျန်း ဆူပူနေတယ်ဆိုရင် ဖြစ်မှဖြစ်ပါ့မလားဟုပင် ဆက်လက်၍ တွေးတော ပူပန်မိသေးသည်။ သို့သော် ဘုန်းတော်ကြီး ဦးဓမ္မာစုပြောသည့်စကား တွင် ထိုအကြောင်းမပါဝင်ပေ။ ဘုန်းတော်ကြီးသည် သူတို့တိုင်းပြည် အကြောင်းကို ဦးလေးသိသည်ထက် ပို၍သိမည်သာဖြစ်၏။ ဦးလေး ပြောသလိုအခြေအနေမျိုးသာဆိုလျှင်လည်း မည်သည့်နည်းနှင့်မျှ ပို့ပေး မည်ဟု ပြောမည်မဟုတ်။ ဖြစ်နိုင်သောကြောင့်သာ ပြောခြင်းဖြစ်ရပေ မည်။ မည်သို့ပင်ဖြစ်စေ ဖြစ်မဖြစ်သည် နောက်အရေးသာ။ ယခု ဘုန်းတော်ကြီးထံ အရောက်သွားရန်သာ အရေးကြီးသည် မဟုတ်ပါ လော။ မဖြစ်၍ ပြန်လာရခြင်းသည် မိမိအတွက်မဟုတ်ပေ။

''ဘယ့်နယ်လဲဟ ငါ့တူမရ၊ မသွားတော့ဘူး မဟုတ်လား''

သူ့စကားကိုနားထောင်၍ စဉ်းစားသလို ငိုင်နေသော ဂဏေသ အား ကြည့်ကာ ဦးလေးသည် သူပြော၍ပျက်သွားပြီဟု ထင်သလား မသိ၊ ထပ်၍ မေးလိုက်လေသည်။

''သွားမှာပဲဦးလေး... ဂဏေသတို့က ခုချက်ချင်း မြန်မာပြည် သွားမှာမှမဟုတ်တာ၊ အိန္ဒိယထဲမှာ တစ်လလောက်တောင် ကြာချင် ကြာဦးမှာပဲ၊ ဟိုကျမှ အခြေအနေကြည့်ပြီး ဘုန်းဘုန်းတို့နဲ့သွားမှာ၊ ဦးလေးပြောသလို အခြေအနေဆိုးနေတယ်ဆိုရင်လဲ ဘုန်းဘုန်းတို့က

www.burmeseclassic.com

www.burmeseclassic.com



ပို့မှာမဟုတ်ပါဘူး ဦးလေးရဲ့"ဟု ဂဏောသ က သူ့ထင်ချက်ကို ထည့်သွင်း၍ပြောလိုက်ရာ ဦးလေးသည် မဲ့၍သွားလေ၏။

"တယ်... ဒီကောင်မလေး"ဟု ဦးလေးသည် စိတ်မရှည်တော့သလိုပြောကာ အစ်မဖြစ်သူ ဒေါ်ယောရာထက္ကူအား လှမ်း၍ခေါ်လိုက်ပြီး "အစ်မ... အစ်မသမီးကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်ဘူးနော်၊ သတိထား၊ အစ်မကလဲ အလိုလိုက်ပြီး သူပြောတိုင်း ယုံယုံမနေနဲ့၊ ဒီအရွယ်လေးနဲ့ ပေါက်လွှတ်ပဲစား သွားချင်ရာသွားနေလို့ ဘယ်ဖြစ်မလဲ၊ အစ်ကိုကလဲ သဘောတူတာမဟုတ်ဘူး...ကဲ ဒါပဲ၊ ညဥ့်တောင်အတော်နက်ပြီ ပြန်ဦးမယ်"ဟု ပြောကာ ဆင်း၍သွားလေသည်။

ဒေါ်ယောရာထက္ကူကား မည်သို့မျှမပြော။ မပြုံးမရယ် ခပ်တည်တည်ဖြင့်ပင် နေလိုက်လေသည်။ ယနေ့ညအဖို့ ဂဏောသ မိခင်နှင့် အစ်ကိုလေးတို့က စကားတစ်လုံးမျှ ဝင်၍မပြောကြပေ။ အမှန်မှာ ဂဏောသတို့ နက်ဖြန်နံနက်စောစော ခရီးထွက်နိုင်ရန်အတွက် အထုပ်အပိုးများကို ပြင်ဆင်ခြင်း၊ လမ်း၌ စားစရာရိက္ခာများကို စီစဉ်ခြင်းတို့ဖြင့် မိခင်နှင့်အစ်ကိုလေးတို့မှာ မအားရအောင်ပင် တစ်ဖက်မှ တိတ်တဆိတ်ကျိတ်၍စီစဉ်နေဆဲပင်ဖြစ်ပေသည်။ ဂဏောသနှင့် အစ်ကိုကြီး ခနကာဂျိတို့ တိုက်စစ်ဆင်နေချိန်တွင်မူ မိခင်သည် မသိကျိုးကျွံလုပ်ကာ စာတစ်စောင်ကို ရေးသား၍နေလေသည်။ စာမှာ မြန်မာဘုန်းတော်ကြီးဦးဓမ္မာဝုဓထံသို့ လျှောက်ထားလွှာဖြစ်ကာ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင် သမီးကို လိုက်ပို့၍ မအပ်နှံရသဖြင့် ဝမ်းနည်းကြောင်း၊ လူကြုံဖြင့်ပင် ယုံကြည်စိတ်ချစွာ အပ်နှံလိုက်ကြောင်း၊ ဘုန်းတော်ကြီးက သင့်သလိုဆုံးမ၍ လျော်မည့်ဌာနၖ ပညာသင်ရန် အပ်နှံပေးပါမည့်အကြောင်း စသဖြင့် မိမိဝတ္တရားကျေစွာ အပ်နှံလိုက်သောစာပင်ဖြစ်လေသည်။

မိခင်က အတွင်းမှစာရေး၍ အပြီးသတ်သွားသည့်တိုင်အောင် အပြင်ခန်းမှ မောင်နှမနှစ်ဦး၏ စစ်ပွဲကား မပြီးဆုံးသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဟာ…ညဉ့်လဲနက်လှပြီ…ငါတော့ အိပ်တော့မယ်၊ နောက်ဆုံးပြောချင်တာက ဦးလေးပြောတဲ့အတိုင်း မြန်မာပြည်ရဲ့အခြေ အနေ မကောင်းသေးတာလဲ အမှန်ပဲ၊ ဒီအထဲ သွားလမ်းလာလမ်း ကလဲ သာယာတာမဟုတ်ဘူး၊ အဲဒီတော့ စဉ်းစားပါဦးဟာ၊ နောက် အခြေအနေ ဒီထက်ကောင်းလာရင် ငါကိုယ်တိုင် မြန်မာပြည်လိုက်ပို့ပေး မယ်ဟာ…ကဲ"

အစ်ကိုကြီး၏လေသံမှာ အထူးတလည် ပျော့ပျောင်း၍လာလေ သည်။ စိတ်ဓာတ်ပြင်းပြလှသောသူညီမကို ထန်ထန်မာမာပြော၍မဖြစ်၊ ချော့ချော့မော့မော့နှင့် သာယာဖျောင်းဖျပြောမှသာ လိုရာသို့ရောက်တော့ မည်ဟု နားလည်လာဟန်ဖြင့် စကားလုံး စကားသံများကို ပြင်ဆင်၍ လာလေသည်။

"အထူးအားဖြင့်တော့…အဖေ့သဘောတူညီမှု မရသေးတာ ကိုကလဲ မကောင်းသေးဘူး၊ ကြာကြာမဆိုင်းချင်ရင် နေဟာ၊ အခု မေလမဟုတ်လား၊မိုးလဲကျနေပြီ၊ အဲဒီတော့ သွားလမ်းလာလမ်းကောင်း အောင် ဒီဇင်ဘာလောက်မှသွား…အဖေ သဘောတူဖို့ ငါတာဝန်ထား၊ ငါပြောပေးမယ်…ဘယ့်နှယ်လဲ"

ဂဇောသ ကား ဘာမျှပြန်မပြောနိုင်သေး။ အစစ အရာရာ ပြင်ဆင်ပြီးဖြစ်နေသည်မှအပ အစ်ကိုကြီး၏စကားမှာ အားလုံးကောင်း သောစကားပင် ဖြစ်နေပေသည်။ ဆက်လက်၍ မိမိက ခေါင်းခါနေ လျှင်လည်း အစ်ကိုကြီးသည် တစ်နည်းပြီးတစ်နည်း နားမဝင်ဝင်အောင် ပြောဆိုတားမြစ်နေဦးမည်မှာသေချာသည်။ ယခုပင် အချိန်မှာသန်းခေါင် ကျော်နေပြီထင်၏။ ဤမှုဖြင့် အစ်ကိုကြီးအား အချိုနှင့်သတ်၍ စကား ကို ဖြတ်မှ သင့်လေတော့မည်ဟု ကြံစည်ကာ "ဒါဖြင့်လဲ…မေမေ့ကို တိုင်ပင်ကြည့်သေးတာပေါ့လေ"ဟု တိုတိုနှင့်ပင် တုံ့ပြန်ပြောဆိုခဲ့ပြီး အစ်ကိုကြီးရှေ့မှ ထလာခဲ့စဉ် ညဉ့် ၂ နာရီထိုးသံကို ကြားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခနကာဂျိကား နှမငယ်မှာ မိမိစကားကို နာယူ၍ လောလော ဆယ်ခရီးထွက်ရန်ကိစ္စ တစ်ခန်းရပ်သွားပြီဟု စိတ်ချသွားကာ အိပ်ခန်း ဆီသို့ ထသွားလေတော့၏။ နက်ဖြန်နံနက် ခရီးထွက်ရန် အပြီးအစီး စီစဉ်ပြီးဖြစ်နေသည်ကိုကား ခနကာဂျိ သိဟန်မတူပေ။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

# အိမ်ပြေးမကလေးများ

မိုးသည် တစ်ပေါက်ပေါက်ရွာနေရာမှ တစ်ခါတစ်ရံ သည်းထန်၍ပင် လာချေသေးသည်။ မိုးဦးမိုးဖြစ်သဖြင့် လေကလည်း တဖွဲဖွဲတိုက်ခတ်၍ နေသေးရာ အိပ်ရာတွင်ကွေး၍ နေချင်စရာသာ ကောင်းနေတော့သည်။ စွေလိုက်သည်းလိုက်နှင့် တစ်ညလုံး ရွာသွန်းနေသောမိုးသည် နံနက် ၃ နာရီခန့်ရှိသည်အထိ မစဲသေးချေ။ သာမန် အပူအပင်ကင်းမဲ့သူတို့အဖို့ ဤအချိန်မှာ အိပ်၍ကောင်းတုန်းအချိန် ဖြစ်သော်လည်း ည ၂ နာရီကျော်မှ အိပ်ရာဝင်ခဲ့သော ဂဏေသအဖို့တွင်မူ စိတ်တစောစော ဖြစ်နေသဖြင့် တစ်ညလုံး အိပ်မပျော်နိုင်ဘဲ ယခုကဲ့သို့ အလင်းဘက်သို့ နီးလာလေလေ ပို၍စိတ်စောနေလေလေ ဖြစ်ရတော့၏။ ယနေ့ မိုးမလင်းမီပင် လလိတပူရ(ပါတန်)မှ ထွက်ခွာရန် တိုင်ပင်ထားပြီးဖြစ် ရာ နံနက်စောစောကြီး ကားလာမည်ဆို၍ ယခု နံနက် ၃ နာရီကျော်လာချိန်တွင် အိပ်ရာထဲတွင်ပင် နေ၍မရတော့ချေ။ မိုးသံတဝုန်းဝုန်းကြားမှ ကြားရမည့် မော်တော်ကားသံကိုသာ နားစွင့်ရင်းထိုင်လိုက် ထလိုက် ဖြစ်နေမိတော့၏။

တစ်အိမ်လုံးပင် အိပ်မောကျ၍နေပေသည်။ ခပ်စောစောက အစ်ကိုကြီးအခန်းမှ ချောင်းဆိုးသံကြားသဖြင့် ဂဏေသ ထိတ်၍ပင် သွားမိ၏။ "ဘုရား...ဘုရား...သွားခါနီးမှ အစ်ကိုကြီးနိုးနေရင်တော့ ဒုက္ခပဲ"ဟု တွေးလိုက်မိသည်။ ယခုသော် တော်ပါသေး၏။ ပြန်၍ အိပ်ပျော်သွားဟန် တူပါသည်။ ဘာသံမျှ မကြားရတော့ပေ။

ဂဏေသသည် အိပ်ရာမှ အသာအယာထ၏။ မီးကို မဖွင့်ဝံ့ပေ။ မှောင်ထဲတွင် စမ်း၍သွားကာ မျက်နှာသစ်ပြီးနောက် ညက

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးအိပ်လောက်မှ အသာအယာစုထားသော ယူသွားမည့်ပစ္စည်းများကို စစ်ကြည့်သည်။ အိပ်ရာလိပ် အဝတ်အစားသေတ္တာနှင့် အတိုအထွာထည့်သော လက်ဆွဲအိတ်တစ်ခု၊ မိမိအတွက်ကမူ ဤမျှသာဖြစ်၍ ပြည့်စုံပြီဟု စိတ်ချရ၏။ အစ်ကိုလေး မာဏကာဂျီမှာ အိန္ဒိယအထိသာ လိုက်ပို့မည့်သူဖြစ်၍ သူ့အတွက် ယူစရာပစ္စည်း များများစားစားမပါချေ။ ဆန်အိတ်တစ်အိတ်ယူခဲ့မည်ဟု ညက ပြောသံကြားရသည်။ သို့သော် ညက တစ်ညလုံး အစ်ကိုကြီးနှင့် စကားစစ်ထိုးနေရသဖြင့် ဘယ်မှာထား၍ ဘယ်လိုလုပ်ထားသည်ကို မသိပေ။ လမ်း၌စားစရာများ လုပ်ထားသည်ကိုလည်း သွားခါနီးမှ မေမေ့ကို ကန်တော့ရင်း မေးပြီးယူရပေမည်။

ဂဏေသသည် အချိန်လည်း မဆေးတော့သဖြင့် မှောင်ထဲတွင်ပင် စမ်းရမ်း၍ အဝတ်အစားများကို လဲနေလေသည်။ အစ်ကိုလေးကို သွားနှိုးထားရ ကောင်းမည်လားဟုလည်း စဉ်းစားမိသည်။ ထိုအခိုက် အိမ်ရှေ့လမ်းပေါ်တွင် ကားရပ်သံကြားရ၏။ မိုးကလည်း ရွာဆဲပင်ဖြစ်၏။ မိုးသံကြောင့် ကားသံမှာ အကျယ်ကြီးထွက်၍မလာသဖြင့် တစ်နည်းအားဖြင့် ကောင်းတောင်းတောင်းပင်။

ဂဏေသသည် အိမ်အပြင်သို့ ထွက်လာကာ လမ်းပေါ်သို့ မျှော်ကြည့်လိုက်၏။ မိုးရေကြားတွင်ရပ်ထားသောကားကို ဝိုးတဝါးမြင်ရသည်။ သို့နှင့် သူသည် ဆောင်းစရာတစ်ခုကို ဆွဲယူ၍ဆောင်းပြီး သေချာအောင် ကားကိုသွားကြည့်ရန် ခပ်သုတ်သုတ် ဆင်းသွားသည်။

"လကျွမိ...လကျွမိ"

ကားနှင့်မနီးမဝေးအရောက်တွင် အသံကိုအုပ်၍ သုဘလကျွမိကို ခေါ်စမ်းကြည့်၏။ မိုးသံကြောင့် သူ့အသံမှာ တိုးလွန်းနေ၍ မကြားရှေ့သလားမသိ။ ကားဆီမှ အသံထွက်မလာပေ။ ဂဏေသမှာ ရင်တထိတ်ထိတ်နှင့် သုဘလကျွမိတို့ကားမှ ဟုတ်မှဟုတ်ပါ့မလားဟု

www.burmeseclassic.com

www.burmeseclassic.com



သံသယဝင်လာကာ ကြက်သီးပင် ထ၍သွားမိ၏။ သို့သော် သုဘ လက္ခမိတို့ကားပင် ဖြစ်ပါ၏။ သူ့ခေါ်သံမှာ အစိုးရိမ်လွန်၍ တိုးနေသဖြင့် ပြန်မထူးခြင်းဖြစ်သော်လည်း ကားနားအရောက်တွင် ကားပေါ်မှ ဆင်းလာသော သုဘလက္ခမိတို့ညီအစ်မကိုတွေ့ရမှ စိတ်အေးသွားလေသည်။

"လာ...ဂဏေသ၊ ယူစရာတွေဘယ်မလဲ၊ မာဏကာဂျိကော"

"နေဦးနော်...သွားယူလိုက်ဦးမယ်၊ လက္ခမိတို့ကားမှ ဟုတ်ရဲ့လားလို့လာကြည့်တာ၊ စောင့်ဦးနော်၊ ခဏလေး"ဟု ပြောပြီး ဂဏေသသည် အိမ်ဆီသို့ ပြန်ပြေးလာခဲ့လေသည်။ ဂဏေသ အိမ်ပေါ်သို့ ရောက်လျှင်ပင် အဆင်သင့် အိပ်ရာမှထွက်လာသော အစ်ကိုလေး မာဏကာဂျိကို တွေ့ရတော့သည်။ သို့နှင့် "အစ်ကိုလေး...ကားလာပြီ၊ ယူစရာရှိတာယူ အစ်ကိုလေး...ဖြည်းဖြည်းနော်၊ အစ်ကိုကြီးနိုးမယ်"ဟု တိုးတိုးပြောခဲ့ကာ မိမိပစ္စည်းများကို ယူလေသည်။

ငါးမိနစ်ပင်မကြာပေ။ ပစ္စည်းများနှင့် ဂဏေသတို့မောင်နှမနှစ်ယောက် ကားပေါ်သို့ ရောက်ပေပြီ။ သို့သော် တစ်အိမ်လုံး နိုးကုန်မည်စိုး၍ ကလေးများနှင့်အတူ အိပ်နေသော မိခင်ကြီးကို မနှိုးဝံ့သဖြင့် ခက်၍နေလေသည်။ မိခင်ကြီး ပြင်ဆင်ထားသော စားစရာများကိုလည်း ရှာ၍မတွေ့ပေ။ ထိုအတွက် မိခင်ကြီးကို နှိုးသင့် မနှိုးသင့် အစ်ကိုလေးကို တိုင်ပင်ကြည့်ရာ "နေပေစေတော့ဟာ ညကတည်းက မေမေ့ကို ကန်တော့ပြီးမှပဲ စားစရာလဲ သိပ်မလိုပါဘူး၊ ပိုက်ဆံပါသားပဲ ဝယ်စားပေါ့၊ တော်လဲ တစ်နေ့ပါဟာ...လာ...သွားမယ် ကြာရင် နိုးကုန်လိမ့်မယ်"ဟု အစ်ကိုလေး မာဏကာဂျိကရော သုဘလက္ခမိတို့ သားအမိတွေကပါ ပြောသဖြင့် ထိုအတိုင်းပင် သဘောကျလိုက်ကာ မိခင်ရှိရာအိမ်ဆီသို့ မှောင်ထဲမှ တစ်ချက်ပြန်ကြည့်လိုက်ပြီး ကားပေါ်တွင် နေရာတကျ ထိုင်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၄ နာရီ မထိုးမီပင် ကားစတင်၍ထွက်၏။ သို့နှင့် ခရီးစတင်ခဲ့ပေပြီ။

ထိုနေ့ကား ၁၉၅၀ ပြည့်နှစ် မေလ ၁၆ ရက် အင်္ဂါနေ့ နေ့သစ်ဦးပင်ဖြစ်၏။ လက္ခမီတို့ သားအမိသုံးယောက် ဂဏေသတို့မောင်နှမ နှစ်ယောက်နှင့် ကားသမားနှစ်ယောက်ဖြစ်ရာ သူတို့လူစုသည် မိုးတဖွဲဖွဲ ကြားမှပင် လလိတပူရ(ပါတန်)မှ ထွက်ခဲ့ပေတော့ပြီ။

ရှေ့ခရီးကား မည်သို့ဖြစ်ဦးမည်ကို မသိရသေး။ ယခုလော လောဆယ်မှာမူ အချုပ်အချယ်တွေကြားမှ လွတ်မြောက်လာပြီဖြစ်သဖြင့် ရင်မှာရှင်း၍ ဝမ်းသာအတိ ပြည့်လျှံနေပေသည်။ မိုးကလည်း လိုက်၍ ပို့နေသည့်အလား တဖွားဖွား ကျနေပေသည်။ နောက်က တစ်စုံတစ်ယောက် လိုက်လာလျှင်လည်း ဤမိုးက မျက်ခြည်ဖြတ်၍ပေးပေလိမ့်မည်ဟု ရွာနေသောမိုးကို အားကိုးအားထား ပြုမိသေး၏။

သူတို့ခရီးစဉ်မှာ လလိတပူရ(ပါတန်)မှ ကတ္တမန္တူမြို့ဆီသို့ ပထမ ဦးတည်၍ ထွက်ရပေသည်။ လလိတပူရ(ပါတန်)နှင့် ကတ္တမန္တူလမ်းမှာ ကောင်းသဖြင့် မိုးတဖွဲဖွဲကြားမှပင် ကားကို မြန်နိုင်သမျှမြန်အောင် မောင်းထွက်စေခဲ့၏။ ကတ္တမန္တူသို့မရောက်မီပင် အိန္ဒိယပြည်အထွက် ကတ္တမန္တူ တောင်ကြားဆီသို့ ဦးတည်နေသောလမ်းဆီသို့ ခွဲ၍ ထွက်ရပေမည်။ လမ်းခွဲသို့မရောက်မီ ကတ္တမန္တူဘက်မှ အပြင်းမောင်းလာသော ကားတစ်စီးကို တွေ့ရ၏။ ဂဏေသတို့၏ကားမှာ မိုးရေထဲမှာပင် ကပ်၍ရှောင်လိုက်ရသဖြင့် လမ်းဘေးသို့ ချော်၍သွားလေသည်။ သို့သော် ဒရိုင်ဘာ၏ ကျွမ်းကျင်မှုကြောင့်သာ ကံကောင်းထောက်မ၍ မတိမ်းမှောက်ဘဲ လမ်းပေါ်သို့ ပြန်ရောက်နိုင်တော့သည်။ ဒရိုင်ဘာမှာ မတိမ်းမရှောင် ဦးတည်၍ အပြင်းမောင်းလာသောကားကို စိတ်ဆိုးလှသဖြင့် ပါးစပ်မှ မတော်တရော် ရေရွတ်ကာ ကားကို ရပ်လိုက်ပြီး နောက်သို့ ပြန်ကြည့်နေသေးသည်။ သို့သော် ထိုကားကား လလိတပူရ(ပါတန်)ဆီသို့ အပြင်းမောင်းထွက်သွားပေတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လက္ခမီမာယာက ဒရိုင်ဘာအား ရပ်မနေဘဲ ဆက်မောင်းရန် ပြောမှ ဒရိုင်ဘာက ကားကို ဂီယာထိုးပြီး မောင်းထွက်လာခဲ့၏။ ထိုအခါမှပင် ယခင် လလိတပူရ(ပါတန်)ဘက်သို့ အပြင်းမောင်းသွားသော ကားသည် တစ်နေရာတွင်ထိုးရပ်လိုက်ပြီး မိုးရေထဲမှပင် နောက်သို့ ဘက်ပြန်ဆုတ်လာနေသည်ကို တွေ့ရသဖြင့် စိတ်ဆိုးနေသော ဂဏေသတို့ ကားဒရိုင်ဘာက မိမိကားကို ရပ်မလိုလုပ်ပြန်သည်။

"ရပ်မနေပါနဲ့ဗျ၊ မြန်မြန်ခရီးရောက်ဖို့သာ အရေးကြီးပါတယ်"

"တောက်...စော်ကားလွန်းလို့ပါ၊ သူကလဲလွန်သေး ခုမှ ဘာလုပ်မလို့ ပြန်ဆုတ်လာသလဲမသိဘူး၊ ချလိုက်ချင်တယ်"

မာဏကာဂျီစကားကို ဒရိုင်ဘာက ပြန်ဖြေရင်း ခရီးသည်တို့၏ အရေးကြီးဟန်ကိုသိ၍ ရပ်မနေတော့ဘဲ မောင်းထွက်ခဲ့တော့မှ ဂဏေသတို့ ရင်အေးရတော့၏။ သို့မဟုတ်က ခရီးဦးတွင် ရန်ပွဲကို တွေ့ရမည်လား မသိချေ။ မကြာမီ လမ်းခွဲသို့ရောက်လာကာ လလိတပူရ(ပါတန်)နှင့် ကဌ္ဌမန္ဒူလမ်းမကြီးမှခွဲ၍ထွက်ပြီးလျှင် တောင်ကြားရှိရာသို့ ဦးလှည့်ခဲ့တော့၏။

ထိုလမ်းမှာ ကားဖြင့်လာရသည်ဆိုသော်လည်း အလွန်ဆိုးလှသဖြင့် စိတ်ညစ်စရာကောင်းလှ၏။ တောင်တက်တောင်ဆင်းလမ်းများဖြစ်၍ တချို့နေရာများတွင် ပျက်စီးနေပေသည်။ တစ်ခါတစ်ရံ ရွှံ့များ ဗွက်များကြားတွင် ကားဘီးမြုပ်၍နေတတ်သေးသဖြင့် ခရီးမှာတွင်သင့်သလောက် မတွင်ပေ။ နံနက် ၅ နာရီခွဲလောက်အချိန်တွင် စန္ဒဂိရိခေါ်သော တောင်ခြေသို့ရောက်လေရာ ကားမှာ ထိုတောင်ခြေမှရှေ့သို့ ဆက်၍မသွားနိုင်တော့ချေ။ ကားလမ်းလည်းမရှိတော့သဖြင့် ကားကို ထိုမှ ပြန်လွှတ်လိုက်ရမည်ဖြစ်၍ အားလုံး ကားပေါ်မှ ဆင်းကြကာ အထုပ်အပိုးများကို ချကြရတော့၏။ ဤနေရာမှ ရှေ့သို့ ၁၅ မိုင်ခန့် တောင်ဆင်းတောင်တက်ခရီးကို အပြင်းနှင်နိုင်မှ နီပေါနိုင်ငံ၏ အပြင်

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ပေမည်။ ထိုအခါကျမှလည်း မိမိတို့အဖို့ လွတ်မြောက်ပြီဟု စိတ်ချနိုင်မည်ဖြစ်၏။

သို့နှင့် ချထားသောဆန်အိတ် စသော လေးလံသည့်ပစ္စည်းများကို ထမ်းပိုးသယ်ဆောင်ရန် အလုပ်သမားရှာဖွေရတော့သည်။ ထိုကိစ္စအတွက်ကား ဂဏေသ၏အစ်ကိုလေး မာဏကာဂျီသည် လည်ပတ်လှပေသည်။ တောင်ခြေအနီးရှိ ထာန်ကော့ကျေးရွာကြီးမှ အထမ်းသမားများကို သွားရောက်ငှားရမ်းလေသည်။ သုဘာလက္ချမိတို့ပါသော ဆန်အိတ်များနှင့် ဂဏေသတို့ ဆန်အိတ်များကို ပူးပေါင်း၍ ထမ်းရန် အထမ်းသမားလေးယောက်ငှားကာ ကတ္တမန္ဒူတောင်ကြားဂိတ်အထိ သယ်ပို့ရန် စီစဉ်ရပေသည်။ ဂိတ်အထိ ဤမှ ၁၅ မိုင်ခန့်သွားရမည်ဖြစ်ရာ ဂဏေသတို့ မိန်းကလေးများမှာ လက်ဆွဲအိတ် အဝတ်ထုပ်စသည့် ပေါ့ပါးသောပစ္စည်းအချို့ကိုသာ ခွဲဝေယူရပြီး လေးလံသောပစ္စည်းများကို အထမ်းသမားများနှင့် ထားခဲ့ရလေသည်။

"ကဲ– ဒေါ်လေး၊ ကလေးမတွေနဲ့ ခင်ဗျား ရှေ့ကသွားနှင့်ဗျာ၊ ဒီပေါ့ပေါ့ပါးပါးပစ္စည်းတွေထဲက နိုင်သလောက်ယူသွားကြဦး၊ ဟောဒီမုန့်နဲ့စားစရာတွေကိုလဲ ခွဲယူသွားကြဦးလေ၊ ဒါမှ ကျုပ်တို့ကို မစောင့်ဘဲ စားနိုင်မှာပေါ့၊ ကျုပ်တို့အလေးသမားတွေက ခပ်ဖြည်းဖြည်းလာမှာ၊ ဂိတ်အထိရောက်အောင် မစောင့်ဘဲ သွားချင်သွားနှင့်ပေါ့ဗျာ၊ ဂိတ်ကျမှစောင့်ပေါ့...၊ ဒီလမ်းက လူသွားလူလာလဲ များပါတယ်၊ မှားလဲမမှားနိုင်ပါဘူး"

မာဏကာဂျီက အထမ်းသမားနှင့် ပစ္စည်းများကို စီစဉ်ရင်းပြောသည်။

"တို့လဲ ဖြည်းဖြည်းပဲသွားမှာပါပဲဟာ၊ ဘယ်ဝေးဝေးခွဲသွားလို့ဖြစ်မလဲ၊ မင်းတို့လဲ ခပ်မှန်မှန်လိုက်ခဲ့ကြပေါ့"ဟု ဒေါ်လက္ချမိမာယာက ပြောရင်း ဂဏေသတို့လူစု၍ ထွက်လာကြလေသည်။ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



များသည် ပေါ့ပေါ့ပါးပါး ပစ္စည်းကလေးများကို နိုင်သလောက်ရွက်ပိုးခဲ့ကြပြီး တောင်ပေါ်လမ်းကို ပျော်ပျော်ပါးပါးပင် တက်ခဲ့ကြလေ၏။ မာဏကာဂျီနှင့် အထမ်းသမားတို့က မလှမ်းမကမ်း နောက်မှလိုက်ပါလာကြပေသည်။

မိုးမှာ စောစောက ပြတ်သွားသလိုလိုရှိသော်လည်း ခြေကျင်ခရီးစလျှင်ပင် ဖွဲဖွဲရွာ၍ လာပြန်သည်။ ဂဏေသတို့ နီပေါသူများအဖို့ မိုးမှာ အဆန်းမဟုတ်။ နီပေါပြည်တွင် ၁၂ ရာသီ မိုးရွာနေသဖြင့် မိုးကိုကြောက်နေကြခြင်းမရှိပေ။ သို့သော် ယခုကဲ့သို့ တောင်တက် တောင်ဆင်း ခရီးတွင်မူ မိုးရွာနေလျှင် အလွန်အသွားခက်လှပေသည်။ မိုးသာမရွာလျှင် တောင်တက်တောင်ဆင်းပင်ဖြစ်စေကာမူ အလွန်သွားကောင်းမည်သာ ဖြစ်၏။ နီပေါလူမျိုးများအဖို့ တောင်တက်တောင်ဆင်းမှမဟုတ်လျှင် ခရီးဟုပင် မခေါ်လိုကြပေ။ သဘာဝမြေပြင်ကိုက တောင်ကုန်းဒေသဖြစ်ပေရာ ကမ္ဘာ့အမြင့်ဆုံး တောင် ၁၀ လုံးအနက် ၈ ရက်တောင် ကန်ချင်ဂျွန်းဂါးတောင် စသော တောင်ငါးလုံးမှာ နီပေါပြည်တွင်ရှိကြောင်း ကမ္ဘာကသိပေသည်။ ယခုလာနေသော ခရီးမှာ နီပေါပြည်မြောက်ပိုင်းထက် တောင်တက်တောင်ဆင်း နည်းပါးပေသည်။

မြေမှာ စေးထန်းနေသဖြင့် မိုးရေကြောင့် ချော်မလဲအောင် အထူးသတိထား၍ တက်နေရပေသည်။ တစ်ခါတစ်ရံ လမ်းဘေးမှ သစ်ပင်ငယ်ကလေးများကို ဆွဲ၍တက်သွားရ၏။ ခရီးဝေးဝေးပင် မသွားဖူးသော နုနုနယ်နယ် မိန်းကလေးသုံးဦးကား တောလမ်းနှင့် တောင်တက်ခရီးတွင် မိုးတစိုစိုဖြင့်သွား၍နေကြရပေရာ မကြာမီပင် မောပန်း၍လာရတော့၏။ ထိုထက်ဆိုးသည်ကား တောလမ်းတစ်လျှောက်တွင် ကျွတ်များ အလွန်ပေါများနေခြင်းပင်ဖြစ်တော့၏။

"အမယ်လေး...လုပ်ကြပါဦး...လုပ်ကြပါဦး"

သုဘာလက္ခမီ၏အစ်မ မနေဘာရဒေဝီမှာ ကျွတ်ကို အလွန်ကြောက်တတ်ပေသည်။ ကြောက်သူမှရွေး၍ တွယ်လိုသလားမသိ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်တွေကလည်း မနောဟာရ၏ခြေတွင် မကြာမကြာကပ်၍ တွယ်လေရာ မကြာမကြာပင် လန့်၍လန့်၍ အော်လိုက်သော မနောဟာရ၏ အသံကြောင့် သူတို့လူစုမှာ ငိုအားထက် ရယ်အားသန်ရပေသည်။

ဂဏေသသည်လည်း ကျွတ်ကို ကြောက်တတ်သူတစ်ဦးဖြစ်ပေသည်။ သို့သော် ဤမျှလောက် စွန့်စား၍လာရသောခရီးတွင် ဤကျွတ်မျှကို ပြဿနာဟူ၍ပင် သဘောမထားထိုက်ဟု ယူဆလိုက်သဖြင့် အော်လောက်အောင် ကြောက်တတ်မှုမရှိတော့ချေ။ ရံဖန်ရံခါ ခြေကြားထဲတွင် တွယ်၍ပါနေသော ကျွတ်ကို သတိမထားမိသဖြင့် သွေးသံတရဲရဲ ဖြစ်နေလေသည်။

ကျွတ်ပေါလိုက်ပုံမှာ ဤကဲ့သို့ မြေပြင်မြက်ကြားလောက်ကသာ လိုက်၍ ကပ်တွယ်သည်မဟုတ်။ မိုးနှင့်လေအသုတ်တွင် သစ်ပင်ကြီးများမှပင် ကျ၍လာတတ်ပေသေး၏။ အချို့သစ်ပင်ပေါ်မှ ကျွတ်ကြီးများမှာ လူသံကြားလျှင် ဖြုတ်၍ လူပေါ်သို့ တည့်တည့်ကျလာသည်က ပို၍ကြောက်စရာကောင်းလှ၏။ ထို့ကြောင့် မြေပြင်မြက်ကြားက ကျွတ်ကိုသာ သတိထားရသည်မဟုတ်၊ (သစ်ပင်ကြီးကြီးတွေ့လျှင် မဝင်ဘဲ ကွေ့ရှောင်ရခြင်း၊ မဝင်မဖြစ် ဝင်ရသည့်တိုင်အောင်လည်း ကျွတ်ကျမကျကို ဂရုစိုက်ရခြင်းတို့ဖြင့်) သစ်ပင်ပေါ်က ကျွတ်ကိုလည်း အထူးသတိထားနေရပေ၏။ မြေကတွယ်သောကျွတ်ထက် သစ်ပင်ပေါ်ကကျ၍တွယ်သော ကျွတ်က ပို၍ကြောက်ဖို့ကောင်းသည်မှာ ၎င်းတို့က ဆံပင်ကြား လည်ပင်းကြား စသည်တို့ကိုမှ အဖြုတ်အခွာခက်အောင် တွယ်တတ်ပေသည်။

"ကဲ…နေကြဦးဟေ့၊ မုန့်စားကြဦး"

နေအတော်မြင့်သွားပြီထင်သည်။ နေကို မမြင်ရလောက်အောင် တစ်မိုးလုံး အုံ့ဆိုင်းနေသဖြင့် အချိန်ကို မှန်းရုံသာမှန်းနိုင်၏။ တောင်ကုန်းမြင့်ပေါ်ရောက်လျှင် ခဏရပ်နား၍ ဒေါ်လက္ခမိမာယာက ပါလာသောမုန့်နှင့် စားစရာများကို ဝေငှ၍ပေးကာ စားကြစေ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ကြာကြာနားနေ၍ စားနိုင်ကြသည်မဟုတ်ပေ။ သွားရင်းမတ်တတ်ပင် စားသွားရပေသည်။ နီပေါနိုင်ငံ၏ အပြင်ဘက်သို့ မရောက်သမျှ စိတ်ချလက်ချ အေးအေးဆေးဆေး နားနားနေနေ မနေဝံ့ကြသဖြင့် ပင်ပန်းသော်လည်း လှမ်းကြရပေတော့သည်။

အတက်သည် ခက်ခဲသလောက် အဆင်းသည်လည်း မလွယ်ကူပေ။သတိမထားလျှင် လျှော၍ကျသွားနိုင်၏။ တစ်ခါတစ်ရံ တောင်အဆင်းလမ်း၏ ဘေးတစ်ဖက်မှ ချောက်ကြီးများမှာ ကျသွားလျှင် ပြန်တက်လာနိုင်ဖို့ထား၍ အရိုးနှင့်အသားပင် တခြားစီဖြစ်သွားနိုင်လောက်ပေသည်။ ထို့ကြောင့် မိုးစို၍ချောနေသော မြေလမ်းဝယ် စမ်းတဝါးဝါးနှင့် သတိထား၍ ကုတ်ကုတ်ကတ်ကတ် ဆင်းကြရပေသည်။ ကုသိုလ်ကံကပင် ကူညီသလားမသိရပေ။ ဤတောင်အဆင်းလမ်းတွင် မိုးစဲ၍ နေရောင်ခြည်ကလေးပင် လက်လာသေးတော့သည်။

မာဏကာဂျီနှင့် အထမ်းသမားများကို အရိပ်အယောင်မျှပင် မမြင်ရသေးပေ။ အတော်ပင် ပြတ်၍ကျန်ရစ်ဟန်တူ၏။ ဤတောင်ဆင်းတောင်တက်ခရီးတွင် နီပေါနှင့် အိန္ဒိယသို့ ကူးကြသူများ မပြတ်လှသဖြင့် လူသူအသွားအလာကား များလှပေသည်။ ထို့ပြင် ကောင်းကင်ဓာတ်ကြိုးဖြင့် အစိုးရစပါးများသယ်သော လမ်းလည်းဖြစ်ရာ လမ်းမှားစရာကား မရှိတော့။

တောင်တက်တောင်ဆင်း များပြားသည့်ပြင် တောင်ကြားများတွင် ရေစီးသန်သောမြစ်များလည်း ရှိသေးသည်။ သို့သော် တံတားကူးများ ကောင်းမွန်သဖြင့် မြစ်နှစ်တန်သုံးတန်ရှိသော်လည်း အသွားအလာကို မထိခိုက်နိုင်ပေ။ ဂဏေသတို့လူစုသည် မိန်းမသားချည်းဖြစ်သော်လည်း အခြားခရီးဖော်များရှိ၍ မာဏကာဂျီတို့အား စောင့်မနေတော့ဘဲ ဂိတ်သို့ရောက်ရန်သာ စိတ်စောပြီး ခရီးပြင်းနှင်နေကြပေသည်။ ခရီးမှာ ပင်ပန်းလှသော်လည်း ခြေလှမ်းတစ်လှမ်းလှမ်းမိလျှင်ပင်

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့မျှော်မှန်းရာ မြန်မာပြည်ကြီးနှင့်နီး၍ လိုလားသော ဗုဒ္ဓစာပေ သင်ကြားမှုဆုလာဘ်ကြီးကို ရရှိတော့မည့်ဘက်သို့ တစ်လှမ်းတိုးသွားသဖြင့် ပန်းသည်ဟုမထင်၊ ရွှင်လန်း၍ ရွှင်လန်း၍သာ နေပေတော့သည်။

"ကဲ...နားကြဦးစို့"

ခေါင်းဆောင် ဒေါ်လကျ္ခမီမာယာက စိတ်ဆောင်၍ ရွှင်ယောင်မူနေသော်လည်း ပင်ပန်းနေကြပြီဖြစ်သော မိန်းကလေးများကိုကြည့်ကာ အလိုက်သိစွာပင် နားခွင့်ပြုလိုက်သည်။ အချိန်မှာ မွန်းတိမ်းစ လောက်သာ ရှိသေး၏။ ခရီးကား အတော်ပင်ကျန်နေသေးသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

# ပြေးနိုင်မှ လွတ်စေမည်

"ဟဲ့...ဟဲ့...ထကြစမ်း၊ တံခါးတွေလဲ ပွင့်လို့ပါလား"

နံနက် ၄ နာရီခွဲခန့်ဖြစ်၏။ မိုးမှာလည်း တဖွဲဖွဲရွာဆဲပင်ဖြစ်ရာ ဤအချိန်မျိုးတွင် အိမ်သားတစ်ဦးတစ်ယောက်မျှ ထဦးမည့်အချိန် မဟုတ်သဖြင့် ညတွင်းချင်း အပူတပြင်း ကတ္တမန္တူမှပြန်လာခဲ့သော ဦးဟရသမာနသည် အိမ်သို့အရောက်တွင် တံခါးများမှာ တွန်းလိုက်ရုံနှင့် ပွင့်သွားသဖြင့် ထိတ်ခနဲဖြစ်သွားတော့၏။ ထို့ကြောင့် ထင်သလို များ ဖြစ်နေပြီလားဟုတွေးကာ တံခါးကိုဖွင့်၍ ဝင်လာပြီး အိပ်နေကြဆဲပင်ဖြစ်သော အိမ်သားများကို နှိုးလိုက်လေသည်။

"ထကြဦးဟေ့...ဂဏေသတို့ကော အိပ်တုန်းပဲလား"

သူသည် သမီးချစ်ကိုပင် အဦးထား၍မေးကာ နှိုးနေ၏။ ရှေ့ဦးစွာထွက်လာသူကား သားကြီး ဓနကာရှိပင်ဖြစ်သည်။ ဓနကာရှိသည် အိပ်မှုန်စုံမွှားဖြင့် ထွက်၍လာကာ သူ့ဖခင်ကိုမြင်လျှင် တအံ့တသြ ဖြစ်သွားပြီး "ဟင် အဖေ...ညကြီးမင်းကြီး ပြန်လာတယ်လား" ဟု မေးလေသည်။

ဒေါ်ယောရာထကူသည် ဦးဟရသမာနမလာမီကပင် နိုးနေနှင့်ပေ၏။ နိုးလျှင်နိုးချင်း သမီးများ နံနက်စောစောသွားမည်ကို သိပြီးဖြစ်ကာ သမီးအိပ်ရာကို သွားကြည့်မှုပင် မတွေ့ရတော့သဖြင့် မိမိအိပ်ပျော်နေမိ၍ သွားခါနီးမှ နှုတ်မဆက်လိုက်ရလေ...ဟု တွေးမိပြီး စိတ်မကောင်း ဖြစ်သွားလေသည်။ နောက် မိမိထုပ်ပိုးပြုပြင်ထားသော လမ်းစားစရာများကိုလည်း ညဦးက ထားသည့်နေရာတွင်ပင် တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သဖြင့် သမီးတို့ မေ့ကျန်ရစ်ခဲ့ချေပြီဟု တွေးမိပြန်ပြီး ပိုမို၍ စိတ်မကောင်း ဖြစ်ရပြန်လေ၏။ ထို့ပြင် မခွဲစဖူး ခွဲသွားသောသမီးကိုတွေး၍ ရင်ထဲတွင် နင့်၍ အဆွေးကြွနေခိုက် ခင်ပွန်းသည်ပြန်လာ၍ နှိုးလိုက်သောအသံကို ကြားမိပြန်ရာ ညကြီးမင်းကြီး အရေးတကြီးပြန်လာ၍ အံ့သြမိသော်လည်း အပြောခက်လှသဖြင့် ရုတ်တရက်ပင် စကားမပြောဘဲ အိပ်ရာထဲမှာပင် ငြိမ်၍နေမိလေသည်။

"အမေကြီးကော...အိပ်တုန်းပဲလား...ဂဏေသတို့ကော"

ခင်ပွန်းသည် နောက်ထပ်အမေးတွင် ဒေါ်ဟောရာထက္ကူမှာ မနေသာတော့ဘဲ အပြင်သို့ ထွက်လာခဲ့လေသည်။ ထိုအခါတွင်မှ ဦးဟာရသမာနသည် အခြေအနေကို ရိပ်မိစပြုကာ ထင်သည့်အတိုင်း ဖြစ်နေပေပြီလောဟုတွေး၍ မျက်နှာပျက်စပြုလာပေပြီ။ ထိုအတွင်း သူပြန်လာစဉ်က လမ်းတွင်တိုက်မိတော့မလို ဖြစ်သွားသော ကားတစ်စီးကိုလည်း မြင်ယောင်၍လာလေ၏။ ထိုကားသည်ပင် သမီးတို့ထွက်ခွာသွားသည့်ကားလေလော။

"သမီး...သမီး...ထွက်သွားကြပြီလား... ဟင်...ဟင်"

ဦးဟာရသမာနသည် မျက်နှာမကောင်းတော့ဘဲ အပြင်သို့ထွက်လာသော ဒေါ်ဟောရာထက္ကူကို အပူတပြင်း မေးခွန်းထုတ်လေတော့သည်။ ထိုအခါတွင်မှ ကြက်သေသေနေသော ဓနကာဂျိသည် ခေါင်းကို လေးလေးကြီးယမ်းခါရင်းက ညီမငယ် ညကထွက်ခွာသွားပြီဟု သိရှိသွားပြီး ခေါင်းငိုက်စိုက်ကျသွားပေတော့၏။

"မင်းသွားခွင့်ပြုလိုက်သလားဟင်...မင်း...မင်း"

ဒေါ်ဟောရာထက္ကူမှာ လက်ညှိုးထိုး၍မေးလိုက်သော ခင်ပွန်းသည်ကို မော့၍ကြည့်ပြီး ဤအခြေကျမှ ဖုံးကွယ်၍လည်း မဖြစ်နိုင်တော့သဖြင့် ခပ်လေးလေးပင် ခေါင်းကိုညိတ်ကာ "သမီးက သိပ်စိတ်ဓာတ် ပြင်းထန်နေတာ"ဟု တစ်လုံးချင်း ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...သမီးက သွားချင်တယ်ဆိုတိုင်း မင်းက လွှတ်ရမယ်လား...သမီးဟာ ကလေး၊ မင်းက ကလေးမဟုတ်ဘူး၊ စဉ်းစဉ်းစားစားလုပ်ဖို့ကောင်းတယ်၊ ခုတော့...ခုတော့... ကောင်းလှသကွာ"ဟု ဇနီးသည်အား လက်ညှိုးတငေါက်ငေါက်ထိုး၍ မာန်မဲရင်း တံတွေးကိုမျိုကာမျိုကာနှင့် ငိုမလိုဖြစ်နေပြီးမှ ငိုင်နေသော သားကြီးဘက်သို့လှည့်လာပြန်လေသည်။

"ဓနကာရီ...မင်းကလဲ လွှတ်လိုက်သလား၊ အငယ်ကောင်ကော ဘယ်မှာလဲ၊ သူပါ ပါသွားပြီလား"

ဓနကာရီသည် ခေါင်းစိုက်နေရာမှ မော်၍လာကာ "ကျွန်တော်ညအာ တစ်ညလုံး မသွားဖို့ပြောနေတာပဲအဖေ၊ ဦးလေးတောင် လာလို့ကူပြောပါဦးဆိုလို့ ပြောသွားသေးတာပဲ၊ မာဏကာရီလဲ ပါသွားမှာပေါ့၊ စောစောတည်းက သူလိုက်ပို့မယ်ပြောနေတာ"ဟု အဖြေပေးလေသည်။

ဦးဟရသမာနသည် မတ်တတ်ရပ်နေရာမှ နီးရာထိုင်ခုံတစ်ခုတွင် ကိုယ်ပစ်လက်ပစ် ထိုင်ချလိုက်ပြီးမှ... "ခွေး...ခွေး... ဂဏောသွားမယ်ဆိုတာသိရင်တောင် သင်းက ဖျက်ဖို့ကောင်းတာ၊ သူကလဲအားပေးအားမြှောက် လိုက်ပို့ရတယ်လို့ပဲ၊ အေးလေ...အမေကလဲအလိုတူ အလိုပါပဲ၊ ဘာပြုလို့ ဒီအမေကကော လိုက်မသွားသလဲဟင်... လိုက်သွားပါလား၊ တစ်အိမ်လုံးလိုက်သွားကြပါလား၊ ငါကအစောကြီးကတည်းက ထင်တော့အထင်သား၊ ဒါပေမဲ့ ဒီလောက်မြန်လိမ့်မယ်လို့ မထင်လို့ အေးနေတာ၊ ငါ အခုညတွင်းချင်းပြန်လာတာလဲအခုကိစ္စကြောင့်ပဲ၊ အလုပ်ပြီးလို့ မနက်စောစောပြန်မယ်ဆိုပြီး အိပ်လိုက်တာ အိပ်မက်မကောင်းတာနဲ့ ဒီသမီးကို စိတ်မချလို့ ၂ နာရီလောက်ကတည်းက ကားငှားပြီး အရေးတကြီးပြန်လာတာ၊ လမ်းမှာအတွေ့လိုက်သားပဲ ကားတစ်စီး၊ သူတို့ကားပဲနေမှာပဲ၊ ဒီလိုမှန်းသိ

www.burmeseclassic.com

www.burmeseclassic.com



သူသေသေ ကိုယ်သေသေ ကားချင်းတိုက်လိုက်ရ အကောင်းသားဟာ၊ သူတို့ဖြစ်မှာပဲလို့ ထင်လို့တောင် ကားကို နောက်ဆုတ်ပြီးသွားသေး၊ တောက် မမီလိုက်တာ နာလှတယ်၊ ဟင်း...ဒီရောက်တော့လဲ ထင်တဲ့ အတိုင်းကို ကိုက်နေတာပဲ၊ ဟော့...ဟော့... ဒီပြင် ဘယ်သူတွေပါသေး သလဲ၊ မင်းသိလား ပြောစမ်း''

ဒေါ်ဟောရာထကူသည် အနားတွင်မရှိတော့ပေ။ မီးဖိုခန်းတွင် လုပ်ဆောင်ဖွယ်ရှိသမျှကို သွားရောက်လုပ်ဆောင်နေပြီဖြစ်၏။ လိမ္မာ သော အိမ်ရှင်မတစ်ဦးဖြစ်၍ ခင်ပွန်းသည် ဒေါသထွက်နေခိုက် ပြန် မပြောမိအောင် ရှောင်ခွာနေခြင်းဖြစ်၏။ ဤအချိန်တွင် မခံချင်၍ တစ်ခွန်းတလေပြန်ပြောမိက လင်မယားချင်း ရန်ဖြစ်ရုံမှတစ်ပါး အကျိုး ရှိမည်မဟုတ်ပေ။ သို့နှင့် ဦးဟာရသမာနသည် အရှည်ကြီး မြည်တွန် တောက်တီးရင်း အနီးတွင် မလှုပ်မယှက်ရပ်လျက်ပင် ရှိနေသေးသော သားကြီး ဓနကာဂျီအားသာ မေးစရာရှိတာ မေးရလေသည်။

''ဟိုဘက်က ဒေါ်လက္ခမီမာယာတို့ သားအမိသုံးယောက်ပါ မယ်ထင်တယ်၊ ညက ဂဏေသက ကျွန်တော့်ကို သူတို့ပါမယ်လို့ ပြောတာပဲ၊ ကျွန်တော်ကတော့ သူတို့ဟာသူတို့ သွားချင်သွားကြပစေ၊ နင်တော့ မလိုက်ရဘူးလို့ ပြောထားတာ''

''အင်း... ဒီဟာမတွေ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းပါပဲ၊ သူတို့ပဲ ဂဏေသကို ဖြားယောင်းသွေးဆောင်သွားတာဖြစ်မှာပဲ၊ သင်းတို့ တော့ သိရောပေါ့ကွာ...ဟင်း''

ဒေါ်ဟောရာထကူသည် ကော်ဖီဖျော်၍ မုန့်များနှင့်ယူလာပြီး ခင်ပွန်းသည်နှင့် သားကြီး၏ရှေ့တွင် လာချရင်း ''ကဲ...သောက်လိုက် စမ်းပါဦး၊ နောက်မှပြောတာပေါ့၊ ရှင်သဘောမတူလဲ တစ်နေ့နေ့ သွားပြီးခေါ်တာပေါ့၊ မြန်မာပြည် တော်တော်နဲ့ မသွားဖြစ်သေးပါဘူး အိန္ဒိယထဲတင် နေကြဦးမှာပါ''ဟု ချိုချိုသာသာ ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးဟရသမာနအဖို့ ဒေါသအရှိန်မပြေနိုင်သေးပေ။ ဖနီးနှင့်သားသမီးများအပေါ် တစ်သက်လုံး အေးအေးချိုသာစွာဆက်ဆံပြုမူလာခဲ့သူဖြစ်၍ ဒေါသထွက်သော်လည်း ရိုက်နှက်ထိုးကြိတ် နှိပ်စက်ညှဉ်းပန်းတတ်သူမဟုတ်။ ဤအတိုင်းလည်း ပြီးတာပြီးပါစေဟု သဘောမထားနိုင်သဖြင့် "ဒီမှာ ခနကာကျိ…မိုးလဲလင်းလာပြီ၊ ဖြစ်တဲ့နည်းနဲ့ လိုက်မှဖြစ်မယ်၊ သူတို့ကို ငါတွေ့လိုက်တဲ့အချိန်နဲ့ဆိုရင် ခုအချိန်ဆိုစန္ဒဂီရိလောက်ပဲရှိဦးမှာပဲ၊ အဲဒီဟိုဘက် ခြေကျင်လမ်းဆိုတော့ ဝေးဝေးလဲ သွားနိုင်ဦးမယ် မထင်ပါဘူး"ဟု သားကြီးဘက်သို့လှည့်၍ တိုင်ပင်လေသည်။

ဒေါ်ယောရာထက္ကူက "မဟုတ်တာ၊ လမ်းတော့လိုက်မနေပါနဲ့တော်၊ နောက်မှ အေးအေးဆေးဆေး ကုသိနာရုံသွားပြီး ခေါ်ရောပေါ့၊ သူတို့သွားတာ သွားပါစေဦး"ဟု တားမြစ်လေသည်။

"ဘယ်ဖြစ်မလဲကွ၊ ခုကို လိုက်မှဖြစ်မှာ၊ အိန္ဒိယရောက်ရင် ကုသိနာရုံမှာရှိနေမယ်လို့ ဘယ်သူပြောနိုင်မလဲ၊ ကလကတ္တားဘက်ဖြစ်ဖြစ် နယူးဒေလီဘက်ဖြစ်ဖြစ်ဆက်သွားချင်သွားမှာ၊ ကဲ…ခနကာကျိသွားကွာ၊ စန္ဒဂီရိဘက်လိုက်မယ့် ကားတစ်စီးသွားငှား"ဟု စိတ်မြန်သော ဦးဟရသမာနက ချက်ချင်း အစီအစဉ်လုပ်ကာ ကော်ဖီကိုသားအဖနှစ်ယောက် ကတိုက်ကရိုက်သောက်၍ ဆင်းသွားကြလေသည်။

မိုးလည်း စင်စင်လင်းပြီဖြစ်၏။ တစ်ညလုံး ရွာသွန်းနေသောမိုးသည် ထိုအချိန်တွင် ပို၍ပင် သည်း၍လာသေးသည်။ သာသနာရေးခရီး၊ ဘာသာရေးခရီးကို ထွက်ခွာသွားကြသူ လူငယ်များအား လိုက်ပါနှောင့်ယှက်ခြင်းမပြုရန် အကာအကွယ်ပေးနေသည့်အလား မိုးသည်လေကိုပါ အကူခေါ်၍ တော်တော်နှင့် မစဲလိုသယောင် ခပ်ပြင်းပြင်းရွာချ၍နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံ စီမံဖန်တီးမှုဟု ဆိုရမည်လားမသိ။ သားအဖနှစ်ယောက် ဂဏောသတို့နောက်လိုက်ရန် ကားငှားရာ၌ အဆင်မပြေချေ။ လလိတပူရ(ပါတန်)တွင် ကားဦးရေ နည်းပါးရသည့်အထဲ ဤကဲ့သို့ မိုးလေထန်နေလျှင် ကြမ်းတမ်းဖွက်ထူသော စန္ဒဂီရိလမ်းကို မောင်းနိုင်မည့်ကား မရှိသလောက်ဖြစ်နေ၏။ ရှိသမျှကားများကလည်း ဤလမ်းကို မောင်းမဖြစ်ဟု ငြင်းဆန်နေကြပေတော့သည်၊

ဦးဟရသမာနနှင့် ခေကာဂျိတို့သားအဖသည် မိုးမှာ ဤကဲ့သို့ တစ်ညလုံးရွာနေသဖြင့် ဂဏောသတို့ပင် စန္ဒဂီရိဘက်သို့ ထွက်ဖြစ်မည်မထင်။ ကတ္တမန္ဒူတွင်ဖြစ်စေ၊ လလိတပူရ(ပါတန်)သို့ ပြန်လာ၍ဖြစ်စေ၊ တစ်နေရာရာ၌ ခိုအောင်းနေလေမည်လားဟု ထင်သဖြင့် ဆွေမျိုးများနှင့် တိုင်ပင်ကာ လူစုခွဲ၍ ဦးစွာပထမ လလိတပူရ(ပါတန်)ရှိ ခိုအောင်းနေမည်ထင်သော အိမ်များသို့ အနှံ့အပြား ရှာဖွေကြ မေးမြန်းကြသည်။ အထူးအားဖြင့် ဒေါလက္ခမီမာယာတို့အိမ်နှင့် ၎င်းတို့နှင့်ဆက်စပ်နီးနွယ်သမျှ အိမ်တို့ကို ပိုမိုဂရုစိုက်၍ မွှေနှောက်ရှာဖွေကြလေသည်။ ဦးဟရသမာနမှာ ရှာရင်းဖွေရင်းလည်း သမီးအတွက် ရတက်ဆူသည်းလျက် တညည်းညည်း တညူညူဖြစ်၍နေကာ ရှေ့ဆောင်ရှေ့ရွက် လုပ်သွားသူ ဒေါလက္ခမီမာယာကိုသာ "သင်း...သွေးဆောင်သွားသည်"ဟု မဲ၍ ရေရွတ်နေလေသည်။

တစ်နံနက်လုံးပင် လလိတပူရ(ပါတန်)၌ ခြေရာချင်းထပ်မတတ် မွှေနှောက်ရှာဖွေပြီးလျှင် ကတ္တမန္ဒူသို့ကူး၍ ရှာဖွေရန် စိတ်ကူးကြပြန်ပြီး သွားရန် စီစဉ်ကြ၏။ ထိုစဉ်ပင် နံနက်က ဂဏောသတို့အားစန္ဒဂီရိတောင်ခြေအထိ လိုက်လံပို့ပေးရသော ကားကို တွေ့ရလေသည်။ ထိုအခါမှ မည်သည့်နေရာတွင်မျှ ခိုအောင်း၍မနေဘဲ မိုးရွာရွာကြီးတွင် ဖြစ်သလို တောင်ကြားအရောက် ထွက်ခွာသွားကြောင်း သိရသဖြင့် ဦးဟရသမာနတို့သားအဖမှာ ဟီးချလျက် ကြံရာမရဖြစ်သွားကြလေသည်။ သူတို့နောက်သို့လိုက်ရန်ကား အချိန်နှောင်းခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မိတ်ဆွေတစ်ဦးက "ယခုအချိန်ဆိုရင် သူတို့ လမ်းမှာပဲ ရှိကြဦးမှာပဲ၊ သူတို့ကားပေါ်ကဆင်းပြီး သွားရမယ့်လမ်းက ဂိတ်ဝ အရောက် ၁၅ မိုင်လောက် တောင်ဆင်းတောင်တက်ချည်း သွားကြရ ဦးမှာဆိုတော့ ဘယ်နည်းနဲ့မှ ခင်ဗျားသမီးတို့လူစု ဂိတ်အပြင်ကိုမရောက် နိုင်သေးဘူး၊ ခုလို မိုးကလဲရွာဆိုရင် လမ်းဆိုးဆိုးနဲ့ ကြိုးစားသွားနိုင်မှ မိုးချုပ်လောက်ရောက်မှာ အဲဒီတော့ ဒီလိုလုပ်ဗျာ၊ ကျုပ်တို့ ကတ္တမန္ဒူ ကာစတန်ရုံးကိုသွားပြီး ဂိတ်ကို လှမ်းဖုန်းဆက်ကြမယ်၊ ကောင်မလေး တွေလာရင် အိန္ဒိယဘက်ကို မထွက်စေဘဲ ဆီးပြီးဖမ်းထားလိုက်ပါလို့၊ မကောင်းဘူးလား၊ လူပုံစံနဲ့ပြောပြထားရင် သေချာပါတယ်ဗျာ၊ ပြီး တော့ နောက်နေ့ကျမှ သွားခေါ်ရုံပေါ့"ဟု အကြံပေးလေရာ အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေ၏။

"ဟာ...ဒီအချက်ကို ကျုပ်မေ့သွားတယ်ဗျာ၊ ကတဲမှပဲ ပျာနေ လို့ဗျို့၊ ခင်ဗျားပြောမှ အမှတ်ရတယ်၊ ကဲ- ကျုပ် ကတ္တမန္ဒူသွားမယ် ဗျာ၊ ဘယ်နည်းနဲ့မှ လွတ်နိုင်စရာမရှိပါဘူး၊ ခနကာဂျီရေ...ကဲ မင်း ဒီကကိစ္စသာ ပြီးအောင်ကြည့်လုပ်လိုက်ကွာ၊ ငါ ခုပဲလိုက်သွားမယ်၊ ပြီး ကတ္တမန္ဒူကပဲ ဂိတ်အရောက် ဒီနေ့ဖြစ်ဖြစ်၊ နက်ဖြန်ဖြစ်ဖြစ် ငါ လိုက်သွားမယ်ဟေ့၊ မင်းတို့အမေလဲ ပြောလိုက် ကြားလား"ဟု ပြောကာ ဦးဟရသမာနသည် အိမ်ကိုမှ ပြန်၍မနေနိုင်တော့ဘဲ မီရာ ကားဖြင့် ကတ္တမန္ဒူသို့ လိုက်ပါသွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

# တောင်ကြားဂိတ်

မိုးမရွာသော်လည်း တညို့ညို့ဝေနေသော မိုးရိပ်ကြောင့် နေလုံးမပေါ်ဘဲရှိရာမှ ယခုလို နေဝင်ချိန်နီးလာသောအခါ အမှောင်ဓာတ်များ လွှမ်းလူး၍လာစ ပြုနေပြီဖြစ်၏။ ဂဏေသတို့ သူငယ်ချင်းသုံးဖော်နှင့် ဒေါ်လက္ခမီမာယာတို့အစုမှာ နီပေါပြည်၏ထွက်ပေါက်ဖြစ်သော ကတ္တမန္ဒူတောင်ကြားရှိ ဂိတ်အနီးသို့ပင် ရောက်၍နေကြပေပြီ။ ဂိတ်ဟူသည်မှာလည်း နယ်ခြားတစ်နေရာတွင် သံဆူးကြိုးများ ထူထပ်စွာ အထွေးလိုက်ချ၍ တားဆီးထားသော နယ်ခြားစည်းရိုးကြီးတွင် ပလန်ကင်သံပြားကြီးများဖြင့် ခိုင်ခံ့သောတံခါးကြီးလုပ်ကာ ပိတ်ဆို့ထားလေသည်။ ယင်း၏ မနီးမဝေးတွင်မူ နယ်ခြားလူဝင်လူထွက်ရုံးကြီးက ထီးထီးမားမားရပ်တည်လျက် ရှိနေပေသည်။ ရောက်လာသောခရီးသည်တိုင်းပင် ထိုရုံးသို့သွား၍ အစစ်အဆေးခံကာ ထွက်ခွင့်ကို ရယူပြီးမှ တံခါးကြီးကိုဖွင့်၍ တစ်ဖက်သို့သွားစေလေသည်။

ဤနယ်ခြားလူဝင်လူထွက်ရုံး အဆောက်အအုံရှေ့သို့ ဂဏေသတို့ အမျိုးသမီးလေးဦး ရောက်ရှိလာသောအချိန်တွင် နေမင်းဘုရင်သည် ဂေါယာခွင် စံနန်းဝယ် ကွန်းစခန်းထောက်လုလုဖြစ်နေပေပြီ။ သို့သော် သူတို့လေးဦးမှာ ဂိတ်တစ်ဖက်သို့ထွက်ရန် ရုတ်တရက် မကြိုးစားကြသေး။ အဘယ်ကြောင့်ဆိုသော် ဂဏေသ၏ အစ်ကိုလေး မာဏကာဂျီနှင့် အထမ်းသမားလေးယောက်မှာ ခရီးအထောက်ကွာ လှမ်း၍ ကျန်ရစ်ခဲ့သည်ဖြစ်ရာ ယခုအထိ ဤစခန်းရှိရာ ကတ္တမန္ဒူတောင်ကြားအနီးသို့ပင် မရောက်လာကြသေးသဖြင့် ၎င်းတို့ကိုစောင့်၍ အတူထွက်ခွာကြလိုသောကြောင့်ပင် ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက်က စောင့်၍နေကြသော်လည်း အချိန်သည် စောင့်၍နေမည် မဟုတ်ပေ။ နေဝင်သွားလျှင် ဂိတ်တံခါးကလည်း တစ်နေ့တာ အလုပ်သိမ်း၍ သော့ခတ်ပိတ်လိုက်တော့မည်ဖြစ်သဖြင့် သူတို့တစ်တွေ မည်သို့ပင် ကြိုးပမ်းစေကာမူ ယနေ့အဖို့တွက်တာမှာ ထွက်ခွာခွင့်ရကြတော့မည်မဟုတ်။ ထို့ကြောင့် သူတို့လေးယောက်မှာ စောင့်နေရကောင်းနိုးနိုး ထွက်ခွာရကောင်းနိုးနိုးနှင့် ချီတုံချတုံ ဖြစ်နေကြလေသည်။

"ဘယ့်နှယ်လဲ ခင်ဗျားတို့ မထွက်ကြသေးဘူးလား"

ထွက်ခွင့်ရလာကြသော လမ်းတွေ့ခရီးဖော်တို့က လာ၍မေးကြသည်။

"ထွက်ရကောင်းမလားပဲ၊ ကျွန်မတူကလေး အထမ်းသမားတွေနဲ့ ကျန်နေသေးလို့လဲ စောင့်ရကောင်းမလား တွေးနေတယ်"ဟု ဒေါ်လက္ခုမီမာယာက သူတို့အဖြစ်ကို ပြောပြသည်။

"ဟာ…စောင့်မနေနဲ့ဗျ၊ နေဝင်သွားရင် တစ်ညလုံး ဒီမှာနေနေရလိမ့်မယ်၊ ဒီမှာအိပ်နေလို့ မိန်းကလေးတွေအတွက် စိတ်မချရဘူး။ ဟိုဘက် ဘင်ဖရီမြို့ကျမှ စောင့်ပေါ့၊ ခုမမီလဲ နက်ဖြန်မနက်တော့ ခင်ဗျားတူ ရောက်လာမှာပေါ့၊ လာဗျာစောင့်မနေနဲ့၊ တော်ကြာ နေဝင်တော့မယ်" ခရီးဖော်တစ်ဦးက အကြံပေးသဖြင့် ချီတုံချတုံ အမျိုးသမီးတစ်စုသည် အချင်းချင်းတိုင်ပင်ပြီး လူဝင်လူထွက်ရုံးထဲသို့ ဝင်သွားကြလေသည်။

လူဝင်လူထွက်အရာရှိများသည် ခရီးသည်များကို တစ်ယောက်စီတစ်ယောက်စီ စစ်ဆေး၍ကျေနပ်မှ တစ်ဖက်သို့ ထွက်ခွင့်ပေးလေသည်။ အခြားခရီးသည်များနှင့်အတူ နေမဝင်မီထွက်ခွင့်ရရန် ဒေါ်လက္ခုမီမာယာနှင့် မိန်းကလေးသုံးယောက်သည် အရာရှိများရှေ့သို့ ရောက်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရာရှိများသည် ၎င်းတို့လေးဦးအား အထူးတလည် အကဲခတ်နေသည်ဟုပင် ဂဏောသထင်မိသည်။ ဂဏောသတို့မှာ အရာရှိများ၏ မျက်နှာကိုပင်မကြည့်ဝံ့လောက်အောင် ကြောက်အားပိုနေကြသဖြင့် ၎င်းတို့ မေးမြန်းသော မေးခွန်းများကိုပင် မဖြေဝံ့အောင် မူပျက်နေကြလေသည်။ ဂဏောသတို့ မူပျက်လေ အရာရှိများက မေးခွန်းထုတ်လေ ဖြစ်နေရာ ဒေါ်လက္ခမီမာယာကသာ လူကြီးပီပီ ဒိုင်ခံဖြေကြားနေရတော့သည်။

"ခဏနေကြဦး"

အရာရှိစကားကြောင့် အားလုံးပင် ထိတ်ခနဲ ဖြစ်၍သွားကြတော့၏။ အရာရှိများသည် ပါလာသောပစ္စည်းများကို စစ်ဆေးပြီးလျှင် လူပုံစံကို ကြည့်ရှုမှတ်သားနေကြဟန် တူပေသည်။ ပြေးလာကြမှန်းသိသွား၍ ထွက်ခွင့်ပေးမှပေးပါတော့မလားဟု ဂဏောသ တွေးကြောက်နေမိလေသည်။ အရာရှိများသည် စာရွက်စာတမ်းများကို ကြည့်ရှုမှတ်သားခြင်းဖြင့် အလုပ်ရှုပ်နေကြပြန်၏။ ထိုအချိန်အထိ မာဏကာဂျီနှင့် အထမ်းသမားများက ဂိတ်သို့ ရောက်မလာကြသေး။ သူတို့အတွက်ကလည်း ကြောင့်ကြစရာ ဖြစ်နေပြန်ပေသည်။ လမ်းမှာ အန္တရာယ်ရှင်းလှ၍ သားရဲတိရစ္ဆာန်တို့ဘေးကြောင့် ပေါ်မလာခြင်းဟုကား မတွေးမိ။ တစ်စုံတစ်ခုကြောင့် နောက်ကျနေခြင်းဖြစ်ရာ ထိုတစ်စုံတစ်ခုမှာ ထွက်ပြေးမှန်းသိ၍ လိုက်ဖမ်းသူများလက်သို့ပင် ရောက်နေခြင်းပေလားမသိ။ ထိုသို့ဖြစ်လျှင် မိမိတို့လူစုမှာလည်း လွတ်စရာမမြင်။ မည်သို့ပင်ဖြစ်စေ အစ်ကိုလေး မာဏကာဂျီတို့ နေဝင်၍မှ ဤနေရာသို့မရောက်လျှင် ခက်သေးတော့သည်။

"သွားနိုင်ပြီ"

ဂဏောသ ကြောက်အားနှင့် အတွေးကြွယ်နေစဉ် သွားခွင့်ပြုသံကြားရမှ တင်နေသောအလုံးကြီး ကျ၍သွားသလို ပြုံးလာနိုင်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ပစ္စည်းကလေးများကို သယ်ဆောင်ကာ ဖွင့်ပေးထားသောတံခါးမှ တစ်ဖက်သို့ ခပ်သုတ်သုတ်ထွက်လိုက်ကြတော့သည်။ တစ်ဆင့်တော့ အောင်ပေပြီ။

သို့သော် ၎င်းတို့လေးယောက် ထွက်ခွာသွားပြီးလျှင်ပင် တံခါးကြီးသည် လျင်မြန်စွာပြန်၍ပိတ်သွားလေ၏။ ပိတ်ရိုးပိတ်စဉ်ပင် ဖြစ်သော်လည်း ယခုပိတ်ပုံမှာ ထူးပေသည်။ အစောင့်များ၏မျက်နှာမှာ အရေးတကြီး အမူအရာနှင့် ပျာယာခတ်နေသည့်ပုံများ ပေါ်နေရာ ဂဏေသတို့လူစုသည် ခပ်သုတ်သုတ်ပင် တံခါးနှင့်ဝေးရာသို့ပြေးကြ၏။ ပြေးသာပြေးရသည် အစ်ကိုလေး မာဏကာဂျီအတွက်ကား ရင်လေးလှသည်။ သူနှင့် အထမ်းသမားတို့ အရိပ်အယောင်ကား မမြင်ရသေးချေ။ နေလည်းဝင်လုဆဲဆဲဖြစ်နေရာ ယနေ့ညအဖို့ ဤဘက်သို့ ထွက်၍မှ လာနိုင်ပါတော့မည်လားမသိ။

ထိုအခိုက် ဂိတ်တစ်ဖက်မှ အော်၍ခေါ်လိုက်သော အစ်ကိုလေး မာဏကာဂျီအသံကို ဂဏေသ ကြားရသည်။

"ဂဏေသရေ…ဂဏေသ…ဒေါ်လေးရေ"

ဟုတ်ပါသည်။ အစ်ကိုလေး၏ အသံပင်။ ဂဏေသသည် ရုတ်တရက် ရပ်တန့်ကာ ဂိတ်ဆီသို့ ပြန်၍သွားဦးမည်ကြံ၏။ သို့သော် မသွားဝံ့ဝံ့ ဖြစ်နေသည်။

"ဂဏေသရေ ညီမလေး… ငါ မထွက်ရတော့ဘူးဟေ့"

အစ်ကိုလေး၏အသံကို ထပ်၍ကြားရသည်။ နေမဝင်သေးချေ။ ထွက်နိုင်ခွင့် ရှိပါသေး၏။ အကြောင်းတစ်ခုခုရှိပေမည်။ ဂဏေသသည် ဂိတ်ဆီသို့ ပြန်လှည့်ကာသွားတော့မည်အပြု ဒေါ်လက္ခမီမာယာက လှမ်း၍ဆွဲလိုက်ကာ "နေဦး…ဂဏေသ ညည်းသွားလို့မဖြစ်သေးဘူး၊ ကဲ– ညည်းတို့သုံးယောက် ဒီနားက စောင့်နေကြဦး၊ ငါသွားကြည့်မယ်"ဟုပြောကာ ပါလာသောအထုပ်ကလေးများကို ချထားခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖိုသီဖတ်သီဖြင့် ဂိတ်တံခါးဆီသို့ ခပ်သုတ်သုတ် ပြန်သွားလေသည်။ ဂဏေသတို့ သူငယ်ချင်းမ သုံးဦးမှာလည်း ဂိတ်နှင့်မနီးမဝေးရှိ သစ်ပင်ရင်းတစ်ခုတွင် ပစ္စည်းများကို ခေတ္တချ၍ ရပ်နားလိုက်ကြရင်း တထိတ်ထိတ်နှင့် အသံကို နားထောင်၍နေရလေသည်။

ထိုစဉ် ဂိတ်ဝဆီသို့ ပြန်သွားနေသော ဒေါ်လကျ္ခမိမာယာသည် ပျာယီးပျာယာနှင့် နောက်ကြောင်းပြန်လှည့်လာကာ "ဟော့...ဟော့...သမီးတို့ မြန်မြန်...မြန်မြန်..."ဟု အသံကို အုပ်၍အော်ရင်း ထွက်ခွာကြရန် လက်ပြပြီး ပြေးလာတော့ရာ ဂဏေသတို့သုံးယောက်သားမှာ ချထားသောအထုပ်များကို ကမန်းကတန်းကောက်ယူ၍ လမ်းအတိုင်း ကသီကရီ ဘုမသိဘမသိဖြင့် အပြေးထွက်ခွာသွားကြရတော့၏။

ပြေး၍သာနေကြရသည် ဘာမှန်းမသိ။ ဒေါ်လကျ္ခမိမာယာ လိုက်၍မလာပေ။ သူ့ကိုပင် ဆီး၍ဖမ်းထားလိုက်ပြီလားလည်း မသိရပေ။ ဂဏေသတို့သုံးယောက်မှာ ရင်တလှပ်လှပ်နှင့် အားကိုးရာမဲ့ဖြစ်နေကာ ရှေ့သို့ပင် ဆက်၍ပြေးရမည်လား၊ နောက်သို့ပင် ပြန်လှည့်ရမည်လားမသိ။ယောင်တောင်တောင် ဖြစ်နေပြန်တော့၏။ မိန်းကလေးသုံးယောက်တည်း သည်ထက်ဝေးအောင်လည်း မသွားရဲ။ ချိတုံချတုံနှင့် တစ်ယောက်မျက်နှာတစ်ယောက် ပြေးရင်းကကြည့်ပြီး ပြေးရာမှနေး နှေးရာမှ ရပ်ကြသည်။ ရပ်ပင်ရပ်ကြသော်လည်း ဂိတ်အနီးသို့ကား ပြန်၍မချဉ်းကပ်ရဲကြသဖြင့် ခပ်လှမ်းလှမ်းမှာသာ အသံဗလံများကို ကြောက်ကြောက်ရွံ့ရွံ့နှင့် နားထောင်နေရပေသည်။

အတန်ကြာမှ ဒေါ်လကျ္ခမိမာယာ တမောတကောနှင့် ရောက်လာပြီး မျက်စိမျက်နှာပျက်ပျက်ဖြင့် မိန်းကလေးများအနီးတွင် ထိုင်ချလိုက်ကာ "ကောင်လေးတော့ ကျန်ရစ်ပြီ"ဟု မပြတ်မသား ပြောချလိုက်လေသည်။

"ဟင်...ဘယ်လိုတဲ့လဲ ဒေါ်လေး..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုလို့လဲ မေမေ"

သိချင်ဇောနှင့် မေးရင်းကပင် သုံးယောက်စလုံးမှာ တအား လျော့၍ နုံးချွေသွားကြ၏။ ဒေါ်လက္ခမီမာယာသည် အတန်ကြာမျှ သက်ပြင်းရှူနေပြီး "ငါတော့ သေသေချာချာ မသိခဲ့ရဘူး၊ အနားလဲ မသွားဝံ့ဘူးလေ၊ အဝေးက လှမ်းမြင်ရတော့ မာဏကာဂျိက အမျိုးမျိုး တောင်းပန်တာ တွေ့ရတာပဲ၊ တံခါးဖွင့်ပေးဖို့ပြောနေတယ်နဲ့တူတယ်၊ မရဘူး၊ ဒါနဲ့ တံခါးနားမှာထိုင်ပြီး ငိုနေတယ်၊ ပြီးတော့လဲ တံခါးကို သူ့ကိုယ်လုံးနဲ့ ပြေးတိုက်လိုက်တာလဲ တွေ့ရတယ်၊ နောက်တော့ ပုလိပ်လားဘာလားမသိဘူး၊ တစ်ယောက်က လာပြီးဆွဲခေါ်သွားတာ တွေ့ရတော့တာပဲ၊ ငါလဲအဝေးက ဒါပဲမြင်တာပဲကွယ်၊ နေလဲ လုံးလုံး မဝင်သေးပါဘူး၊ ဂိတ်ပိတ်ချိန်မဟုတ်သေးလို့ ထွက်ခွင့်လဲ ပေးသင့် သေးတာပဲ၊ သူ့နောက်မှတောင် သုံးလေးယောက် ထွက်လာနိုင်သေး တာပဲ၊ မဟုတ်မှလွဲရော မာဏကာဂျိကို ဖမ်းထားတယ်နဲ့တူတာပဲ၊ ဟော...နေဦး နေဦး၊ သူ့နောက်မှထွက်လာတဲ့ လူတစ်ယောက် လာနေ တယ်၊ သူ့မေးကြည့်ရင်တော့ သိမှာပဲ၊ ငါသွားမေးလိုက်ဦးမယ်"ဟု သူမြင်ရသောအဖြစ်ကို ပြောပြရင်း မေးမြန်းရန် ထသွားရာ ဂဏေသ တွင် စိတ်ကိုထိခိုက်လွန်းသဖြင့် သူငယ်ချင်းနှစ်ယောက်ကိုဖက်ကာ အသက်မှ ရှူရမှန်းမသိအောင်ဖြစ်၍ ကျန်ရစ်လေ၏။

မကြာမီ ဒေါ်လက္ခမီမာယာ ပြန်ရောက်လာပြီး အဖြစ်မှန်ကို သိရမှ မိမိတို့အဖြစ်မှာ အသည်းထိတ်စရာကောင်းလှ၍ လက်မတင် ကလေး လွတ်မြောက်လာခဲ့ရသည်ကို သိရလေသည်။ သူတို့တစ်စု စိတ်ကို ဆုံးဖြတ်ချက်ချပြီး အစစ်ခံ၍ ထွက်ခွာပြီးသည်နှင့်တစ်ပြိုင်နက် သူတို့တစ်စုကို အိန္ဒိယသို့ ထွက်ခွာခွင့်မပေးဘဲ ဖမ်းထားလိုက်ရန် ကတ္တမန္ဒူမှ ဖုန်းဖြင့်အကြောင်းကြား တားမြစ်ချက်ရောက်လာကြောင်း၊ ထွက်ပြီးသူများအတွက် မည်သို့မျှ မတတ်နိုင်တော့သဖြင့် ဆန်အိုဘာများ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို အထမ်းသမားများနှင့် ကြီးကြပ်၍ ကျန်နေရစ်သူ မာဏကာဂျီအား လူပုံစံနှင့်တကွ တားမြစ်ထားချက်အရ ထွက်ခွင့်မပြုတော့ကြောင်း၊ မိမိမသွားရသည့်တိုင်အောင် ထွက်ပြီးသူ နမများအား ပစ္စည်းများ ပေးလိုက်လိုကြောင်း ပြောသော်လည်း မရကြောင်းနှင့် မာဏကာဂျီမှာ စိတ်ပျက်ပျက်နှင့် သူတို့လက်တွင် ငိုကျန်ရစ်ကြောင်း သိရပေရာ ဂဏေသမှာ ကြိုးစား၍တင်းထားရသမျှ ညှိုးခွေ၍သွားပြီး မျက်ရည်ပေါက်ကြီးများ တဖြိုင်ဖြိုင် ကျဆင်း၍လာလေတော့၏။

"အစ်ကိုလေး... အစ်ကိုလေး... ဂဏေသအတွက် ဒုက္ခရောက်ရတာပဲ၊ ဂဏေသပါ အဖမ်းခံလိုက်တော့မယ်"ဟု ငိုရာမှ တစ်လုံးချင်းပြောကာ ထိုင်ရာမှထလိုက်သဖြင့် သူငယ်ချင်းမနှစ်ယောက်က ဆွဲ၍ထားရလေသည်။

ဒေါ်လက္ခမီမာယာကလည်း ဂဏေသပခုံးကိုဖက်ကာ "မဟုတ်တာဘဲ တူမရယ်၊ မာဏကာဂျီဟာ ယောကျာ်းလေးပဲ၊ သူ့ဟာသူ ပြန်လွတ်အောင် ကြိုးစားနိုင်ပါတယ်၊ ပြီးတော့ ရာဇဝတ်မှုမကင်းတဲ့ ပစ္စည်းလဲ ပါတာမဟုတ်ဘူး၊ တို့အိပ်ရာလိပ်တွေနဲ့ စားနပ်ရိက္ခာ ဆန်အိတ် ၃-၄ အိတ်သာ ပါတာပါ၊ ကေန္တ ငါ့အထင်တော့ တို့တူမ အဖေက ဖုန်းဆက်ပြီး ဖမ်းထားပါလို့ခိုင်းတာနဲ့ တူပါတယ်၊ ငါ့တူမ လွတ်လာတာ ရည်ရွယ်ချက်ကောင်းလို့ နတ်ကောင်းနတ်မြတ်တွေက ကူညီလို့ ဖြစ်မှာပါ၊ ပြီးတော့လဲ မာဏကာဂျီက ကုသိနာရုံ ရောက်ရုံလိုက်ပို့ဖို့ဟာပဲ သူ မပါလဲ အရေးမကြီးပါဘူးကွယ်၊ ဒေါ်လေး အရှိသားပဲ၊ ဟိုရှေ့နားမှာ ဘင်ဖရီမြို့ပဲ၊ အဲဒီမှာ တို့အသိမိတ်ဆွေရှိတယ်၊ တစ်ညအိပ်ပြီး နက်ဖြန် သူ့ကိုအဖော်ခေါ်ပြီး သွားကြတာပေါ့၊ ကဲ... တိတ် ငါ့တူမ မငိုနဲ့၊ ဘင်ဖရီမြို့ကို သွားကြစို့"ဟု ချော့မော့နှစ်သိမ့်လိုက်သဖြင့် ဂဏေသမှာ ဆူဝေနေသော သောကကို မျိုသိပ်၍ ပြန်၍ ထိုင်လိုက်ပြီး ကျဆင်းလာသော မျက်ရည်များကိုသုတ်ရင်း မိမိကိုယ်ကို အားတင်းရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးပြောသည့်အတိုင်းပင် ကံကောင်း၍ လွတ်ရခြင်းဖြစ်ရာ ဤအခြေတွင် လွတ်မြောက်ရာမှ ထောင်ချောက်တွင်းသို့ ပြန်ဝင်လျှင် မိမိသာ မိုက်ရာကျပေတော့မည်။ ထို့ပြင် မိမိတို့ရည်ရွယ်ချက်မှာလည်း ဖြစ်သည့်နည်းဖြင့် လိုရာသို့အရောက်သွားရမည်သာဖြစ်ရာ ကျန်ရစ်သော အစ်ကိုလေးအတွက် ပူပင်နေ၍လည်း အကျိုးမပြီးနိုင်သဖြင့် မည်သို့ပင်ဖြစ်စေ ရှေ့သို့သာ တိုးရပေတော့မည်။ အဝတ်အစားသေတ္တာများ၊ အသုံးအဆောင်များမှာ အစ်ကိုလေးနှင့်အတူ ကျန်ရစ်ခဲ့သဖြင့် အားပျက်စရာပင်ဖြစ်သော်လည်း ကံကောင်းထောက်မ၍ အရေးကြီးသော ပစ္စည်းအနည်းငယ်နှင့် သုံးစွဲစရာငွေ လုံလုံလောက်လောက်မှာ မိမိထံပါလာသေး၏။ ထို့မှဖြင့်သာ တင်းတိမ်ရောင့်ရဲလျက် ပန်းတိုင်သို့ အရောက် လှမ်းရပါမည်။

သို့နှင့် ဒေါ်လက္ခမီမာယာနှင့် ဂဏေသတို့သူငယ်ချင်းသုံးယောက်သည် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု သဘောထားလိုက်ကာ ကျန်ရစ်သော ခရီးဖော် မာဏကာကျိကို ရော်ရမ်းနှုတ်ဆက်လျက် မဝေးတော့သော အိန္ဒိယနယ်ခြား ဘင်ဖရီမြို့သို့ ရှေ့ရှု ခရီးနှင်ခဲ့ကြလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

# ကုသိနာရုံ

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ကျော်ခန့်က ဂေါတမဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ် ခန္ဓပရိနိဗ္ဗာန် စံဝင်ရာဌာနဖြစ်သည့် ကုသိနာရုံစေတီတော်ကြီး၏ ရင်ပြင် လိုဏ်ဂူတော်အတွင်းရှိ မဟာ ပရိနိဗ္ဗာန်ပုံတော် အလောင်းတော်ပုံ လျောင်းတော်မူရုပ်ပွားတော်ကြီး၏ရှေ့ဝယ် ဝပ်လျှိုး၍ နေကြသော အမျိုးသမီးတစ်စုမှာ မလှုပ်မယှက် ရှိနေကြသည်။ ရုပ်ပွားတော်ကြီးကို စိမ်းစိမ်းရှုမျှော်လျက် ညှိုးငယ်နွမ်းလျရာမှ လွမ်းတပူဆွေးနေကြပြီး မျက်ရည်များပင် အသွယ်သွယ်ယိုစီးလာကြသည်။အချင်းချင်း စကားမပြောနိုင်ဘဲ အလွမ်းကြွရာမှ တမ်းတမျှော်ခေါ်ကာ ရှေးဟောင်းကို ဖော်နေကြသည်။ ၎င်းတို့ကား... နီပေါလ်အမျိုးသမီးများ ဖြစ်ကြ၏။

မိမိတို့ဌာနေ နီပေါနိုင်ငံအဝင်အပေါ် ကပ္ပိလဝတ်နေပြည်တော်မှာ ဗုဒ္ဓမြဟ်စွာဘုရား၏ ဖွားမြင်ရာဖြစ်၍ စင်စစ်သော် ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် မိမိတို့၏ ရှေးအနွယ် (တစ်မျိုးတစ်နွယ်တည်း)ပင် ဖြစ်၍လည်း သာ၍စိတ်တွင် ထိခိုက်လှုပ်ရှားနေပေသည်။

လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ထောင်ကျော်က ဤနေရာတွင် ခတ္တိယဝံသ–သကျသာကီဝင် နီပေါလူမျိုး လောကသုံးပါး၏ ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓရှင်တော်မြတ်သည် ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့သည်။ ယပုံတော်အတိုင်းပင် အလျားပေ ၂၀ ခန့် လက်ယာနံတောင်းဖြင့် စောင်းကာ မြောက်သို့ ဦးခေါင်းပြုလျက် တည်ထားသော ရုပ်ပွားတော်ကြီးမှာ ဝေဒနာကိုသည်းခံလျက် ပရိနိဗ္ဗာန် စံဝင်တော်မူသွားဟန်မှာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် သရုပ်ပေါ်လှသဖြင့် အမျိုးတူ နီပေါအမျိုးသမီးများသာ မက ဖူးမြင်ရသူတိုင်းပင် မျက်ရည်ဖြိုင်ဖြိုင်ကျလောက်အောင် အနုပညာ မြောက်လှပေ၏။

ရုပ်ပွားတော်ကြီးရှေ့ရှိ နီပေါအမျိုးသမီးတစ်စုကား ယနေ့ပင် ဤကုသိနာရုံဌာနသို့ ရောက်ရှိလာကြသော ဂဏေသတို့လူစုပင် ဖြစ် ပေ၏။ သူတို့သည် နီပေါနိုင်ငံအထွက်ဂိတ်ဝ၌ ပါလာသော ယောက်ျား ဖော် မာဏကာဂျီ ကျန်ရစ်သော်လည်း အားလျော့ ဝမ်းနည်း၍မနေ အား၊ မျှော်မှန်းသည့်လမ်းစဉ်၊ ရည်မှန်းသည့် မုခ်ဦးသို့ မရောက်မချင်း စိတ်အားမလျော့နိုင်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသလို လွမ်း ဖွယ်ဆွေးဖွယ်တို့ကို ဘေးဖယ်၍ထားခဲ့ပြီး ဂိတ်နှင့် နှစ်မိုင်ကွာ အိန္ဒိယ အတွင်း ဘင်ဖရီမြို့သို့ အရောက်လာလျက် ခေတ္တမျှ အနားယူကြ ရ၏။ ထို့နောက် ဘင်ဖရီမြို့မှ ဒေါ်လက္ချမီမာယာတို့ မိတ်ဆွေများ ကို ရှာဖွေ၍ တွေ့ရှိလျှင် ၎င်းမိတ်ဆွေကိုပင် ယောက်ျားဖော်ပြုကာ ဤကုသိနာရုံသို့ လာခဲ့ရပေသည်။ (ဤ ဘင်ဖရီမှ ကုသိနာရုံသို့ လာခဲ့ရသော ခရီးကား ဘတ်စ်ကား မီးရထားများ အသင့်ရှိနေသဖြင့် မခက်ခဲလှတော့ပေ။ ဂေါရခ်ပူမြို့မှာ မီးရထားမှဆင်း၍ ကားဖြင့် တစ်ဆင့် ကုသိနာရုံသို့လာခဲ့ရပေသည်။ ဤမြို့ဤနယ်များမှာ ရှေး ပဝေဏီက နီပေါနယ်ထဲတွင် ပါဝင်၍ အင်္ဂလိပ်လက်အောက်ကျမှ အိန္ဒိယနယ်ထဲသို့သွင်းထားသည်ဟု ဂဏေသ ကြားဖူးထားပေသည်။)

မျှော်လင့်ထားသည့်အတိုင်းပင် ကုသိနာရုံစေတီတော်ကြီးအနီးရှိ မြန်မာဘုန်းတော်ကြီးကျောင်းတွင် နီပေါဘုန်းကြီး သီရိဗုဒ္ဓဃောသ နှင့် မြန်မာဘုန်းကြီး ဦးဓမ္မာဝုဓတို့ကို အသင့်ဖူးတွေ့ရသဖြင့် အမျိုး သမီးများမှာ တစ်လမ်းလုံး ပင်ပန်းခဲ့သမျှ ပျောက်ကင်း၍ ကိုယ်ရော စိတ်ပါ ရွှင်လန်းအေးကြည်သွားပေတော့သည်။

ဤနေရာ ဤဌာနသို့ ရောက်လာရလျှင်ပင် ခရီးအဆုံး စခန်း မျှော်မှန်းလာခဲ့ရင်းဖြစ်သော မြန်မာနိုင်ငံသို့ ရောက်ရတော့သလောက်ပင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝယ် အေးမြသွားတော့၏။ အားထားရာဖြစ်သောဘုန်းတော်ကြီးများကိုလည်း တွေ့ကြရပေပြီ။ နိုင်ငံကူးလက်မှတ် စသော ပြုလုပ်ဖွယ်တို့ကို အမြန်ပြုလုပ်ကာ မြန်မာနိုင်ငံသို့ သွားရောက်လျက် မိမိတို့အလိုဆန္ဒအတိုင်း ဝတ်ကြောင်ကို လွတ်အောင်ရုန်း၍ သီလရှင်အဖြစ်သို့ ကူးပြောင်းကာ ဗုဒ္ဓစာပေများကိုလည်း အားရပါးရ စိတ်တိုင်းကျ သင်ကြားရပေတော့မည်။

ရောက်လျှင်ရောက်ချင်း ဘုန်းတော်ကြီးများအား ဖူးတွေ့၍ အာလာပ သလ္လာပ စကားများ မိမိတို့၏ လမ်းခရီးအတွေ့အကြုံများနှင့် ရည်မှန်းချက်များကို ပြောကြားလျှောက်ထားရင်း အမောအပန်းဖြေကာ ဤမဟာပရိနိဗ္ဗာန်ပုံတော်ကြီးအား ဖူးမြော်ကြသည်။ ဤသို့ ဖူးမြော်ကြရင်းလည်း မိမိတို့ သိမှတ်ထားသော ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာတို့ကိုပြန်ပြောင်းတွေးတောမိသောအခါတွင် အလွမ်းဓာတ်များ တဖျပ်ဖျပ် ထကြွ၍ လာမိပြန်လေသည်။

"ဩော်- တကယ်လို့သာ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိလို့ ယခုလို ရှေ့တော်မှောက် ဝင်ရောက်ဖူးမြော်မိတဲ့အခါမျိုးဆိုရင် မြင့်မြတ်တဲ့တရားတော်များကို ဟောပြတော်မူမှာ သေချာပါရဲ့၊ တို့အဖို့လဲ ပါရမီနည်းလို့ တရားအထူးမရတောင် အနည်းဆုံး ဘိက္ခုနီ (ရဟန်းမ)အဖြစ်တော့ ခွင့်ပြုမှာ မလွဲပါဘူး၊ အခုတော့ ငါတို့မှာ ဗုဒ္ဓမြတ်စွာဘုရားရဲ့ သာသနာတော်ကြီးနဲ့ တွေ့ကြုံရတယ်ဆိုပေမယ့် သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးမြော်ခွင့်မရလိုက်ရလို့ ကုသိုလ်ကံ နည်းလှပါကလား၊ ဒါပေမဲ့လေ ရသမျှ အမြတ်ဆိုတာလို မီရာသာသနာတော်ရဲ့ အရိပ်အရာကိုပဲ ခိုဝင်ပြီး သီလရှင်အဖြစ်နဲ့ ပိဋကတ်တော်တွေကို သင်ကြားအားထုတ်ရတော့မှာပဲ"

အားလုံးပင် တွေးတောဆွေးမြေ့နေကြပြီးနောက် ကြည်နူးစိတ်အတိဖြင့် ရုပ်ပွားတော်ကြီးအား ဝတ်ပြုကြပြီး စေတီရင်ပြင်တော်တွင်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ကြည့်ရှုကြပြန်လေသည်။ တစ်ပတ်ပတ်၍ ရုပ်ပွားတော်ကြီးအနီးသို့ ပြန်ရောက်လျှင် ရုပ်ပွားတော်ကြီးရှေ့၌ ဘုန်းတော်ကြီး ဦးမဟာဝုဓရောက်နေသည်ကိုတွေ့ရသဖြင့် တစ်ဖန် ဝင်ရောက်ကန်တော့ ကြရင်း နှုတ်သွက်သော ဂဏေသ က "ဘုန်းဘုန်းဘုရား...ဒီပရိနိဗ္ဗာန်ပုံ ရုပ်ပွားတော်ကြီးဟာ ဘုရားတကယ်ပရိနိဗ္ဗာန်စံစက တည်ခဲ့တာလား ဘုရား့"ဟု မေးလျှောက်လေသည်။

ဘုန်းတော်ကြီးက ဂဏေသတို့ဘက်သို့လှည့်ကာ "အင်း... ဒီပြဿနာက အရှည်ကြီးဖြေမှ ပြည့်စုံမှာပဲ၊ ဒါပေမဲ့ တိုတိုပဲပြောရသေးတာပေါ့၊ တို့ဘုရားလက်ထက်နဲ့ ဘုရားပရိနိဗ္ဗာန်စံပြီး အနှစ်ငါးရာ လောက်အတွင်းမှာ ရုပ်ပွားဆင်းတု ထုလုပ်ပြီး ကိုးကွယ်ရိုးမရှိကြဘူး ကွယ့်၊ ဒါဟာလဲ မထုတတ် မလုပ်တတ်လို့တော့မဟုတ်ဘူး၊ ရိုသေမှု အားကြီးလို့ပဲ ဆိုပါတော့၊ ဘုရားနေနဲ့ အမှတ်အသားထုလုပ် ကိုးကွယ် မှုတော့ ရှိခဲ့ပါတယ်၊ ဘုရားကိုယ်စား ထုလုပ်ကိုးကွယ်ခဲ့တဲ့ ပုံစံတွေ က ဗောဓိပင်တို့ ခြေတော်ရာပုံတို့ ပြီးတော့ တရားစကြာပုံတို့ပေါ့၊ ဒါ့ပြင်လဲ ဆင် မြင်း ခြင်္သေ့ နွား ဆိုတဲ့ လေးခန်း ဗုဒ္ဓဝင်ပုံတို့ပေါ့"ဟု ပြော၍ စကားမဆုံးခင်...

"ဆင်တွေ မြင်းတွေက ဗုဒ္ဓဝင်နဲ့ဆိုင်လို့လား ဘုန်းဘုန်း"ဟု ဂဏေသက ဆင်ခြေတက်ပြန်သည်။

"အထိမ်းအမှတ်ပေါ့ကွယ်၊ ဘုရားအလောင်းတော် ပဋိသန္ဓေ နေတော့ မယ်တော်မာယာဟာ ဆင်ဖြူတော်ကို အိပ်မက်မြင်ဆို မဟုတ် လား၊ အဲဒီတော့ ဆင်ဟာ ဘုရားလောင်း သန္ဓေယူခြင်း ဖွားတော်မူခြင်း ကို အထိမ်းအမှတ်ပြုတာပဲကွယ့်၊ မြင်းက တောထွက်တာ၊ ခြင်္သေ့က ဘုရားဖြစ်တာ၊ နွားက ပရိနိဗ္ဗာန်စံတာ အဲဒီလို အသီးသီး ကိုယ်စားပြု ပြီး ထုလုပ်ခဲ့တာပေါ့"

"နွားနဲ့ပရိနိဗ္ဗာန်စံတာကကော ဘယ်လိုဆိုင်လို့ပါတုံး ဘုန်းဘုန်း"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... မေးစရာပဲလေ၊ ဒါက ဒီလိုပါ၊ ဘုရား ပရိနိဗ္ဗာန်စံတာက ကဆုန်လမဟုတ်လား၊ ကဆုန်လဆိုတာ ပြိဿရာသီဆိုတော့ ပြိဿက နွားလားလို့ အဓိပ္ပာယ်ထွက်တယ်၊ ဒါနဲ့ ဘုရားပရိနိဗ္ဗာန်စံတာကို နွားလားရုပ် အထိမ်းအမှတ်ပြုလိုက်တာပေါ့၊ ရှင်းပြီလား၊ ပြီးတော့ ဘုရားပရိနိဗ္ဗာန်စံတာကို ပုထိုးစေတီပုံနဲ့ အထိမ်းအမှတ်ထားတာလဲ ရှိသေးတယ်၊ ထားပါတော့လေ... အဲဒီလို နှစ်ပေါင်းများစွာပဲ ဘုရားပုံတော် မထုလုပ်ဘဲ အထိမ်းအမှတ်ပုံတွေနဲ့ချည်း နေလာခဲ့တာ အနှစ် ၅၀၀ ကျော်လောက်မှာ ဂရိတ်အနွယ်ဖြစ်တဲ့ မိလိန္ဒမင်းကြီး ခေတ်လောက်ကျမှ ရုပ်ပွားတော်ရယ်လို့ ထုလုပ်ကြတာကိုး"

"ဒီလောက်နှစ်ပေါင်းကြာမှ ဆိုတော့ ဘုရားအစစ်ကို ဖူးမြင်ဖူးသူမှ မရှိတော့ဘဲ၊ တူတယ် မတူတယ် ဘယ်သိတော့မလဲနော် ဘုန်းဘုန်း"

"အေးပေါ့၊ စာနဲ့ကိုက်ပြီး မှန်းထုကြတာပေါ့ကွယ်၊ ဥပမာ ပိဋကတ်တော်မှာရှိတဲ့ လက္ခဏာသုတ်တို့လို စာတွေမှာလာတဲ့ ဘုရားလက္ခဏာတော်တွေဖတ်ပြီး မှန်းထုကြရတာပေါ့၊ ကဲ... ဒီလောက်ဆို သိရောပေါ့၊ ဒီရုပ်ပွားတော်ကြီးကတော့ ၁၈၇၇ ခုနှစ်က အိန္ဒိယအစိုးရ ကျောက်စာဝန်တွေ ဒီစေတီဟောင်းကြီးကို တူးဖော်တဲ့အခါမှာမှ မြေကြီးအောက်က တွေ့ကြရတာလို့ သိရတယ်၊ ဘယ်ခေတ်က ထုခဲ့တယ်လို့တော့ မသိရဘူး၊ ဒါပေမဲ့ ဘုရားပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၁၀၀၀ ထက်တော့ မစောနိုင်ဘူးဆိုပါတော့ကွယ်၊ ကဲ- လာကြ၊ လေတိုက်တယ်၊ ကျောင်းပေါ်ကျမှ သွားရေးလာရေး အစီအစဉ်လုပ်ကြရအောင်"

ဘုန်းတော်ကြီးက မိန့်ကြားပြီး ရှေ့မှထသွားသဖြင့် သူတို့တစ်စုသည် နောက်မှလိုက်သွားကြပြီး ကျောင်းပေါ်၌ စုရုံးထိုင်ကြကာ အစီအစဉ်များ ပြုလုပ်ကြသည်။ ဒေါ်လက္ခဏာမိမာယာက သူ့နဂိုအစီအစဉ်အတိုင်း ကလေးမများကို ထားခဲ့ပြီး ပြန်မည့်အကြောင်း၊ ကလေးမများ

www.burmeseclassic.com

www.burmeseclassic.com



ကို အမြန်ဆုံး မြန်မာပြည်ပို့ပေးပြီး သီလရှင်ဝတ်၍ ပညာသင်ပေးရန် အကြောင်းတို့ လျှောက်ထားလေသည်။ ဂဏေသ ကလည်း သူ့မိခင် ထံမှ စာကို ဘုန်းတော်ကြီးအား ဆက်ကပ်ပြီး မြန်မြန် မြန်မာပြည် ရောက်ချင်ကြောင်းကို လျှောက်ထား၏။

ဘုန်းတော်ကြီးက ဂဏေသတို့စကားကို နားထောင်ပြီး...

"အေး...အေး ကောင်းတယ်၊ ခုတော့ ဒီလိုပဲနေကြသေးတာ ပေါ့၊ နိုင်ငံကူးလက်မှတ်တို့ ဘာတို့ လုပ်ဖို့လဲရှိသေးတော့ ချက်ချင်းသွား ဖို့ ဘယ်ဖြစ်ဦးမလဲ၊ မဟုတ်ဘူးလား၊ ဒါထက် ဒကာမကြီးက ဘယ် တော့ နီပေါပြန်မှာလဲ..."ဟု ဒေါ်လက္ချမီမာယာအား မေးတော်မူ၏။

"တပည့်တော်မကတော့ သူတို့ကို လိုက်ပို့ရုံပါပဲ၊ တခြားကိစ္စ ကလဲ မရှိတော့ တစ်ရက်နှစ်ရက်လောက်နေပြီး ပြန်ရုံပါပဲဘုရား၊ ဟောဒီဘင်ဖရီက မိတ်ဆွေကလဲ ကြာကြာသိပ်မနေနိုင်သေးဘူးဆို တော့ တပည့်တော်မလဲ ကြာကြာမနေလိုပါဘူး၊ သူတို့အတွက် စိတ်ချ ရရင် ပြန်ရုံပေါ့ဘုရား"

"သူတို့အတွက်ကတော့ စိတ်ချပါ၊ စိတ်ချရလို့လဲ ဘုန်းကြီး တို့က စီစဉ်တာပေါ့၊ ဘုန်းကြီးကိုယ်တိုင်ဖြစ်ဖြစ် ဒါမှမဟုတ် ဟောဒီ နီပေါကိုယ်တော် (သီရိဗုဒ္ဓဃောသ)ဖြစ်ဖြစ် တစ်ပါးပါးက အရောက် ပို့ပေးဖို့ ဂတိပြုပါတယ်၊ ဟိုရောက်တော့လဲ အရာရာမှာ စိတ်ချရတဲ့ သီလရှင်ကျောင်းတွေ ရှိပါတယ်၊ ဒါထက် သီလရှင်လုပ်ကြမှာက သုံးယောက်စလုံးပဲနော်"

"မှန်ပါ"ဟု ဂဏေသတို့ သူငယ်ချင်းသုံးယောက်စလုံးကပင် ပြိုင်တူဖြေကြားကြလေသည်။

"အေး...အေး...ကောင်းတယ်၊ ခုတော့ ဘုန်းကြီးပြောတဲ့ အတိုင်း နေကြဦးပေါ့၊ ကဲ...ကဲ...ဆရာတော်ကြီးဆီသွားပြီး စကား စမြည် ပြောကြရအောင်"ဟု ပြောသဖြင့် အားလုံး နေရာမှထကာ ကုသိနာရုံ မြန်မာကျောင်းဆရာတော်ကြီး အသျှင် စန္ဒမုနိထံသို့ သွား ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးကား သက်တော်ကြီးရင့်လှပေပြီ။ မြန်မာနိုင်ငံ (ရခိုင်တိုင်း)မှ ဤဌာနသို့ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်ကပင် ရောက်ရှိလာကာ အဆက်ပြတ်နေသော ထေရဝါဒဗုဒ္ဓသာသနာကို ပြုစုတည်ထောင်နေသည့် ကြည်ညိုဖွယ်ကောင်းသော ဆရာတော်ကြီး တစ်ပါးပင်ဖြစ်ပါ၏။ နီပေါဘုန်းတော်ကြီး သီရိဗုဒ္ဓဃောသ မြန်မာ ဘုန်းတော်ကြီး ဦးဓမ္မာလောကတို့နှင့်အတူ ဆရာတော်ကြီးအနီး၌ ထိုင်မိ ကြလျှင် ဆရာတော်ကြီးသည် နီပေါအမျိုးသမီးများအား အဆုံးအမ ဩဝါဒနှင့် အားပေးစကားများ ပြောကြားတော်မူ၏။

နီပေါပြည်အကြောင်းနှင့် ပတ်သက်၍လည်း ဗုဒ္ဓမြတ်စွာဘုရား ဖွားတော်မူရာ ကပ္ပိလဝတ်ပြည်အကြောင်းများ ဒေဝဒဟ ကောလိယ အကြောင်းများနှင့် သာကီဝင်မင်းမျိုး အကြောင်းတို့ကို မိန့်ကြားတော် မူပြီး နိဂုံးချုပ်တွင် “ဒကာမလေးတို့ မြန်မာပြည်သွားနေကြမယ်ဆိုတာ ကောင်းတဲ့အကြံပါပဲ၊ နီပေါနဲ့ မြန်မာဟာ အရင်းစစ်လိုက်တော့ တစ်မျိုး တစ်နွယ်တည်း ညီအစ်ကို မောင်နှမတွေပေါ့”ဟု မိန့်ကြားကာ ရှေးက သာကီဝင်မင်းများ ကပ္ပိလဝတ်မှ မြန်မာနိုင်ငံ ပဉ္စာလကောင်း စသော မြို့များသို့ ကုန်းကြောင်းဖြင့် တောကြီး တောင်ကြီးများကို ဖြတ်ကျော်သွားကြပုံ၊ ထို၌ မြို့ရွာများ တည်ထောင် ကြပုံများကို အကျယ်တဝင့် မိန့်ကြားတော်မူ၏။

ဂဏေသတို့ကား အလိုလိုကမှ မြန်မာနိုင်ငံသို့ သွားလိုစိတ် ပြင်းပြနေရာ ဆရာတော်ကြီးက ဤသို့ ဆွေမျိုးစပ်ပြလိုက်ပြန်သဖြင့် အလွန်စိတ်အားတက်ကြွ၍သွားကြလေ၏။ မိမိတို့သွားရောက်လိုသည့် မြန်မာနိုင်ငံဆိုသည်မှာ သူစိမ်းနိုင်ငံမဟုတ်၊ ဆွေမျိုးတို့နေရာဒေသ နိုင်ငံတစ်ခုပါကလားဟူသော အသိဉာဏ်ကြောင့် ချက်ချင်းပင်ရောက် လိုစိတ် ပြင်းထန်နေကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

# နီပေါသာသနာဝင်

မနောဟာရဒေဝီနှင့် သုဘာလကျွမ်တို့အမေ ဒေါ်လကျွမ်မာယာသည် ဘင်ဖရီမြို့မှလိုက်ပါလာသော အဖော်နှင့်အတူ ဘုရားဖူးရင်း ကုသိနာခြုံ၌ တစ်ပတ်ခန့်နေပြီး နီပေါသို့ ပြန်လည်ထွက်ခွာသွားလေ၏။ သူငယ်ချင်းသုံးဦးကား ဒေါ်လကျွမ်မာယာ ပြန်သွားစက အားငယ်၍ ကျန်ရစ်ခဲ့သော်လည်း ယခင် သင်ကြားရင်း ပါဠိစာပေ ဗုဒ္ဓစာပေနှင့် အရေးတကြီးသုံးရမည့် မြန်မာစကား စသည်တို့ကို ဆက်လက်သင်ကြားနေရပြီဖြစ်သဖြင့် မကြာမီပင် မေ့မေ့ပျောက်ပျောက် ပျော်ပျော်ရွှင်ရွှင် ဖြစ်လာကြပြန်လေသည်။

ထိုအတွင်း မြန်မာဘုန်းတော်ကြီး ဦးဓမ္မာလောကလည်း ဂဏေသတို့သုံးယောက် မြန်မာပြည်သွားရန် ပတ်စ်ပို့ရရေးအတွက် တစ်ဖက်မှကြိုးစားရင်း တစ်ဖက်မှလည်း မြန်မာပြည် မော်လမြိုင်မြို့ရှိ နာမည်ကြီး သီလရှင်ကျောင်းတစ်ကျောင်းသို့ စာဖြင့် ဆက်သွယ်စုံစမ်းရာ မော်လမြိုင်သီလရှင်ကျောင်းမှ ခေါ်ခဲ့နိုင်ကြောင်းနှင့် တာဝန်ယူ၍ ပညာသင်ပေးမည်ဖြစ်ကြောင်း စာပြန်လာသဖြင့် ဂဏေသတို့ သုံးဦးမှာ ဝမ်းသာ၍မဆုံး ဖြစ်နေကြပေ၏။

တစ်နေ့တစ်နေ့တွင် ကျောင်းဝေယျာဝစ္စ၊ ဘုရားဝေယျာဝစ္စများကို လုပ်ကိုင်ခြင်း၊ စာပေကျက်ခြင်းနှင့် အချိန်တန်လျှင် ချက်ပြုတ်စားသောက်ကြခြင်းမှတစ်ပါး အခြားအလုပ်လည်း မရှိလှပေ။ ရံဖန်ရံခါ မိမိတို့နေရာ ကုသိနာခြုံဘုန်းတော်ကြီးကျောင်းမှ အရှေ့ဘက် တစ်မိုင်ခွဲလောက်ဝေးသော ကာဆီးယားသို့ လံချားဖြင့်သွား၍ ဈေးဝယ်ထွက်

www.burmeseclassic.com

www.burmeseclassic.com



ကြ၍၏။ ရံဖန်ရံခါ အားလပ်ချိန်ယူ၍ နှစ်မိုင်ခန့်ဝေးသော မြတ်စွာဘုရား ရုပ်အလောင်းတော်အား တေဇောစက် လောင်တော်မူသောကုန်းသို့လည်း သွားရောက်၍ ဖူးမြော်လေ့ရှိကြပေသည်။

သို့နှင့်တစ်လနီးနီးမျှကြာသွားသော နေ့တစ်နေ့တွင် ဘုန်းတော်ကြီး ဦးဓမ္မာဝုဓသည် ဂဏေသတို့သုံးဦးအား ခေါ်ပြီးလျှင် မမျှော်လင့်သော စကားတစ်ခုကို မိန့်ကြားတော်မူလေသည်။

"မင်းတို့သုံးဦးအတွက် နိုင်ငံကူးလက်မှတ် နည်းနည်းခက်နေတယ်၊ ကာဆီးယားကနေပြီး လုပ်လို့လဲမဖြစ်ဘူး၊ ဒီမှာရှိတဲ့ အရာရှိတွေကလဲ တာဝန်ယူပြီး လုပ်မပေးနိုင်ဘူးတဲ့၊ ဒီတော့ နယူးဒေလီအထိ လှမ်းပြီး ဆက်သွယ်ရမှာပဲ၊ ငါ တစ်နေ့နေ့ နယူးဒေလီသွားဦးမယ်၊ စိတ်တော့မပျက်နဲ့၊ တစ်နေ့နေ့တော့ ဖြစ်မှာပေါ့"

ဘုန်းတော်ကြီး၏စကားမှာ ဂဏေသတို့အတွက် စိတ်ပျက်ရမလို အားတက်ရမလိုနှင့် မတင်မကျရှိလှပေသည်။ ကာဆီးယားမှာ မြို့ငယ်ကလေးသာဖြစ်၏။ ဤလိုမြို့ငယ်ကလေးအနေနှင့် ဖြစ်နိုင်စရာတော့မရှိတော့။ နယူးဒေလီနှင့် ဆက်သွယ်ပြီး ကိုယ်တိုင်ကိုယ်ကျလုပ်ရပေလိမ့်မည်။ သို့မဟုတ် ကာလကတ္တားသွား၍ လုပ်ရပေမည်။ ဤကိစ္စအတွက် ဘုန်းတော်ကြီးမှာ စိတ်မအား လူမအား ကြိုးစားနေပေသည်။ ဂဏေသတို့ကား ဤကိစ္စများကို ဘာမျှနားမလည်ပေ။ သူတို့နားလည်သည်မှာ မြန်မာပြည် မြန်မြန်သွားချင်သည်သာဖြစ်၏။ ယခင်က စိတ်အထင် တစ်လလောက်သာ အိန္ဒိယမှာနေရပြီး မြန်မာပြည်သွားနိုင်မည်ထင်ခဲ့ရာ ယခုပင် မရေမရာနှင့် တစ်လနီးပါးကြာခဲ့ပြီ။ သွားရမည့်အချိန်ကို ကန့်သတ်နိုင်ရန် ထားဘိဦး၊ ပတ်စ်ပို့ရရေး မရရေးပင် မသေချာသေးပါ၊ "တစ်နေ့နေ့တော့ ဖြစ်မှာပေါ့"ဟူသော ဘုန်းတော်ကြီးစကားမှ တစ်နေ့နေ့ဟူသည် ဘယ်သောကာလမှ တစ်နေ့နေ့ပေနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဂဏေသတို့သည် စာပေသင်ကြားခြင်း၊ ဝေယျာဝစ္စပြုလုပ်ခြင်းများအပြင် အားလပ်ချိန်များတွင် ကုသိနာရုံဆရာတော်ကြီးထံ သွားရောက်၍ ဗုဒ္ဓဘာသာဆိုင်ရာ ဗဟုသုတများကို မေးလျှောက်ရသည်။ ကြားနာမှတ်သားရသည်။ ထိုအချက်များသည်လည်း ဂဏေသတို့အတွက် ရက်ကြာကြာနေခဲ့သမျှ ရရှိသောအမြတ်များ ဖြစ်ပေ၏။

ဆရာတော်ကြီးကလည်း သက်တော်ရှည်သလောက် ဗဟုသုတကြွယ်ဝတော်မူပေရာ ဂဏေသတို့မေးမြန်းချက်များကို ဝမ်းမြောက်ဝမ်းသာ ဖြေကြားတော်မူသည်။ နီပေါဘုန်းကြီး သိရိဗုဒ္ဓဃောသကလည်း ဆရာတော်ကြီး၏ဟောပြချက်များကို မြန်မာဘာသာမှ နီပေါလ်လို ပြန်၍ ပြောပြလေသည်။

"ဘုန်းဘုန်းဘုရား...တပည့်တော်တို့ နီပေါပြည်ကလဲ ရှေးကတည်းက ဗုဒ္ဓဘာသာလို့ဆိုတာပဲ၊ ဘုန်းဘုန်းတို့ မြန်မာပြည်ကလဲ ဗုဒ္ဓဘာသာပဲ၊ ဒါပေမဲ့ တပည့်တော်မတို့ တွေ့ရသလောက် အသွင်အပြင်ကော အယူအဆကော မတူဘူးဘုရား၊ အဲဒါဘာပြုလို့ ကွဲပြားနေတာလဲဘုရား"ဟု မြောက်ပိုင်းဗုဒ္ဓဘာသာနှင့် တောင်ပိုင်းဗုဒ္ဓဘာသာဟု နှစ်မျိုးရှိကြောင်း ကွဲပြားရှင်းလင်းစွာ မသိသေးသော ဂဏေသ က ဆရာတော်ကြီးအား မေးလျှောက်၏။

ဆရာတော်ကြီးက မှတ်သားလွယ်ရန် အကျဉ်းချုပ်၍ မိန့်တော်မူသည်။

"အေး...အေး...တပည့်တို့က ငယ်လို့မသိတာကိုးကွယ့်၊ ဒါက ဒီလိုကလားကွယ်၊ တို့မြတ်စွာဘုရား ဒီကုသိနာရုံမှာ ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့နောက် နှစ်ပေါင်း ၁၀၀ လောက်ကျတော့ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းတစ်စုက ဘုရားဝိနည်းတော်ထဲက အချက် ၁၀ ချက်မှာ အယူအဆလွဲမှားပြီး ဟောပြောကြတယ်၊ အချက် ၁၀ ချက်လို့သာ သာမည မှတ်ကွယ်၊ အကျယ်ပြောနေရင် နားထွေးကုန်မယ် ကြားလား၊

www.burmeseclassic.com



ဝိနည်းဆိုတာ သာသနာရဲ့အသက်ဖြစ်တော့ သူတို့က အချက် ၁၀ ခု တောင် တလွဲတချော်ဟောပြောကျင့်ကြံနေတော့ သာသနာမှာ အန္တရာယ် ပေါ်လာတာပေါ့၊ ဒါနဲ့ သူတို့တစ်တွေက တစ်ဂိုဏ်းထူပြီး ဝါဒဖြန့်နေ တာကို တွေ့ရတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီး အသျှင်မဟာယသက ဒီလိုဆိုရင် တရားကောင်း တရားမှန်တွေ ပျက်စီးရချေရဲ့ဆိုပြီး ဝေသာလီပြည်မှာပဲ သံဃာကောင်း သံဃာမှန်တွေစုပြီးတော့ ဒုတိယ သင်္ဂါယနာတင် သကွယ့်၊ အဲဒီ ဒုတိယ သင်္ဂါယနာတင်တဲ့အချိန်မှာပဲ ခုနကပြောတဲ့ ဝဇ္ဇီတိုင်းသားရဟန်းတွေက သူတို့တင်ရင် တို့လဲတင်နိုင်ပါသော်ကော ဆိုတဲ့ သဘောမျိုးနဲ့ သူတို့ အသင်းအပင်း သဘောတူတွေစုပေါင်းပြီး သူတို့ရဲ့ဝါဒတွေကို ကောသမ္ဗီပြည်မှာ သွားပြီးတော့ စင်ပြိုင် သင်္ဂါ ယနာတင်ကြတော့တာကိုး၊ အဲဒီကစ ကွဲတော့တာပဲ၊ အသျှင်မဟာ ယသတို့က ရှေးရဟန္တာမထေရ်ကြီးတွေရဲ့ ဝါဒအတိုင်း အမှန်ယူဆပြီး ကျင့်သုံးကြလို့ အဲဒီဝါဒကို ထေရဝါဒလို့ခေါ်တယ်၊ အခု သီဟိုဠ် (သီရိလင်္ကာ)၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနဲ့ လာအို(လော)ဆိုတဲ့ နိုင်ငံတွေမှာ ကျင့်သုံးလိုက်နာနေတဲ့ ဗုဒ္ဓဘာသာပဲ၊ တောင်ပိုင်းတိုင်း ပြည်တွေမှာ ပျံ့နှံ့လို့ တောင်ပိုင်းဗုဒ္ဓဘာသာလို့ခေါ်သပေါ့၊ မင်းတို့ နီပေါ၊ တိဘက်၊ တရုတ်နဲ့ ဂျပန် စတဲ့နိုင်ငံတွေမှာကတော့ ဆိုခဲ့တဲ့ ဝဇ္ဇီတိုင်းသား ရဟန်းများကစပြီး ဆင်းသက်လာတဲ့ ဗုဒ္ဓဘာသာကို လိုက်နာခဲ့တယ်၊ မြောက်ပိုင်းနိုင်ငံတွေမှာ ပျံ့နှံ့လို့ မြောက်ပိုင်းဗုဒ္ဓဘာသာ လို့ ခေါ်တာပေါ့ကွယ်''

''မဟာယာန ဟိနယာနလို့ ခေါ်တာလဲ ကြားဖူးပါတယ် ဘုန်းဘုန်း၊ ဒါက ဘာကြောင့်ခေါ်တာလဲ''ဟု မနော်ဟရဒေဝီက သူကြားဖူးသည်ကိုမရှင်း၍ ကြားဖြတ်မေးလိုက်ရာ ဂဏေသမှာ ပို၍ စိတ်ဝင်စားသွားမိသည်။

''ဒါက မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တွေက မှည့်ခေါ်တဲ့နာမည်ပဲ ကွယ့်၊ မဟာယာနဆိုတာက မြတ်တဲ့အကျင့်ကို ကျင့်တယ်လို့ ဆိုလို

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဟီနယာနဆိုတာက ညံ့တဲ့အကျင့်ကို ကျင့်တယ်လို့ ဆိုလိုတာပေါ့၊ ဘာသာအယူဝါဒမှာ မြောက်ပိုင်းဗုဒ္ဓဘာသာက ဘုရားလောင်းဝါဒ ကွယ့်၊ လူတိုင်းဟာ ဘုရားဖြစ်ဖို့ချည်း ကျင့်ရမယ်၊ ဘုရားဆုသာ တောင်းရမယ်၊ ဘုရားအဖြစ်နဲ့သာ ကျွတ်တမ်းဝင်ပြီး သတ္တဝါတွေကို ကယ်ရမယ်၊ ဘုရားဆုကလွဲပြီး တခြား ပစ္စေကဗုဒ္ဓါဆု၊ ရဟန္တာသာဝက ဆုတွေ မတောင်းနဲ့လို့ ဆိုလိုတယ်၊ တို့တောင်ပိုင်းဗုဒ္ဓဘာသာကတော့ ဘုရားဖြစ်အောင် အားထုတ်နိုင်သူလဲ အားထုတ်၊ ဒါမှမဟုတ် ပစ္စေက ဗုဒ္ဓါဆိုတာ ရှိသေးတယ်၊ သာသနာပမှာမှ ဖြစ်ထွန်းလာတဲ့ တစ်ဦး တည်းသာ နိဗ္ဗာန်ဝင်သွားတဲ့ ဘုရားငယ်တစ်မျိုးပေါ့၊ အဲဒီ ပစ္စေကဗုဒ္ဓါ အဖြစ်နဲ့ နိဗ္ဗာန်ဝင်အောင် ကျင့်ချင်သူလဲကျင့်၊ ဒါထက်မြန်မြန် နိဗ္ဗာန် ရောက်ချင်သေးရင်လဲ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ဆိုတဲ့ သာဝက အမျိုးအစားထဲက ကြိုက်ရာဆုယူပြီး အားထုတ်လိုက အားထုတ်ကြပေါ့၊ ဒီလိုကိုယ်ကြိုက်သလို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက ဆိုတဲ့ ဆုသုံးပါးထဲက ကြိုက်ရာတစ်ပါးပါး အားထုတ်နိုင်အောင် လမ်းဖွင့်ပေးထားတော့ အမြတ်ဆုံး ဘုရားအဖြစ် ယူချင်သူနည်းအောင် အလွယ်လမ်းတွေ ပြထားတယ်ဆိုပြီး ပေါ့တဲ့ညံ့တဲ့ ဗုဒ္ဓဘာသာဆိုတဲ့ အနေနဲ့ တို့တောင်ပိုင်း ဗုဒ္ဓဘာသာကို ဟီနယာနလို့ နာမည်တပ်လိုက် တာပေါ့၊ မြောက်ပိုင်း သူတို့ဗုဒ္ဓဘာသာကတော့ ဘုရားဆုအတွက်သာ ကျင့်ကြလို့ မြတ်တဲ့အကျင့်ရှိတယ်၊ ဒါကြောင့် မဟာယာနလို့ နာမည် ခံလိုက်တယ်၊ ဒီလိုနဲ့ ဟီနယာန၊ မဟာယာနဆိုတဲ့နာမည်ဟာ ထင်ရှား လာခဲ့တာပဲ၊ စင်စစ်တော့ မြောက်ပိုင်းက တောင်ပိုင်းကို နှိမ်ပြီး မှည့်ခဲ့ တဲ့ နာမည်ကလားကွယ်”

မဟာယာန၊ဟီနယာနဟူသော အမည်မှာ တစ်ဖက်မှ တစ်ဖက် ကို နှိမ်၍ မှည့်ထားသောအမည်ပါလားဟု ဂဏေသတို့အဖို့ ထိုအခါ ကျမှပင် ရှင်းရှင်းလင်းလင်း နားလည်ကြရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး... နည်းနည်းဆက်ပြောဦးမကွယ့်၊ ဒီအတိုင်း မြောက်ပိုင်း ဗုဒ္ဓဘာသာဟာ သူတို့နည်းနဲ့သူတို့ပဲ ဗုဒ္ဓဝါဒကို ကျင့်သွားမယ်ဆိုရင် မဆိုးပါဘူးကွယ့်၊ ဒါပေမဲ့ ခက်တာက နောက်ပိုင်းကျလာတော့ (သာသနာနှစ်ပေါင်း ၁၀၀၀ ကျော်လောက်မှာ ဆိုပါတော့ကွယ်) ဘုရား လောင်းကို အကြီးအကျယ် အမွှမ်းတင်ရာကနေပြီး ဗြာဟ္မဏ ပုဏ္ဏားတွေက နတ်သမီးနတ်သားရုပ်တွေကို ဂါထာမန္တန်တွေနဲ့ အမွှမ်းတင်ပြီး ကိုးကွယ်သလို ဗြာဟ္မဏ ဟိန္ဒူဘာသာနဲ့ အပြိုင်အဆိုင်ဖြစ်နေတဲ့ မြောက်ပိုင်းဗုဒ္ဓဘာသာကလဲ ဘုရားလောင်းကို ရုပ်တုအမျိုးမျိုးထုပြီး ဂါထာမန္တန်တွေနဲ့ ရှိခိုးကြတယ်၊ ကိုးကွယ်ကြတယ်၊ စီရင်ကြတယ်ပဲ ဆိုပါတော့ကွယ်"

ဂဏေသသည် သူသိချင်နေသော သူတို့ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာ ဆင်တူနေသောအချက်ကို ကွက်ကွက်ကွင်းကွင်း သိလာရသဖြင့် ဝမ်းသာနေမိ၏။ ဆရာတော်ကြီးက ဆက်ပြန်သည်။

"ပြီးတော့လဲ... ဝိနည်းဆိုတာ တစ်ကိုယ်ကောင်းကျင့်တဲ့ (ဟိနယာနဂိုဏ်းဝင်) သာဝကတွေအတွက်ပဲ၊ တို့လို ဘုရားလောင်းတွေအတွက် မလိုအပ်တော့ဘူးဆိုပြီး ဝိနည်းကိုလဲ ပစ်ပယ်လိုက်တယ်။ ကျန်တဲ့ ပိဋကတ်တွေကိုလဲ ကာလဒေသခေတ်နဲ့လျော်အောင် ပြင်ဆင်ကြတယ်၊ ဘုရားလောင်းဝါဒနဲ့ ဆီလျော်အောင်လဲ ကျမ်းတွေပြုကြတယ်၊ အဲဒီကျမ်းတွေကလဲ မန္တန် မန္တရား အင်းအိုင်ခါးလှည့် လက်ဖွဲ့စတဲ့ လောကီအတတ်ပညာ အားပေးတဲ့ကျမ်းတွေ ဖြစ်လာတယ်၊ ဒါနဲ့ အခုတင်ကပြောခဲ့တဲ့ သာသနာ ၁၀၀၀ ကျော်လောက်မှာ မြောက်ပိုင်းဗုဒ္ဓဘာသာဟာ တန္တရယာန၊ မန္တရယာန၊ ဝိဇ္ဇာယာန ဆိုတဲ့ မန္တန် မန္တရား အင်းအိုင်ခါးလှည့်လက်ဖွဲ့ မှော်ပညာဘာသာအဖြစ်သို့ ရောက်သွားရတာပဲကွယ့်၊ အဲဒီတော့... တောင်ပိုင်းအယူဝါဒက ဘုရားလက်ထက်က ရဟန္တာမထေရ်ကြီးတွေရဲ့ ဝါဒအတိုင်း ဒီနေ့အထိ

www.burmeseclassic.com

www.burmeseclassic.com



ကျင့်ကြံခဲ့တယ်၊ ဘုရားတရားတော် ပါဠိအဋ္ဌကထာများကိုလဲ ဖြည့်စွက် နုတ်ပယ်ခြင်း မပြုဘဲ မူရင်းအတိုင်း ဆောင်ရွက်အားထုတ်ခဲ့တယ်၊ မြောက်ပိုင်း မဟာယာန ဗုဒ္ဓဘာသာကတော့ ဘုရားတရားတော်တွေကို ခေတ်နဲ့လျော်အောင်ဆိုပြီး ပြင်ချင်သလောက်ပြင်ခဲ့တယ်၊ နောက် ဟိန္ဒူ ဗြာဟ္မဏတွေနဲ့ပြိုင်ပြီး မန္တန် မန္တရားတွေ စီရင်ခဲ့တယ်၊ အဲဒီတော့... ဗုဒ္ဓဘာသာဆိုပေမယ့် တောင်ပိုင်းနဲ့မြောက်ပိုင်းဆိုတဲ့အတိုင်း တောင်နဲ့ မြောက်လို ဖြစ်သွားတာပေါ့ကွယ်''

ထိုအခါ နီပေါဘုန်းတော်ကြီး သိရိဗုဒ္ဓဃောသက ဆရာတော်ကြီး၏စကားအဆုံးတွင် ''ဒါတွေသိထားလို့လဲ တပည့်တော်တို့ နီပေါပြည်က လွန်ခဲ့တဲ့ နှစ်များစွာကပဲ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားလာရေးအတွက် တော်တော်ပဲ ကြိုးပမ်းခဲ့ပါတယ်ဘုရား၊ နီပေါက သာသနာပြုအဖွဲ့ဝင်တွေဟာ နီပေါကနေပြီး သီဟိုဠ်သွားစာသင်တယ်၊ မြန်မာပြည်သွားစာသင်တယ်၊ အဲဒီမှာ ရဟန်းခံပြီးမှ နီပေါပြည်ပြန်လာပြီး သာသနာပြုကြတယ်၊ ဒါပေမဲ့ ခက်တာက အဲဒီ လွန်ခဲ့တဲ့အနှစ် အစိတ်လောက်ကဆိုရင် နီပေါပြည်အစိုးရနဲ့ ဘုရင်ကလဲ ဟိန္ဒူဘာသာ ဝင်ဖြစ်နေတော့ ထေရဝါဒ ဗုဒ္ဓဘာသာတရားဟောတာကို ခွင့်မပြုဘူး၊ ဒါတင်မကဘူး၊ နောက်တော့ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ကလေးသူငယ်တွေကို သာသနာတွင်းသွတ်သွင်း (ရှင်ပြု)ပေးရမလားဆိုပြီး ထေရဝါဒ ရဟန်းအားလုံး နီပေါပြည်က နှင်ထုတ်ဖူးခဲ့တယ်ဘုရား၊ ဒါနဲ့ ထေရဝါဒရဟန်းအားလုံးဟာ နီပေါပြည်မှာ မနေနိုင်ဘဲ တချို့က တိဘက်၊ တချို့က အိန္ဒိယ နီးရာပြေးကြပြီး အများအားဖြင့်တော့ ဘာသာဝါဒတူရာ မြန်မာပြည်နဲ့ သီဟိုဠ်ကျွန်းဘို့ကို ပြေးကြရတယ် ဘုရား၊ ခုတော့ ဒီလိုမဟုတ်တော့ပါဘူး၊ ခု နီပေါဘုရင်ဟာလဲ ဂေါ်ရခါး လူမျိုး ဟိန္ဒူဘာသာဝင်ဖြစ်ပေမယ့် သဘောထားကြီးစွာနဲ့ ထေရဝါဒ ဗုဒ္ဓဘာသာကို လိုက်လျောလာပါပြီ။ ၁၉၄၄ ခုနှစ်ကဆိုရင် နီပေါ

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်များနဲ့ နီပေါဥပါသကာတွေဟာ ဆာရနတ်သ် (မိဂဒါဝုန်) မှာ ဓမ္မောဒယအသင်းဆိုပြီး ဖွဲ့စည်းလိုက်ကြပြီးတဲ့နောက် ထေရဝါဒ ဗုဒ္ဓဘာသာ နီပေါပြည်မှာ ပြန်လည်ထွန်းကားရေးကို အားထုတ်ခဲ့လို့ အခုဆိုရင်ဖြင့် တပည့်တော်တို့ နီပေါပြည်မှာ ထေရဝါဒဗုဒ္ဓဘာသာ ဟာ အညွန့်တွေ ဝေနေပါပြီဘုရား"ဟု မျက်မှောက်ခေတ် နီပေါပြည် ဗုဒ္ဓဘာသာရေးရာကို လျှောက်ထားလေသည်။ ထိုအကြောင်းများကို ကြားသိရပြန်သဖြင့် ထေရဝါဒ ဘာသာရေးဝါနုလှသေးသော ဂဏေသ တို့မှာ တအံ့တသြဖြစ်၍ နေကြလေတော့၏။

"အေး...အေး... အတော်အားရှိစရာကောင်းလှပါဘိကွယ်၊ တပည့်မလေးတွေ... မင်းတို့လဲ ဒါတွေကို သေသေချာချာ မှတ်ထား ကြ၊ မြန်မာပြည်သွားပြီး သီလရှင်ဝတ်၊ စာပေကျမ်းဂန်တွေကို ဆုံးခန်း တိုင်အောင် သင်ကြား၊ ပြီးတော့ မင်းတို့နီပေါပြည်မှာ ထေရဝါဒ ဗုဒ္ဓ ဘာသာထွန်းကားလာအောင် အမျိုးသားများနည်းတူ အမျိုးသမီးများ အနေနဲ့ လက်လှမ်းမီရာဘက်ကနေပြီး ပရိယတ္တိ ပဋိပတ္တိ သာသနာ ပြုကြ၊ ကြားလား၊ နောင်ရေးအတွက်ဆိုရင် ကျားကျားမမ...၊ အမျိုး ဘာသာ သာသနာအတွက် မင်းတို့လိုင်ယ်ရှယ်သူတွေအပေါ်မှာ တာဝန် ရှိတယ်နော်... သတိထားကြ၊ ဟုတ်လား"

ဆရာတော်ကြီးက စကားကို နိဂုံးချုပ်ရင်း ဂဏေသတို့ငယ်ရွယ် သူများအား ဩဝါဒပေးနေသဖြင့် ဂဏေသတို့မှာ အားတက်ဝမ်းမြောက် စွာ အဖနီပေါပြည်ကြီး၌ ထေရဝါဒဗုဒ္ဓသာသနာ ပြန်လည်ထွန်းကား ရေးကို အသက်ပေး၍ ကြိုးပမ်းမည့်အကြောင်း ဝန်ခံကတိပြုလျက် ရှိခိုးကန်တော့၍ ထလာခဲ့ကြတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၀

# တစ်ဓာတ်ပြောင်းပြီ

တစ်လပြီးတစ်လ ကူးပြောင်း၍လာခဲ့သော်လည်း ဂဏေသတို့အတွက် နိုင်ငံကူးလက်မှတ်ကား ကြာလေဝေးလေ၊ လိုက်လေပြေးလေ ဖြစ်ခဲ့တော့၏။ စောစောကဆိုသော် မိုးရာသီလည်းဖြစ်၊ ဘုန်းတော်ကြီးအတွက် ဝါတွင်းလည်းဖြစ်သဖြင့် သွားရေးလာရေးကို ခပ်အေးအေး စဉ်းစားကာ ဖြည်းဖြည်းပင် ဆောင်ရွက်ခဲ့သော်လည်း ယခုသော် မိုးလလည်းလွတ်၊ ဝါလည်းကျွတ်ခဲ့ပြီဖြစ်၏။ မေလမကုန်မီက စတင်ကြိုးပမ်းခဲ့သော လက်မှတ်ကိစ္စမှာ ယခုဆိုလျှင် အောက်တိုဘာလထဲသို့ပင် ရောက်ရှိခဲ့ပြီး ဖြစ်၏။

ငါးလမျှကြာခဲ့သည်အထိ မည်သို့မျှ သေချာမှုမရှိသေး။ ဆိုင်ရာကမူ ဂဏေသတို့ မိန်းကလေးသုံးဦးမှာ အုပ်ထိန်းမှုကင်းလွတ်ခွင့်မရနိုင်သေးသော အရွယ်များဖြစ်၍ နိုင်ငံကူးလက်မှတ် သီးခြားထုတ်မပေးနိုင်ကြောင်း ပြန်ကြားသည်ဟု ကြားသိရသဖြင့် ကြိုးစားပေးရသော ဘုန်းတော်ကြီးမှာလည်း စိတ်ပျက်၊ ဂဏေသတို့ကလည်း အားလျော့ဖြင့် သူတို့၏ခရီးစဉ်မှာ အပျက်ဘက်သို့သာ ယိုင်လျောနေပေတော့သည်။

ထိုအတွင်း တစ်နေ့တွင် မမျှော်လင့်သော စာတစ်စောင် ရောက်ရှိလာလေသည်။

စာမှာ ဂဏေသ၏ မိခင်ကြီး သီရိမတိဟောရာထံမှ စာဖြစ်ပေ၏။ စာတွင်ပါသောအကြောင်းအရာများမှာ– ယခုအထိ သင်းများ ကုသိနာရုံ၌ ရှိနေသေးသည်ဟု သိရကြောင်း၊ မြန်မာပြည်သွားရေး

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ မရေမရာဖြစ်နေသည့်အတူတူ ဤအတိုင်း ကုသိနာရုံတွင် သောင်တင်နေသည်ကို ကြည့်မနေနိုင်တော့ဘဲ သမီးဖခင်က သမီးအား လာရောက်ပြီး ခေါ်တော့မည်ဖြစ်ကြောင်း၊ မနေ့သဟာရဒေဝီနှင့် သုဘာလက္ခမီတို့အားလည်း ထို့အတူ ခေါ်မည်ဟု ကြားရကြောင်း၊ ယခုတစ်ပတ်အတွင်းဆိုသလို သူကိုယ်တိုင် မလိုက်လာနိုင်သည့်တိုင် သားကြီး ဓနကာဂျီကို အခေါ်လွှတ်လိမ့်မည်ဖြစ်ကြောင်း၊ သမီးတို့ ဤအတွင်း မြန်မာပြည် မသွားဖြစ်သေးက သီလရှင်ဝတ်လိုက်ကြလျှင် ပြန်ခေါ်နိုင်မည်မထင်ကြောင်းနှင့် သီလရှင်ဝတ်ပြီးလျှင်ပြီးချင်း စာပြန်လိုက်စေလိုကြောင်းများ ပါရှိရာ... ဂဏောသတို့တွင် တစ်ပူပေါ် နှစ်ပူဆင့်သလို ဗျာများသွားရပြန်တော့သည်။

သို့နှင့် ထိုစာကို ဘုန်းတော်ကြီးများအား တင်ပြ၍ တိုင်ပင်ရပြန်လေသည်။ ထိုအခါ ဘုန်းတော်ကြီး ဦးဓမ္မာဝုဓကာ–

"အေး... သီလရှင်ဝတ်လိုက်ကြရင် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို အကောင်းဆုံးပေါ့၊ သီလရှင်ဝတ်လိုက်တဲ့အတွက် မိဘတွေဆီက မခေါ်ဖို့ စိတ်ချရမယ့်အပြင် နိုင်ငံကူးလက်မှတ်အတွက်လဲ ပိုပြီးလွယ်စရာရှိတယ်၊ လူဝတ်နဲ့မို့ အသက်ကမမီတော့ လက်မှတ်ထုတ်မပေးဘူးဆိုရင် သီလရှင်ဝတ်ဆိုတော့ ရချင်လဲရမှာပဲ၊ အေးလေ ဘာပဲဖြစ်ဖြစ်ကောင်းပါတယ်၊ ဘယ်လိုသဘောရကြသလဲ"ဟု တစ်ယောက်စီ တစ်ယောက်စီကို သေချာအောင် မေးလေသည်။

ဂဏောသက စဉ်းစား၍ပင်မနေဘဲ သွက်လက်စွာပင် "အို– တပည့်တော်အဖို့တော့ ဒီအခြေရောက်နေမှ မေးမနေနဲ့တော့ ဘုန်းဘုန်း၊ ဘုန်းဘုန်းတို့က မြန်မာပြည်ရောက်မှ သီလရှင်ဝတ်ဆိုလို့ ဆိုင်းနေတာပါ၊ မထူးပါဘူး၊ ဟိုအဝတ်နဲ့မှ အစစအရာရာ ပိုလွယ်မယ်ဆိုရင် ခုချက်ချင်းပဲဝတ်မှာပဲဘုရား၊ လက္ခမီတို့အတွက်သာ"ဟုပြောရင်း အနီးတွင် ထိုင်နေသော သုဘာလက္ခမီတို့ညီအစ်မကိုကြည့်လိုက်ရာ သုဘာ

www.burmeseclassic.com

www.burmeseclassic.com



လက္ခမိက "အို– လှည့်ကြည့်မနေပါနဲ့ ဂဏေသရယ်၊ လက္ခမိက ကော ဘာပြုလို့ဆိုင်းနေမလဲ အတူတူပဲဟာ၊ အတူတူဝတ်ကြတာပေါ့" ဟု ပြုံးပြုံးလေးဖြင့် ပြောလိုက်လေ၏။

"မနောဟရလဲ...အတူတူပါပဲ၊ တစ်ယောက်တည်း ဘယ်နေရစ်မလဲ ဂဏေသရယ်၊ လာကတည်းက စိတ်တူသဘောတူပဲဟာ" ဟု မနောဟရဒေဝီကလည်း ရှောရှောရှူရှူပင် သဘောတူလိုက်သဖြင့် သုံးဦးစလုံး သီလရှင်ဝတ်ကြရန် သေချာ၍သွားကြလေ၏။ သို့နှင့် သီလရှင်ဝတ်စုံချုပ်လုပ်ရန် အပြင်းအထန် စီစဉ်ကြရတော့သည်။

သီလရှင်အဝတ်အစားနှင့်ပတ်သက်၍ ပြဿနာပေါ်လာပြန်၏။ နီပေါသီလရှင်များကဲ့သို့ ခါးဝတ်အင်္ကျီ၊ အပေါ်ရုံအဝါရောင်များ ဝတ်ရမည်လား၊ သို့မဟုတ် မြန်မာသီလရှင်ဝတ်စုံမျိုး ချုပ်လုပ်ဝတ်ဆင်ရမည်လားဟူသော ပြဿနာပင် ဖြစ်၏။ နီပေါသီလရှင်များမှာ ခါးဝတ်နှင့် အပေါ်ရုံအဝါရောင်များအပြင် အင်္ကျီလက်ရှည် ကော်လံတပ် ကြယ်သီးတပ် (ယောကျ်ားအင်္ကျီဆန်ဆန်) အဝါရောင်များဖြစ်သည်။ ထို့ပြင် ဘွတ်ဖိနပ်စီး၍ ထီးဆောင်းသည်။ ခက်ခက်ခဲခဲ ဝယ်စရာမလိုပေ။ မြန်မာဘုန်းတော်ကြီးများထံ မြန်မာသီလရှင်အဝတ်အကြောင်း လျှောက်ထားကြည့်ရာ ခါးဝတ်၊ ချွေးခံ၊ အင်္ကျီလက်ကျပ်၊ ဂိုက်ခေါ် အဝတ်ရှည်၊ ထို့ပြင် အပေါ်ရုံနှင့် ပခုံးတင်တစ်မျိုး၊ အရောင်အသွေးကလည်း အဝါရောင်ချည်းမဟုတ် အနီဖျော့ဖျော့နှင့် အရောင်သုံးမျိုးခန့်ဟုပြောရာ ဂဏေသတို့မှာ မြင်လည်းမမြင်ဖူးသဖြင့် ခက်ခဲနေလေသည်။ မြန်မာသီလရှင်တို့ဆောင်းသော ထီး၊ ဖိနပ်မျိုးလည်း ရရန်ခဲယဉ်းလှ၏။ ထို့ထက်အခက်ဆုံးကား မည်ကဲ့သို့ချုပ်လုပ်ရမည်ကို ဘုန်းတော်ကြီးများကလည်း ပုံစံမပြတတ်ဘဲ ဖြစ်နေခြင်းပင်။

ထို့ကြောင့် လွယ်ရာ နီပေါသီလရှင်အဝတ်ကိုပင် ဝတ်ကြရန် အားလုံး သဘောတူညီလိုက်ကြပြီး နောက်တစ်နေ့ ဝယ်ခြမ်းရန် စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကြတော့၏။ သီလရှင်ကျင့်ဝတ်သိက္ခာများနှင့်ပတ်သက်၍ မေးလျှောက်ရာတွင် ဆယ်ပါးသီလတတ်နိုင်လျှင် ဆယ်ပါးသီလဆောက်တည်၍ ရှစ်ပါးသီလလည်း ဆောက်တည်နိုင်ကြောင်း အမိန့်ရှိသဖြင့် သွားရေးလာရေးအတွက် ငွေကြေးကိစ္စများ ရှိနေသောကြောင့် ရှစ်ပါးသီလသာ ထာဝစဉ်နိစ္စ ဆောက်တည်ရန် ဆုံးဖြတ်လိုက်ကြလေ၏။

သီလရှင်အဖြစ်သို့ ကူးပြောင်းကြတော့မည့်နေ့သို့ ရောက်လာတော့သည်။

အရေးကြီးဆုံးကိစ္စကား... ဆံပင်ဖြတ်ရမည့် ကိစ္စပင်တည်း။

သို့နှင့် တစ်ယောက်ဆံ တစ်ယောက်ဖြတ်ကြရန် စီစဉ်ကြ၏။ သုံးဦးစလုံးပင် ဆံပင်ကောင်းသူများ ဖြစ်ကြ၏။ သွေးသားဆူဖြိုး၍ အလှကျက်သရေတိုးတက်နေသော အရွယ်ကလေးများဖြစ်ကြသည်နှင့် အညီ မိန်းကလေးတို့၏ အလှကျက်သရေဆောင် တစ်ရပ်ဖြစ်သော ဆံပင်ကို ဖြတ်ပစ်ကြရမည်ဆိုသောအခါ ရုတ်တရက်မှာမူ မဖြတ်ရက်သလိုပင်ဖြစ်နေတော့၏။ ဘဝတစ်လျှောက်လုံး တယုတယဖြင့်ဆီလိမ်းဖြီးသင် ပြင်ဆင်ခြယ်သ၍ လှသထက်လှအောင် အမြတ်တနိုး ပြုစုထားလာခဲ့ရသော ဤဆံပင်ကို ယခုရိတ်ဖြတ်ရန် ပြင်ဆင်ကြရာ၌ သူတို့သုံးဦးစလုံးပင် မရဲမဝံ့ လက်တွန့်နေကြလေသည်။ သုံးစုခွဲ၍ ဖွတ်မြီးထိုးထားသည်တို့ကို တယုတယ ဖြေကြရင်း ညိုမှောင်ရှည်လျားသော ဆံပင်များကို မျက်နှာရှေ့သို့ ဆွဲယူပွတ်သပ်နေကြ၏။ မဖြတ်ရက်ရက် စုံမက်နှမြောသောစိတ်ဖြင့် ကိုယ့်ဆံပင်ကိုယ် သုံးသပ်နေရင်းလည်း မျက်ရည်များ ဝိုင်းနေကြသေး၏။

"ကဲလေ- ကြာပါတယ်၊ ရော့-လက္ခမီ ကတ်ကြေး၊ ကိုယ့်ဆံပင်ကို အရင်ဖြတ်လိုက်စမ်းပါ"ဟု ဂဏေသက ဆံပင်ကို ထိပ်ပေါ်သို့ စုဆွဲရင်းက စိတ်ကို ယတိပြတ်ဖြတ်ကာ သုဘာလက္ခမီလက်သို့ ကတ်ကြေးကို ထိုး၍ပေးလိုက်ပြီး မျက်စိကိုမှိတ်၊ ခေါင်းကိုငုံ့ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် မနည်းကြာသည်အထိ သုဘာလက္ခုမိက ဖြတ်မပေးသဖြင့် မျက်စိဖွင့်ကြည့်လိုက်ရာ သုဘာလက္ခုမိသည် ကတ်ကြေးကို ကိုင်ရင်း မျက်ရည်ဝိုင်းနေသည်ကို တွေ့ရလေသည်။

"ဖြတ်ပါအေ့...လက္ခုမိ၊ ဟင်...ဘာပြုလို့ မျက်ရည်ကျသလဲ"

"ဝမ်းနည်းလို့ပါအေ၊ ရော့... မမဖြတ်ပါ (မနောဟာရဒေဝီအား ကတ်ကြေးကို လှမ်းပေးလိုက်ပြီး) လက္ခုမိတော့ ဂဏေသဆံပင်ကို ဖြတ်ရမှာ လက်မရဲဘူး"

"ဟင့်အင်အေ...ငါလဲလက်မရဲဘူး"ဟု မနောဟာရဒေဝီကပါ ကတ်ကြေးကို မကိုင်ဘဲ ငြင်းနေပြန်သဖြင့် အခက်ကြုံရပြန်တော့၏။

"ကဲ...ပေးအေ၊ ဒီလောက်တောင်ရှိလှတာ"

နောက်ဆုံးတွင် ဂဏေသသည် စိတ်မရှည်တော့ဘဲ သုဘာလက္ခုမိ လက်ထဲမှ ကတ်ကြေးကို ဆွဲယူလိုက်ကာ သူ့ဆံပင် သူစမ်းကိုင်၍ ရှက်ခနဲ ရှက်ခနဲ ဖြတ်ချပစ်လိုက်လေသည်။

"ကဲ...မှတ်ကရော...ဖြတ်ပြီးပြီ၊ သင်တုန်းနဲ့ချောဖို့ လိုတော့တယ်၊ ရော့...ကတ်ကြေး ညည်းတို့ဆံပင်လဲ ညည်းဘို့ဟာ ညည်းတို့ဖြတ်ကြ"ဟု ဂဏေသက မနောဟာရဒေဝီလက်သို့ ကတ်ကြေးကို ထိုးပေးပြီး နေရာမှထလိုက်ရာ မနောဟာရဒေဝီက ဂဏေသလက်ကို အတင်းဆွဲထားရင်း သူ့ဆံပင်နှင့် ခေါင်းကို အတင်းထိုးပေးကာ "လုပ်ပါ ဂဏေသရယ်၊ ငါ့ဟာငါဖြတ်လို့ လက်မရဲလို့ပါ၊ ညည်းပဲ ဖြတ်ပေးစမ်းပါ၊ ရော့ပါ အင့်ပါ ဖြတ်စမ်းပါ"ဟုသာ ဆိုနေသဖြင့် ဂဏေသမှာ မနေသာတော့ဘဲ မနောဟာရဒေဝီ၏ဆံပင်ကို ကိုင်၍ သေသေသပ်သပ်ဖြစ်အောင် ၃-၄ စု ခွဲပြီး ဖြတ်ပေးရလေသည်။ မနောဟာရဒေဝီသာ မပြီးသေးဘဲ သုဘာလက္ခုမိ၏ ဆံပင်ကိုလည်း ထို့အတူ ဂဏေသကပင် ဖြတ်ပေးရလေသည်။

သူတို့ သူငယ်ချင်းချစ် သုံးဖော်ကား ထေရဝါဒဗုဒ္ဓသာသနာတော်အတွင်းသို့ ဝင်ရောက်ကြရန် မြို့ရွာ ဆွေမျိုးနှင့် မြတ်နိုးဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ဂုဏ်သိန်အားလုံးကိုပင် စွန့်ခဲ့ကြသူများသာဖြစ်ရာ ပျိုမျစ်နုနယ် အရွယ်နှင့်အမျှလည်း လှပကြသူများပီပီ မိန်းကလေးဘာဝ အလှ ကျက်သရေဆောင်ဆံပင်ကို ဖြတ်ရာ၌ ပထမသော် နမြောလက်ရွံ့ နောက်တွန့်ဝမ်းနည်း၍ နေလင့်ကစား ဆံပင်ကို ဖြတ်ပြီးချိန်တွင်မူ လေးလံသောတာဝန်ကြီးတစ်ရပ် ကျဆင်းပြီးပြေသွားသလို ကြည်လင် ရွှင်လန်း၍သွားကြတော့၏။ သူတို့၏ဖြတ်ပြီးသော ဆံပင်များကိုလည်း သေသေသပ်သပ် စုစည်းလိုက်ကာ မဟာပရိနိဗ္ဗာန်ပုံတော် ရုပ်ပွား ဆင်းတုတော်ကြီးအား သွားရောက်လှူဒါန်းလိုက်ပြီး သာသနာ့တာဝန် ကို အထွတ်အမြတ်ပြုကာ ထမ်းဆောင်နိုင်ရပါလို၏ဟု အသီးသီး ဆုတောင်းလိုက်ကြလေ၏။

ထို့နောက် မကြာမီအချိန်အတွင်းမှာပင် ကြည်လင်စိမ်းလဲ့သော ခေါင်းတုံးအသစ်ကလေးများဖြင့် ကျက်သရေတစ်မျိုးရှိနေသည့် နပျို သော မိန်းကလေးသုံးဦးသည် ဝါလွင်သော သီလရှင်ဝတ်စုံများကို ဝတ်ကာ ဘုန်းတော်ကြီး ဦးဓမ္မာဂုဓအထံတွင် ရှစ်ပါးသီလကို ခံယူ လျက် သီလရှင်ဘဝသို့ ကူးပြောင်းလိုက်ကြတော့သည်။ သူတို့သည် နီပေါလ်သီလရှင်များထုံးစံအတိုင်း ဝတ်ဆင်ထားသော်လည်း ရှူးဖိနပ် နှင့် ဖဲထီးကိုမူ မစီး မဆောင်းကြချေ။

သီလရှင်ဖြစ်လာကြလျှင် ထုံးစံအတိုင်း သီလရှင်နာမည် (ဘွဲ့) ခံယူကြရမည်ဖြစ်သဖြင့် အသီးသီး သီလရှင်နာမည်သို့ ပြောင်းကြရာ၌ ဂဏေသ၏ သီလရှင်နာမည်မှာ 'ဓမ္မဝတီ'ဟူ၍ ဖြစ်၏။ မနေ့ာဟရ ဒေဝီကား 'မာဂဓီ'ဟူ၍ဖြစ်ပြီး သုဘာလကျွမီ၏အမည်မှာမူ 'မာဓဝီ' ဟူ၍ ဖြစ်လေသည်။

ထို့နောက် ကုသိနာရုံဆရာတော်ကြီးထံသို့ သီလရှင်အဖြစ်ဖြင့် သွားရောက်ကန်တော့ကြရင်း ဩဝါဒခံယူကြရာ ဆရာတော်ကြီးက ဝမ်းမြောက်ကြောင်း စကားပလ္လင်ခံပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



"သီလရှင်ဆိုတာ ဘုရားလက်ထက်တော်ကစပြီး သာသနာနှစ်ပေါင်း ၅၀၀ ကျော်လောက်အထိ ထင်ရှားခဲ့တဲ့ ဘိက္ခုနီဆိုတဲ့ ရဟန်းမိန်းမများကို အတုယူပြီး ပြုလုပ်ခဲ့တဲ့ သာသနာတွင်း ပရိဗိုဇ်မတစ်မျိုးပဲလို့ မှတ်ရမယ်နော်၊ တကယ်လို့သာ ဘိက္ခုနီသာသနာ အဆက်မပြတ်ခဲ့သေးရင်တော့ ဘိက္ခုနီမကလေးတွေ ဖြစ်ကြဖို့ပေါ့၊ ဒါပေမဲ့ ဘိက္ခုနီသာသနာဟာ သာသနာနှစ် ၅၀၀ ကျော်ရဲ့ ဒီဘက် ၆၀၀ မရှိတရှိလောက်မှာ ပြတ်ခဲ့ဟန်တူပါရဲ့၊ ဘာပြုလို့လဲဆိုတော့ အသောကမင်းကြီး ပါဋလိပုတ်မှာ တတိယသင်္ဂါယနာတင်ခဲ့တဲ့နှစ်ဟာ အိန္ဒိယရာဇဝင်များအရ သာသနာ ၃၀၄ ခု(ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၄၀လောက်ဆိုပါတော့) အဲဒီအချိန်မှာ ကိုးတိုင်းကိုးဌာန သာသနာပြုလွှတ်ခဲ့တယ်၊ သင်္ဂါယနာတင်ပြီးနောက်တစ်နှစ် သီဟိုဠ်ကျွန်းကို ရှင်မဟာမဟိန္ဒတို့သာသနာပြုကြွပြီးတဲ့နောက် မကြာမီမှာ သီဟိုဠ်မင်းသမီး အနုဠာဒေဝီတို့ ဘိက္ခုနီမ လုပ်ချင်လို့ ပင့်တဲ့အတွက် အရှင်မဟိန္ဒရဲ့နှမတော် သံဃမိတ္တာ ဘိက္ခုနီမ ကြွလာခဲ့တယ်၊ ဒါကြောင့် ဒီအချိန်မှာ ဘိက္ခုနီမရှိသေးတယ်လို့ သိရတယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာ ဘိက္ခုနီသာသနာဟာ တော်တော်အားနည်းနေပြီလို့ ယူဆရတယ်၊ ဘာပြုလို့လဲဆိုတော့ ကိုးတိုင်းကိုးဌာန သာသာနပြုလွှတ်ရာမှာ သီဟိုဠ်ကလွဲပြီး တခြားဌာနတွေမှာ ဘိက္ခုနီသာသနာ ရောက်ခဲ့တဲ့ အထောက်အထား မတွေ့ရလို့ဘဲ၊ အဲဒီအချိန်က ဘုန်းကြီးတို့ရဲ့မြန်မာပြည်ဟာလဲ ကိုးတိုင်းကိုးဌာနထဲ ပါခဲ့သပေါ့၊ ဒါပေမဲ့ ဘိက္ခုနီသာသနာတော့ ပါမလာပေဘူး၊ ဒါထောက်ရင် အဲဒီအချိန်မှာ တခြားနိုင်ငံကို သာသနာပြုအနေနဲ့ခွဲဝေပြီး လွှတ်လောက်အောင် ဘိက္ခုနီ မများတော့ဘူးလို့ ယူဆရတာပေါ့၊ ဒါကြောင့် အသောကမင်း နတ်ရွာစံတဲ့သာသနာနှစ် ၃၁၂ (၂၃၂-ဘီစီ)ရဲ့ နောက်ပိုင်း မကြာမီမှာပဲ ဘိက္ခုနီသာသနာဟာလဲ အဆက်ပြတ်သွားပုံရပါတယ်"ဟု မိန့်ကြားပြီး ဆရာတော်ကြီး၏ စကားကို ခေတ္တရပ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးစကားအတိုင်း ဘိက္ခုနီသာသနာ အဆက်မပြတ်ခဲ့လျှင် မည်မျှကောင်းမွန်မည်နည်း။ မိမိတို့တစ်စုသည် လွယ်လွယ်ကူကူဖြင့် ဘိက္ခုနီမကလေးများဖြစ်ကာ သာသနာ့ဝန်ထမ်းရပေမည်။ ယခုမူ သီလရှင်ဘ၀ကိုပင် ဆင်းရဲငြိုငြင်စွာဖြင့် အရောက်တက်လှမ်းခဲ့ရပေသည်ဟု တွေးမိကာ ဂဏေသသည် ဝမ်းနည်း၍မဆုံး ဖြစ်နေမိပေသည်။

ဆရာတော်ကြီးသည် စကားကို ဆက်ပြန်၏။

"ဘိက္ခုနီသာသနာ အဆက်ပြတ်သွားတဲ့နောက်မှာတော့ အမျိုးသမီးများအဖို့ ဘိက္ခုနီအဖြစ်နဲ့ သာသနာတော်ဝင်ချင်လို့ သာသနာ့တာဝန်ကို အတွင်းကျကျ ထမ်းဆောင်ချင်လို့ မရတော့ဘူးပေါ့၊ ဘာကြောင့်လဲဆိုရင် ဘိက္ခုနီလုပ်လိုတဲ့ အမျိုးသမီးဟာ သိက္ခာမာန်အဖြစ် သာမဏေအဖြစ်နဲ့ အဆင့်ဆင့်တက်လာပြီးမှ ပထမ ဘိက္ခုနီသံဃာ (ရဟန်းမများ)ဆီမှာ ဘိက္ခုနီရဟန်းမအဖြစ်ခံယူ၊ နောက်တစ်ဖန် ဘိက္ခုသံဃာမှာ တစ်ကြိမ်ထပ်ပြီးခံယူ၊ ဒီလိုနှစ်ကြိမ်ရဟန်းခံရတာ ဆိုတော့ ပထမ ရဟန်းမအဖြစ်ခံယူဖို့ ဘိက္ခုနီသံဃာမှ မရှိတော့ဘဲကိုး၊ ဒီတော့ နောက်ခေတ်အမျိုးသမီးတွေအဖို့ ဝတ်ကြောင်ကို မုန်းပြီး သာသနာတော်ကို ဝင်ချင်ပါတယ်ဆိုရင် ဂဏေသတို့လို သာသနာတွင်းဖြစ် ပရိဗိုဇ်မကလေးတွေလို့ ဆိုရတဲ့ သီလရှင်ပဲ ဝတ်ရတော့တာပေါ့"

"သီလရှင် ဘယ်ခေတ်လောက်က စ ဝတ်တာလဲဘုရား"ဟု ဂဏေသက သိချင်စိတ်ပြင်းထန်နေသဖြင့် ဆရာတော်ကြီး စကားအကြားတွင် ဝင်၍မေးလျှောက်မိသည်။

"အဲဒါပြောရမှာမလွယ်ဘူး၊ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတွေမှာတော့ သီလရှင်ဟာ မြန်မာပြည်ကဖြစ်တာပဲ၊ မြန်မာပြည်မှာလဲ ခေတ်အဆက်ဆက် ရာဇဝင်အဆက်ဆက်မှာ သီလရှင်ဆိုတာ ရှိခဲ့တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကုန်းဘောင်ခေတ်ကျမှ သီလရှင်ဟာ ထင်ရှားလာတော့ ခုခေတ်လူတွေက သီလရှင်သာသနာ ကုန်းဘောင်ခေတ်မှာမှ ဖြစ်ပေါ် လာတယ်လို့ ယူဆနေကြတာပဲ"

"သြော်...ဒီလိုဆိုရင် သီလရှင်ရယ်လို့ ဖြစ်ပေါ်လာတာ တော် တော်ကို ကြာနေပြီကိုး"ဟု ဂဏေသ တွေးတောနေမိသည်။

"အေး...သီလရှင်ဆိုတာကလဲ သီလရှင်ဆိုတဲ့အတိုင်း သီလ ကို အမြဲမပြတ် စောင့်ထိန်းရသနော်၊ သီလကလဲ ဂဟဋ္ဌနိစ္စသီလဖြစ်တဲ့ ဗုဒ္ဓဘာသာဝင် လူတိုင်းပင် ကျင့်ရမယ့် ၅ ပါးသီလလောက်နဲ့ မဖြစ် ဘူးနော်၊ အနည်းဆုံး ၈ ပါးသီလထိန်းရတယ်၊ ၁၀ ပါးသီလထိန်းရ တယ်၊ ဘာပြုလို့လဲဆိုတော့ သီလရှင်အဝတ်ဟာ ဖန်ရည်ဆိုးအဝတ် ဆိုတော့ ဖန်ရည်ဆိုးအဝတ်ဆိုတာ ၈ ပါး၊ ၁၀ ပါးသီလမျိုးနဲ့သာ ထိုက်တန်တယ်လို့ ကျမ်းဂန်တွေက ဆိုထားလို့ပဲ၊ ပြီးတော့ ထိုက်တန် သလောက် ဘိက္ခုနီ ပါတိမောက်ထဲမှာလာတဲ့ တချို့လျော်ရာသိက္ခာ ပုဒ်တွေထဲက စည်းကမ်းတစ်ရပ်အနေနဲ့ တော်သလိုယူပြီးတော့လဲ စောင့်ထိန်းကြဖို့ပေါ့၊ အရေးကြီးတာကတော့ စာပေကျမ်းဂန် သင် ကြားခြင်း ဂန္ထဓူရ၊ ဝိပဿနာ ဘာဝနာအားထုတ်ခြင်းဆိုတဲ့ ဝိပဿနာ ဓူရဆိုတဲ့ ဓူရနှစ်ပါးကို အားထုတ်လို့ ရှေးရှေးက ဘိက္ခုနီမကြီးတွေလို ကျင့်နိုင်သရွေ့ ကျင့်ကြရမယ်မှတ်ထားကြ၊ အေး...အေး...အပ္ပမာဒေန သမ္ပာဒေထပေါ့ကွယ်"

ဆရာတော်ကြီးထံမှ ကန်တော့ပြီး မိမိတို့ နေနေကျနေရာသို့ ပြန်လာကြပြီးနောက် သုံးဦးစလုံးပင် သီလရှင်ဘဝသို့ ကူးပြောင်း လိုက်ကြပြီးဖြစ်ကြောင်း မိဘများထံ စာအသီးသီး ရေးသားကြလေ၏။ သို့နှင့် ၎င်းတို့အား လာရောက်ခေါ်ငင်မည်ဟူသော ပြဿနာတစ်ရပ်မှာ ဆုံးခန်းတိုင်ရောက်၍ သွားလေပြီဟု ခန့်မှန်းရပေတော့၏။

နောက်၌ ဂဏေသထံမှ သီလရှင်ဘဝသို့ ကူးပြောင်းတက်လှမ်း သွားပြီဖြစ်ကြောင်း စာရောက်သောအချိန်တွင် ဂဏေသ၏ဖခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် "သမီးတော့ဆုံးပြီ"ဟု ရေရွတ်ကာ ပို၍စိတ်ကို ထိခိုက်သွားကြောင်း၊ သို့သော် သီလရှင်ဟူသည် ဘုရား၏သမီးတော်ဖြစ်သွားပြီဖြစ်၍ မိမိတို့နှင့် မဆိုင်တော့ဟု ယူဆလျက် လိုက်ခေါ်မည့်အစီအစဉ်ကို ဖျက်သိမ်းကြောင်းဖြင့် မိခင်ကြီးထံမှစာအရ သိရှိရ၍ ထင်သည့်အတိုင်းပင် အေးအေးဆေးဆေး ဖြစ်၍သွားလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၁

# ခွဲခွာချိန်

ဂဏေသ၊ မနောဟာရဒေဝီ၊ သုဘာလက္ခမီခေါ် ဓမ္မဝတီ၊ မာဂဓီ၊ မာဓဝီဟူသော ပျိုရွယ်နုနယ်သူကလေးသုံးဦးကား သီလ၊ရှင်ဘဝဖြင့်ပင် ခါတိုင်းကဲ့သို့ ဗုဒ္ဓစာပေများ သင်ကြားခြင်း၊ မြန်မာစကား ဟိန္ဒူစတန်နီ စကား သင်ကြားခြင်းနှင့် ဝေယျာဝစ္စများကို ပြုလုပ်ခြင်းတို့ဖြင့် နိုင်ငံကူး လက်မှတ်ကို မျှော်ငံ့နေလေရာ နောက်ထပ် နှစ်လခန့်ကြာမြင့်ခဲ့ပြန်လေ၏။ ထိုအခါတွင်ကား အသက်ငယ်(အရွယ်မမီ)သဖြင့် ဘယ်နည်းနှင့်မှ လက်မှတ်ထုတ်မပေးနိုင်ဟူသော လုံးဝမျှော်လင့်ချက်ကင်းမဲ့သည့် သတင်းစကားကို ကြားရသဖြင့် ဝမ်းနည်းရှာမဆုံးတော့ချေ။

သို့သော် ဘုန်းတော်ကြီး ဦးဓမ္မာဝုဓကား ဖွဲကြီးလှပေသည်။ "ဒီမှာမရရင် တို့ ကာလကတ္တားကိုသွားကြမယ်၊ ဟိုကျမှ ကောင်စစ်ဝန်နဲ့ တွေ့ဆုံပြီး ဖြစ်သလိုရအောင်ကြိုးစားကြတာပေါ့၊စိတ်မလျှော့ကြနဲ့၊ နောက်အပတ် ကာလကတ္တားသွားနိုင်အောင် အဆင်သင့်သာလုပ်ထားကြ" ဟု မိန့်ကြားသဖြင့် သုံးဦးစလုံးပင် ကာလကတ္တားသို့သွားကြရန် ကြိုတင်စီစဉ်ထားကြသည်။

ကာလကတ္တားသွားရက် နီးလာသော နေ့တစ်နေ့တွင် မမျှော်လင့်ဘဲ နီပေါပြည် လလိတပူရ(ပါတန်)မှ ၎င်းတို့သုံးဦးစလုံးအား ပြန်ခေါ်ရန် မနောဟာရဒေဝီတို့၏ မိခင်ကြီး ဒေါ်လက္ခမီမာယာနှင့် ဂဏေသတို့မိဘများက လွှတ်လိုက်သော ဘာ့က်ခရစ်ရှနာခေါ် ဆွေမျိုးတော် ယောကျ်ားဖော်တစ်ဦး ရောက်၍လာတော့ရာ ဂဏေသတို့သုံးဦးမှာ ခဲလေသမျှ သဲရေကျ ဖြစ်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လက္ခဏမိမာယာက ဘုန်းတော်ကြီးများအား "သမီးနှစ်ယောက်အားသီလရှင်ဘဝဖြင့်ပင် နီပေါ၌ ဆက်လက်နေစေမည်ဖြစ်ကြောင်း၊ မိမိသဘောအရဆိုလျှင် မြန်မာပြည်သို့ ပို့ချင်သော်လည်း သူတို့ဖခင်နှင့်ဆွေမျိုးများက ဤမျှလောက် ခက်ခက်ခဲခဲဖြင့် ဝေးလံလှသော မြန်မာပြည်သို့လွှတ်ရန် သဘောမတူကြကြောင်း၊ မည်သည့်နည်းနှင့်မျှ ပြန်မခေါ်လျှင် မဖြစ်နိုင်တော့ကြောင်း"နှင့် အများ၏ ဆုံးဖြတ်ချက်ကြောင့် လာရောက်ရပုံတို့ကို လျှောက်ထားလေရာ ဘုန်းတော်ကြီးများမှာ ငြင်းဆန်ရန် ခဲယဉ်းလှသဖြင့် "ကလေးများအား သဘောအတိုင်းပဲ"ဟုသာ အသာတကြည် ခွင့်ပေးရလေသည်။

ဂဏေသမိဘများ၏ ကိုယ်စားဖြစ်သူကလည်း ထိုနည်းအတိုင်းပင် ဂဏေသတို့ မိဘဆွေမျိုးများက မှာလိုက်ကြောင်း အပါခေါ်ခဲ့ရန်အထပ်ထပ်မှာလိုက်ကြောင်းတို့ကို တင်ပြပြောဆိုလေသည်။ ဂဏေသကမူ "ဘယ်နည်းနှင့်မှ ပြန်မလိုက်တော့၊ ရည်မှန်းရင်းအတိုင်း မြန်မာပြည်သို့ ဖြစ်သည့်နည်းဖြင့် သွားတော့မည်"ဟုသာ အကျောက်အကန်ငြင်းဆန်၍နေလေတော့၏။

ဂဏေသက "မလိုက်"ဟု ဖွင့်ငြင်းလိုက်သောအခါ မနောဟရဒေဝီတို့ညီအစ်မကလည်း ဂဏေသနှင့်မခွဲလိုသဖြင့် "ပြန်မလိုက်"ဟု ဖြစ်နေပြန်၏။ ထိုအခါတွင် ဒေါ်လက္ခဏမိမာယာက မိဘဆွေမျိုးများကို သနားသင့်ပုံ၊ နောင် အခွင့်အခါသင့်လျှင် မြန်မာပြည်သို့ ပို့မည်ဟုအားလုံးကပြောပုံ၊ ယခုအခါတွင် သမီးများပါမလာက သူပါ အပြန်ခက်ပုံ စသဖြင့် သာယာညင်းပျောင်း ဖျောင်းဖျောင်းဖျဖျ ပြောဆိုသောကြောင့် ပျော့၍သွားကြတော့၏။ ဘုန်းတော်ကြီး ဦးမွှာဝုဓသည်ပင် ဒေါ်လက္ခဏမိမာယာကို သနားလာပြန်သဖြင့် လိုက်သင့်ကြောင်း ကူညီပြောဆိုပြန်မိပေသည်။

ဂဏေသက ဘုန်းတော်ကြီးဦးမွှာဝုဓအားကြည့်ကာ ဝမ်းနည်းလာသည်နှင့် "တပည့်တော်မ လျှောက်ပါရစေ ဘုန်းဘုန်းဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



ယခုလာခေါ်တဲ့အတိုင်း တပည့်တော်မတို့ လိုက်သွားသင့်တယ်လို့ ဘုန်းဘုန်းသဘောတူနေတာဟာ ဘုန်းဘုန်းက မြန်မာပြည်ကို မပို့နိုင်တော့လို့ လက်လျှော့ပြီး ခွင့်ပြုတာလားဘုရား”ဟု လျှောက်လိုက်လေသည်။ လျှောက်ထားရင်းလည်း မျက်ရည်များ ဝိုင်း၍လာ၏။

“မဟုတ်ဘူး ဂဏေသ၊ ငါက မြန်မာပြည်ကိုမပို့နိုင်လို့ပြန်ထည့်ရတာမှ မဟုတ်ဘဲပဲ၊ မိဘတွေက သူတို့သမီးတွေ ဒီမှာကြန့်ကြာနေလို့ ဆင်းရဲတယ်ဆိုတဲ့အနေနဲ့ ပြန်ခေါ်ကြတာမဟုတ်လား၊ မိဘကိုယ်တိုင်က လာခေါ်နေတာကို ငါက မထည့်နိုင်ဘူးလို့ ပြောလို့ကော ဖြစ်ပါ့မလား၊ ဒီတော့ ပြန်ချင်ပြန် မပြန်ချင်နေ သဘောပဲ၊ အေး... ငါ့တာဝန်ကတော့ မပြန်ဘဲ ဆက်နေမယ်ဆိုရင် ဖြစ်တဲ့နည်းနဲ့ မြန်မာပြည်ရောက်အောင် ပို့ပေးမှာပဲ စိတ်သာချ၊ အေး... ဒီလိုမှ ဆင်းရဲမခံချင်ဘူးဆိုလဲ ပြန်ကြပေါ့”

ဘုန်းတော်ကြီးစကားမှာ ရှင်းလင်းလှသဖြင့် ဂဏေသ အားတက်၍လာသည်။ ဘုန်းတော်ကြီးကသာ လိုက်ပို့မည့်ဆန္ဒကို မဖျက်လျှင် မိမိက အဘယ်ကြောင့် အရှုံးပေး၍ ပြန်ရမည်နည်း၊ မပြန်ဟု ဆုံးဖြတ်ချက်ချထား၏။

“တပည့်တော်မ ဆင်းရဲမှာကို မကြောက်ဘူးဘုရား၊ မြန်မာပြည်ကို ဘယ်နည်းနဲ့ပဲရောက်ရောက် မြန်မာပြည်သာ ရောက်မယ်ဆိုရင် အဆင်းရဲခံနိုင်ပါတယ်၊ မတွေ့ရမမြင်ရတဲ့ နိဗ္ဗာန်ချမ်းသာကြီးကိုတောင် မျှော်မှန်းပြီး အဆင်းရဲခံ အားထုတ်နေရသေးတာ ထင်ရှားရှိနေတဲ့ မြန်မာပြည်လိုဟာကို ရောက်ဖို့လောက်တော့ ဘာအဆင်းရဲမခံနိုင်ရမှာလဲ ဘုရား၊ ဘုန်းဘုန်းကပဲ နိဗ္ဗာန်ကိုတောင် အဆင်းရဲခံရင် ရောက်နိုင်သေးတယ်ဆို၊ မြန်မာပြည်ကိုကော အဆင်းရဲခံရင် မရောက်နိုင်ဘူးလား၊ မြန်မာပြည်ကိုတောင်မှ ဘုန်းဘုန်းက ရောက်အောင်ပို့မပေးနိုင်ဘူးဆိုရင်တော့ ဘုန်းဘုန်းတို့ နိဗ္ဗာန်ဆိုတာလဲ ဘာမှအဓိပ္ပာယ်ရှိတော့တာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့၊ ဘာပဲဖြစ်ဖြစ် ဘုန်းဘုန်းဘုရား နိဗ္ဗာန်ကို တပည့်တော်မ ဟာ တပည့်တော်မ ရအောင်အားထုတ်ယူပါ့မယ်၊ မြန်မာပြည်ရောက်အောင် တော့ ဘုန်းဘုန်းက ကြိုးစားပေးပါ၊ တပည့်တော်မ နီပေါကိုတော့ ခုအခြေအနေနဲ့ အရှုံးပေးပြီး ပြန်ကိုမပြန်ဘူးဘုရား"

နဂိုက နှုတ်ရေးစကားတတ်ဖြစ်သည်တွင် စိတ်ကလည်းထိခိုက် နေဖြင့် စိတ်ထဲရှိသလောက် ကရားက ရေလွှတ်သလို ပြောချလိုက် သည်။ ဘယ်တော့မှ ပန်းတိုင်မရောက်ဘဲ အရှုံးပေးပြီးမပြန်ဟူသော အာဇာနည်စိတ်ကိုလည်း ဖော်ထုတ်ပြလိုက်သဖြင့် လာခေါ်သူများက ထပ်မံပြောဆိုရန် နှုတ်တွန့်သွားကြလေ၏။

"အေး... ဂဏောသ ဒီလိုဖွဲ့ရှိတယ်ဆိုရင် နေခဲ့ပေါ့၊ မြန်မာပြည် ကို ရောက်အောင်ပို့ဖို့က ငါ့တာဝန်ပဲ၊ ရောက်ရစေ့မယ်၊ နင့်မိဘဆီကို သာ ကျေနပ်အောင်စာရေးလိုက်၊ ဒါပဲ"ဟု ဘုန်းတော်ကြီးက ဆက် ဆက်ပို့မည်ဟူသော ကတိကို ထပ်၍ပေးသဖြင့် ဂဏောသအဖို့ အေး၍ သွားပေသည်။

သို့နှင့် ဂဏောသသည် နီပေါသို့ ပြန်မလိုက်တော့ဟု ဆုံးဖြတ် ချက်ချကာ မိဘများထံသို့ ခွင့်ပြုကျေနပ်ရန်နှင့် ယနေ့ပင် ကာလ ကတ္တားသို့ ထွက်ခွာသွားကြောင်း၊ နောက် မြန်မာပြည်ရောက်မှပင် စာရေးတော့မည့်အကြောင်းများကို ရေးသား၍ မိဘဆွေမျိုးများ၏ ကိုယ်စားလှယ်ဖြစ်သူ ဘာ့က်ခရစ်ရှနားအား ပေးလိုက်လေ၏။ မနော ဟာရဒေဝီနှင့် လက္ခမီတို့ ညီအစ်မနှစ်ဦးကား မိခင်ကိုယ်တိုင်က ခေါ်နေ ပြီ ဖြစ်သဖြင့် ပြန်မလိုက်လိုသော်လည်း မနေသာတော့ဘဲ လိုက်ရန် ပြင်ဆင်ရလေတော့၏။

အသီးသီး ထွက်ခွာကြမည့်နေ့သို့ ရောက်လာတော့သည်။

ထိုနေ့ တစ်နေ့လုံးကား သူငယ်ချင်းသုံးဦးတို့မှာ ခွဲခွာကြရတော့ မည်ဖြစ်သဖြင့် ဝမ်းနည်းကြေကွဲ၍နေကြတော့၏။ ဂဏောသမှာ ပြန်လိုက် ရန် ငြင်းပယ်ခဲ့သူပီပီ သူ့စိတ်ကိုသူ တင်းနိုင်သရွေ့တင်းကာ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မပျက်အောင် ထိန်းထားနိုင်သေးသော်လည်း မနောဟာရဒေဝီနှင့် သုဘာလက္ခမီတို့ညီအစ်မမှာကား မိမိတို့မျှော်မှန်းချက်လည်းဆုံးရှုံး၊ အချစ်ဆုံးသူငယ်ချင်းနှင့်လည်း ခွဲခွာ၍ ပြန်ရတော့မည်ဖြစ်သဖြင့် မျက်ရည်ကို မဆည်နိုင်ဘဲ ဝမ်းနည်းငိုရှိုက်ရင်း ခွဲ၍ပြန်လိုစိတ် မရှိသော်လည်း မိခင်ကိုယ်တိုင် လာခေါ်နေသဖြင့် မလွှဲသာဘဲ ခွဲခွာပြန်သွားရသည်ကို ခွင့်လွှတ်ပါရန်ကိုသာ တဖွဖွ ပြောဆိုနေလေသည်။

“ကံစီမံတဲ့အတိုင်းပေါ့ သူငယ်ချင်းတို့ရယ်၊ မင်းတို့မေမေ ကိုယ်တိုင်လိုက်လာပြီးခေါ်တော့လဲ ဘယ်နေလို့ဖြစ်တော့မလဲ၊ ဂဏေသ စိတ်ထဲမှာ မင်းတို့အပေါ် ဘယ်လိုမှ အပြစ်မတင်ရက်ပါဘူးကွယ်၊ မင်းတို့စိတ်ကိုလဲ ဂဏေသ ကောင်းကောင်းကြီးသိပါတယ်၊ အေးပေါ့ ကွယ် ပြန်ကြပေတော့၊ ဂဏေသရဲ့ မေမေနဲ့ဖေဖေတို့ကိုလဲ စိတ်ချမ်းသာအောင် ကြည့်ပြောပေးကြပါနော်၊ ဂဏေသတော့ မြန်မာပြည် အရောက်သွားပြီး ဗုဒ္ဓစာပေ ပိဋကတ်တော်တွေကိုပေါက်အောင် သင်ပြီးမှ ပြန်လာခဲ့မယ်၊ အဲဒီတော့သာ သူငယ်ချင်းတို့နဲ့ လက်တွဲပြီး တို့အမိနိပေါပြည်ကြီးမှာ ထေရဝါဒ ဗုဒ္ဓဘာသာနဲ့ စာပေပိဋကတ်တွေ ထွန်းကားအောင် ကြိုးစားကြတာပေါ့နော်၊ ဂဏေသကိုလဲ သူငယ်ချင်းတို့ မမေ့ကြနဲ့နော် သိလား၊ နော် လက္ခမီ မမ မနောဟာရ၊ ဂဏေသဆီက စာရရင် စာပြန်ရေးရမယ်နော်”

“စိတ်ချပါ ဂဏေသရယ်၊ မင်းရဲ့အာဇာနည်စိတ်ကို ငါတို့ လေးစားပါတယ်၊ ယုံကြည်ပါတယ်၊ မင်းရည်မှန်းချက် ပေါက်မှာပါပဲ၊ ဒါကို တို့သံသယမရှိပါဘူး၊ မင်းပြောတဲ့အတိုင်း တို့တော့မင်းပြန်မယ့် နေ့ကိုပဲ မျှော်စောင့်နေမှာပဲကွယ်၊ စာလဲ မကြာမကြာထည့်ပါ၊ မင်းကို တို့တစ်သက်လုံး မမေ့ပါဘူးကွယ်၊ တို့သာ ကံမရှိ ဉာဏ်မရှိ သတ္တိမရှိ လို့ ဒီလို...”ဟု သုဘာလက္ခမီသည် ပြောရင်း အသံတိမ်၍သွားကာ ရှိုက်၍ရှိုက်၍ ငိုနေတော့သဖြင့် ဂဏေသက အသာအယာ ပခုံးကိုဖက်၍ ချော့မော့နေရပေသည်။ မနောဟာရဒေဝီကား မျက်နှာပျက်ပျက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့လှည့်နေလေ၏။ ထိုစဉ် ဒေါ်လက္ခမီမာယာ အခန်းထဲသို့ ဝင်လာသဖြင့် သုံးဦးစလုံးပင် မျက်နှာထားများကို ပြင်လိုက်ကြပြီးမှ လုပ်စရာရှိသမျှကို ဆက်လက်လုပ်ကိုင်၍ နေလိုက်ကြလေသည်။

၁၉၅၀ ပြည့်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ညတွင် ဖြစ်၏။

ကုသိနာရုံနှင့် မိုင်၃၀ ကျော်မျှဝေးသော ဂေါရခ်ပူရ်မြို့ မီးရထား ဘူတာရုံရှေ့တွင် နောင်ဂါသို့ထွက်မည့် မီးရထားတစ်စင်းနှင့် ဗာရာဏသီဘက်သို့ ထွက်ခွာမည့် မီးရထားနှစ်စင်းတို့သည် အသင့်ရှိနေကြလေ၏။ နောင်ဂါသို့ထွက်မည့် မီးရထားပေါ်တွင် မနော‌ဟာရဒေဝီ၊ သုဘာလက္ခမီတို့ ညီအစ်မနှင့် အခေါ်လာသူနှစ်ယောက်တို့က နေရာယူထားကြပြီး ဗာရာဏသီသို့ထွက်မည့် ရထားတွင် မြန်မာနိုင်ငံသို့ ဖြစ်သည့်နည်းဖြင့် သွားတော့မည့် ဂဏေသနှင့် မြန်မာဘုန်းတော်ကြီး ဦးဓမ္မာဝုဓတို့က နေရာယူထားကြပြီးဖြစ်၏။

ရထားမထွက်မချင်း သူငယ်ချင်းမသုံးဦးမှာ စကားပြော၍မပြီးနိုင်ကြပေ။ အသွင်ထူးခြားနေသည့် ပျိုမျစ်နုနယ်သူ မိန်းကလေးသုံးဦးအား ခရီးသည်အားလုံးလိုလိုပင် အထူးအဆန်း ဖြစ်နေကြသည်။ သူတို့သုံးဦးကမူ မည်သူ့အားမျှ ဂရုမစိုက်။ စကားကိုသာ တစ်ယောက်တလဲ ပြောနေကြလေသည်။ မလွဲမရှောင်သာသဖြင့် ခွဲပြန်ရမည်ဖြစ်၍ ခွင့်လွှတ်စေလိုကြောင်း၊ မြန်မာပြည်သို့ အတူတူသွားရန် တိုင်ပင်ထားရာ ကတိပျက်သဖြင့် ရှက်၍မဆုံးဖြစ်ရကြောင်းတို့မှာ သုဘာလက္ခမီထံမှ ခွန်းချင်းထပ်နေသောစကားများဖြစ်ပြီး ဒါတွေအတွက် အမှတ်မထားကြောင်းနှင့် ကံစီမံရာနာခံရကြောင်း စသောစကားများမှာ ဂဏေသအဖို့ ပြောမပြီးနိုင်သော နှစ်သိမ့်စကားများပင် ဖြစ်လေသည်။

သို့သော် ကြာကြာစကားပြောနေချိန်မရပါ။ နောင်ဂါသို့ထွက်မည့်သုဘာလက္ခမီတို့ရထားမှာ ၈ နာရီအချိန်တွင် အချက်ပေးဥသြသံနှင့် မရှေးမနှောင်းမှာပင် ဘီးလိမ့်စပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြပေတော့ သူငယ်ချင်းတို့ရေ၊ ဂဏေသရဲ့အောင်ပွဲရမယ့် နေ့ကိုလဲ လလိတပူရ(ပါတန်)က ကြိုနှင့်ပေတော့၊ ပြန်ပေတော့ အေါ်လေးတို့ရေ"ဟု ဂဏေသသည် လက်တမြှောက်မြှောက်နှင့် မျက်ရည်သုတ်၍ ပါသွားရှာသူ သူငယ်ချင်းနှစ်ဦးအား နှုတ်ဆက်ပြီး မကြာမီထွက်တော့မည့် မိမိတို့ရထားတွဲရှိရာသို့ ခပ်သုတ်သုတ်လျှောက်၍လာခဲ့လေတော့၏။

မကြာမီ ဂဏေသတို့ရထားလည်း ထွက်တော့၏။ သို့သော် မှောင်ထုအတွင်းသို့ ခုတ်မောင်း၍ဝင်ခဲ့သဖြင့် တစ်ကြောင်း၊ သူငယ်ချင်းချစ်နှစ်ဦးကို လွမ်းဆွတ်သဖြင့်တစ်ကြောင်း ပတ်ဝန်းကျင်ကို ဂရုမပြုနိုင်တော့ဘဲ ရရှိထားသည့် အိပ်ရာပေါ်တွင် ခွေလျက်သာ ရထား၏ ဆွဲဆောင်ရာသို့ ပါရှိခဲ့ပေတော့သည်။

ဗာရနသ်ခေါ် ဗာရာဏသီသို့ နံနက်တွင်ရောက်ရှိ၍ မြန်မာဘုန်းတော်ကြီးကျောင်းတွင်ပင် တစ်ရက်မျှတည်းခိုကာ ဆာရနာထိခေါ် မိဂဒါဝုန်တော တရားဦးဓမ္မစကြာ ဟောကြားရာဒေသသို့ သွားရောက်ဖူးမြော်ကြသည်။ ဓမ္မစကြာစေတီတော်ကြီး၊ တရားဦးဟောပုံ ရှေးရုပ်ပွားတော်ကြီးများကို ကြည်ညိုဦးတိုက်ကာ အလျှင်အမြန် မြန်မာပြည်သို့ ရောက်၍ အလိုရှိရာ ဂန္ထဝင်ကျမ်းများကို အားထုတ်နိုင်ရလိုကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂဏေသသည် ဓမ္မစကြာသုတ်တော်ကို ရွတ်ဆိုပူဇော်ခဲ့လေသည်။

ဘုရားဖူးရုံမျှသာဆင်းခြင်းဖြစ်၍ ဗာရာဏသီတွင် ကြာကြာမနေကြပါ။နောက်တစ်နေ့မှာပင် ဂယာသို့ ခရီးဆက်ပြန်၏။ ဗုဒ္ဓဂယာကို သွား၍ ဘုရားဖူးကြရာ၌ ဂဏေသမှာ ဗောဓိပင်နှင့် မဟာဗောဓိစေတီ သတ္တဌာနတို့ကို ဦးတိုက်ရိုကျိုးကာ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ထောင်ကျော်က ဤနေရာဝယ် သစ္စာလေးပါးကို သိမြင်လျက်ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည့် အဖဘုရားရှင်အား ထင်မြင်ရော်ရှ်း လွမ်းတမျှော်ရည်ပြီး မျက်ရည်များ တအိအိ စီးဆင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိစေတီတော်ကြီး၏ လိုဏ်အတွင်းရှိ ရုပ်ပွားတော်ကြီးမှာ မြတ်စွာဘုရားသက်တော်ထင်ရှားရှိသည့်နှယ် ဗုဒ္ဓတ္တရုပ်တော်ဖြင့် တည်ငြိမ်စွာ စံပယ်လျက်ရှိပေရာ ဖူး၍မဝနိုင်အောင်ပင် ရှိသဖြင့် ဂဏေသသည် မျက်ရည်တွေတွေကျရင်းက အကြိမ်ကြိမ်ဦးချ၍သာ နေမိပေ၏။

"တပည့်တော်မသည် အဖဘုရားရှင်၏သာသနာတော်သို့ စွမ်းအားရှိသမျှ ဝင်ရောက်၍ သာသနာ့ဝန်ကို ထမ်းဆောင်ကာ အဖဘုရားဟောကြားတော်မူသော ဗုဒ္ဓမုက္ခပါဠိ ပိဋကတ်တော်များကို သင်ယူပြီးနောက် အဖဘုရား၏ ဖွားမြင်ရာဇာတိဌာန တပည့်တော်မတို့၏ နီပေါလ်ပြည်ဒေသ၌ မြတ်ဗုဒ္ဓ၏ သာသနာရောင် ထွန်းပြောင်ထိန်လင်းအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ်နိုင်ရပါလို၏ အရှင်ဘုရား"ဟူ၍လည်း နှုတ်မှ တတွတ်တွတ်ရွတ်ဆို ဆုတောင်းခဲ့လေသည်။

နောက်တစ်နေ့တွင် မြတ်စွာဘုရား သီတင်းသုံးဖူး၍ ပထမသင်္ဂါယနာတင်ရာဖြစ်သော ရာဇဂြိုဟ်မြို့ဟောင်းနှင့် နာဠန္ဒာဗုဒ္ဓတက္ကသိုလ်ကျောင်းတော်ရာတို့သို့လည်း သွားရောက်ဖူးမြော်ခဲ့ပေသေးသည်။ လမ်းတွင် ရက်ကြာကြာ မဖြုန်းနိုင်သဖြင့်သာ အချိန်ကြာကြာ လေ့လာမှတ်သားမနေနိုင်ဘဲ နောက်နေ့မှာပင် မြန်မာပြည်ခရီး၏ စခန်းထောက်ဖြစ်သော ကာလကတ္တားမြို့သို့ ဦးတည်၍ ထွက်ခွာခဲ့ပေတော့၏။

ခရီးမိုင်မည်မျှဝေး၍ မည်သည့်မြို့ရွာများကို ဖြတ်သန်းခဲ့ရသည်ကိုကား ငယ်ရွယ်သော ဂဏေသအဖို့ သိလည်းမသိ။ ညခရီးများသာဖြစ်၍ သိစရာလည်းမလိုတော့။ ကာလကတ္တားရောက်လျှင် မြန်မာပြည်ကို ရောက်ရတော့မည်ဟူ၍သာ အမှတ်ပြုထားသဖြင့် ကာလကတ္တားဘက်သို့ နီးလာလေဝမ်းသာလေဖြင့် မီးရထားဆွဲဆောင်ရာသို့ လိုက်ပါခဲ့တော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

# အမိဖမ်းတော့မည်

မြန်မာပြည်သွားရန် ထွက်ခွာသွားကြရာမှ ကုသိနာရုံ၌ သောင်တင်နေကြသော ကလေးမများအား အခေါ်သွားသူများ ယနေ့ပြန်ရောက်လာမည်ဟူသောသတင်းကြောင့် ကြိုဆိုမျှော်လင့်နေသူများတွင် ဂဏေသတို့၏ ဖခင်ကြီး သိရိမန်ဟရသမာနမှာ အလှုပ်ရှားဆုံး ဖြစ်၍နေလေ၏။ ညနေပိုင်းပြန်ရောက်လာမည်ဆိုလျှင်ပင် တစ်နေ့လုံး ဖြောင့်ဖြောင့်အလုပ်မလုပ်နိုင်ဘဲ တကြွကြွဖြစ်ကာ လာမည့်လမ်းကို မျှော်မှန်း၍နေလေသည်။ သမီးမှာ မိမိတို့ကဲ့သို့ ဝတ်ကြောင်မဟုတ်တော့ဘဲ ဗုဒ္ဓသမီးတော်အဖြစ် ခံယူထားပြီးဖြစ်၍ အိမ်၌ ကြာကြာမြင့်မြင့် အတူနေမည်မဟုတ်သဖြင့် သမီးနေထိုင်စရာ ကျောင်းအတွက်လည်း စဉ်းစားနေရပေသည်။

ထို့ပြင် ဆံပင်ကိုရိတ်ဖြတ်၍ ဝါလွင်သောဝတ်စုံဖြင့် တစ်မျိုးတစ်ဖုံဖြစ်နေမည့် သမီး၏အသွင်ကိုလည်း မြင်ချင်၍နေ၏။ ၄–၅ လကျော်မျှ မမြင်ရသဖြင့် ထွားကျိုင်းလာမည့်သမီး၏ ကိုယ်နေကိုယ်ဟန်ကိုပါ ခန့်မှန်း၍နေလိုက်မိသည်။ တစ်ဦးတည်းသောသမီး အချစ်ဆုံးသော ရင်သွေးဖြစ်၍လည်း မည်သည့်နည်းနှင့်မှ ခွဲ၍မနေနိုင်သဖြင့် အပါခေါ်ခဲ့ရန် ဘာ့က်ခရစ်ရှုနာကို အထူးမှာကြား၍ စေလွှတ်လိုက်ရာ ယနေ့မှချဆိုက်ရောက်လာတော့မည်။ မိဘမောင်ဖွားထက်ဗုဒ္ဓသာသနာကို ပိုမိုခင်တွယ်လှသော ဤသမီးအား အရေးတယူ ဂရုတစိုက်မလုပ်၍ မဖြစ်။ ယခင်ထက်ပို၍ အလိုလိုက်ရမည်သာဖြစ်၏။ ထိုအတွေးကြောင့် သမီးချစ်၏ဖခင်မှာ အခြားသူများထက် တွေ့လိုမှု ပိုကဲ၍နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နေခြည်ညှိုးစပြုလျှင်ပင် လလိတပူရ (ပါတန်)သို့ ကားများ တစ်စီးပြီးတစ်စီး ဝင်လာနေ၏။ ဦးဟာရသမာနတို့ အိမ်သားများသည် ကိုယ့်အိမ်တွင်ကိုယ် ငြိမ်ငြိမ်မနေနိုင်ကြဘဲ ကားဂိတ်သို့ သွားရောက် စုရုံးကြကာ တစ်စီးပြီးတစ်စီး ဝင်လာသောကားများကို စောင့်ကြည့်နေ ကြလေသည်။ သူတို့နည်းတူ သုဘာလကျွမိတို့အိမ်သားနှင့် ဆွေမျိုးများ တစ်သိုက်ကလည်း ကားဂိတ်မှ ကြိုဆိုနေကြ၏။ တစ်စီးလာ ပါနီးနီး နှင့် စောင့်စား၍နေကြရာ ကား ၄-၅ စီး လွန်သွားပြီးမှပင် တစ်စီးသော ကားတွင် အခေါ်သွားသူများ ပါလာသည်ကို တွေ့ရတော့၏။

ကားမှာ သူတို့လူစုရှေ့တွင်ရပ်ပြီးနောက် ကားပေါ်မှတစ်ယောက် စီ ဆင်းလာရာ ကြိုဆိုနေကြသူအားလုံးပင် ကားကို ဝိုင်းဝန်း၍ကြည့် ကြသည်။ ဘာ့က်ခရစ်ရှနာ၊ ဒေါ်လကျွမိယာ နောက် ဝါလွင်သော ဝတ်စုံဖြင့် တစ်ပုံပြောင်းနေသော မနောဟာရဒေဝီတို့ညီအစ်မ...

"သမီး...သမီး... ဂဏေသကော ဟင်...ဂဏေသ"

သမီးချစ်၏ဖခင်သည် ကားပေါ်မှ သမီးချစ်ဆင်းလာသည်ကို မတွေ့ရသဖြင့် ဆင်းလာသူများအား အငမ်းမရမေးမိတော့၏။

"သမီးလေ သမီး...သမီး ပါမလာဘူးလား...ဟင်"

ကိုယ်စားလှယ်တော်ကြီး ဘာ့က် ခရစ်ရှနာမှာ မျက်နှာပျက်၍ နေကာ ပါးစပ်မှ စကားမထွက်လာနိုင်တော့သဖြင့် ဂဏေသ ရေးပေး လိုက်သောစာကလေးကိုသာ အိတ်ထဲမှ ဆွဲထုတ်ရင်း ခေါင်းကိုယမ်း၍ စာကို လှမ်းလိုက်ရလေသည်။

"ဘာလဲ...သူ ပါမလာဘူး...ဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး...ဂဏေသ က သူမြန်မာပြည်ကိုရောက် အောင် ဖြစ်သလိုသွားတော့မယ်တဲ့၊ ခေါ်လို့မရပါဘူး"ဟု ဘာ့က် ခရစ် ရှနာသည် တစ်လုံးစီ လေးကန်စွာ ပြောပြရတော့သည်။

"တောက်"

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်စွာတောက်ခေါက်လိုက်ပြီး ဆည်၍မရအောင် မျက်နှာပျက်နေပြီးမှ ဦးဟရသမာနသည် ဒေါ်ဟေရာထကူကို စောင်း၍ကြည့်ရင်း "သွားပြီ၊ မင့်သမီးတော့ ဆုံးပြီ၊ ဒီအတိုင်းဆိုရင် သေတာတောင် တွေ့ရမှာမဟုတ်ဘူး...ဟင်း"ဟု ညည်းညူကာ လူကြားထဲမှ လေးလံသော ခြေလှမ်းဖြင့် တစ်လှမ်းချင်းလှမ်း၍ ထွက်ခွာသွားလေ၏။

ဒေါ်ဟေရာထကူနှင့် အချို့က ဘာ့က် ခရစ်ရှနာအား အကျိုးအကြောင်း မေးမြန်းရင်း နောက်တွင် စုရုံးစုရုံးနှင့် ကျန်ရစ်သော်လည်း ဦးဟရသမာနသည် အိမ်သို့ရောက်အောင် ခေါင်းငိုက်စိုက်ချ၍ထွက်ခွာသွားရာ၌ လက်ထဲတွင် သမီးထံမှစာကို ကိုင်၍လာသော်လည်း ဖတ်ရန်ပင် သတိမရပေ။

ဒေါ်ဟေရာထကူမှာ မိမိက ဟန်ဆောင်နေနိုင်သော်လည်း ခင်ပွန်းသည်၏သောကကို ကြည့်၍မနေနိုင်သဖြင့် သားများကိုခေါ်ကာ အမီလိုက်၍သွားပြီး "ကိုယ့်သမီးအတွက် ဒီလောက်လဲ ပူမနေပါနဲ့လေ၊ သမီးဟာ လိမ္မာရေးခြားရှိပါတယ်၊ သူ့ကိုယ်သူ စောင့်ရှောက်နိုင်ပါတယ်၊ ပညာသင်ပြီးတဲ့တစ်နေ့ အေးအေးဆေးဆေး ပြန်ရောက်လာမှာပါ"ဟု ဖြေသိမ့်စကားကို ပြောကြားရလေသည်။

"ဘာ"

သွားနေရာမှ ရပ်လိုက်ပြီး ဦးဟရသမာနသည် နောက်သို့လှည့်၍ တစ်ခွန်းအော်လိုက်လေသည်။ ပြီးမှ ဆက်လက်၍...

"ပညာသင်ပြီး တစ်နေ့ပြန်ရောက်လာမယ်ဆိုတာ မင်းကထင်နေတာမဟုတ်လား၊ သူအရွယ်မရောက်သေးလို့ နိုင်ငံကူးလက်မှတ်မရတာနဲ့ ဒီအထိ အိန္ဒိယထဲမှာ ကြာနေတာ မင်းထည့်တွက်ဦး။ မြန်မာပြည်မရောက်ဘဲ အိန္ဒိယထဲမှာ တဝဲလည်လည်နဲ့ ဘယ်လိုဖြစ်နေမယ်ထင်သလဲ၊ ဒီအတိုင်း ပြန်မလာဘဲနေရင် နောက်ဘယ်လောက်ကြာနေဦးမလဲမသိဘူး..."ဟု ပြောရင်းက "ခု ကုသိနာရုံမှာ ကျန်ရစ်သေးလား"ဟု မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစာ ဖတ်ကြည့်ဦးလေ"ဟု ဒေါ်ဟောရာထက္ကူက ကိုင်ထားသောစာကို ထိုးပြမှ ဦးဟာရသမာနသည် စာကိုဖတ်ရန် သတိရတော့၏။

အားလုံး အိမ်ပေါ်သို့ရောက်၍ ဝိုင်းထိုင်ကြပြီးမှ ဦးဟာရသမာနက စာကို အားလုံးအားပြကာ "မဖြစ်ဘူး…မဖြစ်ဘူး…ကာလကတ္တားထွက်သွားပြီတဲ့၊ လိုက်ခေါ်မှဖြစ်မယ်"ဟု စကားစလေသည်။

"ခနကာရီ…မင်း ဘာ့က်ခရစ်ရှုနာနဲ့ ကာလကတ္တားကို လိုက်သွားကွာ"ဟု ဦးဟာရသမာနက သားကြီးခနကာရီကို ပြောလိုက်ရာ အားလုံး အံ့အားသင့်သွားကြလေသည်။

ဒေါ်ဟောရာထက္ကူက "ကာလကတ္တားလိုက်သွားလို့ သူတို့ဘယ်မှာလိုက်ရှာရမလဲ၊ စာထဲလဲ ဘယ်တည်းတယ်လို့ မပါဘူး"ဟု ကြားဝင်ပြောလိုက်၏။

"ဘုန်းကြီးနဲ့ပဲ…ဘုန်းကြီးကျောင်းမှာ တည်းမှာပေါ့ဟာ၊ ကာလကတ္တားမှာ မြန်မာဘုန်းကြီးကျောင်းရှိတယ် မဟုတ်လား၊ အဲဒီလိုက်သွားပေါ့၊ ကြာကြာနေလို့မဖြစ်ဘူး၊ နက်ဖြန်လိုက်သွားကွာ၊ တွေ့ရင်အတင်းသာခေါ်ခဲ့၊ သူမလိုက်ချင်ဘူးဆိုပေမယ့် ထားခဲ့လို့မဖြစ်ဘူး"ဟု ဦးဟာရသမာနက လောနေလေတော့၏။

"ဟုတ်ကဲ့…အဖေ၊ ကျွန်တော်လိုက်သွားမယ်၊ တွေ့ရင်တော့ဘယ်နည်းနဲ့မှ မထားခဲ့ဘူး"

"အေး…ကောင်းတယ်၊ နက်ဖြန်လိုက်မှဖြစ်မယ်၊ ကာလကတ္တားလိုမြို့ကြီးမှာ ယောင်လည်လည်ဖြစ်နေရင် ခက်မယ်ကွ၊ သူတို့ မြန်မာပြည်သွားရဖို့လဲလွယ်မှာမဟုတ်ပါဘူး၊ ဒီသမီးဟာ သူ့အလိုအလျောက်လဲ ပြန်လာမယ့်သမီးမဟုတ်ဘူး၊ ဟောဒီ သူ့အမေလိုသာ အလိုလိုက်ပြီး သမီးသဘောအတိုင်းသာ နေရာတကာ လွှတ်ပေးနေရင် တစ်နေ့ဒုက္ခလှလှတွေ့မယ် သိလား၊ ကဲ–လိုဟာပြင်ထား၊ ဘာ့က်ခရစ်ရှုနာကိုခေါ်ပြီး မနက်ဖြန်မနက်စောစော ထွက်ပေတော့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် မနကာဂျိသည် ညီမတော်အား အတင်းပြန်ခေါ်ရန် ကာလကတ္တားသို့ လိုက်ရေးအတွက် ဘာ့က်ခရစ်ရှနာ့နှင့်တိုင်ပင်ကာ အပူတပြင်း စီမံကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၃

# ခရီးတစ်ထောက်

ကာလကတ္တားတွင် ဗုဒ္ဓဘာသာဝင်တို့ တည်းခိုစရာ ဌာနများကား အီဒင်ဆေးရုံလမ်းရှိ ဓမ္မသာလာခေါ် မြန်မာဘုန်းတော်ကြီးကျောင်းတိုက်၊ မဟာဗောဓိအသင်းတိုက်နှင့် ဘင်္ဂါလီဘုန်းကြီးကျောင်းဟူ၍ သုံးဌာနရှိလေသည်။ ဓမ္မသာလာမှာ မြန်မာများအဖို့ အထင်ရှားဆုံးသော တည်းခိုရာဖြစ်သဖြင့် ကာလကတ္တားရောက် မြန်မာဘုရားဖူးညှို့သည်များမှာ ထိုဓမ္မသာလာတွင် အတည်းအခိုများကြပေ၏။ ဂဏေသနှင့် ဘုန်းတော်ကြီးဦးဓမ္မာဝုဓကား အကြောင်းကြောင်းကြောင့် ဓမ္မသာလာတွင်မတည်းခိုဖြစ်ဘဲ ဘင်္ဂါလီဘုန်းကြီးကျောင်းတွင် ဝင်ရောက်တည်းခိုနေထိုင်ကြရပေသည်။

ကာလကတ္တားရောက်ကတည်းက ဘုန်းတော်ကြီး ဦးဓမ္မာဝုဓမှာ နီပေါလ်ကောင်စစ်ဝန်ရုံး၊ မြန်မာကောင်စစ်ဝန်ရုံးတို့သို့ အခေါက်ခေါက် အခါခါသွားလျက် ဂဏေသ နိုင်ငံကူးလက်မှတ်ရရေးကို အရေးတကြီး ဆောင်ရွက်တော်မူသည်။

၁၉၅၁ ခုနှစ်ဟူသော အချိန်အခါမှာ မြန်မာနိုင်ငံရော အိန္ဒိယနိုင်ငံပါ လွတ်လပ်ရေးအရ အချိန်အခါဖြစ်၍ အစစအရာရာ စီစဉ်မှုခက်ခဲလှသေးသည်။ လမ်းပန်းအဆက်အသွယ်နှင့် သွားရေးလာရေးကလည်း ကျပ်တည်းသည်။ ထို့ထက် ဂဏေသမှာ ၁၄ နှစ်သာရှိသေးရာ တစ်ဦးချင်း နိုင်ငံကူးလက်မှတ်ထုတ်ပေးခွင့် ပြုသင့်သော အသက်အရွယ်ကို မမီ။ ငယ်နုလှပေသေး၏။ ပူးတွဲပြုလုပ်ပေးရမည့် မိဘဆွေမျိုးလည်း မပါပေ။ ထို့ကြောင့် ဂဏေသအတွက် နိုင်ငံကူးလက်

www.burmeseclassic.com



မှတ်ကား လိုက်လေဝေးလေဖြစ်ကာ နောက်ဆုံးတွင် "လုံးဝ သွားခွင့်မပြုနိုင်"ဟူသောအဖြေသာပေါ်ထွက်၍လာတော့သဖြင့် ကာလကတ္တားတွင် သောင်တင်ရတော့မည့် အခြေသို့ ရောက်နေပေတော့၏။

ဘုန်းတော်ကြီး ဦးဓမ္မာဝုဓမှာလည်း လက်မှိုင်ချရတော့ပြီ။ ဂဏေသအဖို့ကား လေ့လော်ရင်းတက်ကျိုးဆိုသည့်ပမာ အားခဲကြိုးစားနေရသည့်ကြားမှပင် ဤသို့ဖြစ်လာသဖြင့် စိတ်ဓာတ်ပျက်ပြား၍ အားလျော့နွမ်းရိကာ မှိုင်တွေချရတော့၏။

"ဘုန်းဘုန်းဘုရား... နိဗ္ဗာန်တောင် ရောက်အောင်ပို့နိုင်တယ်ဆို၊ လိုချင်ရင် နိဗ္ဗာန်ချမ်းသာတောင် ရနိုင်တယ်ဆို၊ ဘာမျှမဝေးတော့တဲ့ မြန်မာပြည်ကိုတောင်မှ မပို့နိုင်တော့ဘူးလား၊ နိဗ္ဗာန်ဆို ဝေးရော၊ ကြိုးစားလျက်နဲ့ မြန်မာပြည်မရောက်နိုင်ပါကလားဘုရား၊ ဒီလိုဆိုရင် နိဗ္ဗာန်ဆိုတာလဲ အလကား ယုံတမ်းစကားပဲပေါ့"

အရွယ်နှင့်မလိုက်အောင် စကားတတ်သော ဂဏေသ၏ ဤပစ်လုံးခတ်လုံးများက ဦးဓမ္မာဝုဓအား အမြဲထိမှန်၍သာနေပေသည်။ ဘုန်းတော်ကြီးကိုယ်တိုင်ကပင် စိတ်လျှော့ထားသည်မဟုတ်ရာ ဂဏေသ ဤမျှစိတ်ဓာတ်ပြင်းထန်နေသဖြင့် တစ်နေ့နေ့ရောက်နိုင်အောင် အခွင့်ကောင်းကို စောင့်စားလျက် ဖြစ်သည့်နည်းဖြင့် ပို့ရတော့မည်ဟူသော အဓိဋ္ဌာန်ကိုသာ ပြုထားလေသည်။

တစ်နေ့တွင် ဆစ်ခ်(ပန်ချာပီ)လူမျိုးနှစ်ယောက်သည် ဘင်္ဂါလီကျောင်းတွင် တည်းခိုနေသောအသိတစ်ဦးအား ဝင်ရောက်နှုတ်ဆက်ရင်း စကားပြောနေသည်ကို ဂဏေသသည် အမှတ်မထင် ကြားလိုက်မိသည်။ ဂဏေသမှာ ကုသိနာရုံတွင် အတော်ကြာအောင် ဟိန္ဒူစတန်နီစကား သင်ခဲ့သဖြင့် ဟိန္ဒူစတန်နီစကားကို ပြောတတ်ဆိုတတ်ရှိထားလေသည်။ ထို့ကြောင့် ဆစ်ခ်လူမျိုးနှစ်ဦးက ဘင်္ဂါလီကျောင်းတွင် တည်းခိုနေထိုင်သူနှင့် ဟိန္ဒူစတန်နီလို ပြောနေသည်ကို အမှတ်မထင်

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်မိရာမှ သူ့အတွက် မျှော်လင့်ချက်ရောင်ခြည်များ ယှက်သန်း၍ လာလေတော့၏။

၎င်းဆစ်ခ်လူမျိုးနှစ်ဦးကား စစ်မဖြစ်မီက မြန်မာပြည်တွင် နေခဲ့ဖူးသူများဖြစ်ကြသည်။ ၎င်းတို့အဖို့ မြန်မာပြည်သို့ပြန်လည် သွားရောက်ရန် အလွန်အရေးကြီးနေကြသည်မှာ မြန်မာပြည်တွင် ၎င်းတို့၏စီးပွားရေးလုပ်ငန်းကြီးများ ကျန်ရစ်နေသောကြောင့်ပင်ဖြစ်၏။ နိုင်ငံကူးလက်မှတ် တောင်းခံရာတွင် အကြောင်းကြောင်းကြောင့် ထုတ်မပေးဘဲထားသဖြင့် ဖြစ်သည့်နည်းဖြင့် သွားကြရမည်ဖြစ်ရာ ၎င်းတို့နှစ်ဦးသည် နက်ဖြန် အာသံသို့ ရထားဖြင့်သွား၍ အာသံမှ ကုန်းလမ်းခရီးဖြင့် မြန်မာပြည်ထဲသို့ ဝင်ရောက်ကြမည်ဖြစ်ကြောင်း ပြောဆိုနေကြသည်ကို တစ်နေရာမှ ဂဏေသ ကြားလိုက်ရပေသည်။

အခွင့်ကောင်းကို ရှာကြံနေသော ဂဏေသကား နှေးကွေး၍ မနေတော့ဘဲ ထိုဆစ်ခ်လူမျိုးနှစ်ဦးအား ချက်ချင်းပင်မိတ်ဆက်၍ မိမိပါ ၎င်းတို့နှင့်အတူ ကုန်းလမ်းခရီးဖြင့် မြန်မာပြည်သို့လိုက်လိုကြောင်း ပြောပြလိုက်လေ၏။ ဂဏေသစကားကိုကြားလျှင် ဆစ်ခ်ကြီးများမှာ မယုံကြည်နိုင်အောင် ဖြစ်နေလေသည်။ သူတို့သည်ပင် စီးပွားရေးအရ မသွားမဖြစ်သဖြင့်သာ သေသေကျေကျေ စွန့်စားရမည်ဖြစ်ရာ ဂဏေသ လို မိန်းကလေး နုနယ်ပျိုရွယ်သူတစ်ဦးအဖို့ စိတ်ကူး၍ပင် သင့်လျော်သော လမ်းမဟုတ်ပေ။ ထို့ကြောင့် တစ်ဦးက...

"ဟာ...ကလေးမလေး...ဖြစ်ပါ့မလား၊ အာသံက မြန်မာပြည်ကို ကုန်းလမ်းသွားဖို့ဆိုတာက ယောကျ်ားတွေတောင် စွန့်စားသွားရတာကွယ့်၊ ကလေးလို နုနုနယ်နယ် ငယ်ငယ်ရွယ်ရွယ်နဲ့ ဖြစ်မှာမဟုတ်ပါဘူး၊ လမ်းက တောအထပ်ထပ် တောင်အထပ်ထပ်ဖြတ်ကျော်ပြီး ၁၅ ရက်လောက်ကြာအောင် သွားရမှာဆိုတော့...ကလေးလိုက်ဖို့ စိတ်မကူးပါနဲ့ကွယ်" ဟု တကယ့်စေတနာကောင်းဖြင့် ဖျက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက် ဒုက္ခခံရခံရ ခံနိုင်ပါတယ်၊ ကျွန်မ မြန်မာပြည် ရောက်ရင် ပြီးတာပဲ၊ ကိစ္စမရှိပါဘူး"

"စဉ်းစားဦးလေ...သိပ်ဆင်းရဲတယ်နော်"

"အို... စဉ်းစားနေစရာမလိုပါဘူးရှင်၊ ဘာလဲ...ဦးတို့က ကျွန်မကို ဒုက္ခခံပြီးခေါ်ရမှာစိုးလို့လား၊ ဦးတို့ ဒုက္ခများမှာစိုးလို့ မခေါ်ချင်ဘူးဆိုရင်တော့ မလိုက်တော့ပါဘူးလေ"ဟု ဂဏေသ ဝမ်းနည်းပက်လက် ပြောလိုက်လေသည်။

"ဟာ...ဟာ...မဟုတ်ပါဘူး၊ ဦးလေးတို့အတွက် ကလေးဟာ အကြောင်းမဟုတ်ပါဘူး၊ ကလေးအတွက်သာပြောနေတာပါ၊ ကလေးက ဒီလောက်တောင် စိတ်အားထက်သန်နေရင် ဦးလေးတို့က တာဝန်ယူပြီး ခေါ်ပါတယ်၊ လိုက်ခဲ့ပါ၊ ဒါထက် ကလေးက ဘာရည်ရွယ်ချက်နဲ့ မြန်မာပြည်ကို ဒီလောက်တောင် သွားချင်နေရတာလဲ၊ ပြောပြပါဦး"

သဘောကောင်းပုံရသော ဆစ်ခ်အမျိုးသားကြီးတစ်ဦးက မေးသဖြင့် ဂဏေသသည် ရည်ရွယ်ချက်ကို အကျဉ်းချုံး၍ပြောပြလိုက်ပြီး ဆက်ဆက်ခေါ်ပါရန် တောင်းပန်သဖြင့် ဆစ်ခ်အမျိုးသားကြီးနှစ်ဦးက "ကောင်းပါပြီ၊ လိုက်လိုလျှင်အသင့်ပြင်ဆင်ထားပါ၊ နက်ဖြန် သွားခါနီး လာခေါ်ပါမည်"ဟု ပြောဆိုမှာကြား၍ နှုတ်ဆက်ထွက်ခွာသွားလေ၏။

ညနေ ဘုန်းတော်ကြီးဦးဓမ္မာဝုဓ မြို့ထဲမှပြန်လာချိန်တွင် ဂဏေသသည် နေ့လယ်က ဆစ်ခ်လူမျိုးနှစ်ဦးနှင့် အာသံမှဖြတ်၍ ကုန်းလမ်းက မြန်မာပြည်သို့သွားရန် တိုင်ပင်လိုက်ကြောင်း၊ နက်ဖြန်ပင်သွားတော့မည် ဖြစ်ကြောင်း လျှောက်ထားရာ ဘုန်းတော်ကြီးမှာ အံ့အားသင့်၍ သွားလေတော့သည်။

ယနေ့ ဘုန်းတော်ကြီး မြို့ထဲသွားသောကိစ္စမှာလည်း ဂဏေသ အတွက် လက်မှတ်ကိစ္စ နီးစပ်မှုရှိမည့်နည်းလမ်းများကို စုံစမ်းလုပ်ကိုင် နေသော ကိစ္စဖြစ်၏။ ယနေ့သိရသလောက် ရနိုင်မည့်နည်းလမ်းကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိ၍ ရရန်သေချာလုနီးပါးပင် ခရီးရောက်ခဲ့သည်။ အလွန်ဆုံး တစ်လလောက် နောက်ထပ်စောင့်လိုက်လျှင် ကိစ္စပြီးပေတော့မည်။ သို့သော် ဂဏေသသည် နက်ဖြန် ကုန်းလမ်းဖြင့် ကြံ့ရာနှင့် ဖြစ်သလို သွားတော့မည်ဟု တမ်းတမ်းစွဲ ဆိုနေပေရာ ဘုန်းတော်ကြီး မျက်လုံး ပြူးရတော့၏။

ထို့ကြောင့် ဘုန်းတော်ကြီးသည်...

"ဟာ...ဘယ်ဖြစ်မလဲ ဂဏေသ ရ၊ မဖြစ်ဘူး...မဖြစ်ဘူး၊ ဒီလို တော့ မလိုက်ရဘူး၊ ကုန်းလမ်း ဘယ်လောက်အန္တရာယ်များတယ်ဆို တာ နင်သိသလား"ဟု ဆိုကာ စစ်အတွင်းက အိန္ဒိယလူမျိုးများ ကုန်းလမ်းကဖြတ်၍ သွားကြရာ၌ မည်သို့သေကျေပျက်စီးကြပုံများ၊ ကံအားလျော်စွာ ရောက်လာသူတို့မှာလည်း ရောဂါဒဏ်ချက်ကြောင့် အသက်မသေရုံတမည်ကျန်ကာ လူစဉ်မမီ ဖြစ်နေရပုံများကို ကြောက် ခမန်းလိလိ ပြောပြရလေသည်။

ဂဏေသသည် ဦးဓမ္မာဝုဓ၏စကားကို ဆုံးအောင်နားထောင် နေပြီးမှ "ဒီလိုဆိုရင်တော့ တပည့်တော်မ ဒီတစ်သက်မှာ မြန်မာပြည် မရောက်နိုင်တော့ဘူးဆိုပါတော့၊ လက်မှတ်ရအောင်လဲ လုပ်လို့မရ၊ ကုန်းလမ်းကလဲ မသွားရဆိုရင် ဒီကာလကတ္တားလာရတာ ဘာအကျိုး ထူးသေးသလဲ ဘုန်းဘုန်းဘုရား...၊ ကုသိနာရုံတုန်းက လက်မှတ်မရ တော့ ကာလကတ္တားကျရင် ဖြစ်တဲ့နည်းနဲ့ ရအောင်လုပ်မယ်၊ မရရင် ကုန်းလမ်းက ရောက်အောင်လိုက်ပို့မယ်ဆို၊ ခုတော့ လက်လျှော့ပြီး မပို့နိုင်လို့ တပည့်တော်မ အပူမရှာဘဲ ဖြစ်အောင်သွားမယ်ဆိုတော့လဲ မဟုတ်ရဘူးဆိုရင် သေဖို့သာကောင်းတော့တာပဲ"ဟု ပြောရင်းမျက်ရည် များပင် လည်၍လာလေတော့သည်။

"တော်တော့ ဂဏေသ၊ ဖြစ်တဲ့နည်းနဲ့ ငါပို့မယ်လို့ ဆိုထားတဲ့ ကတိကို ငါ ခုထိမဖျက်သေးဘူး၊ ဒီနေ့ မြို့ထဲသွားတာလဲ ဒီကိစ္စပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့သိရတာဆိုရင် နောက်လဆန်းရင် ကိစ္စပြီးဖို့ပဲ၊ ဒါပေမဲ့နင်ကြည့်ရတာ ဒီလောက်တောင် ဆိုင်းနေချင်ပုံမပေါ်ဘူး၊ နောက်ဆုံး ကုန်းလမ်းကပဲဖြစ်ဖြစ် ပို့ဖို့ဟာလဲ ငါကြံထားလျက်ပဲ၊ နင့်အသက်အရွယ်နဲ့ မိန်းကလေး နုနုနယ်နယ်မို့ ဖြစ်မှဖြစ်ပါ့မလား၊ သွားမှသွားနိုင်ပါ့မလား ဆိုတာ တွေးပြီး လေကြောင်း ရေကြောင်းက ဖြစ်အောင် ငါကြိုးစားနေတာ၊ နင်က ဒီလောက်အကြာကြီး မနေနိုင်ဘူးဆိုရင်တော့ သဘောပဲ၊ ဒါပေမဲ့ ခုမှတွေ့ရတဲ့ ဆစ်ခ်လူမျိုးတွေနဲ့တော့ မထည့်လိုက်နိုင်ပါဘူး၊ နင်လိုက်သွားလို့ တစ်စုံတစ်ခုဖြစ်ရင်လဲ ငါ့မှာ တာဝန်မကင်းဘူး၊ အဲဒီတော့ နင်သွားချင်တယ်ဆိုရင် ကုန်းလမ်းကပဲ ငါလိုက်ပို့ပေးမယ်၊ ကိုင်း...ဒါထက်တော့ ငါမတတ်နိုင်တော့ဘူး"

ဘုန်းတော်ကြီးသည် သူ့စိတ်ထဲရှိသမျှကိုထုတ်ပြောရင်း ဂဏေသအလိုအတိုင်း ကုန်းလမ်းကသွားလိုက သူကိုယ်တိုင်ပင် လိုက်ပို့တော့မည့်အကြောင်းပြောရာ ဂဏေသတွင် ရုတ်တရက်ဝမ်းသာသွားလေသည်။ သို့သော် နက်နက်နဲနဲတွေးက မိမိအတွက် ကုန်းလမ်းဖြင့် အဆင်းရဲခံ၍ ပို့ရမည့် ဘုန်းတော်ကြီးကို သနား၍သွားပြန်လေသည်။

"ဒီလိုဆို...ဘုန်းဘုန်း ဂဏေသအတွက် သိပ်ဆင်းရဲတော့မှာပဲ၊ ဖြစ်ချင်တာဖြစ်ပါစေ၊ ဘုန်းဘုန်းလိုက်ပို့မနေနဲ့တော့"

"အသာနေစမ်း၊ ဆင်းရဲတာ ချမ်းသာတာဟာ ငါတို့အဖို့ ဘာမှအကြောင်းမဟုတ်ဘူး၊ အေးအေးသာနေ၊ နက်ဖြန်တော့မဖြစ်သေးဘူး၊ ကြားတစ်ရက်နေပြီး သန်ဘက်ခါလောက် ကာလကတ္တားကထွက်မယ်၊ ဒါပဲ မှတ်ထား...ကဲ သွားတော့"

ဂဏေသမှာ မည်သို့မျှ ပြန်လည်လျှောက်ထားမနေသာတော့ပေ။ မိမိအဖို့မှာ ဘုန်းတော်ကြီးလိုက်ပို့ပေးလျှင်ပေး၊ မပေးလျှင်လည်း ဖြစ်သလို ကြံရာနှင့် မြန်မာပြည်အရောက်သွားတော့မည့်ဆဲဆဲပင်ဖြစ်၏။ ဘုန်းတော်ကြီးအနေနှင့်လည်း ဤအခြေအထိ တာဝန်ယူခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လာခဲ့ပြီးမှ မျက်နှာစိမ်း အခြားသူများနှင့် ထည့်လိုက်ရမည်ကို မည်သို့မျှ စိတ်မချနိုင်။ တာဝန်မဲ့ မပြုနိုင်ဟူသည်မှာ မှန်ကန်သော လမ်းစဉ်ပင်ဖြစ်သည်။ မိမိအတွက် မြန်မာပြည်မရောက်မချင်း တစ်လျှောက် လုံး ဒုက္ခကြာရှည်ခံရမည့်အတူတူ မြန်မြန်ဒုက္ခအေးရမည့် ဤနည်းဤပုံ ဖြစ်သလိုအမြန်လိုက်ပို့ပါမှ အချိန်တိုတိုနှင့် ခရီးရောက်ကာ မကြာမီ ဒုက္ခအေးရပေတော့မည်။

သို့နှင့် တအုံနွေးနွေးဖြစ်နေရသောကိစ္စတစ်ရပ်မှာ အေး၍သွားရ ပေတော့သည်။ နောက်တစ်နေ့တွင် လာ၍ခေါ်သော ဆစ်ခ်လူမျိုးကြီး နှစ်ဦးအား ကျေနပ်လောက်အောင် အကြောင်းစုံပြောပြ၍ ပြင်ဆင်ဖွယ် ရှိသမျှကို ပြင်ဆင်လျက် သွားချိန်ကိုသာ ငံ့လင့်နေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၄

# အလှည့်အပတ်

ခနကာဂျိနှင့် ဘာ့က်ခရစ်ရှနာတို့ သူငယ်ချင်းနှစ်ယောက်သည် နီပေါပြည် လလိတပူရ(ပါတန်)မှ ကား၊ မီးရထားတို့ဖြင့် နောင်ဂါဓေါ်ရုံခ်ပူသို့လာ၍ ထိုမှ ရထားပြောင်းစီးပြီး ဂဏေသတို့သွားသော လမ်းအတိုင်း မည်သည့်မြို့မှမခေါင်းဘဲ လိုက်လာခဲ့ရာ ၄ ရက်မျှဖြင့် ကာလကတ္တားမြို့သို့ ရောက်ရှိ၍လာခဲ့ပေ၏။

သူငယ်ချင်းနှစ်ယောက်သည် အသိအကျွမ်းမရှိသဖြင့် တည်းခိုခန်းတစ်ခုတွင် ငှားရမ်းတည်းခိုကာ ဂဏေသတို့ရှိမည်ထင်သည့်နေရာတို့ကို အနှံ့အစပ်သွား၍ ရှာဖွေလေသည်။ ဗုဒ္ဓဘာသာ မြန်မာကျောင်းတစ်ကျောင်းရှိသည်ဟု ကြားသိထားသဖြင့် တွေ့ရာတွင်မေး၍ အပြေးအလွှားရှာဖွေခဲ့၏။ သို့သော် မြန်မာကျောင်း 'ဓမ္မသာလာ'ကိုတွေ့၍ မြန်မာဘုန်းတော်ကြီးကို မေးမြန်းသောအခါ ဂဏေသတို့မှာ လာသည်ဟူ၍ပင် မသိကြောင်း၊ ဘုန်းတော်ကြီး ဦးဓမ္မာဝုဓကို သိသော်လည်း ၎င်းဘုန်းတော်ကြီး ယခုရက်အတွင်း ရောက်၍မလာကြောင်း မိန့်တော်မူသဖြင့် ခနကာဂျိတို့နှစ်ယောက်စလုံးပင် မော၍သွားတော့၏။

ထို့နောက် အခြားတည်းခိုစရာ ဌာနတစ်ခုဖြစ်သော မဟာဗောဓိအသင်းတိုက်သို့သွား၍ မေးမြန်းစုံစမ်းကြသေး၏။ အချည်းနှီးပင်။ သူတို့သည် ဘင်္ဂါလီကျောင်းကို ရတ်တရက် အမှတ်မရကြသဖြင့် မဟာဗောဓိတိုက်မှ အထွက်တွင် ပုလိပ်ရုံးသို့သွား၍ ဘူတာ၊ ရေဆိပ်၊ လေဆိပ်မကျန် ဖုန်းဆက်၍ ပိတ်ဆို့ရှာဖွေပေးရန် တိုင်ကြားကြသေးသည်။ ၎င်းတို့ကိုယ်တိုင်လည်း ရှိမည်ထင်သမျှ နေရာအနှံ့ တွေ့လိမ့်

www.burmeseclassic.com

www.burmeseclassic.com



နိုးနိုးဖြင့် ကြိုးစား၍ရှာဖွေကြပေ၏။ သို့သော် လူဦးရေ ၅ သန်းကျော် နေထိုင်သော ကာလကတ္တားမြို့ကြီးတစ်ခုလုံးကိုကား မည်သို့ နှံ့စပ်အောင် ရှာဖွေနိုင်ပါအံ့နည်း။

နောက်ဆုံးတွင်မှ မိတ်ဆွေတစ်ဦးနှင့်တွေ့၍ ၎င်း၏ညွှန်ကြားချက်ဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ အခြားတည်းခိုစရာနေရာတစ်ခုဖြစ်သော ဘင်္ဂါလီကျောင်းကို သိရှိသွားကာ မေးမြန်းစုံစမ်းရန် အပြေးအလွှား သွားရောက်ကြလေတော့၏။

သူငယ်ချင်းနှစ်ယောက်သည် ဘင်္ဂါလီကျောင်းသို့ ဝင်ရောက်၍ လာကြပြီး ရုတ်တရက် မမေးသေးဘဲ တည်းခိုနေကြသူများကိုသာ စေ့စေ့စိုက်စိုက် လျှောက်၍ကြည့်၏။ ထိုအချိန်တွင် တည်းခိုနေထိုင်သူများ အတန်အသင့်ရှိသဖြင့် အခန်းစုံအောင် လျှောက်၍ကြည့်ရင်း ဘုန်းတော်ကြီးနှင့် သီလရှင်မှန်သမျှကို ဂရုတစိုက်ကြည့်ရှုတတ်ကြသည်။ သို့သော် မြန်မာဘုန်းတော်ကြီး ဦးဓမ္မာဝုဓကိုလည်းကောင်း၊ နီပေါသီလရှင် ဂဏောသကိုလည်းကောင်း အရိပ်အယောင်မျှ မမြင်ရပေ။

သို့နှင့် မကျေနပ်ကြသဖြင့် ကျောင်းဘုန်းကြီးရှိရာသို့သွားကာ မေးလျှောက်စုံစမ်းကြလေ၏။ ထိုအခါမှ မြန်မာဘုန်းတော်ကြီးနှင့် ဂဏောသတို့ အာသံသို့ထွက်ခွာသွားကြပြီဖြစ်ကြောင်း ရှင်းလင်းစွာ သိကြရပေတော့သည်။

"တပည့်တို့ နည်းနည်းနောက်ကျသွားတယ်ကွယ့်၊ သူတို့အာသံကို ထွက်သွားကြပြီ၊ အဲဒီကမှ မြန်မာပြည်ကို ကုန်းလမ်းက သွားကြလိမ့်မယ်"

ဘင်္ဂါလီ ဘုန်းတော်ကြီး၏စကားကြောင့် ခနကာဂျိမှာ စိတ်ပျက်လက်ပျက် ဖြစ်၍သွားလေသည်။ ထိုအခါမှ တကယ်စိတ်ဓာတ်ပြင်းပြ၍ စိတ်ဓာတ်ပြင်းပြသလောက်လည်း ရှုပ်ရှုပ်ချုံချုံ စွန့်စားတတ်

www.burmeseclassic.com

www.burmeseclassic.com



သော သူ့ညီမငယ်၏ ခွဲသတ္တိကို အံ့သြရတော့သည်။ အာသံနှင့် မြန်မာ ကုန်းလမ်းဟူသည်မှာ မည်သည့်ယာဉ်မျှမရှိသော တကယ့်တော တော တောင်ခရီးကြီးဟု ကြားဖူးထားသဖြင့် စိုးရိမ်မကင်းလည်း ဖြစ်မိလေ သည်။ ထို့ကြောင့် ထိုတောခရီးမရောက်မီ မီအောင်လိုက်၍ အရခေါ်မှ ဖြစ်ချေတော့မည်ဟု သဘောရလေသည်။

"ဒီလိုဆိုရင် သူတို့ တောလမ်းမသွားခင် မီအောင် တပည့် တော်တို့ အာသံလိုက်မှ ဖြစ်မယ်ထင်တယ်ဘုရား၊ သူတို့ ဘယ်နေ့က ထွက်သွားကြသလဲဘုရား၊ ပြီးတော့ အာသံမှာ သူတို့တည်းခိုနေမယ့် နေရာ သိရင်လဲ အမိန့်ရှိပါဘုရား"

ဘင်္ဂါလီဘုန်းတော်ကြီးသည် လူငယ်နှစ်ဦးကို ကြည့်ရှု၍ လေးနက်စွာ စဉ်းစားနေလေသည်။ ဤလူငယ်နှစ်ဦးသည် ဂဏောသတို့ အား မုချလိုက်၍ အပါခေါ်မည့် အမူအရာရှိ၏။ အကယ်၍ ယခု ချက်ချင်း အာသံသို့လိုက်က ကေန် ဂဏောသတို့နှင့် တွေ့ပေတော့မည်။ တွေ့လျှင်လည်း ထားခဲ့မည့်ပုံမပေါ်။ ၃ ရက် ၄ ရက် မိမိထံတွင်နေသွား သဖြင့် သီလရှင်ဘဝနှင့် ဗုဒ္ဓစာပေသင်ကြားမှု၌ စိတ်ဓာတ်ထက်သန် လွန်းလှသော ဂဏောသ၏သဘောထားကို ရိပ်မိသည်။ ဤမျှ ဘာသာ ရေး၌ စိတ်ထက်သန်လှသော ကလေးမငယ်သည် မြန်မာနိုင်ငံသို့ လွတ်လွတ်ကျွတ်ကျွတ် ရောက်သွားပါလျှင် ဗုဒ္ဓသာသနာအတွက် အမြတ် ထွက်၍လာပေမည်ဟု တွေးမိသဖြင့်လည်း ဘင်္ဂါလီဘုန်းတော်ကြီးသည် ဂဏောသ၏ပါရမီကို ကူညီလိုသည့်စိတ်ထားများ တဖွားဖွား ပေါ်ထွက် ၍ လာတော့၏။

ထို့ကြောင့် ဘုန်းတော်ကြီးသည် စကားကို မယုတ်မလွန်သုံး၍ အချိန်ကို ဆွဲတော့သည်။

"အင်း...အခုနေဆိုရင် အာသံတောင်ရောက်နေလောက်ပြီထင် တယ်၊ အာသံရောက်ရင် အာသံမှာရှိတဲ့ ဘုန်းကြီးကျောင်းမှာ ခဏငြိ၊ လမ်းညွှန်ခိုင်းပြီး မြန်မာပြည်ဘက် ဆက်သွားကြမှာဆိုတော့ တပည့်တို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားလဲ တွေ့မယ်တော့မထင်ဘူး၊ ဒါပေမဲ့ ဒီလိုလုပ်လေ၊ ဒီက နေပြီး အာသံဘုန်းကြီးဆီ စာရေးမေးမယ်၊ သူတို့ရှိသေးတယ်ဆိုရင် အချိန်ဆွဲထားခိုင်းပြီး ပြန်စာရတော့ လိုက်ပေါ့၊ သွားကြပြီဆိုရင်တော့ တပည့်တို့ အကျိုးထူးမယ်မထင်ဘူး၊ စရိတ်ကုန် လူပန်းပဲ ရှိမှာပဲ၊ ဘယ့်နှယ်လဲ"

ဘဂ်ါလီဘုန်းတော်ကြီး၏ စကားမှာ သဘာဝကျ၍နေပေ၏။ ယခုပင် သူတို့သူငယ်ချင်းနှစ်ယောက်မှာ ခြေကုန်လက်ပန်းကျ၍နေပေ ပြီ။ ၂ ရက် ၃ ရက်လောက် နားနားနေနေ နေပြီးမှ အာသံသို့ လိုက်သင့် က လိုက်ရလျှင် တော်ပေမည်။ ယခုလိုက်သွား၍ မတွေ့ကလည်း နှစ်ယောက်စလုံး ဗုန်းဗုန်းလဲဖို့ပင် ရှိတော့၏။

"ကောင်းပါပြီ ဆရာတော်ဘုရား၊ အမြန်ဆုံး အာသံဘုန်း ကြီးဆီ သံကြိုးရိုက်ပြီး မေးပေးပါ၊ ကွဲကွဲပြားပြားသိရတာနဲ့ တစ်ပြိုင် နက် တပည့်တော်တို့ လိုက်သင့်က လိုက်ပါ့မယ်၊ သွားကြပြီဆိုရင် တော့ မတတ်နိုင်ဘူး၊ ပြန်ကြရုံပေါ့၊ကဲ...တပည့်တော်တို့ကို ခွင့်ပြုပါဦး ဘုရား"ဟု လျှောက်ထားကာ တည်းခိုခန်းသို့ ပြန်လာခဲ့ကြလေ၏။

ကာလကတ္တား ဘဂ်ါလီဘုန်းတော်ကြီး၏ မိတ်ဆက်ပေးမှု ကြောင့် အာသံရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ ဂဏေသတို့ သည် ယမန်နေ့ကပင် ရောက်ရှိခဲ့ကြပေ၏။ မြန်မာပြည်သို့ ကုန်းလမ်း ခရီးဖြင့် ထွက်ခွာနိုင်ရန် လမ်းစဉ် စခန်းစဉ်တို့ကို စုံစမ်းရာ၌ အခန့်သင့် ပင် ထိုအာသံဘုန်းတော်ကြီး (ဘုန်းတော်ကြီးမှာ ရှမ်းမြန်မာကပြား ဖြစ်ဟန်တူ၏)ကျောင်းသို့ မြန်မာပြည်မြစ်ကြီးနားမြို့မှ အာသံသို့ ရောက်ရှိနေကြသော ရှမ်းလူမျိုး ဆင်သမား ၈ ယောက်ကို တွေ့ရလေ သည်။ ၎င်းတို့နှင့်စကားစပ်မိသောအခါ ၎င်းတို့က တစ်ပတ်ခန့်စောင့် စေလိုကြောင်း၊ ၎င်းတို့ကိစ္စပြီးလျှင် အတူတူသွားကြမည့်အကြောင်း ပြောသဖြင့် အာသံဘုန်းကြီးကို တိုင်ပင်ရပြန်၏။ အာသံဘုန်းကြီးက လည်း ဤဆင်သမားများမှာ သွားလာနေကျဖြစ်၍ အတိုဆုံး အနီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



လမ်း၊ ဘေးရန်ကင်းရှင်းသောလမ်းကို သိကြောင်း၊ စိတ်း ကြောင်းနှင့် စောင့်စေလိုကြောင်း ပြောသောကြောင့် အာသံဘုန်းကြီးကျောင်း၌ပင် အေးအေးလူလူ တည်းခိုနေထိုင်ရင်း ဆင်သမားများ ကိစ္စပြီးအောင် စောင့်ဆိုင်းနေလေသည်။

ဆင်သမား ရှမ်းလူမျိုး ၈ ဦးကား မြစ်ကြီးနားမြို့နှင့် အနီးအနား ရွာများမှ ဖြစ်၏။ ၎င်းတို့ကား မြန်မာနိုင်ငံ တောတောင်များမှ ဆင်ရိုင်းများကို ဖမ်းဆီးသင်ကြားပြီး အာသံသို့ တိတ်တဆိတ် လာရောက်ရောင်းချသူများ ဖြစ်လေသည်။ အစိုးရဥပဒေကို မျက်နှာလွှဲ၍ နိုင်ငံခြားသို့ ဆင်များ ခိုးထုတ်နေကြသူများဟု ဆိုလိုက ဆိုနိုင်ပေသည်။ ယခု အပတ်တွင် ဆင်ငါးကောင်ခန့် ပါရှိကြောင်း၊ ငွေအပြေအလည် မရသေး၍ တစ်ပတ်ခန့်ကြာဦးမည်ဖြစ်ကြောင်းမျှသာ ဂဏေသတို့ သိရပေသည်။ မိမိတို့နှင့် မဆိုင်သဖြင့် ထို့ထက်ပို၍လည်း သိဖို့မလိုပါချေ။ မိမိတို့အဖို့ ခရီးဖော်ရလျှင်ပင် ဝမ်းသာရပေမည်။

"ဂဏေသ...လာဦး"

ဘုန်းတော်ကြီးဦးဓမ္မာဝုဓကခေါ်သဖြင့် ဂဏေသသည် အာသံဘုန်းတော်ကြီးနှင့် ဦးဓမ္မာဝုဓတို့ ထိုင်နေရာသို့ လာခဲ့ကာ မနီးမဝေးမှ ခပ်ယို့ယို့ထိုင်၍ ဝတ်ချနေစဉ်မှာပင် အာသံဘုန်းတော်ကြီးက စာတစ်စောင်ကို ထုတ်ပြလေသည်။

စာမှာ ကာလကတ္တား ဘင်္ဂါလီဘုန်းတော်ကြီးထံမှစာဖြစ်သည်။ အာသံဘုန်းကြီးထံပေးသော စာရွက်တွင် မည်သို့ပါသည် မသိရသော်လည်း မိမိထံသို့ရေးသော ဟိန္ဒူဘာသာဖြင့် စာမှာ အောက်ပါအတိုင်း တွေ့ရသည်။

"ဓမ္မဝတီ"

သင့်အစ်ကို ဓနကာဂျီ ကာလကတ္တားရောက်နေပြီ။ ပြန်ခေါ်ရန် လာခြင်းဖြစ်သည်။ အာသံသို့လိုက်မည်တကဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၍ ရှိသေး မရှိသေး စာရေးစုံစမ်းပေးဦးမည်။ သေချာမှ လိုက်သွားပါဟု အချိန်ဆွဲထားသဖြင့် မလိုက်ဖြစ်သေးဘဲရှိသည်။ သို့အတွက် ဤစာရလျှင် အာသံမှ မြန်မြန်ထွက်ခွာသွားနိုင်လျှင် ကောင်းမည်။ ထွက်ခွာသွားကြောင်း သံကြိုးပြန်ရိုက်ပါ။

**အောင်မြင်ပါစေ**

**ဘုန်းတော်ကြီး**

**ဘဂါလိကျောင်း၊ ကာလကတ္တား**

ဂဏေသသည် စာကိုဖတ်ပြီးနောက် ဘုန်းတော်ကြီးလက်သို့ ပြန်၍ဆက်ကပ်လိုက်သောအခါ ဦးဓမ္မာဝုဓက "ချက်ချင်း သံကြိုးပြန်ရိုက်မှ ဖြစ်မယ်ထင်တယ်၊ နို့မဟုတ်ရင် နင့်အစ်ကို ဒီကိုဆက်လိုက်လာလိမ့်မယ်၊ ခုအခြေကျမှတော့ ပြန်ဖို့စိတ်မကူးနဲ့တော့"ဟု သံကြိုးပြန်ရိုက်ရန် တာဝန်ပေးလေသည်။

"တပည့်တော် ခုပဲ မြို့ထဲသွားပြီး သံကြိုးရိုက်ပါ့မယ်၊ စိတ်ချနေပါဘုရား၊ ခုအခြေကျကျ မကျကျ လမ်းတုန်းကတောင် ပြန်ဖို့စိတ်မကူးဘဲ ခုလို မြန်မာပြည်တံခါးဝါးဆိုက်ရောက်နေမှ ပြန်ဖို့တော့ ဝေးပါသေးရဲ့ဘုရား"

"ဟဲ့…နေဦး…ငါ့အနေနဲ့ သံကြိုးရိုက်မှဖြစ်မှာ၊ နင်မသွားနဲ့"ဟု အာသံဘုန်းကြီးကမိန့်တော်မူကာ "ဂဏေသတို့ မြန်မာပြည်သို့ ထွက်ခွာသွားကြပြီ"ဟု သံကြိုးစာကို ရေး၍ လူတစ်ယောက်ကိုလွှတ်ပြီး သံကြိုးရိုက်ခိုင်းလိုက်လေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၅

# ကျား

အာသံပြည်၏ ပြည်ဝင်ပြည်ထွက်ဂိတ်သည် ဂဏေသအား ခြောက်လှန့်၍နေလေသည်။ တစ်မနက်လုံး ကားဖြင့်လာခဲ့စဉ်က ဂိတ်နှင့်မနီးသေး၍ စိတ်မချောက်ချားမိသေးသော်လည်း နယ်ခြားမြို့သို့ရောက်၍ ကားပေါ်မှဆင်းပြီးအလာတွင် ဂိတ်နားနီးလေ တုန်လှုပ်လေ ဖြစ်လာမိ၏။

လေတဖြူးဖြူးတိုက်ခတ်၍နေသဖြင့် ဖန်နဝါရီလ၏ စတုတ္ထပတ် ဆောင်းရာသီမှာ အအေးဓာတ်ပိုကဲ၍နေပေသည်။ ဤအာသံပြည်၏ ဂိတ်အထွက်တောင်ကုန်းမှာ မမြင့်လှသော်လည်း အကာအကွယ် ကင်းမဲ့၍နေသဖြင့် ခိုက်ခိုက်တုန်မျှ အေးချမ်းလှပေသည်။ သို့လင့်ကစား ဂိတ်ပေါက်ရှိ လူဝင်လူထွက်အရာရှိများ၏ အနီးသို့ရောက်လုနီးလေ ဂဏေသ၏စိုးရိမ်စိတ်တို့သည် တိုးတက်လာလေလေဖြစ်ကာ အချမ်းကိုပင် ဂရုမထားနိုင်ဘဲ ပူပန်မှုကြောင့် သွေးဆူနေသဖြင့် ချွေးများပင် ပြန်လုမတတ် ဖြစ်နေပေသည်။

နီပေါပြည်၏ အထွက်ပေါက်ကို ဖြတ်ကူးစဉ်က ကြောင့်ကြမဲ့ဖြင့် ဖြတ်ကူးခဲ့သဖြင့် ဤမျှ တုန်လှုပ်မှုမဖြစ်ခဲ့ပေ။ သို့သော် ထိုစဉ်က လက်မတင်ကလေး လွတ်ခဲ့ရသည့်အဖြစ်ကို ပြန်၍တွေးမိသောအခါ ခဲမှန်ဖူးသော စာသူငယ်လို ရင်တလှပ်လှပ် ဖြစ်လာရပေသည်။ ကာလကတ္တားသို့ရောက်နေသော အစ်ကိုကြီး ခေကာဂျီသည် နီပေါဂိတ်တုန်းကကဲ့သို့ ဤအာသံမြန်မာ အဝင်အထွက်ဂိတ်သို့ ဖုန်းဆက်၍ တားမထားဟုမည်သူပြောနိုင်ပါအံ့နည်း။ မိမိတို့သည် ယခုပင် မြန်မာမြေသို့ ခြေချကြတော့မည်ဖြစ်ရာ ဤအခြေကျမှ ဖမ်းဆီးခြင်းခံနေရလျှင် သေဖို့သာကောင်းပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖော်ဖြစ်သော ဆင်သမားရှမ်းကြီး ၈ ဦးသည် လူစစ်ဆေးရာဌာနသို့ ခပ်မှန်မှန်ပင် ရှေ့မှဦးဆောင်၍ သွားနေသဖြင့် ဂဏေသတို့ ဆရာတပည့်နှစ်ဦးမှာလည်း ရပ်၍မနေသာတော့ဘဲ နောက်မှ မိမိ ပစ္စည်းကလေးများကိုဆွဲ၍ လိုက်ပါသွားရပေသည်။ ဘုန်းတော်ကြီး အဖို့မူ မည်သို့ဖြစ်နေသည်မသိသော်လည်း နီပေါလ်ဂိတ်တွင် ဒုက္ခ ရောက်ခဲ့ဖူးသော ဂဏေသအဖို့မူ လူစစ်ဆေးရာဌာနသို့ ရောက်ခါနီး လေလေ ခြေလှမ်းမမှန်နိုင်အောင် ဖြစ်နေလေလေနှင့် တုန်တုန်ခိုက်ခိုက် ဖြစ်နေတော့၏။

လူဝင်လူထွက် အရာရှိများနှင့် ဆင်သမားခေါင်းဆောင် ရှမ်း လူမျိုးအကြီးအကဲတို့သည် ဂဏေသတို့ နားမလည်သော စကားတို့ဖြင့် အပြန်အလှန်ပြောဆိုနေကြပေသည်။ ပြောရင်းလည်း ဆင်သမားရှမ်း ကြီးက ဘုန်းတော်ကြီးနှင့် ဂဏေသအား လက်ညှိုးထိုး၍ပြရာ အရာရှိ က ခေါင်းခါသည်ကို တွေ့ရလေသည်။ ခက်ချေပြီ။ အာသံမှ ထွက်ခွင့် ရမှ ရပေတော့မည်။

၅ မိနစ်ခန့်ကြာသွား၏။ စကားကား မဆုံးနိုင်သေး။ အချမ်း ဒဏ်ကြောင့်တစ်ကိုယ်လုံးလုံအောင်ခြုံထားသော ဂဏေသတွင် သောက ရှိန်ကြောင့် ချွေးများပင် ပြန်၍လာပေတော့၏။ ဆင်သမား ၃-၄ ဦးက လည်း ပါလာသောအထုပ်အပိုးများကိုချကာ အရာရှိကို ဝင်၍ပြော လေသည်။ နောက် အားလုံးပင် အဆောက်အအုံကလေးအတွင်းသို့ ဝင်၍သွားကြပြီး အတန်ကြာမှထွက်၍လာကြကာ ရှမ်းအကြီးအကဲက ပြုံးရွှင်စွာဖြင့် သွားခွင့်ရပြီဟု ပြောလိုက်လေ၏။ ထိုအခါမှ ဂဏေသ တွင် အပူလုံးကြီး ကျဆင်း၍သွားလေတော့သည်။

နောက်မှသိရသည်ကား ၎င်းတို့လူစု၏ သွားလာမှုအတွက် ငွေရေးကြေးရေး ဈေးဆစ်နေကြခြင်းသာ ဖြစ်၏။ ဆင် ၅ ကောင်ကို ရောင်းလာခဲ့ရသော ရှမ်းကြီးများအဖို့ ငွေကို ရေလိုသုံးနိုင်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိသဖြင့် စားနေကျကြောင်ဖားကြီးများဖြစ်ကြသော အသံကင်းသမား များက ငွေများများရအောင်ညှစ်ကြသဖြင့် ကြန့်ကြာနေခြင်းဖြစ်သည်ဟု ဆိုလေသည်။

ထိုရှမ်းကြီးများမှာလည်း ဤခရီးကိုသွားနေကျဖြစ်သဖြင့် ၎င်း တို့အဖို့ဤကိစ္စသည် အဆန်းမဟုတ်တော့။ ဆင်များများပါ၍ များများ ရောင်းရလျှင် ကင်းသမားအရာရှိများအား များများကန်တော့လက်ဆောင် ပေးရမြဲဖြစ်ပေသည်။ ဤသို့ပင် ဤလမ်းမှ ဤနည်းဤပုံ အလုပ်လုပ် နေကြသူများဖြစ်၍ ဤကိစ္စတွင် ဘုန်းတော်ကြီးနှင့် ဂဏ္ဍောသပါလာ ခြင်းမှာ ပြဿနာပင်မဟုတ်ဟု သိရသည်။ သို့နှင့် ဂဏ္ဍောသတို့လူစု သည် အချိန်တိုတိုနှင့်ပင် မြန်မာမြေသို့ ချောချောပြေပြေ ခြေချနိုင်ခဲ့ ပေပြီ။

နေအတန်မြင့်လောက်ပြီဖြစ်သော်လည်း နှင်းတို့သည် ထူထပ် စွာ ကျဆင်း၍နေပေသည်။ နှင်းကြောင့် နေကိုမမြင်ရသဖြင့် အချိန်ကို အတိအကျ မသိရသော်လည်း ၉ နာရီထက် မစောတော့ဟု ခန့်မှန်းရ ၏။ သို့သော် ရှေ့သို့ ၁၅ ကိုက်ထက် ပို၍ သဲသဲကွဲကွဲ မမြင်နိုင် သေး။ တောလမ်းခရီးသို့ သွားနေရပြီး တောမှာလည်း တစ်စတစ်စ ထူထပ်လာသည်ကိုသာတွေ့ရ၏။ အကယ်၍ သစ်ကျားအန္တရာယ်သာ တစ်နေရာရာမှ ထွက်ပေါ်လာခဲ့လျှင် ကြိုတင်ရှောင်တိမ်းရန်ပင် ခဲယဉ်း ပေလိမ့်မည်။

ရှေ့မှ ဦးဆောင်၍သွားနေသော ရှမ်းအကြီးအကဲ၏နောက်သို့ သာ လိုက်နေရ၏။ ဂဏ္ဍောသအဖို့ သူဆင်းလျှင်ဆင်းချင်း သူတက် လျှင် တက်ချင်း ဆင်းလိုက်တက်လိုက်၊ တက်လိုက်ဆင်းလိုက်ဖြင့် တောနှင့် တောင်စွယ်တွင် ဘယ်ဝယ်မြောက်တောင်မသိဘဲ သွားမိ သွားရာ သွားနေရသကဲ့သို့သာ ထင်မိတော့၏။

ရှေ့ဆုံးမှ ရှမ်းကြီးနှစ်ယောက်၊ ထို့နောက်မှ ဂဏ္ဍောသတို့ဆရာ တပည့်၊ ထိုသည်၏အခြားမဲ့၌ အဖွဲ့ဝင်ဆင်သမားများ၊ ဤလူစုအဖို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အထုပ်အပိုး ကိုယ်သယ်၍ နှင်းထုကြောင့် ရှေ့သို့ ဝေးဝေးမမျှော်နိုင်ဘဲ စမ်းတဝါးဝါးဖြင့်သာ တရွေ့ရွေ့ တိတ်ဆိတ်စွာ လှမ်း၍နေကြရပေတော့သည်။

နှင်းထုကွဲစပြု၍ အလင်းရောင်ကွန့်မြူးလာသောအခါ နံနက် ၁၀ နာရီကျော်ခန့်ရှိပြီဟု သိရ၏။ ဂဏေသတို့ လမ်းခရီးကား မြင့်မားသော တောင်ကြီးများ၏အကြားတွင်ဖြစ်ပြီး မရပ်မနားသွားနေရသဖြင့်သာ သွေးပူ၍လည်း အချမ်းသက်သာသလို ရှိနေသော်လည်း ခြေတို့ကား ထုံကျဉ်၍ပင် နေပေသည်။

"ဟေး...သမီး မောပလား...နားဖို့နီးပါပြီ"

ခေါင်းဆောင်ရှမ်းကြီးက နောက်သို့လှည့်ကြည့်ပြီး မြန်မာစကားဖြင့် မေးလိုက်သဖြင့် မမောသေးကြောင်း ခေါင်းခါ၍ပြုံးပြလိုက်သော်လည်း အမှန်မှာ နားခွင့်ရက နားချင်၍နေပေပြီ။

တောင်ရိုးတန်းကိုပတ်၍ ကွေ့နေကာ တစ်နေရာဆီသို့ ဦးတည်သွားနေသော ရှေ့သွားရှမ်းကြီးက လမ်းပေါ်သို့ နေပြောက်မထိုးလောက်အောင် အုပ်နေသည့် သစ်ပင်ကြီးကြီးတစ်ပင်ကို လက်ညှိုးထိုး၍ပြရင်း စခန်းချ ချက်ပြုတ်စားသောက်ကြမည်ဖြစ်ကြောင်း ပြောပြလိုက်မှ ဝမ်းသာ၍သွားကာ ထိုသစ်ပင်အောက်သို့ ခပ်သုတ်သုတ်ဝင်လိုက်ပြီး ဂဏေသသည် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

"ဟဲ...ဟဲ...သမီး မောပြီ၊ အေး-အေး- အိပ်ချင် အိပ်ဦး၊ တို့ထမင်းချက်မယ်"

အကြီးအကဲဖြစ်သော ရှမ်းကြီးက ဂဏေသအား နေရာပေးရင်း သူ့လူများကိုလည်း အသီးအသီး စီစဉ်ချထားစေကာ နေ့လယ်စာအတွက် ပါလာသော အထုပ်အပိုးများမှထုတ်၍ ချက်ပြုတ်စီမံနေပေသည်။ ဂဏေသကား သူ့အဝတ်ကလေးများကိုခင်း၍ တုံးလုံးပက်လက်လှဲနေလေ၏။ ဘုန်းတော်ကြီးမှာ အမူအရာမပျက်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးကိုမှီကာ ခြေပစ်လက်ပစ် ထိုင်နေသဖြင့် အတော်အတန် ပင်ပန်းနွမ်းနယ်ဟန် ပေါက်၍နေပေသည်။

ဆီးနှင်းတို့ ပါးလျားစပြုလာသော်လည်း နေရောင်ခြည်ကွန်ရက်၏ ဖြန့်ကြက်မှုကိုကား မတွေ့ရသေးပေ။ မြင့်မားသောတောင်ရိုးတန်း၏ အကာအကွယ်ကြောင့် အချမ်းဓာတ်နှင့် လေအေး၏အန္တရာယ်မှမူ အတော်အတန် သက်သာရာရနေပေသည်။

တောင်ကြားမှ တတွေတွေစီးသွန်နေသော စမ်းရေသံနှင့် တောငှက်တို့၏ ဘာသာဘာဝ သီကြွေးသံတို့က အပန်းကို တစ်စတစ်စ ပြေစေသည်။ ဂဏေသသည် လာခဲ့သောခရီးစဉ်နှင့် သွားရအုံ့သော ခရီးစဉ်ကို နှိုင်းယှဉ်စဉ်းစားရင်းက ယခု မိမိရောက်ရှိ ခွေလှဲနေသော မြေအပြင်သည် အလွန်ရောက်လိုနေသည့် မြန်မာမြေပြင်ပင်ဖြစ်သည် ဟူသော အသိကြောင့် ပို၍အားတစ်ဆင့်တက်စေသဖြင့် နွမ်းနယ်မှုများ တစ်စတစ်စ ရွေ့လျားလာလေသည်။ နံနက်က လင်းအရုဏ်မစမီ ထ၍လာခဲ့သဖြင့် ယခုအနေ အိပ်လိုက်လျှင် ပျော်ကောင်းပျော်သွားမည် ဖြစ်သော်လည်း မြန်မာပြည်တွင်းသို့ရောက်နေရပြီဟူသော ဝမ်းသာမှုကြောင့် ငိုက်မျဉ်းမှုကင်းရှင်း၍နေပေ၏။

မြန်မာပြည်ရောက်နေပြီ။ မကြာမီအတွင်း ငါနေရမည့် မော်လမြိုင်မြို့သို့ရောက်ပြီး လိုလားသော ဗုဒ္ဓစာပေများကို သင်ကြားကျင့်သုံးရပေတော့မည်။ ထို့နောက် ငါတို့အမိနိုင်ငံဖြစ်သည့် နီပေါပြည်အား ထေရဝါဒဗုဒ္ဓရောင်ခြည် ထွန်းလင်းသည်တက် ထွန်းလင်းအောင် အားထုတ်ရပေတော့မည်။

"ကဲ...ထတော့ သမီး၊ ထမင်းစားမယ်"

ရှမ်းအကြီးအကဲက ဘုန်းတော်ကြီးအား ရိုသေစွာ ဆွမ်းကပ်ပြီးနောက် ဂဏေသရှေ့သို့လည်း ဖက်ရွက်များ ဖြန့်ခင်းကာ အရေ့တခြောင်းခြောင်းနှင့်ထမင်းများကိုပုံရင်း အတွေးလွန်နေသော ဂဏေသ

www.burmeseclassic.com

www.burmeseclassic.com



အား အသံပြုလိုက်သည်။ ဟင်းမှာ အသားမစားသော ဂဏေသ အတွက် အထူးအထွေမပါပေ။ ထမင်းပုံပေါ်တွင် ကုလားပဲများ ပြုတ်ထားသော ပဲဟင်းကိုပုံကာ ဆားဖြူးပေးထားလေသည်။ အသားခြောက်များ ပါသော်လည်း ဂဏေသအတွက် အသုံးမဝင်ပေ။ မည်သို့ပင် ဖြစ်စေ တစ်နံနက်လုံး မောပန်းလာရပြီး ဘာမျှစားမလာရသော ဝမ်းကို ပေးထားသော ထမင်းနှင့်ပဲကို စား၍ ရေအဝသောက်ကာ ဖြည့်တင်းလိုက်ရပေသည်။

စားသောက်ပြီးလျှင် ဘုန်းတော်ကြီးနှင့် ဂဏေသတို့အပြင် ခရီးဖော်အားလုံးတို့သည် အထုပ်အပိုးများကို ပြုပြင်ထုပ်ပိုးလျက် နားမနေနိုင်ဘဲ ဆိုင်ရာဆိုင်ရာယူဆောင်ကာ ရှေ့ခရီးကို ဆက်ကြရ၏။ စားသောက်ပြီး အားတစ်ဆင့်တက်လာကြသဖြင့် နံနက်ကထက် သွက်လက်စွာ လှမ်းနေကြသည်။ ခရီးကား စလုံးရေစသာ ရှိသေးသဖြင့် နှေးနေ၍မဖြစ်ပါချေ။

နေ့လယ်ပိုင်း ခရီးဆက်ရခြင်း၌ကား ပို၍ပင် ခရီးတွင်သေး၏။ ထူးဆန်းသော တောငှက်ငယ်များ၏ သာယာသောတေးသံနှင့် ထွေးနွေးသော နေရောင်ခြည်ကိုရရှိပြီး တောတောင်ခရီး၏ သာယာစိုလွင်မှုကိုလည်း အပြည့်အဝ မြင်တွေ့နေရပေသည်။ ပူပြင်းသော နေရောင်ခြည်မဟုတ်၍ မောပန်းမှုလည်းမရှိချေ။ လမ်းမှာ အတက်အဆင်း ရှိလင့်ကစား ယခုအချိန်အထိ ခဲရာခဲဆစ်သွားရသော နေရာမျိုး မတွေ့ရသဖြင့် ယခုခရီးသွားနေရသည်မှာ ဂဏေသအဖို့ ပျော်ရွှင်မှုပင် ဖြစ်၍ နေပေ၏။ တောင်မြင့်ကြီးများမှာ ဆီးနှင်းမပြယ်သဖြင့် ထိပ်ဖျားကို မမြင်ရပေ။ ဤဒေသရှိတောင်ကြီးများ၏ မြင့်မားမှုတို့မှာ ဂဏေသလို တောင်ကုန်းဒေသ နီပေါပြည်သူတစ်ဦးအဖို့ ထူးဆန်းလှသည်ဟု မဆိုသာသော်လည်း မြန်မာနိုင်ငံ တောတောင်သဘာဝ၏ နုပျိုစိုလန်းမှုမှာမူ နီပေါပြည်နှင့် မတူလှ။ ဤအချိန် ဤရာသီ နီပေါ

www.burmeseclassic.com

www.burmeseclassic.com



ပြည်၏ တောတောင်များမှာဆိုလျှင် ဆီးနှင်းခဲများကြောင့် အရွက်များ ကျကြွေ၍ ရိုးတံခြောက်ခြောက်ကျဲကျဲ ဖြစ်၍နေပေလိမ့်မည်။

သုတ်ဖြူးလေတွင် တဝေဝေပွင့်နေသော တောပန်းတောင်ပန်း တို့၏ ရနံ့ကို ရှူရှိုက်လျက် တတွေတွေကျနေသော စမ်းရေကျသံ၊ သာယာသော ကျေးငှက်သံများကိုနားခံကာ ကွေ့ကောက်သောတောမြိုင် ခြေလမ်းတွင် အေးချမ်းစွာဖြင့် ခရီးဆက်ခဲ့ကြရာ နေခြည်ပင်ညှိုး၍ တောင်ရိုး၏တစ်ဖက်ဆွယ်တွင် ကွယ်လုလုအခြေသို့ ဆိုက်ရောက် ခဲ့သည်။

ဆင်သမား ရှမ်းကြီးများကား ၎င်းတို့လာနေကျလမ်းအတိုင်းပင် ပြန်နေကြခြင်းဖြစ်သဖြင့် နေခြည်ညှိုးချိန်ကျလျှင်ပင် ယခင်က စခန်းချခဲ့ သည့်နေရာဟောင်းကို တွေ့တော့မည်ဟု အချင်းချင်းပြောဆိုကာ ပို၍ ပင် သွက်လက်စွာ လှမ်းနေကြလေသည်။ မကြာမီ စခန်းချ၍ ညစာ ချက်ပြုတ်စားသောက်ပြီး တစ်ညတာလုံခြုံမှုအတွက် နေရာထိုင်ခင်း ပြင်ဆင်၍ ခိုနားကြရဦးမည် မဟုတ်ပါလော။

"မောပလား...ဖွားသိ၊ စခန်းရောက်လုပါပြီ၊ ကြိုးစား"

ရှမ်းတစ်ယောက် ဂဏောသအား ဖွားသိဟု ယဉ်ယဉ်ကလေး ခေါ်ကာ အားပေးလိုက်၏။ ဂဏောသကပြုံး၍ "ဒီနေရာမှာ ညအိပ်လို့ မဖြစ်ဘူးလား"ဟု တတ်သလောက် မြန်မာစကားဖြင့် အနီးတစ်ဝိုက်ကို လက်ညှိုးထိုး၍မေးရာ ထိုရှမ်းက ခေါင်းခါ၍ပြသဖြင့် ဂဏောသတွင် အတွေးရှည်၍ သွားပြန်သည်။ အမှန်အားဖြင့် ဤတောဤတောင် သည် မြန်မာနိုင်ငံ၏အထက်ပိုင်း ခေါင်လှသောကုန်းမြင့်ဒေသ အာသံ မြန်မာနယ်ခြားတောတောင်စခန်းဖြစ်ရာ ဆင်၊ ကျား၊ ကျားသစ် စသော သားရဲတိရစ္ဆာန်များ ခိုအောင်းနေထိုင်ရာဒေသပင် ဖြစ်၏။ ယခုလို နေ့ခရီးအတွက် လမ်းကြမ်း၍ခရီးပန်းသည်မှတစ်ပါး တောကျွမ်းသော ဆင်သမား ရှမ်းလူမျိုးတို့၏ ကျေးဇူးကြောင့် အန္တရာယ်အထူးအထွေ

www.burmeseclassic.com

www.burmeseclassic.com



မရှိလှပေ။ နေ့တာကုန်ဆုံး၍ နေရောင်ဆိတ်သုဉ်းသွားလျှင် သားရဲ တိရစ္ဆာန်နှင့် ဆိုးဝါးသောတောကောင်များ လှုးလာ၊ ပျော်မြူးကြပေ တော့မည်။ ထို့ကြောင့် ညအချိန် ဤတောခေါင်တောဖျားတွင် စခန်းချ အိပ်စက်ရရေးမှာ တွေးကြည့်လျှင် ကြောက်စရာကောင်းလှပေသည်။ အဖော် ဆင်သမားကြီးများကား ဤလမ်းတွင် သွားနေကျဖြစ်သဖြင့် ဤအရေးအတွက် မည်သို့တွေးတောစဉ်းစားထားမည် မသိသော်လည်း ဂဏေသတို့ ဆရာတပည့်ကား ညအရေးကို တွေးတော စိုးရွံ့၍နေမိ တော့သည်။

တောင်တစ်ဖက်သို့ နေလုံးကွယ်စအချိန်မှာ နာရီအားဖြင့် ၄ နာရီ ခန့်မျှသာ ရှိမည်ဖြစ်သော်လည်း တစ်နေ့လုံး ပျောက်လွင့်နေသော ဆီးနှင်းမှုန်များသည် လေသုန်သုန်တွင် မှုန်မှုန်ကြဲ၍လာစပြုပြီဖြစ်ရာ အအေးဓာတ်ကလည်း ပိုကဲ၍လာသည်။

စခန်းသို့ရောက်လုပါပြီဟု ပြောသော်လည်း အလှည့်ကျ ရှေ့က ခေါင်းဆောင်၍သွားနေသော ဆင်သမားကြီးက အသွားမရပ်သေး။ မည်မျှဝေး၍ မည်သည့်အချိန်ထိအောင် သွားနေကြဦးမည်မသိ။ မေးတတ် မြန်းတတ် ပြောဆိုတတ်အောင်လည်း မြန်မာစကား မတတ်သေးသဖြင့် မမေးနိုင်။ ဆရာတော်အားလည်း အရာခပ်သိမ်း မမေးဝံ့သဖြင့် တိတ် ဆိတ်စွာပင် လှမ်းနေရပေသည်။ ၎င်းတို့အသွားမရပ်သမျှ မည်မျှ ပင်ပန်း၍ နေစေကာမူ လှမ်း၍သာနေရပေဦးမည်။

"ဟော...ရောက်ပြီ"

တောင်ရိုးတစ်ဖက်အကွေ့ သစ်ပင်အုပ်ကောင်းကောင်း မြေ မပြန့်တပြန့်နေရာတွင် ယိုင်ရွဲ့သော တဲငယ်ကလေးယောင်ယောင်ကို တွေ့ရသော် ရှေ့သွား ဆင်သမားကြီးက အားရဝမ်းသာအော်ဟစ်၍ ပြေးသွားကာ အထုပ်အပိုးများကို ချလေသည်။ လာစဉ်က ၎င်းတို့ စခန်းချခဲ့သော နေရာပင်ဖြစ်၏။ ထိုနေရာတွင် အားလုံးရပ်နားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြကာ ထမင်းချက်ရန် ပြင်ဆင်သူကပြင်ဆင်၊ မီးဖိုသူက မီးဖို၍ အချို့ကား တဲငယ်ကလေးကို ပြင်ဆင်နေကြလေသည်။

သစ်ကိုင်းများနှင့်ဝါးများကို ခုတ်၍ တဲကလေးကို ပြင်ဆင်မိုးကာရာ၌ ဂဏေသတို့ဆရာတပည့်ကလည်း နိုင်သလောက်ဝင်ရောက်ကူညီကြသည်။ သို့သော် ဆင်သမားများက အကူအညီမခံဘဲ ငြိမ်ငြိမ်ထိုင်နေရန်သာပြောကြ၍ ၎င်းတို့သာ တစ်ယောက်တစ်လက်ဖြင့် သွက်လက်လျင်မြန်စွာ လုပ်ဆောင်သွားကြရာ မကြာမီပင် အတော်အတန်ကျယ်ဝန်း၍ အမိုးအကာလုံခြုံစွာဖြင့် သစ်ရွက်ခြောက်များ ခင်းထားသော တဲတစ်လုံးပြီးစီး၍ သွားပေတော့၏။

"ကဲ...သမီးက...ဒီမှာနေ၊ ဘုန်းတော်ကြီးအတွက်က ဒီမှာ"

ဆင်သမားအကြီးအကဲရှမ်းကြီးက တဲအတွင်းကျကျ လုံခြုံစိတ်ချရမည့်နေရာတွင် ဂဏေသကို ချထားပြီး ဘုန်းတော်ကြီးကို တဲခေါင်းရင်းဘက်တွင် နေရာပေးကာ ၎င်းတို့ဆင်သမားများက ဘေးပတ်လည်မှရံ၍ နေရာယူကြသည်။ ထို့နောက် မီးပုံကြီးကိုလည်းမီးအားနည်းမသွားစေရန် ကျန်လူများအား ထင်းခြောက်များ ရသလောက်ရှာဖွေစုဆောင်း၍ ထားစေသည်။ မကြာမီ ရေနွေးများကျိုကာ သစ်ရွက်တစ်မျိုးကိုခတ်၍ ဂဏေသတို့ ဆရာတပည့်အား တိုက်လေသည်။ ဂဏေသတို့ ဆရာတပည့်မှာ ညစာစားကြသူများမဟုတ်၍ ၎င်းတို့လာပေးသော ရေနွေးကိုသာ ဝအောင်သောက်ကြရသည်။ ရေနွေးသောက်လိုက်မှပင် တစ်နေ့လုံး မောလာသမျှ ပြေပျောက်၍ အချမ်းလည်းသက်သာသွားလေသည်။

ဆင်သမားကြီးများသည် ညစာစားသောက်ကြပြီးနောက် ဂဏေသတို့ ဆရာတပည့်အား ချမ်းသာစွာ ကိုယ့်နေရာကိုယ် အေးအေးဆေးဆေး အိပ်ကြရန် ပြောဆိုပြီး ၎င်းတို့က မအိပ်မနေ အလှည့်ကျနှစ်ယောက်စီ စောင့်ကြရန်အတွက် လူဝေနေလေသည်။ ထို့နောက်တွင်မူ စကားများများ ပြောမနေကြတော့ဘဲ အိပ်လှည့်ကျသူများက

www.burmeseclassic.com

www.burmeseclassic.com



အိပ်ကြကာ စောင့်လှည့်ကျသူနှစ်ဦးမှာ မီးဖိုကြီးကို အရှိန်မနည်းရန် မီးထိုးရင်း စောင့်ကြရလေ၏။

ဆောင်းရာသီ၏ ဗဟိုကျသော အချိန်အခါတွင် တောမြိုင်စိမ့်စမ်းအလယ်တွင် ညအိပ်စက်ကြရသောဒုက္ခကို ကိုယ်တွေ့ခံစားရမှသာ အတိအကျ သိရလေသည်။ လေမလုံသောသစ်ရွက်တဲမှာ လေဖြတ်ိုင်းပင် နှင်းငွေ့နှင်းမှုန်များနှင့် အချမ်းဓာတ်ကို ကာကွယ်နိုင်စွမ်းမရှိသဖြင့် ထွေး၍မလုံအောင် ရှိတော့၏။ သစ်ရွက်ခြောက် ထူထူခင်း၍ ပါလာသမျှသောစောင်တို့ကို ပိန်းနေအောင် ခြုံထားသော်လည်း အချမ်းဓာတ်မှာ အရိုးအဆစ်များမှ စိမ့်၍ချမ်းနေသည်ဟု ဂဏောသထင်မိသည်။ ဆီးနှင်းထူထပ်၍ ရေခဲအောင်ချမ်းသော နီပေါလ်ပြည်၌ မွေးဖွားခဲ့သူဖြစ်သော်လည်း လုံခြုံသောအိမ်အတွင်း ခြုံလွှာအထပ်ထပ်ဖြင့် နေလာခဲ့သူဖြစ်၍ ဤမျှသိပ်သည်းလှသော အချမ်းဒဏ်ကို မခံဖူးသဖြင့် ဂဏောသမှာ ရတ်တရက် အိပ်၍မရလောက်အောင် ခိုက်ခိုက်တုန်၍နေလေသည်။ တဲဝ မနီးမဝေးတွင် အရှိန်ကောင်းကောင်းဖြင့် တောက်လောင်နေသော မီးဖိုကြီးကလည်း တဲအတွင်းရှိလူစုကိုနွေးအောင် တတ်နိုင်ခြင်းမရှိပေ။ ဂဏောသအဖို့ ချမ်း၍အိပ်မပျော်တိုင်း ရထားသော ပရိတ်တော်များကိုသာ နှုတ်မှ တဖွဖွရွတ်ဆို၍နေပေသည်။ ကုသိနာရုံတွင် ၇ လခန့် သောင်တင်ခဲ့စဉ်ကစ၍ ညစဉ်မပြတ်ရွတ်ဆိုခဲ့သော ပရိတ်တော် ၁၁ သုတ်မှာ ယခုလို တောတောင်စိမ့်စမ်းအလယ်တွင် အန္တရာယ်ကင်းရေးအတွက် အားကိုးစရာအကောင်းဆုံးသော လက်နက်ကြီးများပင် မဟုတ်ပါလော။

ဆင်သမားကြီးများမှာ မောမောဖြင့် တခေါခေါနေအောင် ဟောက်၍ အိပ်နေကြပြီး ကင်းလှည့်ကျနေသူများကလည်း တာဝန်ကျေစွာ မီးဖိုကြီးကို မအိပ်မနေ မီးထည့်၍ စောင့်နေကြလေသည်။ ဂဏောသတို့ ဆရာတပည့်ကား ရတ်တရက် မအိပ်နိုင်ဘဲ ဘုရားပုတီးရှိခိုးလျက် ပရိတ်မေတ္တာ ဘာဝနာများကို ရွတ်ဆိုပွားများ၍နေကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သို့နှင့် တောမြိုင်လယ်၏ညအရေးမှာ ထင်သလောက် ကြောက်မက်ဖွယ်ရာမကောင်းလှပါချေ။

တဖြူးဖြူးတိုက်ခတ်နေသောလေသံ၊ တဖြောက်ဖြောက် ကျဆင်းနေသော နှင်းပေါက်သံ၊ မနီးမဝေးမှ တသွင်သွင်မြည်နေသော စမ်းရေသံ၊ ရံဖန်ရံခါ ထွက်ပေါ်လာသော ညကောင်တို့၏အသံတို့ဖြင့် ညမှာ လုံးဝတိတ်ဆိတ်မနေသော်လည်း ခရီးပန်းလာကြသော ဂဏောသ တို့ကား ည၏တွန်မြည်သံတို့ကို ကြာရှည်အာရုံခံ၍ မနေနိုင်တော့ပေ။ မကြာမီအတွင်းမှာပင် ညသံတို့သည် ဝေး၍ ဝေး၍သွားကာ နောက်တွင် ပြတ်စဲ၍သွားတော့၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ အော်သံဟစ်သံ များ ဆူညံစွာ ထွက်ပေါ်လာသဖြင့် ဂဏောသသည် ထိပ်ထိပ်ပျာပျာနှင့် အိပ်ရာမှနိုးလာလေသည်။ ဂဏောသတို့ ဆရာတပည့်မှတစ်ပါး အားလုံး ပင် ငုတ်တုတ်ထိုင်၍ တဟေးဟေးနှင့် အော်ဟစ်နေကြသည်ကို အံ့သြဖွယ်တွေ့ရပေသည်။ ဂဏောသသည် အလန့်တကြားဖြင့် အိပ်ရာ မှ လူးလဲ၍ထလိုက်သည်။ ဆင်သမားအချို့ကား မီးပုံကြီးကို ပို၍ လောင်အားကောင်းလာအောင် ထင်းခြောက်များ ထပ်၍ထည့်နေကြ သည်။ နှင်းတို့သည် ညဦးကထက်ကပင် ပို၍ပိန်းနေအောင် ကျနေ လေသည်။ မီးဖိုမှ မီးစများကိုလည်း နှင်းကြားတွင် ဟိုမှသည်မှ ပစ်ထားသည်ကို တွေ့ရပေသည်။ မီးရှို့ထားသော ဝါးလုံးများ၏ တဝုန်းဝုန်းပေါက်ကွဲသံများကိုလည်း ကြားရလေသည်။

ဂဏောသသည် စိတ်မသန့်ဖွယ်မြင်ကွင်းကို နားမရှင်းနိုင်သဖြင့် ဘုန်းတော်ကြီးအနီးသို့ တိုးသွားကာ “ဘာဖြစ်တာလဲ ဘုန်းဘုန်း” ဟု ခပ်တိုးတိုး မေးရလေသည်။

“ကျွားလာတယ်ဆိုထင်ပါရဲ့၊ ဟိုတောင်ရိုးအကွေ့နားက မျက်စိ နှစ်လုံး စိမ်းစိမ်းကြီး မီးရောင်နဲ့မြင်ရလို့ ခြောက်လှတ်ကြတာတဲ့ ကိစ္စမရှိဘူး၊ သွားအိပ်ဦး၊ ခုမှ သန်းခေါင်ကျော်လောက်ရှိသေး

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးစကားကြောင့် ကျားလာသည်ဟု ကြားရသော်လည်း ဆင်သမားတို့၏ လုံ့လဝီရိယကို တွေ့မြင်ရသဖြင့် ဂဏေသတွင် ကြောက်စိတ်လန့်စိတ် ပေါ်၍မလာပေ။ ပတ်ပတ်လည်မှ ဆင်သမားကြီးများမှာလည်း ဤအရေးကို ပြဿနာတစ်ရပ်ဟူ၍ပင် တွက်ဆထားဟန်မတူ။ တွေ့ရိုးတွေ့စဉ် ဖြစ်ရိုးဖြစ်စဉ်ပမာ သဘောထားဟန် တူလေသည်။

"ဟော့–သမီး အိပ် အိပ်၊ မကြောက်နဲ့၊ တို့စောင့်နေတယ်"

ရှမ်းအကြီးအကဲက ဂဏေသ ထထိုင်နေသည်ကို တွေ့သဖြင့် သူ့နေရာမှနေ၍ အော်ပြောလိုက်သည်။ ဂဏေသသည် ထူးထူးထွေထွေ ထပ်မေးမနေတော့ဘဲ ပြန်၍အိပ်လိုက်လေ၏။ ထိုမှ နောက်၌ကား ငယ်ရွယ်နုပျို၍ သွေးသားဆူဖြိုးပြီး ခရီးပန်းလာသူ ဂဏေသသည် ပြန်လည်အိပ်ပျော်၍ သွားလေတော့သည်။

ကျေးသံငှက်သံများ ဆူညံစပြုလာသဖြင့် ဂဏေသ အိပ်ရာမှ နိုးလာသောအချိန်မှာ လင်းရောင်ခြည်များ ပျို့ဝေယှက်သန်း၍ နေပေပြီ။ တဲအမိုး သစ်ခက်များကြားမှ နှင်းပေါက်များပင် တစ်ပေါက်ပေါက်ဖြင့် အိပ်ရာဘေးသို့ ကျနေရာ စိုရွှဲ၍နေပေသည်။ အလှည့်ကျစောင့်နေကြသူနှစ်ဦးမှတစ်ပါး မည်သူမျှ အိပ်ရာမထကြသေးပေ။ ဂဏေသသည် ခြုံထားသောစောင်ကို အသာလှပ်ကြည့်လိုက်ရာ အပမှ အအေးဓာတ်သည် ရင်ကိုခိုက်ကာ စိမ့်ကိုက်၍ပင် သွားလေသည်။

"အိပ်ဦးလေ၊ အစောကြီးရှိသေး"

ကင်းသမား ရှမ်းကြီးတစ်ဦးက ထဟန်ပြင်နေသော ဂဏေသအား လှမ်း၍ပြောလိုက်သဖြင့် စောင်ကို အသာအယာ ပြန်၍ခြုံကာ ထွေးထွေးနွေးနွေး လုပ်နေရသော်လည်း အိပ်ချင်စိတ်မရှိတော့သဖြင့် ပရိတ်တော်များကိုသာ တိုးတိုးရွတ်ဆို၍ နေရပေတော့၏။

အလင်းရောင် တော်တော်လက်လာတော့မှပင် အားလုံးအိပ်ရာမှ ထကြကာ နံနက်စာအတွက် ချက်ပြုတ်ကြရသည်။ အထုပ်အပိုးများ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ပြင်ဆင်ကြရ၏။ သို့နှင့် တောစခန်း၏ တစ်ညတာမှ ရောရောရှုရှု လွန်မြောက်၍လာကြပြီဖြစ်သဖြင့် အားလုံးပင် ရွှင်လန်း၍ နေကြပေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၆

# မြွေ

ဒုတိယနေ့ခရီးက ကြမ်းတမ်းလှပေသည်။ ပထမနေ့ကကဲ့သို့ တောင်ရိုးတန်းကို ကွေ့ဝိုက်ရုံမျှဖြင့် လိုရာသို့မရောက်နိုင်တော့သဖြင့် မြင့်မားလှသော တောင်ကြီးတစ်တောင်ကို ဖြတ်ကျော်ကြရသည်။ ဆင်သမားကြီးများ ယခင်က ဆင်များဖြင့်လာခဲ့ရသော လမ်းဖြစ်သော်လည်း မတ်စောက်သော တောင်ကမ်းပါးယံကြီးများဝယ် လမ်းကြောင်းမတွေ့တော့သဖြင့် သစ်ပင်ငယ်များကို အားပြုဆွဲကိုင်၍ တက်ရသည်မှာ ပင်ပန်းလှပေသည်။

တစ်ခါတစ်ရံ ရှေ့ကသွားသော ဆင်သမားကြီးမှာ လမ်းစပျောက်နေသဖြင့် အတန်ငယ်သွားပြီးမှပင် တောင်ကမ်းပါးယံ အမြင့်ကြီးမှ ပြန်ဆင်းရသော အခါမျိုးလည်း ရှိလေသေး၏။ ထိုအခါမျိုးတွင်မူ ပင်ပင်ပန်းပန်း ကြိုးစား၍တက်ထားပြီးမှ ပြန်ဆင်းရသဖြင့် ဒိုချင်စရာကောင်းလှတော့သည်။ သို့ဖြင့် တစ်နံနက်လုံး တောင်တက်ခရီးချည်း သွားနေရပေရာမနေ့ကတစ်နေ့လုံး သွားရသောခရီးထက် ဤတစ်နံနက်ခရီးက အဆမျာစွာ ပင်ပန်းလှပေသည်။ ပင်ပန်းသလောက်လည်း အတက်ခရီးဖြစ်၍ တွင်လည်းမတွင်ပေ။

မြင့်မားသော တောင်ရိုးတန်း၏ထိပ်ပေါ်သို့ရောက်သောအချိန်မှာ နံနက် ၁၀ နာရီကျော်ခန့်ရှိနေပြီဖြစ်ရာ ထိုတောင်ရိုးမှ ရှေ့ခရီးကို မျှော်ကြည့်လိုက်လျှင် မောဲ၍ပင်သွားမိတော့၏။ ရှေ့တွင် ဤတောင်မတ်စောက်ကြီးမှဆင်းပြီးလျှင် ဤတောင်ထက်မြင့်သော တောင်ကြီးများက ကာဆီး၍နေပေသေးသည်။ ထို့ပြင် တောင်ရိုးတောင်စွယ်နှင့်

www.burmeseclassic.com



ချောက်မြောင်လျှိုတော့တို့မှာ စိတ်မောစရာ အားငယ်စရာ ကောင်းလောက်အောင် အခွေခွေ အရစ်ရစ် အထစ်ထစ် အကွေ့ကွေ့ မြင်နေရပေသည်။ မည်သို့ပင်ဖြစ်စေ ဤနေ့နံနက်ပိုင်းအဖို့တွင်မူ ဤတောင်ရိုးထိပ်မှာပင် စခန်းချ၍ ရပ်နားစားသောက်ရန် စီမံရပေတော့သည်။

မနေ့က စား၍ကောင်းသလောက် ဤနေ့တွင် အမောပိုနေ၍လားမသိ စား၍မဝင်ချေ။ မနေ့က စားသည်၏တစ်ဝက်မျှလောက်ကိုပင် အနိုင်နိုင်စားရပေသည်။ ထမင်းအပြင် ဆင်သမားများ သွားရင်းလာရင်း ရလာသော တောငှက်ပျောသီးအမှည့်များကိုလည်း အစေ့များကို ဖယ်ရှား၍ ၄-၅ လုံးခန့် စားရသေးသည်။ စားနေကျ ရိုးရိုးငှက်ပျောသီးခန့်ကြီးသော်လည်း အစေ့တွေကမူ များလှပါဘိ၏။ ထို့ကြောင့် ၄-၅ လုံး စားပါမှ ရိုးရိုးငှက်ပျောသီး တစ်လုံးနှစ်လုံးစာလောက်သာ ဝမ်းထဲရောက်ပေမည်။

နေ့လယ်ပိုင်းခရီးကား အဆင်းခရီးသာ ဖြစ်နေပေသည်။ အတက်တွင် ခက်ခဲ၍ အဆင်းတွင် လွယ်ကူမည်ထင်ရသော်လည်း လက်တွေ့တွင်ကား အထင်နှင့်အမြင် ကွာခြား၍ အဆင်းခရီးက ပို၍ပင် ခက်နေသေးတော့၏။ အတက်မှာ ဆွဲ၍တက်ရသလို အဆင်းတွင်လည်း ဆွဲ၍ဆင်းနေရပေသည်။ ထို့ထက် တလိမ့်ခေါက်ကွေးကျသွားမည်စိုး၍ ထိန်းနေရသည်က အတက်ခရီးထက် ပိုမိုလာပေသည်။ ထိုအထဲမှာပင် ရုံဖန်ရံခါ ခြေချော်၍ကျသွားတတ်သေးသည်။ ထိုအခါမျိုးတွင် သစ်ပင်ငယ်လေးများမှာ ကျေးဇူးရှင်များ ဖြစ်၍နေပေသည်။ မီရာကိုဆွဲ၍ မနဲကြီးထိန်းနိုင်မှ သက်သာရာရပေသည်။

အချို့နေရာတို့တွင် သစ်ပင်များကျဲ၍နေကာ ကျောက်တုံးကျောက်ဆောင်ကြီးများ ထူထပ်၍နေပေသည်။ ထိုနေရာမျိုးကား ပိုမို၍ ကြောက်စရာကောင်းလှ၏။ ထိုသို့ ကျောက်တုံးကျောက်ဆိုင်များများပြားသောနေရာသို့ရောက်လျှင် အောက်သို့ ဆက်လက်ဆင်းနေ၍

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့သဖြင့် ခရီးမည်မျှပင် ဝေးစေကာမူ တောင်ကြောအတိုင်း လျှောက်ရတော့၏။ ထိုအခါ ခရီးမှာ နီးလျက်နှင့် ဝေးရတော့၏။

ပထမနေ့ကကဲ့သို့ တစ်လောတည်းမသွားနိုင်ဘဲ မြေပြန့်ပြန့် တွေ့၍ နားစရာကောင်းလျှင် နားကာနားကာဖြင့် သွားရပေသည်။ အခါခပ်သိမ်း ဖိနပ်စီး၍မဖြစ်သဖြင့်လည်း ခြေဖဝါးတို့မှာ ကျိန်းစပ်နာကျင်နေပေသည်။ ဆရာဘုန်းတော်ကြီးမှာမူ ခြေဖဝါးတစ်နေရာမှ သွေးကျ၍နေသဖြင့် အဝတ်ဖြင့် စည်းနှောင်ထားရသည်ကို တွေ့ရပေ၏ ။

သို့ဖြင့် ယနေ့အဖို့ကား ဤတောင်အောက်သို့ရောက်ပြီးလျှင် နောက်တစ်တောင် မတက်နိုင်ကြတော့ဘဲ ၄ နာရီမထိုးမီ ခပ်စောစောပင် စခန်းချရပေတော့၏။ ဤစခန်း၌ကား ယခင်က တဲဟောင်းကိုပင် မတွေ့ရတော့၍ အသစ်တစ်လုံး ထိုးရလေသည်။ ဆိုနှင်းများကလည်း စောစောစီးစီးကပင် ထူထပ်သိပ်သည်းစွာ ကျနေသဖြင့် တဲအမိုးအကာတို့ကို ယခင်တဲထက် ပို၍လုံခြုံစွာ မိုးကာလျက် အချမ်းဒဏ်ကို ကာကွယ်နိုင်ရန်နှင့် တောကောင်တို့ အနှောင့်အယှက် ပိုမိုကင်းဝေးအောင် မီးဖိုကိုလည်း တဲ၏ တစ်ဖက်တစ်ချက်မှ ညှပ်၍ နှစ်ဖိုဖိုကြလေသည်။ တဲဆောက်ခြင်း၊ ထင်းစုဆောင်းခြင်း၊ မီးဖိုခြင်းနှင့် စားသောက်ခြင်း စသောအလုပ်များပြီးလျှင်ပင် မနေ့ညကကဲ့သို့ပင် ကင်းစောင့်သူစောင့် အိပ်သူအိပ်ဖြင့် ညစခန်းစတော့၏။ ဂဏေသတို့ ဆရာတပည့်ကား မည်သည့်အကာအကွယ်ပင်ရှိရှိ ပရိတ်တရားတော်များ ရွတ်ခြင်း၊ မေတ္တာဘာဝနာပွားခြင်းတို့ကို ဝတ်မပျက်စေရပေ။

ယနေ့ညမှာမူ ယခင်ညကကဲ့သို့ ကျား စသည်တို့၏ အရိပ်အယောင်ကို လုံးဝမတွေ့ရဘဲ အဝေးဆီမှ သားရဲတိရစ္ဆာန်တို့၏ ဟိန်းဟောက်သံတို့ကိုသာ ကြားရပေသည်။ သို့နှင့်ပင် နှင်းလွှာရုံကြားဝယ် တစ်ညလုံး အေးချမ်းစွာဖြင့် အိပ်စက်ကြရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



တတိယနေ့ခရီးမှာ ဒုတိယနေ့ကကဲ့သို့ တောင်တက်တောင်ဆင်း မဆိုးဝါးလှသော်လည်း တောင်စွယ်တောင်လက်မောင်းတို့ကို ဖြတ်ကျော်၍သွားရသဖြင့် သက်သာသည်ဟူ၍မူ မရှိလှသေး။ သို့သော် အတက်အဆင်းထက် လမ်းခပ်ပြေပြေ သွားလာရသည်က များသဖြင့် အလွန်ကြီးလည်း မပင်ပန်းလှချေ။ တောတောင်ထူထပ်သော်လည်း ဆင်သမားကြီးများလာစဉ်က ဆင်များနှင့်လာခဲ့သော လမ်းအတိုင်းဖြစ်သဖြင့် လမ်းမှာ ထင်ထင်ရှားရှား ပေါ်လွင်နေပေရာ လမ်းမှားနိုင်စရာကား မရှိတော့ချေ။

ဤနံနက်ပိုင်းတွင် ဂဏောသသည် ရှေ့သို့ရောက်ချင်ဇော ထက်သန်နေသဖြင့် ရှေ့သွားနေသော ဆင်သမားရှမ်းကြီးအား ကျော်တက်ကာ ထင်းနေသောလမ်းကြောင်းအတိုင်း စွပ်၍လိုက်သွားသည်။ ဆင်သမားကြီးကလည်း လမ်းပန်းစိတ်ချရသဖြင့် မည်သို့မျှမတားမြစ်ဘဲ ဂဏောသ၏နောက်မှပင် ဘုန်းတော်ကြီးနှင့်အတူ စကားပြောရင်း ခပ်ဖြည်းဖြည်း လိုက်ပါလာလေသည်။

လမ်းမှာ တောင်စောင်းအတိုင်း မတ်စောက်သော ချောက်နှုတ်ခမ်းကို လက်ယာဘက်မှထားကာ သစ်ပင်ချုံနွယ်များအကြားတွင် ကွေ့ကောက်၍ တည်ရှိနေပေသည်။ လက်ဝဲဘက်မှ သစ်ပင်ကြီးများက လမ်းပေါ်တွင် မိုး၍နေကာ လက်ယာဘက် ချောက်အတွင်းမှ သစ်ပင်ရှည်ရှည်ကြီးများကလည်း လမ်းရှိရာချောက်နှုတ်ခမ်းကို မေးတင်လုလု ဖြစ်၍နေပေ၏။

ဂဏောသသည် နေခြည်နုနုတွင် အစုလိုက် ပျော်မြူးနေကြသော ငှက်ငယ်ကလေးများကိုကြည့်ရင်း တောင်စောင်းလမ်းကလေးအတိုင်း ဟိုဟိုသည်သည်ကြည့်လျက် ရွှင်ပျစွာ လှမ်း၍နေပေသည်။ နှင်းဖော့ လွှာမှာ ယခင်နေ့များထက် ပါးလွှာနေသဖြင့် သဘာဝမြင်ကွင်းမှာ ကြည်လင်၍ ရှုမောဖွယ်ရာပင် ဖြစ်နေပေ၏။ ဂဏောသတို့ ရှေ့မှ

www.burmeseclassic.com

www.burmeseclassic.com



နီးလာတိုင်း ရွှေ့၍ရွှေ့၍ ပျံနေသော ငှက်ငယ်တစ်အုပ်မှာလည်း ကြောက်လန့်၍ ပျံသန်းနေကြသည်နှင့်မတူ၊ လိုက်တမ်းပြေးတမ်းကစား နေသည်နှင့်သာ တူတော့သည်။ သစ်ပင်သစ်ကိုင်းများပေါ်မှ ငှက်ပြာ ကလေးများကား ဂဏေသကို တွေ့မြင်ရလျှင် မမြင်ဖူးသော အသွင် အပြင်ကြောင့် တဖြုန်းဖြုန်း လန့်၍ပျံသန်းရင်း မြည်ကျူးနေကြပုံမှာ အထူးအဆန်းတွေ့ရ၍ ပြူးကလူး ပျာကလာဖြင့် အချင်းချင်း အတင်း ပြောနေကြသလား ထင်ရတော့သည်။

ထိုစဉ်၌ ဂဏေသ၏ ရှေ့ ၅ ကိုက်လောက်တွင် သမင်လော ဒရယ်လောမသိ၊ လှပနီလွင်သော သားကောင်ငယ်တစ်ကောင်သည် ရိပ်ခနဲဖြတ်၍ပြေးလေသည်။ တောကောင်ကလေး၏ လျင်မြန်မှုမှာ အံ့သြစရာကောင်းလှ၏။ လမ်း၏ လက်ဝဲဘက်တောချုံကလေးမှ ထွက်ကာ လမ်းအတိုင်း ၅ ကိုက်လောက် ရှေ့သို့ပြေးနေပြီးမှ ခပ်ပြေပြေ အဆင်းတစ်ခု အတွေ့တွင် ဈွေ့ခနဲ ချောက်တွင်းသို့ ဆင်းပြေးသွား ပေရာ ရုတ်တရက်သော် ဂဏေသမှာ ဖျတ်ခနဲ လန့်၍သွားရာမှ ရပ်တန့်နေလိုက်မိပေ၏။

ထိုအခိုက် ဗြုန်းဗြုန်းဟူသောအသံကို လက်ဝဲဘက်ချုံဆီမှ ကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် ရုန်းရုန်း ရုန်းရုန်းနှင့် သစ်ကိုင်းများ လှုပ်ရှားလာသဖြင့် ဂဏေသသည် ရပ်နေရာမှ သွေးဆုတ်လုမတတ် ကြောက်ရွံ့သွားမိပြီး ထိုင်ချလိုက်ကာ ကြက်သေသေသွားလေတော့၏။ အကြောင်းကား ဂဏေသ၏ကိုယ်လုံးလောက်ရှိမည့် မြွေမည်းမည်း ကြီးတစ်ကောင်သည် လမ်းလက်ဝဲဘက် သစ်ပင်ဆီမှ ယိမ်း၍ထွက် လာပြီး ယခင်သားကောင်ငယ်ကလေးထွက်လာရာ ချုံပုတ်ကို ကိုယ်လုံး ဖြင့် လိမ့်၍ရိုက်လိုက်ကာ လမ်းကလေးဆီသို့ လျှောခနဲထွက်၍လာလေ သည်။ ထို့နောက် ကိုယ်ကိုလွန့်၍တိုးလာလေရာ ဂဏေသနှင့် ၃ ကိုက် ခန့် အကွာသို့ပင် ရောက်လာပြီးမှ လမ်း၏ လက်ဝဲဘက်ချောက်ဆီမှ

www.burmeseclassic.com

www.burmeseclassic.com



ထိုးထွက်နေသော သစ်ပင်ကြီးတစ်ပင်ဆီသို့ ခေါင်းထိုး၍သွားကာ ပြေးထွက်သွားသော သားကောင်ကလေး သွားလမ်းအတိုင်း ဆင်းလိုက်သွားလေသည်။ နောက်ဆုံးအမြီးဖျားကြီးမှာ ဂဏောသ၏ရှေ့နားသို့ ရောက်လာရာ မကြောက်မရွံ့ လှမ်းဆွဲလိုက်လျှင်ပင် မီတော့မလောက်အနေသို့ ရောက်လာပေသေး၏။

ဂဏောသအဖို့ လှမ်းဆွဲနိုင်ရန် မဆိုထားဘိ အော်ဟစ်လိုက်ရန်ပင် လုံးဝအမှတ်မရဘဲ သတိလစ်နေသလိုဖြစ်၍နေပေသည်။ အကယ်၍သာ မြွေကြီးက ဂဏောသအား အခွေဖြင့် ရစ်ပတ်၍ ဖမ်းယူသွားလျှင်လည်း ဤအတိုင်းပင် လုံးဝအသံမထွက်မိဘဲ ပါသွားစရာသာ ရှိပေ၏။ ယခုမူ ရှေ့ကပြေးသွားသော သားကောင်ကို မိလိုဇောကြောင့် မြွေကြီးက ဂဏောသကို မမြင်၍လားမသိ၊ မြင်လျက်နှင့် သားကောင်လောက် တန်ဖိုးမထား၍လားမသိ၊ တစ်ဖက်သို့ ထွက်သွားသဖြင့်သာ လွတ်မြောက်ရပေတော့သည်။ မြွေကြီး တစ်ဖက်တွင်လုံးလုံးပျောက်ကွယ်သွားသည့်တိုင်အောင် ဂဏောသမှာ အသံထွက်ရန် သတိမရသေး။

"ဟေး...ဟေး...ကလေး ဘာဖြစ်နေသလဲ"

"ဟဲ့...ဂဏောသ ဘာဖြစ်လို့လဲ၊ လဲနေသလား"

နောက်တွင် အတန်ငယ်ကျန်ရစ်သော ရှေ့သွားဆင်သမားရှမ်းကြီးနှင့် ဘုန်းတော်ကြီးတို့နှစ်ဦးသည် ငုတ်တုတ် သတိလစ်နေသော ဂဏောသကိုမြင်၍ အလန့်တကြား အော်၍မေးလိုက်မှ ဂဏောသသည် သတိရလာပြီး ရုတ်တရက် နောက်သို့ထ၍ပြေးလာကာ "မြွေကြီး...မြွေကြီး"ဟု အော်ဟစ်လိုက်မိတော့သည်။

ဆင်သမားရှမ်းကြီးကလည်း မျက်လုံးမျက်ဆံပြူး၍သွားကာ ရှမ်းစကားများဖြင့် တတွတ်တွတ်အော်၍ ပြောနေလေသည်။ ဂဏောသအား ရှေ့ကမသွားနဲ့၊ နောက်ကသာလိုက်ဟု ပြောနေဟန်တူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကမူ အလွန်စိုးရိမ်သွားဟန်ဖြင့် "ဒီလောက်တောင် အရေးတကြီး ရှေ့က ဘာပြုလို့သွားချင်ရသလဲ၊ ကံကောင်းလို့သာပေါ့၊ လာ...ရှေ့ကမသွားနဲ့ နောက်ကပဲလိုက်"ဟု ကရုဏာဒေါသောဖြင့် မာန်မဲလိုက်ပေသည်။ ကိုယ်တွေ့ကြုံရ၍ အကြောက်ကြီးကြောက်သွားသော ဂဏေသအဖို့ကား ထိုအတိုင်း လိုက်နာရန်မှတစ်ပါး အခြားမရှိတော့ချေ။ နေ့စဉ် အိပ်ရာဝင်အိပ်ရာထ ရွတ်ဖတ်လာခဲ့သော ပရိတ်မေတ္တာတော်တို့၏ တန်ခိုးများကြောင့် ဘေးအန္တရာယ်မှ လွတ်မြောက်ရပေသည်ဟုလည်း ယူဆမိသဖြင့် ပရိတ်တော်များကို အာရုံပြုနေလိုက်မိလေ၏။

နောက် တစ်ယောက်မှတစ်ယောက် စကားဆက်၍သွားကာ အားလုံးသိသွားကြပြီး အကယ်၍သာ တစ်စုံတစ်ခုအန္တရာယ်တွေ့ကြုံဖြစ်ပွားသွားရလျှင် ခက်ချေရဲ့ဟူသော မျက်နှာထားများဖြင့် ဂဏေသအား ဝိုင်း၍ကြည့်နေကြသောကြောင့် ဂဏေသမှာ ရှက်သွေးများပင် ဖြာဖြာဝေ၍ လာပေတော့၏။ ထို့နောက်၌ကား သူတို့ဆရာတပည့်နှစ်ဦးအား လူစု၏ရှေ့ပိုင်းမှ မသွားစေတော့ဘဲ ရှေ့လေးယောက်နောက်လေးယောက်၏ အလယ်မှသာ လိုက်စေကြလေတော့၏။

သို့နှင့် မကြာမီပင် နေ့လယ်စခန်းချရာ နေရာစခန်းဟောင်းသို့ ရောက်လာတော့ရာ အားလုံးရပ်နားကြရင်း မြွေကြီးအကြောင်းကို ဝိုင်းဝန်းမေးနေကြသဖြင့် ဂဏေသမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဘုန်းတော်ကြီးမှတစ်ဆင့် ဖြစ်ပုံတွေ့ပုံ အလုံးစုံကို ပြောပြနေရပေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၇

## နာဂ

နေ့လယ်ပိုင်း ခရီးဆက်ရာတွင်ကား ဝမ်းသာစရာ အားရစရာကောင်းလှတော့၏။ အဘယ့်ကြောင့်ဆိုသော် လူနေနှင့်နီးသောဒေသသို့ရောက်နေရသည့် အရိပ်အယောင်များကို တွေ့နေရသောကြောင့်ပင် ဖြစ်ပေသည်။ ခုတ်လှဲထားသော သစ်ပင်များနှင့် ရုံဖန်ရုံခါ တောင်စောင်းများတွင် ယာခင်းကလေးများကိုပင် တွေ့စပြုလာလေ၏။

"မြို့တွေရွာတွေရောက်တော့မလား ဘုန်းဘုန်း"

ဂဏေသက မျိုသိပ်မထားနိုင်ဘဲ ပတ်ဝန်းကျင်ကို လေ့လာရင်းက ဘုန်းတော်ကြီးအား မေးမြန်းမိ၏။ ဘုန်းတော်ကြီးမှာလည်း သွားဖူးလာဖူးသော ခရီးမဟုတ်သဖြင့် ရုတ်တရက် ပြန်လည်ဖြေကြားခြင်း မပြုနိုင်သေးဘဲ ဆင်သမားကြီးများအား မေးရသေးသည်။

"နာဂရွာတွေရောက်တော့မတဲ့၊ မကြာခင်တွေ့ပါလိမ့်မယ်၊ တို့တွေ ဒီညဆိုရင်တောင် နာဂရွာတစ်ရွာရွာနားမှာ အိပ်ကြရမှာဆိုပဲ"

"မြန်မာလူမျိုးတွေပဲနော် ဘုန်းဘုန်း"

"အေး...မြန်မာလူမျိုးပဲပေါ့၊ ဒါပေမဲ့ မဖွံ့ဖြိုးသေးတဲ့ တောင်တန်းဒေသ လူနည်းစုတစ်မျိုးပေါ့ကွယ်၊ မြန်မာပြည်မကြီးနဲ့ အဆက်အသွယ်နည်းနေတော့ နေထိုင်ပြုမူပုံ နည်းနည်းရိုင်းသေးတယ်လို့ဆိုရမှာပေါ့၊ ဒါပေမဲ့ စိတ်သဘောရိုးသားမှုကတော့ တကယ်ရှိပါတယ်၊ မြန်မာပြည်လွတ်လပ်ပြီမို့ မကြာမီပဲ ယဉ်ကျေးပြီးတိုးတက်လာမှာပါပဲ၊ ဗုဒ္ဓဘာသာ သာသနာပြုတွေလဲ ရောက်စပြုပါပြီ"

"ဟင်း...သူတို့ ဗုဒ္ဓဘာသာမဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဂဏေသ အံ့သြစွာမေးမိလေသည်။ ဗုဒ္ဓဘာသာ အထွန်းကားဆုံးသော မြန်မာနိုင်ငံဟုသိထားရသဖြင့် မြန်မာနိုင်ငံတွင်းရှိ လူမျိုးတိုင်း ဗုဒ္ဓဘာသာဖြစ်နေလိမ့်မည်ဟု ကြိုတင်တွေးထင်ထားမိလေသည်။

"သူတို့က အများအားဖြင့် နတ်ကိုးကွယ်ကြတယ်ကွယ့်၊ ဗုဒ္ဓဘာသာလဲ အနည်းအကျဉ်းတော့ရှိတာပေါ့၊ ရိုးရာကိုးကွယ်မှုကတော့ နတ်ပဲ"

နတ်ကိုးကွယ်မှုဟူသည်မှာ မဆန်းလှချေ။ မည်သည့်နိုင်ငံတွင် မဆိုတောခေါင်ခေါင်ဒေသ မဖွံ့ဖြိုးသေးသည့်ဌာနတိုင်းလိုလိုပင် ဆိုင်ရာမျိုးရိုးအရ နတ်ကိုးကွယ်မှုများ ရှိနေမြဲဖြစ်ပြီး တဖြည်းဖြည်း ယဉ်ကျေးမှု ရေချိန်တက်လာမှသာ နီးစပ်ရာဘာသာ တစ်မျိုးမျိုးသို့ သက်ဝင်ကြရလေသည်။ မိမိတို့နီပေါလ်မှာလည်း နတ်ကိုးကွယ်သောဌာနများ ရှိနေသေးကြောင်း ဂဏေသ ကြားဖူးထားပေ၏။

"မကြာခင် နာဂရွာတစ်ရွာရွာ ရောက်တော့မှာပဲ"

အတွေးကြောရှည်နေရာမှ ဘုန်းတော်ကြီး၏စကားကို ကြားရလျှင် ဂဏေသအဖို့ ဝမ်းသာ၍မဆုံးတော့ချေ။ ဆင်းရဲအမျိုးမျိုးခံ၍ လူသူမနီးသည့် တောကြီးမြိုင်လမ်းဖြင့်သာ သွားလာ၍နေရာမှ တောစခန်း တောလမ်း ဆုံးရတော့မည်။ ထိုမှတစ်ဆင့် မြို့ကြီးတစ်မြို့သို့ ရောက်၍ မြို့တော်ရန်ကုန်သို့ လွယ်ကူစွာ ခရီးဆက်ကာ ရည်မှန်းချက်ပြည့်စုံပေတော့မည်။ ကြိုးစားအားထုတ်ရကျိုး နပ်ပေတော့မည်။

"ဟော...ဟိုမှာ ကြည့်စမ်း"

သွားရင်း စိတ်ကူးယဉ်နေစဉ် ဘုန်းတော်ကြီးက တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်သဖြင့် ကြည့်လိုက်ရာ အဝေးဆီတွင် တောင်ကုန်းကလေးတစ်ခုမှ မီးခိုးတလူလူထွက်နေသော ရွာငယ်ကလေးတစ်ခုကို မှိုင်းပျပျအသွင်အပြင်ဖြင့် တွေ့မြင်ရသောကြောင့် အလွန်ဝမ်းမြောက်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အာသံက ထွက်လာကတည်းက နေ့စဉ်နှင့်အမျှ တောကြီး တောင်ကြီးနှင့် ချောင်း၊ မြောင်း၊ လျှိုမြောင်တို့ကိုသာ ဖြတ်သန်း၍ ခရီးကြမ်းနှင်လာရသော ဂဏေသတို့အဖို့ ယခုကဲ့သို့ လူနေအိမ်ခြေ ကလေးများကို အစဦးဆုံးတွေ့မြင်ရသည်မှာ မျက်စိအရသာရှိလှပေ သည်။ ထိုထက်လည်း မိမိရောက်လိုနေသော မြန်မာနိုင်ငံ၏ နိုင်ငံသား များကို စတင်တွေ့ရစပြုနေပြီဟူသော အသိကလည်း အားတစ်ဆင့် သွင်းနေပေရာ ဂဏေသတွင် အလိုလို လန်းဆန်းတက်ကြွ၍နေလေ သည်။

တောင်ကုန်းကလေးပေါ်ရှိ သစ်ပင်အုပ်အုပ်တို့ကြားတွင် တည်ရှိ နေသော အိမ်ငယ်ကလေးများ၊ တောင်ကုန်းကလေးပတ်ဝန်းကျင်တွင် ကွေ့ရစ်၍နေသော လမ်းကလေးများနှင့် လုပ်ငန်းဆောင်တာ ယာခင်း များစသည်တို့မှာ အမြင်သစ်တစ်မျိုးဖြစ်နေပြီး တစ်ခါတစ်ရံ ကြားနေ ရသည့် ခွေးသံလူသံတို့ကလည်း တောခရီးရှည်သမားတို့အဖို့ နား အရသာရှိလှသော ရွာသံတစ်မျိုးပင်ဖြစ်သဖြင့် ကြားမဝသလိုလိုပင် ဖြစ်တော့၏။ သို့သော် ဂဏေသတို့လူစုအဖို့ ထိုသည်ထိုသည်တို့ကို အရသာခံ၍ ကြည့်ရှုနားထောင်နေချိန်မရပါ။ စခန်းချရန် အချိန်စော သေးသဖြင့် ဆက်လက်၍သာ ရှေ့ခရီးကို လှမ်းနေကြရပေသည်။ မနားမနေ ခရီးဆက်၍ တစ်တောင်ဆင်းတစ်တောင်တက် သွားနေရ သော်လည်း နာဂတို့ရွာများကို မကြာမကြာတွေ့ရသဖြင့် ခရီးတစ်လျှောက် တွင် ကြောက်ရွံ့အားငယ်မှုမရှိဘဲ တစ်မျိုးအားတက်၍ပင် နေတော့၏။

မကြာမီ စခန်းချရမည့်ရွာကို ရောက်လေ၏။ ထိုရွာမှာ ဆင် သမားကြီးများ စခန်းချနားနေကျ နာဂရွာတစ်ရွာပင် ဖြစ်လေသည်။ ဆင်သမားထဲမှ အကြီးအကဲရှမ်းကြီးမှာ ထိုနာဂရွာကလေးရှိ နာဂ အကြီးအကဲနှင့် ရင်းနှီးခင်မင်ဟန်တူပေသည်။ နေရာထိုင်ခင်းများကို ကောင်းမွန်စွာပေးသဖြင့် ခါတိုင်းကဲ့သို့ တောကြီးထဲတွင် တဲထိုး၍နေရ အိပ်ရသော ဒုက္ခမှ လွတ်မြောက်ကြရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်သမားများ ချက်ပြုတ်စားသောက်နေသော အချိန်တွင် ဂဏောသသည် နာဂရွာကလေးကို စိတ်အားထက်သန်စွာ လျှောက်၍ ကြည့်ရှုနေမိ၏။ တဲကုပ်အိမ်ငယ်ကလေးများတွင် မီးဖိုကို အားပြု၍နေကြဟန် တူပေသည်။ ချမ်းအေးသောဒေသနှင့် ယခုကဲ့သို့ ဆောင်းဥတု အချိန်အခါဖြစ်သော်လည်း မိန်းမယောက်ျား ကလေးသူငယ်အားလုံး ပင် အဝတ်အစား လုံလုံခြုံခြုံမရှိကြသည်ကို တွေ့ရပေသည်။ ထို့ပြင် ဂဏောသတို့အရွယ်သာသာ နာဂပျိုမယ်ကလေးများမှာ ကိုယ်အထက် ပိုင်းကို အဝတ်မဖုံးဘဲ ဆွဲကြိုးပုတီးကုံးများကိုသာ စွပ်လျက် ဖွံ့ထွား ပြည့်ဖြိုးသောရင်ကို ရပ်လုံးဖော်၍ ထားသည်ကို တွေ့ရပေသည်။ သူတို့၏ ထုံးတမ်းစဉ်လာ ဓလေ့တစ်ခုဖြစ်၍ သူတို့အဖို့ ရှိုးတိုးရှန့်တန့် အမူအရာပင်မရှိ။ ပကတိ ရိုးသားရဲဝံ့စွာပင် နေထိုင်သွားလာလျက် ရှိသော်လည်း စတင်မြင်တွေ့ရသူ ဂဏောသအဖို့မူ ကြည့်ရသည်မှာ တစ်မျိုးကြီးဖြစ်နေပေသည်။

ဂဏောသသည် စိတ်ဝင်စားစွာဖြင့် ရွာလမ်းကလေးအတိုင်း လျှောက်၍ကြည့်ရှုနေသည်။ နာဂအမျိုးသမီးကြီးများနှင့် နာဂမိန်းကလေး များသည် အဝါရောင်အဝတ်ကြီးကိုခြုံ၍ ဆံပင်မရှိသော ဂဏောသအား အထူးအဆန်းအဖြစ် ဝိုင်းဝန်းကြည့်ရှုနေကြလေသည်။ ကလေးငယ်များ ကမူ နောက်မှအုံ၍ လိုက်နေတော့၏။ မြင်သမျှက ဂဏောသအား ကြည့်ရင်း အချင်းချင်း ပြောဆိုရယ်မောနေကြသည်ကိုလည်း တွေ့ရ လေသည်။ အိမ်တစ်အိမ်ရှေ့သို့ရောက်သော် နာဂအမျိုးသမီးကြီးတစ်ဦး သည် ဂဏောသအား မိန်းကလေးမှန်းသိဟန်ဖြင့် ၎င်းတို့ဘာသာဖြင့် လာ၍မေးမြန်းနေရာ နားမလည်သော ဂဏောသအဖို့ ပြုံးရုံ ခေါင်းခါရုံ မျှသာ တုံ့ပြန်နိုင်ပေသည်။

အိမ်တစ်အိမ်မှ ဂဏောသနှင့် ရွယ်တူလောက်ရှိမည့် ထွားကြိုင် သော နာဂပျိုမလေးတစ်ဦး ထွက်လာကာ ဂဏောသအား သွက်လက်

www.burmeseclassic.com



စွာ မေးမြန်းနေပြန်သည်။ နာဂစကားမတတ်သော ဂဏေသအဖို့ကား ပြုံးရုံရယ်ရုံမှအပ မည်သို့မျှ မတတ်နိုင်ပါပေ။ နာဂမကလေးသည် ဆံပင်ကို နောက်၌စုစည်းချထားပြီး ထွားမွတ်သော ရင်မို့မို့ထက်၌ ပုတီး ကုံးကြီးများကို အထပ်ထပ် ဆွဲ၍ထားလေသည်။ လုံးဝန်းသောရင်မှာ သုတ်လိမ်းထားသော အဆီတစ်မျိုးကြောင့် ပြောင်လက်ပေါ်လွင်၍ နေပေ၏။ ခါးတွင် ဝတ်ဆင်ထားသောအဝတ်မှာ ကိုယ်တိုင်ရက်ထား သောအဝတ် ဖြစ်ဟန်တူ၏။ ချည်လုံးကြီး၍ ကြမ်းကာ အကွက်မရှိ၊ အရောင်မှာညစ်ထပ်ထပ်ဖြစ်နေပြီး ဒူးလုံရုံသာ ရှည်ပေသည်။ အဝတ် အဆင်မရှိ၊ ပကတိစင်းလုံးချော ရိုးသားလှသော နာဂမကလေး၏ မျက်နှာကား စိုပြည်လန်းဆန်း၍ တစ်မျိုးချစ်စရာကောင်းနေသည်ဟု ဂဏေသ ထင်မိသည်။

နာဂမကလေးနှင့် ဂဏေသတို့သည် လက်ဟန်ခြေဟန်ဖြင့် ပြုံးကာရယ်ကာ စကားပြောနေကြစဉ် ဆင်သမားကြီးတစ်ဦးက လိုက် လာပြီး ခေါ်သဖြင့် တည်းခိုရာသို့ ပြန်လိုက်လာရပေသည်။ တည်းခိုရာ နေရာနှင့် မနီးမဝေး မြေကွက်လပ်တစ်ခုတွင်မူ နာဂလူမျိုး တော်တော် များများ စုဝေးရောက်ရှိနေသည်ကို တွေ့ရလေသည်။

"ဂဏေသ ဘယ်တွေလျှောက်သွားနေတာလဲ၊ နောက် လူကြီး တွေမသိဘဲ တွေ့ကရာ လျှောက်သွားမနေနဲ့၊ ဒီနာဂတွေက ယဉ်တဲ့နာဂ တွေမို့ တော်တော့တယ်"

ဘုန်းတော်ကြီးက ဂဏေသအား စိုးရိမ်တကြီး ဆီး၍ပြောပြီး နောက် ဆင်သမားရှမ်းကြီးက ဘုန်းတော်ကြီးနှင့် ဂဏေသတို့အကြောင်း ကို နာဂအကြီးအကဲအား ပြောပြနေလေသည်။ နာဂအကြီးအကဲနှင့် နာဂ တော်တော်များများကပင် ရှမ်းကြီး၏စကားကို ဝိုင်းဝန်းနားထောင် နေရင်း ဂဏေသတို့အား စိတ်ဝင်စားစွာ ကြည့်ရှုနေလေ၏။

"နာဂတွေက ကကြခုန်ကြမှာက ညေ့သည်ရောက်လို့ ကပြမှာ လားဘုရား"ဟု ဂဏေသက နာဂတွေကြားမှပင် ဘုန်းတော်ကြီးအား

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လေသည်။ ဘုန်းတော်ကြီးနှင့် ဂဏောသတို့ အချင်းချင်း ပါဠိစကားဖြင့်သာ ပြောမြဲဖြစ်ရာ အခြားသူများက နားမလည်သဖြင့် လွတ်လပ်စွာပင် မေးချင်ရာမေးနိုင်ပေသည်။

"ငါပြောပကော...နာဂတွေဟာ နတ်ကိုးကွယ်ကြတယ်လို့။ အခု က,မှာကလဲ နတ်ပူဇော်တဲ့အနေနဲ့ က,မှာတဲ့၊ တောင်ယာလုပ်ကိုင်ပြီးတဲ့အချိန်တို့ အသီးအနှံထွက်တဲ့အချိန်တို့ အသီးအနှံတွေရတဲ့ အချိန်တို့မှာ ဒီလိုပဲ ကပွဲတွေ ခုန်ပွဲတွေ လုပ်လေ့ရှိသတဲ့၊ ယခု ဆောင်းရာသီမှာကတော့ အသီးအနှံ အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ သူတို့နတ်ကို ပူဇော်ဖို့ က,ကြရတာဆိုတော့ ခု က,မှာကလဲ ဒါပဲဖြစ်မှာပေါ့၊ တို့ကြည့်ထိုက်လို့ က,မယ့်ညနဲ့ လာဆုံရတာပေါ့ဟာ"

"သူတို့ က,မှာကလဲ ဆိုင်းတွေဗုံတွေလဲ မမြင်ပါလား"

"ဆိုင်းတွေ ဗုံတွေ ရှိမယ်မထင်ပါဘူး၊ ပါးစပ်ကဆိုပြီး စုပေါင်း က,ကြမှာ ထင်ပါရဲ့၊ ဟော...ဟိုမှာ က,မယ့်လူတွေနဲ့တူတယ်"

ဘုန်းတော်ကြီးပြောသဖြင့် ကြည့်လိုက်ရာ အရပ်အမောင်းတူညီသော ယောကျ်ားကြီးများသည် ခေါင်းတွင် ငှက်တောင်ကြီးများကို ထိုးစိုက်ကာ အဝိုင်းကြီးများပါသော ခေါင်းဆောင်းတစ်မျိုးကို ဆောင်းထားကြပြီး မျက်နှာသာဖော်၍ နားရွက်လည်ပင်းဖုံးထားသော တန်ဆာတစ်မျိုးကို ဆင်ထားလေသည်။ အဝတ်အစားမှာ လုံခြုံရုံမျှရှိပြီး ရှည်လျားသော လှံတံကြီးများကို ကိုယ်စီကိုင်၍ လာကြလေသည်။ ရွာထဲမှ ယောကျ်ားမိန်းမနှင့် ကလေးများလည်း က,ပွဲကြည့်ရှုရန် လာကြဟန်တူလေသည်။ ကခုန်မည့်မြေကွက်လပ်ဝန်းကျင်တွင် လူအုပ်ကြီးဖြစ်၍ နေပါပြီ။ ဟိုရွာဒီရွာ အနီးအနားရွာများမှလည်း လာရောက်ကြသည်ဟု သိရလေသည်။

နေလုံးပျောက်ကွယ်ချိန်တွင် မီးပုံကြီးများကိုပုံ၍ မီးရှို့လိုက်လေသည်။ မီးပုံကြီး၏ ထိန်ထိန်ညီးသော မီးရောင်တွင် က,ပွဲစတင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အတီးအမှုတ် ဆိုင်းဟူ၍မပါသော်လည်း ပါးစပ်မှ သံပြိုင်ဟစ်ကြွေး၍ လှံရေးပြသကဲ့သို့ ပြုလုပ်က,ခုန်ကြလေသည်။ ရံဖန်ရံခါ တစ်ဦးချင်း လှံကစား၍ကကာ အများအားဖြင့် စုပေါင်း၍ ကကြ၏။ ခြေကို တရွေ့ရွေ့ဖြင့် ခုန်ဆွခုန်ဆွလုပ်ရာက ညာသံပေး၍ တညီတညွတ်တည်း ခုန်လိုက်ကြရင်း လှံကစားနေကြပုံမှာ ကြည့်၍ကောင်းပေသည်။ ကခုန်သူများရော ကြည့်ရှုသူများပါ ရွှင်မြူးတက်ကြွနေဟန်ရှိပေသည်။ ဂဏေသတို့သည် လူအုပ်ကြီးဘေးမှ အတန်ကြာကြာ ကြည့်ရှုနေကြပြီးလျှင် တည်းခိုရာသို့ ပြန်လာခဲ့ကြသည်။ ညဉ့်နက်သည့်တိုင်အောင် သူတို့ကပွဲကား မပြီးဆုံးသေး၊ သို့သော် ခရီးပန်းလာကြသော ဂဏေသတို့လူစုကား မနီးမဝေးကပွဲမှ ထွက်ပေါ်နေသော နာဂတို့၏ ချိုတေးသံသြဘာသံတို့ကို အိပ်ပျော်ခြင်းဖြင့် လွှမ်းမိုးပစ်လိုက်ကြလေသည်။

နောက်တစ်နေ့တွင် ဂဏေသတို့လူစုသည် နာဂတို့ဌာနီမှ ထွက်ခွာ၍လာခဲ့ကြပါ၏။ သွားရင်းသွားရင်းပင် နာဂရွာကလေးများကို အတွေ့ရနည်းလာရာမှ ကြာသော် ရွာဟူ၍မတွေ့တော့ဘဲ တောတောင်ထူထပ်၍လာပြန်လေသည်။ သို့သော် လမ်းမှား၍နေခြင်းမဟုတ်။ ဆင်သမားကြီးတို့သွားနေကျလမ်းအတိုင်း ဖြတ်လမ်းမှ သွားနေခြင်းပင်ဖြစ်ပေ၏။ တောတောင် မြောင်လျှိုနှင့် ချောင်းတိုမြစ်များကား ပေါများလှပေသည်။ တောင်များမှာ ယခင်ကလောက် ကြီးမားမြင့်တက်ခြင်း မရှိလှသော်လည်း တစ်တောင်ဆင်း တစ်တောင်တက် သွားနေရသဖြင့် ပင်ပန်းလှပေသည်။

ထိုအတွင်း ရပ်မနေဝံ့အောင် ခြင်များဖြုတ်များ ပေါများလှသဖြင့် စခန်းချ နားနေရေးအတွက်ပင် မတွေးဝံ့သေးချေ။ လမ်းတစ်လျှောက်တွင် ဆီးသီးများကား အလွန်ပေါလှ၏။ မကြာမကြာ ပင်လုံးကျွတ်ဝင်းနေအောင် မှည့်နေသော ဆီးပင်များကို တွေ့ရသည်။ ကောက်မြည့်

www.burmeseclassic.com

www.burmeseclassic.com



စားမည့်သူမရှိ၊ ကျကြွေနေသော ဆီးသီးဝင်းဝင်းကြီးများမှာ ကြီးမားလှ
ပေ၏။ ဂဏေသသည် သွားရင်း ဆီးသီး ၃-၄ လုံး ကောက်၍စားရာ
ဆင်သမားရှမ်းကြီးက နေမကောင်းဖြစ်နေမည်စိုး၍ မစားရန်ပြောလေ
သဖြင့် နောက်ထပ် မစားဝံ့တော့ချေ။

သွားလေသွားလေ လူနေရွာများနှင့် ဝေးလေဖြစ်လာပြန်ရာ
တောခရီးမှ လူတို့ရွာပြည်သို့ ရောက်လာပါပြီဟု အားတက်ခဲ့သော
ဂဏေသသည် ကြာသော် အားလျော့၍သွားတော့၏။ တက်ကြွနေ
သော စိတ်သည် ဆုတ်နစ်၍ပင် လာတော့၏။

"နောက်ဘယ်လောက်ကြာကြာ သွားရဦးမလဲ"ဟု ခေါင်း
ဆောင်ဆင်သမားကြီးအား မေးကြည့်ရာ လက်နှစ်ချောင်းကိုထောင်ပြ
သဖြင့် နောက်နှစ်ရက်လောက် ဤအတိုင်း တောခရီးတွင် မောကြီး
ပန်းကြီး သွားရပေဦးမည်ဟု တွေးတောကာ သက်ပြင်းချမိသည်။

ခုတ်လှဲထားသော သစ်ပင်ကြီးများကို တွေ့ရပြန်လျှင် လူနေနှင့်
မဝေးလှသောနေရာသို့ ရောက်လာပြန်ပြီဟု ခန့်မှန်းရ၏။ သို့သော်
ရွာတစ်ရွာကိုမျှ နောက်ထပ်မမြင်ရပေ။ တစ်ခါတွင် ဆင်များသွားထား
သော လမ်းကြီးကိုတွေ့ရ၍ ခရီးဖော်ရှမ်းများသည် နားချိန်မဟုတ်ဘဲနှင့်
အထုပ်အပိုးများကိုချကာ ဆင်ခြေရာတို့ကို ကြည့်၍ ဆင်အုပ်အခြေ
အနေကို လေ့လာစူးစမ်းကြလေသည်။ ဆင်သမားကြီးများပီပီ ဝါသနာ
ကြီးမားလှ၍ အလုပ်၌ စိတ်ဝင်စားကြခြင်းပင် ဖြစ်ပေ၏။ သို့သော်
အကြာကြီး အချိန်ဖြုန်း၍ကား မနေကြပါ။

သို့နှင့် နေ့တွင် ချက်ပြုတ်စားသောက်၍ ညတွင် ခါတိုင်းကဲ့သို့
စခန်းယောင်းနေရာများတွင် စခန်းချအိပ်စက်ကာ တောတောင်အသွယ်
သွယ်တို့ကို ဖြတ်သန်းခဲ့ရင်း ၎င်းတို့ပြောသော နှစ်ရက်ကို လွန်ခဲ့လေရာ
မြို့ရွာတစ်ခုခုသို့ ရောက်တော့မည်ဟု ခန့်မှန်းရလေသည်။

ယနေ့ မြစ်ကြီးနားကို ရောက်တော့မည်ဟုဆိုကာ ပါလာသော
ရိက္ခာများကိုလည်း မနေ့က ညစာစားချိန်တွင် အကုန် လက်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ပြီဖြစ်ရာ ယနေ့ညတွင် မြစ်ကြီးနားမရောက်တောင် ရွာတစ်ရွာရွာသို့ ရောက်တော့မည်ဟု စိတ်ချထားလိုက်သဖြင့် ခရီးသည်အားလုံးပင် တက်တက်ကြွကြွ ဖြစ်နေကြလေသည်။

"ဒီနေ့ညနေ မြစ်ကြီးနားကိုရောက်မလား"

၎င်းတို့ပြောသော ၂ ရက်လွန်မြောက်ပြီး နောက်တစ်နေ့ ၃ ရက်မြောက် (မြန်မာနယ်စပ်ကို ဝင်ရောက်ခဲ့ပြီး ၆ ရက်မြောက်)နံနက်တွင် ဘုန်းတော်ကြီးက ခရီးဖော်ဆင်သမား ရှမ်းအကြီးအကဲအားမေးရာ ရှမ်းကြီးက အားရပါးရ ခေါင်းညိတ်ပြသဖြင့် ဝမ်းသာမဆုံး ဖြစ်သွားရလေသည်။ သို့ဖြင့် ဂဏေသသည် ရောက်တော့မည်ဟု အားတက်၍ ခြေလှမ်းများပင် ပိုမိုသွက်လက်၍ လာလေသည်။

ရှေ့မှသွားသောရှမ်းကြီးမှ ရောက်ခါနီးပြီဖြစ်၍လားမသိ သီချင်းတအေးအေးနှင့် ခါတိုင်းထက် မြန်မြန်လှမ်း၍နေလေသည်။ လမ်းမှာ ခါတိုင်းလိုပင် လမ်းကြောင်းထင်မနေသဖြင့် တောအလိုက် ခြေခင်းသာရာကိုသာ ရွေး၍သွားနေရလေသည်။ တောင်များမှာ ဝေး၍ကျန်ရစ်နေသော်လည်း တောကားပါးလျား၍မနေ ထူထပ်မြဲထူထပ်၍သာ နေလေသည်။ နေမြင့်၍လာပြီဖြစ်သော်လည်း လူသွားလမ်းစကို ရေးရေးမျှပင် မတွေ့ရသဖြင့် တောနက်ကြီးထဲတွင်သာ တဝဲလည်လည်ဖြစ်နေကြလေသည်။ ဤတွင် နောက်ကလိုက်လာသောရှမ်းကြီးက အော်၍ ရပ်ရန် ပြောလိုက်မှ ရှေ့သွားဆရာမှာ လမ်းမှားနေပြီဖြစ်ကြောင်း သိသွားဟန်တူတော့၏။

အားလုံးပင် တစ်နေရာတွင် စုရုံးနားနေရင်း တိုင်ပင်ဆွေးနွေးကာ လမ်းမှန်ကိုရှာကြလေသည်။ သို့သော် ဟိုလိုလို သည်လိုလိုနှင့်ပင် ရှာရင်းမှားရင်းနှင့် လမ်းမှန်နှင့်ဝေး၍သာနေပေတော့ရာ ပန်းတိုင်နားရောက်မှ အဖျားရှူးနေသောအဖြစ်ကြောင့် ၎င်းတို့အချင်းချင်း အပြစ်တင်မဆုံး ဖြစ်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့နံနက်ပိုင်းမှာပင် မြစ်ကြီးနားသွား ကားလမ်းမကြီးကို ရောက်မည်ဟုဆိုကာ စိတ်အေးလက်အေးဖြင့် လာခဲ့ကြခြင်းဖြစ်ရာ ဖ ရက်စာ ထမ်းပိုးသည်ဆောင်လာခဲ့သော စားနပ်ရိက္ခာ၊ ဆန်၊ ပဲ စသည်တို့မှာလည်း မနေ့ညစာကပင် လက်စသတ် ကုန်ခန်းခဲ့ပြီဖြစ်သဖြင့် ယနေ့နံနက်စာအတွက် လောလောဆယ် အခက်ကြုံရချေပြီ။

အလှည့်ကျ ရှေ့သွားလမ်းပြသမား ရှမ်းကြီးအား ပိုင်း၍အပြစ်တင်ကြရင်းက လမ်းရှာကြသော်လည်း လမ်းမှာ မိုးလင်းစကပင် အထွက်မှားလာခဲ့ဟန် တူပေသည်။ တစ်နေ့ခရီးခန့်ပင် ပိုမိုကွာဝေးလာကြောင်း သိရသဖြင့် မတတ်နိုင်ကြတော့။ ရောက်ရာမှပင် နေ့လယ်စာ အတွက် စီစဉ်ကြရပေသည်။

နံနက် ၁၀ နာရီလောက် ရှိနေပြီဖြစ်၍ လမ်းစရှာခြင်းကို ရပ်နားရင်း အနီးအနား တောတစ်ပိုက်တွင် စားစရာရှာဖွေကြရ၏။ စား၍ဖြစ်မည့် အသီးအနှံများကို ရှာဖွေခူးဆွတ်ကြရာ၌ လက်ညှိုးလက်မသာသာရှိသော တောငှက်ပျောခိုင်များကို ရလာကြသည်။ အချို့ကလည်း ငှက်များကို ပစ်၍ယူလာကြ၏။ အားလုံးစုမိကြသောအခါ တောငှက်ပျောနှစ်ခိုင်နှင့် အမည်မသိ အသီးလေးငါးမျိုး၊ ငှက်နှစ်ကောင်နှင့် ယုန်နှစ်ကောင် ရလာသည်ကို တွေ့ရ၏။

အသားမစားသော ဂဏေသနှင့်ဘုန်းတော်ကြီးကား တောငှက်ပျောသီး မမှည့်တမှည့်များကို ဤအတိုင်းလည်း များများမစားဝံ့သဖြင့် ပြုတ်၍အစေ့များကိုဖယ်ရှားကာ နေ့လယ်စာအဖြစ် စားသောက်ကြရလေသည်။ လူများကမူ ယုန်နှင့် ငှက်များကို ကင်၍ တောသစ်သီးများနှင့် စားကြလေ၏။ သို့နှင့် ဤနေ့လယ်စာမှာ ဖြစ်သလိုနှင့် တင်းတိမ်လိုက်ကြရပြီး လမ်းရှာ၍ ခရီးကို ဆက်ကြရတော့၏။

စားသောက်ပြီးချိန်မှစ၍ လာလမ်းအတိုင်း နောက်ကြောင်းပြန်ကြရကာ လမ်းမှန်ကို ရှာကြရာတွင် နေစွယ်ကျိုးချိန်မှပင် လမ်းမှန်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရတော့သည်။ လမ်းမှားသွားသဖြင့် ခရီးပန်းရသည့်အတိုင်း တစ်နေ့ပို၍ကြာသွားရ၏။ အကယ်၍သာ လမ်းမမှားခဲ့လျှင် ယခု အတိုင်းဆိုလျှင် မြစ်ကြီးနားသို့ ရောက်နေမည်သာဖြစ်သည်။ ယခု အတိုင်းဆိုက တစ်နေ့ရာတွင် တစ်ညအိပ်ကြရပေဦးမည်။

လမ်းမှန်ရောက်ပြီဆိုသော်လည်း မြစ်ကြီးနားသွား ကားလမ်းမကြီးသို့ကား မရောက်သေးချေ။ အားလုံးပင် ခြေကုန်လက်ပန်းကျနေသဖြင့် ခရီးလည်းမတွင်လှတော့။ ရောက်ခါနီးပြီဟူ၍ တွေးကာသာ ကိုယ့်ကိုယ်ကို အားပေး၍သွားနေရ၏။ မြစ်ကြီးနားသွားကားလမ်း (လီဒိုလမ်းမကြီး)ဆီသို့ ဦးတည်သွားနေသော ခြေလမ်းမှာ ဖုန်၍နေသဖြင့် မှားနိုင်ဖွယ်ရာမရှိတော့သဖြင့် ဂဏေသနှင့် ဘုန်းတော်ကြီးမှာ စိတ်ခတ်ဖွဲ့သန်ကြသူများပီပီ ခြေကုန်နေသော ရှမ်းဆင်သမားများ အားပင် မစောင့်တော့ဘဲ ရှေ့မှကျော်တက်၍သွားကြသည်။

"ဒီလမ်းကတော့ မှားနိုင်စရာမရှိတော့ဘူး၊ သွားချင်သွားနှင့်၊ ကားလမ်းတွေ့မှ စောင့်နေပေတော့"ဟု ဆင်သမားရှမ်းကြီးက လှမ်း အော်ပြောလိုက်သဖြင့် ဂဏေသတို့ကလည်း စိတ်ချလက်ချပင် သွား နှင့်ခြင်းဖြစ်၏။ သို့သော် လမ်းဖုန်ဖုန်မှာ ပျောက်၍မသွားသော်လည်း မျှော်လင့်ထားသော ကားလမ်းသို့ကား နေလုံးပျောက်သည့်တိုင်အောင် မရောက်သေးသဖြင့် ကြာသော် သွားရင်းသွားရင်းစိုးရိမ်၍လာလေသည်။

"ဟုတ်မှ ဟုတ်ပါ့မလားဘုန်းဘုန်း၊ သူတို့ပြောတဲ့ကားလမ်းလဲ မတွေ့ပါလား၊ နေလဲဝင်နေပြီ"

သွားရင်းမနေနိုင်သော ဂဏေသက စိုးရိမ်တကြီး မေးမိသည်။

"အေး...လမ်းမှားနေပြန်ပြီလားမသိဘူး၊ လမ်းကတော့ ဖုန်နေ တာပဲ၊ ကားလမ်းလဲမတွေ့၊ ရွာလဲမတွေ့နဲ့ ခက်ရချည့်"

"နောက်ပြန်လှည့်မလား ဘုန်းဘုန်း၊ သူတို့တောင် တော်တော် ဝေးကျန်နေရစ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အို...လမ်းဖုန်တာထောက်ရင် မမှားတန်ပါဘူးလေ၊ ရှေ့ပဲ ဆက်သွားတာပေါ့၊ မကြာခင် ရွာတစ်ရွာရွာတော့ တွေ့မှာပါပဲ"

ဘုန်းတော်ကြီးက မည်သို့ပင်ပြောသော်လည်း ဂဏေသကား စိတ်မအေးလှချေ။ ယနေ့နံနက်က လမ်းမှားခဲ့သဖြင့် တစ်နေ့ပို၍ ကြာသွားရ၏။ ယခုည ထပ်မှားရဦးမည်ဆိုလျှင် ညအချိန်ဖြစ်၍ ပို၍ ဆိုးပေတော့မည်။ ရောက်တော့မည်ဆိုမှ လမ်းချည်းလွဲနေရသဖြင့် စိတ်မှာ အတော်တင်း၍ထားရ၏။ တဖြည်းဖြည်းမှောင်၍လာနေသဖြင့် စိတ်ဓာတ်များပင် ပျက်ပြားလာကာ တွေ့ရာနေရာတွင်ပင် ပစ်လှဲ၍ အိပ်ချင်လာတော့၏။ သို့သော် ဘုန်းတော်ကြီးက ရှေ့မှ တစိုက်စိုက်နှင့် သွားနေသဖြင့် ပြတ်၍လည်းမကျန်ရစ်ဝံ့ချေ။ မည်မျှလောက်ကြာအောင် ဤအတိုင်း ဆက်၍သွားနေရဦးမည်နည်း။ ခြေများလည်း နာကျင်၍ နေပေပြီ။

"လာဟေ့...မြန်မြန်၊ ရွာတွေ့ပြီ"

ဘုန်းတော်ကြီးပြောသံကြောင့် အားတက်လာပြန်ကာ နာကျင်နေသော ခြေများကို ကြိုးစား၍ဆွဲမိတော့၏။ မကြာမီ ရှေ့ဆီတွင် မီးရောင်မြင်ရတော့၏။ မီးရောင်ရှိရာသို့ အားရဝမ်းသာလျှောက်၍လိုက် သွားကြရာ လူသံများကြားရလေ၏။ တွေ့ပါပြီ ရွာတစ်ရွာ။ တွေ့မည့် တွေ့တော့လည်း ရွာမှာ မြစ်ကြီးနားသွား ကားလမ်းမကြီးပေါ်မှရွာဖြစ် သဖြင့် ဝမ်းသာမဆုံးဖြစ်သွားလေတော့၏။ သို့သော် ဤည မည်သည့် နည်းနှင့်မျှ ခရီးဆက်၍မဖြစ်တော့ချေ။ ဤရွာတွင် တစ်ညတာ စခန်းချ ရပေဦးမည်။ ခရီးဖော် ဆင်သမားကြီးများကိုလည်း ဤမှ စောင့်ရပေဦး မည်။

ဂဏေသတို့ ဆရာတပည့်သည် ရွာထိပ် ကားလမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်တွင် အမောဖြေကာ ခရီးဖော်များကို စောင့်နေ ကြလေသည်။ သူတို့ရောက်လာမှပင် တည်းခိုနေထိုင်ရေး စီစဉ်ရမည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ အမောပြေရင်း စောင့်နေကြရာ နှစ်နာရီကျော်ကျော်လောက် ကြာမှပင် ၎င်းတို့လူစု ရောက်လာတော့၏။ ည ၇ နာရီခွဲ ၈ နာရီခန့် ရှိပေမည်။

ထိုရွာမှာ ဆင်သမားကြီးများ၏ အသိအကျွမ်း မိတ်ဆွေများ ရှိသော ရွာဖြစ်၍ ညမှုညရေးကား အစစအရာရာ ဖြောင့်ဖြူးလှပေတော့၏ ။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၈

# မြစ်ကြီးနားတွင်

နေရောင်ခြည် မရင့်မီပင် ဂဏေသတို့လူစုသည် ကားလမ်းမကြီးပေါ်သို့ ရောက်နေကြလေသည်။ နှင်းများမှာ ခပ်ပါးပါးကျနေဆဲပင်ဖြစ်သော်လည်း အချမ်းအတော်ပေါ့သွားပြီဖြစ်ရာ ရှားရှားပါးပါး လာတတ်သော ကားတစ်စီးတလေကို အလွတ်မခံနိုင်သဖြင့် စောစောစီးစီးပင် ဖွဲ့နပဲကြီးစွာဖြင့် ကြိုတင်စောင့်စားနေရပေသည်။

ကားစောင့်ရင်း ဘုန်းတော်ကြီးနှင့် ခေါင်းဆောင်ရှမ်းကြီးတို့သည် အတန်ကြာစကားပြောကာ တိုင်ပင်နေကြ၏။ ရှမ်းကြီးက ဘုန်းတော်ကြီးနှင့် ဂဏေသအား မြစ်ကြီးနားမဝင်ဘဲ ကွေ့၍သွားကာ တစ်နည်းနည်းဖြင့် ရန်ကုန်အရောက်သွားသင့်ကြောင်း၊ ဂဏေသမှာ နိုင်ငံကူးလက်မှတ်မပါဘဲ ဝင်လာရသူဖြစ်၍ ဒုက္ခတွေ့ဖွယ်ရှိကြောင်း ပြောသည်ကို နောင်တွင် ဂဏေသ သိရသည်။

သို့သော် ဘုန်းတော်ကြီးက ခရီးလည်းပန်းလှပြီဖြစ်၍မြစ်ကြီးနားတွင် ၂ ရက် ၃ ရက်မျှ မနားရလျှင် မဖြစ်ကြောင်း၊ မြန်မာနိုင်ငံရောက်မှ မည်သည့်ပြဿနာပင်တွေ့ရစေ ကိစ္စမရှိတော့ကြောင်း၊ မြစ်ကြီးနားတွင် တောင်တန်းသာသနာပြုကျောင်းတိုက်ရှိသဖြင့် တည်းခိုစရာ မခက်ခဲကြောင်းများကို ပြန်လည်အမိန့်ရှိလေသည်။

ဂဏေသကိုလည်း "တို့ ခရီးသိပ်ပန်းနေပြီ၊ ဒီတော့ မြစ်ကြီးနားမှာ ၂ ရက် ၃ ရက် ဒါမှမဟုတ် တစ်ပတ်လောက်တော့ နေကြသေးတာပေါ့၊ ဒီကမှ ရန်ကုန်က ငါ့ဒကာတွေဆီရော မော်လမြိုင်ကကျောင်းကိုရော စာရေးအကြောင်းကြားပြီး ဖြည်းဖြည်းမှသွားကြတာပေါ့၊ ဒီကျမှတော့ ဘာမှပူစရာမရှိတော့ပါဘူး" ဟု မိန့်ကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ရတနာသုံးပါး ဆရာမိဘဂုဏ်ကျေးဇူးနှင့် ညစဉ် မပြတ် ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်လာရခြင်း၏ အကျိုး ကြောင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မြန်မာနိုင်ငံ၏ ပထမစခန်းသစ် ဖြစ်သော မြစ်ကြီးနားမြို့သို့ပင် မကြာမတင် ရောက်ရပေတော့မည်။ ယခုလာခြင်းမှာလည်း လောကီစီးပွားဉစ္စာ ရှာဖွေရေးအတွက် လာသည် မဟုတ်။ ဗုဒ္ဓဘာသာ သာသနာဝင်အစစ်ဖြစ်ရေးနှင့် ဗုဒ္ဓကျမ်းစာကို ကို သာသနာ့နောင်ရေးအတွက် အသက်ပေး၍ ဆည်းပူးရန်လာခဲ့ခြင်းဖြစ် ရာ ဘေးရန်အန္တရာယ် တွေ့ကြုံဖွယ်မရှိ။ တွေ့ကြုံသည့်တိုင်အောင် တစ်နည်းနည်းဖြင့် အကာအကွယ်ရကာ ကင်းရှင်းလွတ်မြောက်ရပေ မည်ဟု ယုံကြည်စွဲပိုက်ထားလေသည်။

အချိန်မှာ တဖြည်းဖြည်း နေမြင့်၍လာ၏။ နံနက် ၈ နာရီကျော် ကျော်လောက် ရှိပေပြီ။ ကားတစ်စီးတလေမှ မလာသေးပေ။ ၁၀ နာရီ ထက် နောက်မကျဘဲ လာတတ်သည်ဟု ရွာခံလူများက ပြောထား သဖြင့် စိတ်လက်ရှည်ရှည် စောင့်ကြရပေသည်။

"ခု…ကားစီးသွားရင် မြစ်ကြီးနားကို ဘယ်အချိန်ရောက်မလဲ"

"နေ့လယ် ၁ နာရီ ၂ နာရီလောက် ရောက်မယ်"

"အလို…အဝေးသေးသားပါလား"

သူများပြောစကားများကိုသာ နားထောင်နေရသည်။ မည်မျှဝေး ၍ ယခု မည်သည့်မြို့ရွာ မည်သည့်ဌာနရောက်နေသည်ကို ဂဏ္ဍောသ က သိသည်မဟုတ်ချေ။ သူသိသည်ကား မကြာမီ မြစ်ကြီးနားရောက် မည်။ ထိုမှ ရန်ကုန်…ထိုမှ မော်လမြိုင်…

"ဟော…ကားလာပြီ၊ ကားလာပြီ"

မကြာမီ ကားတစ်စီးလာပါ၏။ ကားမှာ ကုန်တင်ထရပ်ကား ကြီးတစ်စီးဖြစ်ပေသည်။ ကားပေါ်တွင်လည်း လူတော်တော်များများ ပါ၏။ ကားသည် ဂဏ္ဍောသအနီး၌ပင်ရပ်ကာ မြစ်ကြီးနားသွားမည့် ခရီးသည်များဖြစ်ကြောင်း သိလျှင် ကားပေါ်သို့ တက်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျပ်ကျပ်တည်းတည်းနှင့်ပင် အားလုံး ထိုင်စရာနေရာရကြ သဖြင့် စိတ်အေးရပေသည်။ သို့နှင့် ထိုနေရာမှ နံနက် ၁၀ နာရီမထိုးမီ အချိန်တွင် မြစ်ကြီးနားဆီသို့ ထွက်ခွာ၍ လာနိုင်ပေတော့၏။ လမ်းမှာ ကျောက်ခင်းထားသော လမ်းဖြစ်သော်လည်း ကြမ်းတမ်းလှပေရာ တလှုပ်လှုပ် တယမ်းယမ်းဖြင့်ပင် ကားမှာ ရပ်လိုက်မောင်းလိုက်နှင့် တစ်နေကုန်ပင် လာခဲ့ရပေ၏။ မြစ်ကြီးနားသို့ရောက်ချိန်မှာ ညနေ စောင်း၍ပင် နေချေပြီ။

ကားအဆင်းတွင် ဆင်သမားကြီးများအား နှုတ်ဆက်၍ လမ်းခွဲ ခဲ့ကြကာ ဘုန်းတော်ကြီးနှင့် ဂဏေသသည် တောင်တန်းသာသနာပြု ကျောင်းတိုက်သို့ သွားရောက်တည်းခိုကြလေသည်။

တစ်လမ်းလုံး ပင်ပန်းဆင်းရဲလာသမျှ ယခုမှ လုံးဝအပန်းဖြေရ တော့၏။ တောင်တန်းသာသနာပြုကျောင်းမှ မြန်မာဘုန်းတော်ကြီးက လည်း ရောက်လာသော ဘုန်းတော်ကြီးဦးဓမ္မာဝုနှင့် နီပေါလ်သီလရှင် ကလေး ဂဏေသတို့၏ သာသနာရေးစိတ်ဓာတ်နှင့် ဖွဲ့သတ္တိတို့ကို ကြားသိရလျှင်ပင် အလွန်ကြည်ညိုလေးစား၍သွားကာ အစစအရာရာ မညှိုးငယ်ရအောင် ပြုစုစောင့်ရှောက်လေသည်။ မြစ်ကြီးနား၌ အားနာမှု မထားဘဲ ပျော်သလောက်နေထိုင်ရန်ပင် မိန့်ကြားတော်မူလေသည်။ သို့သော် ဂဏေသတို့ကား ခရီး၏အဆုံးသို့ ဒုတ်ဒုတ်ထိ မရောက် သေးသမျှ စိတ်အေးသူများမဟုတ်ရာ ကြာကြာနေရန်ပင် ကတိမပေးနိုင် ကြချေ။ မည်သို့ပင်ဖြစ်စေ ထိုညတွင် ခရီးပန်းလာသည်နှင့် စောစော စီးစီးပင် ဘုရားပုထိုးရှိခိုး၍ ရွတ်နေကျ ပရိတ်တော်များကို ရွတ်ဖတ်ကာ စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် အိပ်စက်လိုက်ကြလေတော့၏။

တစ်ယောက်ကစ တစ်ရာ ပန်းသတင်း လေညင်းဆောင်သလို လူ့သတင်း လူချင်းဆောင်လျက် တောင်တန်းသာသနာပြုကျောင်းတွင် ထူးဆန်းသော လူမျိုးခြားသီလရှင်ကလေးတစ်ဦး ရောက်လာကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သတင်းမှာ နောက်တစ်နေ့ မိုးလင်းလျှင်ပင် မြစ်ကြီးနားမြို့အတွင်းတွင် ပျံ့နှံ့ကျော်စောနေလေသည်။

ယောက်ျားရှပ်အင်္ကျီကဲ့သို့ ကော်လာနှင့် ရှပ်လက်ရှည်အဝါရောင် ပွပွ လက်ဖျားနိပ်သီးတပ် အတွင်းအင်္ကျီတစ်မျိုးနှင့် နန္ဒင်းဝါရောင် အပေါ်ရုံကို သိုင်းခြုံထားသော ဂဏေသ၏ မြန်မာသီလရှင်လည်းမပီ၊ အိန္ဒိယတိုင်းသူနှင့်လည်းမတူ၊ နီပေါသွင်မှု ပျောက်နေသော သီလရှင် အထူးအဆန်း သွင်ပြင်မှာ မြစ်ကြီးနားကဲ့သို့သော မြို့ငယ်တွင် အထူး အဆန်းဖြစ်၍နေတော့သည်။ သို့နှင့် နေမမြင့် နှင်းမကွဲမီပင် ဂဏေသ ကို လာရောက်ကြည့်ရှုသူများမှာ တောင်တန်းသာသနာပြုကျောင်းတွင် တိုး၍နေလေသည်။

ဂဏေသ၏ နုပျိုစိုလန်းသော အသားအရေ၊ လန်းဆန်းကြည် လင်သောမျက်နှာ၊ ဖွံ့ထွားပျောင်းပျသော ကိုယ်နေကိုယ်ဟန်ကြောင့် သာ မိန်းမပျိုကလေးတစ်ဦးဟုပင် သိနေရသည်။ အဝတ်အစားမှာမူ မြန်မာအနေဖြင့် ယောက်ျားဆန်၍နေပေသည်။

ကြည့်ကြရှုကြ မေးကြမြန်းကြနှင့် နီပေါပြည်သူတစ်ဦးဖြစ်မှန်း သိသွားကြသောအခါတွင် မြစ်ကြီးနားတွင် ရှိနေသော နီပေါပြည်သား ဂေါ်ရခါးလူမျိုးများသည် ဝိုင်းဝန်း၍လာကြပြန်လေ၏။

(မြန်မာပြည်တွင် နီပေါအဆက်အနွယ်ဖြစ်သော ဂေါ်ရခါး လူမျိုး တစ်သိန်းကျော်ရှိရာမြစ်ကြီးနားခရိုင်တွင်ပင် ဂေါ်ရခါးနှစ်သောင်း နီးပါး နေကြလေသည်။ မြစ်ကြီးနားမြို့ပေါ်တွင် နေပါလီကျောင်း တစ်ကျောင်းရှိ၍ နေပါလီဂေါ်ရခါးအသင်းနှင့် မြန်မာပြည်လုံးဆိုင်ရာ ဂေါ်ရခါးအသင်းဟူ၍လည်း ဂေါ်ရခါးအသင်းနှစ်သင်းရှိကြောင်း သိရ၏။)

"နီပေါမ အပျိုကလေးတစ်ယောက် မြန်မာဘုန်းကြီးနှင့် လိုက် လာသတဲ့" ဟူသော နားစွန်နားဖျား မဟုတ်သတင်းမှာ ဂေါ်ရခါး

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်တွင် တစ်ခဏချင်း ပျံ့နှံ့သွားရာ ဂေါ်ရခါးများသည် ဘောင် တန်းသာသနာ့ပြုကျောင်းသို့ တစ်စုတစ်ဝေး ရောက်လာကြလေ၏။

ကိုယ့်နိုင်ငံသားများကို တွေ့ရသဖြင့် ဂဏေသတွင် တအား တက်၍သွားကာ တစ်လျှောက်လုံး မပြောခဲ့ရသော ဂေါ်ရခါးဘာသာ စကားဖြင့် အားရပါးရ ပြောဆိုနှုတ်ဆက်ရသည်။ မေးသမျှ ဖြေလိုက် ရသည်။ ကိုယ့်နိုင်ငံသားချင်းဖြစ်၍ မောပင်မမောနိုင်ပါ။

သို့သော် ဂေါ်ရခါးလူမျိုးများမှာ နီပေါနိုင်ငံသားချင်းအဖြစ် သာ ဂဏေသနှင့်တူညီ၍ လူမျိုးချင်းကား ခြားနားပေသည်။ ဘာသာ စကားလည်း တစ်သီးတခြားစီရှိကြ၏။ အကျယ်အဝန်း စတုရန်းမိုင် ၅၄,၀၀၀ ရှိ၍ လူဦးရေ (၁၉၅၃ ခုနှစ်စာရင်းအရ) ၈,၄၃၁,၅၃၇ ရှိသော နီပေါပြည်တွင် ဂေါ်ရခါးလူမျိုးများအပြင် ဂူးရမ်းလူမျိုး၊ မဂါးလူမျိုး၊ မူးရမစ်လူမျိုး၊ နီဝါလ်လူမျိုး၊ လင်လူးလူမျိုးနှင့် လက်ပချား စသော လူမျိုးများရှိပေရာ ဂဏေသတို့လူမျိုးမှာ နီဝါလ်လူမျိုး ဖြစ်ပေသည်။ (နီဝါလ်မှ နီဗါလ်–နီပါ–နီပေါ–ဟု ဖြစ်လာသဖြင့် နီပေါပြည်၏ မူလလူမျိုးဖြစ်ပေသည်။ သကျသာကီဝင်လူမျိုးလည်း ဖြစ်၏။ နီပေါ ပြည်တွင် ဂဏေသတို့ နီဝါလ်လူမျိုးကို စတ်ကျ'သက္က'ဟု ခေါ်လေ သည်။) နီဝါလ်လူမျိုးတစ်မျိုးလုံးပင် ဗုဒ္ဓဘာသာ (မြောက်ပိုင်း ဗုဒ္ဓ ဘာသာ)ဝင်များဖြစ်ကြ၍ ဂေါ်ရခါးနှင့် အခြားလူမျိုးများမှာ ဟိန္ဒူ ဘာသာဝင်များကာ ဗုဒ္ဓဘာသာအနည်းငယ်သာ ရှိပေ၏။ သို့သော် နီပေါပြည်ဘုရင်က ဂေါ်ရခါးလူမျိုးဖြစ်သဖြင့် ဂေါ်ရခါးစာပေနှင့် စကားမှာ ရုံးသုံးဖြစ်နေရာ နီပေါတစ်ပြည်လုံးပင် ဂေါ်ရခါးစကား တတ်ကျွမ်းကြလေသည်။

ဂဏေသနှင့် ဂေါ်ရခါးများမှာ ပထမသော် စကားပြော၍ ကောင်းနေသဖြင့် ဝမ်းသာမဆုံးရှိနေကာ အတန်ကြာသော် ရင်နာစရာ ကောင်းသော အဖြစ်သို့ မမျှော်လင့်ဘဲ ကူးပြောင်း၍သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ သတင်းမေးလာကြသော ဂေါ်ရခါးတို့သည် တစ်ယောက်တစ်ပေါက် ဂဏေသအား ဝိုင်းဝန်း၍စကားပြောဆိုနေရာမှ နောက်ဆုံးတွင် ဂေါ်ရခါးမိန်းမကြီးတစ်ဦးက စွပ်စွဲချက်တစ်ရပ်ကို တင်၍ မေးလာလေသည်။

"အသက်ငယ်ငယ်ရှိသေးတယ်၊ ဘာပြုလို့ မြန်မာဘုန်းကြီးနဲ့ လိုက်ပြေးလာရသလဲ...ဟင်"

ထိုမေးခွန်းကြောင့် ရှတ်ရက် ဝမ်းသာရာမှ ကပျာကယာ ဝမ်းနည်းရသောအဖြစ်သို့ ပြောင်းလဲသွားရတော့၏။ အံ့အားသင့်ခြင်း၊ ရှက်ခြင်းတို့အပြင် အထင်အမြင်လွဲမှားခြင်းခံလိုက်ရသဖြင့် နာကြည်းခြင်းတို့သည် ဂဏေသ၏ရင်တွင်း၌ အလိပ်လိပ်တက်၍လာလေသည်။ အားတက်၍ ရွှင်လန်းမှုဖြင့် ဝင်းဝါနုစို၍နေသော ဂဏေသ၏မျက်နှာမှာ ရှက်ရွံ့နာကြည်းမှုဖြင့် ညှိုမည်း၍သွားတော့သည်။ စကားသံထွက်ရန်ပင် ခက်ခဲ၍နေ၏။ နားလည်မှုကင်းဝေးနေသဖြင့် ဤလူစုအား စကားပင်မပြောချင်တော့။ သို့သော် ရှင်းမပြလျှင်လည်း မဖြစ်သဖြင့် မိမိ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ရှင်းပြရလေသည်။ လူဝတ်လူစားမဟုတ်သော မိမိ၏အသွင်အပြင်ကိုလည်း သက်သေထူရပေသည်။

"ဒီအဝတ်အစားက မြန်မာပြည်ထဲလာလို့ကောင်းအောင် ဝတ်လာတာပါ၊ ဟုတ်ပါပြီ...ဒီကောင်မလေး သူ့မိဘမသိဘဲ လိုက်ပြေးလာတာပါ"

"မြန်မာဘုန်းကြီးက ခိုးလာတာ ဖြစ်မှာပေါ့"

"ခက်တော့တာပါပဲ၊ ဒီလိုဆိုရင် သူ့မိဘဆီအကြောင်းကြားပြီး ပြန်ပို့ပေးရရင် မကောင်းဘူးလား"

ဂဏေသ ရှင်းပြနေသည့်ကြားမှ ဂေါ်ရခါးယောကျ်ားနှင့် မိန်းမတို့သည် တစ်ယောက်တစ်ပေါက်နှင့် ထင်ရာစိုင်း၍ပြောနေကြရာ

www.burmeseclassic.com

www.burmeseclassic.com



ဂဏောသမှာ ချုံးပွဲချ၍ပင် ငိုပစ်လိုက်ချင်လောက်အောင် စိတ်ညစ်သွားလေသည်။

ပထမ မေးကြမြန်းကြစဉ်က ဂဏောသ၏ပြောပြချက်အရ ထင်ရှားသော ဂဏောသ၏မိဘများကို သိထားကြသူများ ပါဝင်ပေရာ၎င်းတို့ကလည်း "လလိတပူရ (ပါတန်)က သီရိမန်ဟရသမာန– သီရိမတိယောရာထကူတို့ဆိုတာ ကုန်တိုက်ကြီးတွေနဲ့ တကယ့်လူကုံထံတွေပဲ၊ တို့သိတာပေါ့၊ မဖြစ်ပါဘူး၊ ဒီကောင်မလေးကို အတင်းခေါ်ထားပြီး ပြန်ပို့ပေးမှပါပဲ"ဟု ပြောနေကြပြန်လေသည်။

"ဟုတ်တယ်...အဲဒီအတိုင်းပဲကောင်းတယ်"

"အေး...တို့လူမျိုးဖြစ်နေတော့ ဒီအတိုင်းကြည့်နေလို့ ဘယ်ဖြစ်မလဲ"

ဂေါ်ရခါးတို့သည် တစ်ယောက်တစ်ပေါက် ပြောနေရာမှ သူတို့မျိုးရိုးစဉ်လာအရ မိမိတို့လူမျိုး အမျိုးသမီးတစ်ဦးကို အခြားလူမျိုးများနှင့်သဘောတူနိုင်သူများ မဟုတ်ကြသဖြင့် အတင်းအကျပ် တစ်စုံတစ်ရာ စီမံကြရန် ကြိုးစားကြတော့၏။

"မဟုတ်ဘူး...မဟုတ်ဘူး...ရှင်တို့မှားနေပြီ၊ ကျွန်မ အခုလာတာဟာ မြန်မာပြည်မှာ ဗုဒ္ဓဘာသာစာပေသင်ကြားပြီး နီပေါပြည်ကြီးကို ထေရဝါဒသာသနာပြုဖို့ ရည်ရွယ်ချက်နဲ့ လာခဲ့တာပဲ၊ ရှင်တို့ဘာမှ မတရားမလုပ်ကြနဲ့၊ ရှင်တို့လုပ်တိုင်း ကျွန်မ ခံမနေနိုင်ဘူး"

ဂဏောသ၏ ပြောပြချက်မှာ ဂေါ်ရခါးများအဖို့ နားဝင်မည့်အဆင့်မှ လျှံတက်သွားလေသည်။ မည်သို့ပင် ထပ်တလဲလဲ ရှင်းပြစေကာမူ အမှန်တရားသည် အမှန်တရားနေရာတွင်သာနေ၍ အဖြစ်မှာယုံကြည်ဖွယ်မရှိအောင်ပင် သရုပ်သဏ္ဌာန်ပေါ်ထင်နေသဖြင့် ဂဏောသ၏ကြောင်းကျိုးဖော်ပြချက်မှာ ဂေါ်ရခါးများအဖို့ ကြာလေ ယုတ္တိကင်းမဲ့လေဖြစ်နေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးကွ...သူ့မိဘဟာ သာမညလူတွေမဟုတ်ဘူးနော်၊ သူပြောတဲ့အတိုင်းဆိုရင် ဒီလို တောတောင်အထပ်ထပ်ကို ဖြတ်လာရဖို့ အကြောင်းမရှိဘူး၊ သူ့မိဘက ငွေကုန်ကြေးကျခံနိုင်တယ်၊ သင်္ဘောနဲ့ လာမလား၊ လေယာဉ်ပျံနဲ့ လာမလား လာနိုင်တယ်၊ မိဘမသိဘဲ ပြေးလာလို့သာ ဘုန်းကြီးနဲ့ နှစ်ယောက်တည်း တောထဲက လာရတာပေါ့၊ ဒါဟာ သူပြောတဲ့အတိုင်း မဟုတ်တာ ဘယ်လောက်သေချာသလဲ"

သူတို့၏တွေးဆချက်မှာ မမှန်သော်လည်း ယုတ္တိတန်၍နေသဖြင့် ဂဏောသ၏စကားတို့သည် သဲထဲရေသွန်သလို အကျိုးမထင်ဘဲ ဖြစ်နေကြတော့၏။ ပြော၍လည်း ထူးတော့မည်မဟုတ်သဖြင့် ဂဏောသသည် အဖက်လုပ်၍ ထပ်မပြောတော့ချေ။ သို့သော် ခက်သည်ကား စကားမပြော တုဏှိဘောလုပ်နေလေ ပို၍ ဟုတ်သလိုဖြစ်နေလေ ဖြစ်နေပြန်တော့၏။

ဂေါ်ရခါးအဘွားအိုများကမူ မျက်ရည်တစမ်းစမ်းဖြင့် ဂဏောသအနားသို့ တိုးလာကာ "စိတ်ကူးမလွဲပါနဲ့ သမီးလေးရယ်...၊ ဒီမြန်မာဘုန်းကြီးနဲ့ လိုက်မသွားပါနဲ့၊ အမေတို့နဲ့ပဲနေရစ်ခဲ့ပါကွယ်၊ ဘာပဲဖြစ်လာခဲ့ ဖြစ်လာခဲ့...အမှတ်မထားပါဘူး၊ သမီးရင်းလို မွေးစားပါ့မယ် သမီးလေးရယ်"ဟု ပြောကြပြန်၏။

"သွားကြ...သွားကြ...ရှင်တို့ပြောတာ တစ်ခုမှမဟုတ်ဘူး...နေလဲ မနေရစ်ဘူး"ဟု ပြော၍မထူးတော့မည့်အတူတူ အထူးတလည်ပြော၍မနေတော့ဘဲ အားလုံးကိုပင် အနားမှ နှင်ထုတ်နေမိတော့၏။

ထိုအခါမှပင် ပို၍ဆိုးတော့သည်။

"တို့က ကောင်းရာကောင်းကြောင်း ပြောနေတာတောင် နားမထောင်နိုင်ရင် ကေ့ွ ဒီကောင်မလေး ဆေးမိလာပြီထင်တယ်၊ မြန်မာဘုန်းကြီးက ဆေးခတ်ခေါ်လာလို့သာ ဒီလောက် စွဲစွဲလမ်းလမ်း တင်း

www.burmeseclassic.com

www.burmeseclassic.com



တင်းမာမာ ဖြစ်နေတာပဲ''ဟု တန္တရ မန္တရနှင့် ပယောဂကို ယုံကြည်ကြသူများပီပီ တစ်ယူသန် ဆုံးဖြတ်ချက်ချ၍ ပြောကြပြန်လေ၏။

''မမိုက်ပါနဲ့ သမီးလေးရယ်...ဒီမှာပဲနေရစ်ပါ...ဒီမှာ မနေချင်လဲ တို့နီပေါရောက်အောင် ပြန်ပို့ပေးပါ့မယ်။ ဒီမှာနေရင်လဲ တို့က ကျောင်းထားပေးပါ့မယ်၊ ဒီဘုန်းကြီးနဲ့ လိုက်သွားဖို့တော့ တို့သဘောမတူဘူး၊ သမီး...စဉ်းစားကြည့်စမ်း၊ တို့ ဂေါ်ရခါးမျိုးထက်တောင် သမီးတို့ နီဝါလ်မျိုးက ပိုပြီးဇာတ်ကြီးသေးတယ်ဆို၊ နီဝါလ်ထဲမှာတောင် သမီးတို့ သကျဇာတ်က ပိုပြီးကြီးသေးတယ် မဟုတ်လား၊ ကိုယ့်လူမျိုးနဲ့လွဲပြီး တခြားလူမျိုးနဲ့ယူရင် ဇာတ်ပျက်ရောပေါ့၊ သမီး ဆေးမိလာရင်လဲ တို့ဆီမှာဆရာတွေရှိပါတယ်ကွယ်၊ ပျောက်အောင် ကုပေးပါ့မယ်၊ ဒီဘုန်းကြီးက အောက်လမ်းဆေးတွေနဲ့ လုပ်လာတာကို တို့ဆရာတွေက နိုင်ပါတယ်''ဟု ဂေါ်ရခါးအဘွားတို့အိုသည် တစ်ယူသန်စွဲကာ အပျော့ဆွဲဖြင့် ချော့မြဲချော့နေကြသေးသည်။ ဂဇောသမှာ မည်သို့ပင်ရှင်းပြသော်လည်း အချည်းနှီးဖြစ်ကာ အယူခံမရ အကူအညီမရ ဖြစ်နေသဖြင့် ကြာသော် ၎င်းတို့စကားများကို ကြားနေနိုင်စွမ်းမရှိတော့ဘဲ ကျောင်းခန်းတွင်းသို့သာ ဖွတ်ဝင်ရတော့၏။

ဂေါ်ရခါးများသည် ဆေးမိလာသော ကလေးမအား မည်သို့မျှ ပြော၍ အကြောင်းထူးတော့မည်မဟုတ်။ ဆေးခတ်ထားသော မြန်မာဘုန်းကြီးအားသာ တောင်းပန်၍ခေါ်ထားရတော့မည်ဟု တိုင်ပင်ကြကာ တစ်နေရာတွင်ရှိနေသော ဘုန်းတော်ကြီး ဦးဓမ္မာဝုဓအား အသနားခံရန် စုရုံးချဉ်းကပ်ကြပြီး သူတို့ထင်သလိုပင် လျှောက်ထားကြလေသည်။

မြန်မာစကားတတ်သော ဂေါ်ရခါးတစ်ဦး၏ အများဆန္ဒအရ လျှောက်ထားချက်ကို ကြားသိရလျှင် ဘုန်းတော်ကြီး ဦးဓမ္မာဝုဓသည် အူလှိုက်သည်းလှိုက်ပင် ရယ်မောမိလေ၏။ နောက်မှ အကြောင်းစုံကို နားလည်အောင်ရှင်းပြသည်။ ရည်ရွယ်ချက်ကို ပြောပြသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အချည်းနှီးပင်။ ဂေါ်ရခါးတို့သည် အနုနှင့်မရလျှင် အကြမ်းဖက်တော့မည်။ မရအရ လုယူကြတော့မည်ဟူသောအနေသို့ ရောက်လာတော့သဖြင့် နောက်ဆုံးတွင် ဘုန်းတော်ကြီးသည် တောင်တန်းသာသနာပြုဘုန်းတော်ကြီးနှင့်တိုင်ပင်၍ ကျောင်းတွင်းရှိ ဂေါ်ရခါးထုကို အော်ငေါက်နှင်ထုတ်ရတော့၏။

"ကဲ...ဟော့...အားလုံး ထွက်သွားကြစမ်း၊ မင်းတို့ ထင်ချင်သလိုထင် တွေးချင်သလိုတွေး၊ ပြောလို့မှမရတာ မထူးတော့ဘူး၊ ဒီကလေးမကိုတော့ ဘယ်နည်းနဲ့မှ ဒီမှာမထားခဲ့နိုင်ဘူး၊ မော်လမြိုင်အရောက် ခေါ်သွားရမှာပဲ...ကဲ– အားလုံးသွားကြဟော့...သွားကြ...မင်းတို့ နှောင့်ယှက်မနေကြနဲ့၊ ဒါပဲ"

ဘုန်းတော်ကြီးက ပြော၍မရသည့်အတူတူ မထူးတော့ဟူသောနှလုံးသွင်းအတိုင်း အော်ငေါက်ကြိမ်းမောင်းလိုက်မှပင် ဂေါ်ရခါးစုသည် မကျေမနပ်နှင့် တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားကြတော့၏။ သို့သော် ၎င်းတို့၏ထွက်ခွာသွားခြင်းမှာ လက်နက်ချအရှုံးပေး၍ အေးအေးဆေးဆေး ထွက်ခွာသွားခြင်းမျိုးမဟုတ်ပေ။ ဤနည်းဖြင့်မရလျှင် ထိုနည်းဖြင့် ကြိုးစားကြမည်။ နေနှင့်ဦးဟူသော အံကိုကြိတ်၍ စိတ်ထဲ၌ အခဲမကျေ၍ ထားသည်ကို ၎င်းတို့၏ မခိုးမခန့် ပြန်လှန်၍ကြည့်နေသော မျက်နှာတိုင်းက သက်သေပြနေတော့သည်။ ခေတ်မီမြို့သားဂေါ်ရခါးများဖြစ်ကြသည့်အတိုင်း ၎င်းတို့၏လုပ်ဆောင်ချက် မကြာမီအကောင်အထည်ပေါ်၍ လာတော့၏။

ရဲအုပ်တစ်ဦးနှင့် ရဲသားသုံးဦးတို့သည် ဂေါ်ရခါးများ ထွက်ခွာသွားပြီးနောက် မကြာမြင့်မီပင် တောင်တန်းသာသနာပြုကျောင်းသို့ ရောက်ရှိလာလေသည်။ ၎င်းတို့နှင့်အတူ စောစောကပါလာသော ဂေါ်ရခါးလူစုထဲမှ ခေါင်းဆောင်ဖြစ်သူနှစ်ဦး ပါလာသဖြင့် ဘုန်းတော်ကြီးသည် အဖြစ်မှန်ကို ရိပ်မိ၏။ သို့သော် မည်သို့မျှ မတတ်နိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ပါချေ။ နောက်မှ အခြေအနေကြည့်၍ ဆိုင်ရာမှနေကာ ဖြစ်သလို ဖြေရှင်းရတော့မည်ဟု တွေးတောကာ ဘုန်းတော်ကြီးသည် ဂဏေသကို ခေါ်ကာ ဆိုင်ရာပစ္စည်းများကိုယူ၍ ရဲသားများခေါ်ဆောင်ရာသို့ လိုက်ပါသွားရတော့၏။

"အရှင်ဘုရား...အားတော့နာပါတယ်၊ ဒါပေမဲ့ တိုင်ချက်က ရှိနေတော့ ဝတ္တရားအတိုင်း ခေါ်မေးရတော့တာပဲ၊ ယောဒီဂေါ်ရခါးတွေက စုပြီးတိုင်ထားတယ်၊ အရှင်ဘုရားဟာ အရွယ်မရောက်သေးတဲ့ သူတို့လူမျိုး မိန်းကလေးတစ်ယောက်ကို သွေးဆောင်ပြီး ခိုးယူလာတယ်တဲ့...အဲဒါ..."

ရဲဌာနသို့ရောက်သောအခါ ရဲမှူးက ထုံးစံအတိုင်း ဘုန်းတော်ကြီး ဦးဓမ္မာဝုဓအား တရားခံအနေဖြင့် စစ်မေးတော့၏။ တရားလို ဂေါ်ရခါးများကား အကြံအောင်တော့မည်၊ ဘာတတ်နိုင်သေးသလဲဟူသော မျက်နှာထားဖြင့် မနီးမဝေးမှ အကဲခတ်၍နေကြလေသည်။

ဘုန်းတော်ကြီးကား ၎င်း၏လက်ဆွဲအိတ်ကြီးကို ဖွင့်ပြီး စာတိုစာစများမှ စာတစ်စောင်ကို ရွေးထုတ်ကာ "ဘာမျှအထူးပြောနေစရာ မလိုပါဘူး ဒကာကြီးရာ...ဒီစာကြည့်ရင် ရှင်းရောပေါ့"ဟု ပြောရင်း ဂဏေသ ကုသိနာရုံရောက်လာစက ပေးထားသော ဂဏေသမိခင် ဒေါ်ယောရာထက္ကူထံမှ သမီးကို ပညာသင်ရန် အပ်နှံလိုက်သောစာကို ရဲမှူးအား ပေးလိုက်လေ၏။

ရဲမှူးသည် ဒေါ်ယောရာထက္ကူ၏လက်မှတ်နှင့်စာကို အပြန်ပြန် အလှန်လှန်ကြည့်သည်။ နီပေါစာကို မဖတ်တတ်သဖြင့် မနီးမဝေးရှိ ဂေါ်ရခါးများထဲမှ ခေါင်းဆောင်ဖြစ်သော ဂေါ်ရခါးကြီးအား ခေါ်၍ ဖတ်ခိုင်းလေသည်။ ဂေါ်ရခါးအဘိုးကြီးကလည်း ကောင်းမွန်စွာ မဖတ်တတ်၊ သို့သော် ဂဏေသအား သူ့မိခင်က ဘုန်းတော်ကြီးအား ပညာသင် အပ်နှံလိုက်သောစာဖြစ်ကြောင်းကို ရိပ်မိသိရှိလေသည်။ နောက်

www.burmeseclassic.com



ရဲမှူး၏ တိုက်တွန်းချက်အရ ဂဏေသကပင် ဖတ်ပြကာ ဇေါ်ရခါးလို ပြန်ပြောလိုက်သဖြင့် ဇေါ်ရခါးများမှာထင်သလိုမဟုတ်ကြောင်း သိသွားသဖြင့် မျက်နှာပျက်၍ သွားကြတော့၏။

ဂဏေသကို စစ်မေးရာ၌ ဂဏေသကလည်း လာခဲ့သောအဖြစ်အပျက်မှန်နှင့် ရည်ရွယ်ချက်များကို အပြည့်အစုံ ပြောပြလိုက်သဖြင့် ထိုအမှုမှာ မှားယွင်းမှုအနေနှင့် ပိတ်လိုက်ရတော့သည့်အခြေသို့ ရောက်သွားလေ၏။ ထို့နောက်မှ နိုင်ငံကူးလက်မှတ်များကို စစ်ဆေးပြန်ရာ ထိုအခါတွင်မူ ဘုန်းတော်ကြီး ပတ်စ်ပို့ကိုသာ ပြနိုင်ပြီး ဂဏေသအတွက် နိုင်ငံကူးလက်မှတ် မရှိသဖြင့် အခက်တွေ့ရပြန်၏။ ဖြစ်ပျက်ခဲ့သောအခြေအနေမှန်ကို ရှင်းလင်းပြသော်လည်း မရတော့ချေ။ ရဲဌာနမှ ဂဏေသအား ဗီဇာမရှိဘဲ ခိုးဝင်လာသောအမှုဖြင့် ဖမ်းဆီးလိုက်လေတော့၏။

အမျိုးမျိုး ထုချေသည်။ အသက်မပြည့်သဖြင့်နိုင်ငံကူးလက်မှတ်လုပ်မရကြောင်း အထောက်အထားများပြ၍ ဘုန်းတော်ကြီးကိုယ်တိုင်ရှင်းလင်း၍ပြသည်၊ မရချေ။ တရားအတိုင်း ရုံးတော်သို့တင်ရတော့မည်ဟု ဆိုသဖြင့် အကျပ်ကျနေ၏။ တရားလို ဇေါ်ရခါးများကားထင်သလိုမဖြစ်၊ မထင်သလိုဖြစ်ကာ သူတို့၏နီပေါမကလေးကိုယ်တိုင် တရားခံဖြစ်သွားသည်ကို တွေ့ရသဖြင့် အံ့အားသင့်ကုန်တော့၏။

သို့စေကာ...၎င်းတို့အဖို့မူ နောင်ရေးမည်သို့ပင်ဖြစ်ဖြစ် ယခုလက်ငင်း မြန်မာဘုန်းကြီးနှင့် ဂဏေသ တခြားစီကွဲပြားသွားသည်ကိုပင် လိုအပ်နေပေရာ တစ်မျိုးတစ်ဖုံ ဝမ်းသာနေကြလေသည်။ ဘုန်းတော်ကြီး ဦးဓမ္မာဝုဓမှာ စိတ်ပျက်လက်ပျက်ဖြစ်ကာ ဂဏေသအတွက်အာမခံ ရလိုရငြား ကြံပါသော်လည်း အချည်းနှီးဖြစ်နေသဖြင့် နောက်မှတစ်နည်းတစ်ဖုံ ဖြစ်သလိုကြံစည်ရတော့မည်ဟု တွေးကာ ဂဏေသအား အားမငယ်ရန် နှစ်သိမ့်၍ ထွက်ခွာသွားရတော့၏။ ဂဏေသမှာ

www.burmeseclassic.com



ဘုန်းတော်ကြီး ရဲဌာနမှ ထွက်ခွာသွားသည့်ကို မျက်စိသူငယ်ဖြင့် ကြည့်ရင်းက အားကိုးရာမဲ့ဖြစ်ချေပြီဟု တွေးမိကာ အားငယ်နွမ်းရိ မချိတင်ကဲဖြစ်၍ ကျန်ရစ်ရှာလေ၏။

ဂေါ်ရခါးများက အမှုအတွင်း ကလေးမအား ၎င်းတို့နှင့်အတူ ခေါ်ထားနိုင်ခွင့်ရလိုကြောင်း ကြိုးစားကြသေး၏။ သို့သော် ဆိုင်ရာက ခွင့်မပြုချေ။ အမှုအတွင်း အချုပ်ဖြင့်ပင် နေရမည်ဖြစ်ကြောင်း ပြောသဖြင့် ဂေါ်ရခါးများလည်း ပြန်သွားကြလေသည်။

ဗုဒ္ဓသာသနာတော်ဝင် သမီးတော်စစ်ဖြစ်ရေး၊ ဗုဒ္ဓပိဋကတ်တော်များကို သင်ယူ၍ အမိနိုင်ငံတော်မှာ သာသနာပြုရေးဟူသော ရည်ရွယ်ချက်ဖြင့် အသက်ကိုစွန့်၍ ထွက်ခွာခဲ့ရသည်။ လူသာမန်တို့ ဖြတ်သန်းသွားလာရန် စိတ်မှုပင်မကူးရဲသော တောတောင်ကန္တာရကြီးကို အငတ်ငတ် အပြတ်ပြတ်နှင့် ဘေးအမျိုးမျိုးကို ရင်ဆိုင်၍ အရွယ်နှင့်မမျှ ရည်ရွယ်ချက်ကြီးကိုပိုက်ကာ လာခဲ့ရသည်။ ထိုရည်ရွယ်ချက်ကြောင့်ပင် ဘေးအတန်တန် ရန်အသွယ်သွယ်လွတ်ကင်း၍ မုခ်ဦးပန်းတိုင်သို့ ရောက်လုနီးနီး ပထမစခန်းသို့ကျမှ ဘာသာရေးခရီးသည်ဘဝမှ အချုပ်တရားခံဘဝသို့ ရောက်ရတော့သည်။ ဂဏောသသည် မမျှော်လင့်သော ကိုယ့်အဖြစ်ကိုတွေးရင်း ဝမ်းနည်းခြင်းမက ဝမ်းနည်းနေမိပြီး ထိုင်ရာမှ မထတော့ချေ။ သူခိုးဓားပြတို့နေရာ အချုပ်ခန်းသည် မိမိ၏နေရာ မဟုတ်ပါတကား၊ ဤအချုပ်ခန်းအတွင်း၌ မိမိကဲ့သို့သော သီလရှင်ကလေးတစ်ဦးသည် မည်ကဲ့သို့နေရပါမည်နည်း။

အချုပ်ခန်းအတွင်းသို့ဝင်ရန် ဝန်လေးနေစဉ် အလိုက်သိသော ရဲအရာရှိကြီးက နုနယ်သောမိန်းကလေးလည်းဖြစ်၊ သီလရှင်လည်းဖြစ်သဖြင့် အချုပ်ခန်း၌မထားဘဲ ၎င်း၏အိမ်တွင်ပင်ထားမည်ဖြစ်ကြောင်း ပြောကာ ၎င်း၏အိမ်သို့ ခေါ်သွားသဖြင့် အချုပ်ခန်းအတွင်းမှာ နေရသည်ထက် တော်သေးသည်ဟု ယူဆရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တရားခံသည် တရားခံသာဖြစ်ရာ မည်သည့်နေရာသို့မျှ လွတ်လွတ်လပ်လပ် သွားလာခွင့်မရပေ။ ဘုန်းတော်ကြီး ဦးဓမ္မာ ဝုဓနှင့်လည်း တိုင်ပင်ဆွေးနွေးခွင့်မရသဖြင့် နောင်ရေးစီစဉ်မှုကိုလည်း သိခွင့်မရ၍ စိတ်ညစ်ရလေသည်။ သက်သာသည်ကား ရဲအရာရှိကြီး၏အိမ်တွင် ဂဏေသနှင့်ရွယ်တူ သမီးပျိုကလေးတစ်ဦးရှိရာ မိန်းမချင်း ကိုယ်ချင်းစာသောသဘောနှင့် ရွယ်တူမိန်းကလေးချင်းဖြစ်၍ ခင်မင်သောသဘော ပေါင်းစပ်ကာ မကြာမီ ခင်မင်ရင်းနှီး၍သွားလေသည်။ နှစ်ယောက်သား ခြေပြလက်ပြမှ စတင်ကာ အချင်းချင်း နားလည်သောနည်းဖြင့် စကားစမြည် ပြောဆိုနေရသောကြောင့် ပျင်းရိခြင်းမရှိလှချေ။ သို့နှင့် တစ်လုံးစ နှစ်လုံးစဖြင့် မြန်မာစကား အနည်းငယ် တတ်လာရလေသည်။

အစားအစာအတွက် အသားလွတ်စားတတ်သော ဂဏေသအဖို့ တာဝန်မကြီးလှသဖြင့် ထိုအိမ်မှပင် ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးမွေးထားလေ၏။

ရုံးတင်စွဲဆိုခြင်းခံရသဖြင့် ရုံးချိန်းရက်သို့ရောက်လာ၍ သွားရသောအခါတွင် နိုင်ငံကူးလက်မှတ်မဲ့ ဝင်ရောက်လာမှုဖြင့် ဂဏေသတရားခံဖြစ်နေရသော အမှုသာမက ဂေါ်ရခါးများက တရားလိုပြုလုပ်၍ ၎င်းတို့လူမျိုး အရွယ်မရောက်သေးသော မိန်းကလေးအား ခေါ်ဆောင်လာမှုဖြင့် ဘုန်းတော်ကြီးအား တရားခံပြု၍ စွဲဆိုသော အမှုလည်း ပါဝင်သေးသည်။ ထို့ပြင် အရွယ်မရောက်သေးသူ နီပေါမကလေး ဂဏေသအား ဂေါ်ရခါးများက ထိန်းသိမ်းထားလိုမှု (ရလိုမှု) ကလည်းပါသေးရာ ရုံးပေါ်တွင် တစ်ဖက်နှင့်တစ်ဖက် ငြင်းခုံပွဲကြီးလို ဖြစ်နေကြရပေသည်။

လက်မှတ်မဲ့ဝင်ရောက်လာမှုကိုအသာထား၍ ဘုန်းတော်ကြီး၏ ခေါ်ဆောင်လာမှုနှင့် ထိန်းသိမ်းထားလိုမှုတို့ကို လောလောဆယ်

www.burmeseclassic.com

www.burmeseclassic.com



စီရင်ရာ၌ ဘုန်းတော်ကြီး၏ ခေါ်ဆောင်လာရခြင်းမှာ မိခင်၏ ခွင့်ပြု အပ်နှံစာ ပါရှိ၍ တရားဝင်နေသဖြင့် ပြီးပြတ်သွားလေသည်။ ဂေါ်ရခါး များ၏ တောင်းဆိုချက်ဖြစ်သော ထိန်းသိမ်းထားလိုမှုမှာ နှစ်ဖက်စလုံး ကပင် တင်းတင်းမာမာဖြစ်နေသဖြင့် စီရင်ရသော တရားသူကြီးအဖို့ ချက်ချင်းဆုံးဖြတ်ချက်ချပေးရန် မလွယ်ကူလှပေ။

"မိန်းကလေးကကော ဘယ်လိုလဲ၊ ဒီဂေါ်ရခါးအမျိုးသားတွေ ဆီမှာ နေမှာလား၊ ဒါမှမဟုတ် မိဘရပ်ထံကိုပဲ ပြန်ချင်သလား"

တရားသူကြီးက ဂဏေသကို မေးခွန်းထုတ်ရာ ဂဏေသက ရှင်းရှင်းလင်းလင်းပင် "ဂေါ်ရခါးတွေဆီမှာလဲ မနေလိုပါ၊ မိဘရပ်ထံ လဲ ပြန်လိုစိတ်မရှိပါ၊ ရည်ရွယ်ချက်မှာ ဗုဒ္ဓစာပေသင်ကြားရန်ဖြစ်တဲ့ အတိုင်း ဗုဒ္ဓစာပေသင်ကြားရန် မြန်မာဘုန်းကြီးနောက် လိုက်သွားပြီး ပို့ထားရာမှာပဲ နေပါ့မယ်"ဟု ဖြေကြားလေသည်။

ထိုအကြောင်းကို စာဖြင့်ရေး၍ နောက်တစ်ပတ် ရုံးချိန်းတွင် တင်ရန်ပြောပြီး ရက်ချိန်းပေးလေသည်။

ပါဠိစကား ပါဠိစာပေကိုလေ့လာသင်ကြားဖူးသဖြင့်ဂဏေသသည် တရားသူကြီးက စာဖြင့်ရေးတင်ပါဆိုသောအကြောင်းကို ပါဠိဘာသာ ဖြင့် ရေးသားလေသည်။ ပါဠိဘာသာသင်ကြားစဉ်က နီပေါဘုန်းတော် ကြီး သီရိဗုဒ္ဓဃောသအထံတွင် မြန်မာအက္ခရာ ပါဠိဘာရတီကျမ်းကို သင်ကြားခဲ့ရပြီး မြန်မာအက္ခရာ ပါဠိဘာသာရေး လေ့ကျင့်ထားခဲ့သဖြင့် တရားသူကြီးထံ တင်ရမည့်အကြောင်းအရာကို မြန်မာအက္ခရာဖြင့် ရေးသားလေသည်။ စာတွင် ရုံးပေါ်၌ ပြောဆိုခဲ့သည့် အကြောင်းအရာ အပြင် ဘုန်းတော်ကြီး ပို့ပေးမည်ဆိုသော မော်လမြိုင်မြို့ ခေမာရာမ သီလရှင်ကျောင်းတိုက်သို့ သွား၍နေလိုကြောင်းကိုပင် ဖြည့်စွက်၍ အပြည့်အစုံရေးသားထားလေသည်။

နောက်တစ်ပတ် ရုံးချိန်းသို့ရောက်လျှင် စာကို တရားသူကြီး ထံ တင်ပြရာ တရားသူကြီးမှာ စာကိုကြည့်၍ မျက်လုံးပြူးသွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြန်မာ အက္ခရာဖြစ်၍ ဖတ်တတ်သော်လည်း ပါဠိဘာသာကို မတတ်သဖြင့် အဓိပ္ပာယ်ကို နားမလည်ချေ။ ထို့ကြောင့် တရားသူကြီးက "ဘာပြုလို့ သူများနားမလည်တဲ့စကားကို ရေးရသလဲ"ဟု ဂဏေသအား ရုံးပေါ်တွင် အော်ငေါက်လေ၏။

"ဟင်...ဒါ နားမလည်တဲ့စာမဟုတ်ပါဘူး၊ ပါဠိဘာသာပါ၊ ဦးကြီးက ဗုဒ္ဓဘာသာမဟုတ်ဘူးလား"ဟု ဂဏေသက ပြန်မေးလေသည်။

"တယ်...ငါ့တောင် ပြန်မေးနေပြန်ပြီ၊ ဗုဒ္ဓဘာသာနဲ့ ဘာဆိုင်လို့တုံး"

"ဆိုင်ပါတယ်၊ ကျွန်မ ကြားဖူးတာက ဗုဒ္ဓဘာသာတွေဟာ ပါဠိတတ်တယ်ဆိုလို့ ပါဠိလို ရေးလာတာပါ၊ ဦးကြီးက ဗုဒ္ဓဘာသာ မဟုတ်ဘူးထင်ပါရဲ့"

ဂဏေသ၏ သွက်လက်သောပြောဆိုချက်ကို နီပေါ(ဂေါ်ရခါး) ဘာသာပြန်မှတစ်ဆင့် ကြားသိရလျှင် တရားသူကြီးသည် ရှက်၍ သွားဟန်တူလေသည်။ "ကဲ...ကဲ...ပြန်တော့၊ ဒီစာကို ဘာသာပြန်ခိုင်းပြီးမှ ဒီကိစ္စပြီးမှာ"ဟု ပြောကာ ရုံးချိန်းရွှေ့ပြန်လေသည်။ နောက်ရုံးချိန်းရက်တွင်ကား ထိုစာကို ပါဠိတတ်သော ဘုန်းတော်ကြီးများထံ ဘာသာပြန်၍ စီရင်ချက်ပေးသဖြင့် မိမိသဘောအတိုင်းပင် နေခွင့်ရကာ ဂေါ်ရခါးများနှင့် ရင်ဆိုင်ရသောအမှုမှာ ပြီးပြတ်၍သွားလေ၏။ သို့သော် လက်မှတ်မဲ့ဝင်ရောက်လာမှုကား မပြီးနိုင်ဘဲ ရက်မှလ ကူး၍ပင်လာလေသည်။

ထိုအတွင်း ဘုန်းတော်ကြီး ဦးဓမ္မာဝုဓေ မော်လမြိုင်ရှိ ဒကာဒကာမများထံသို့လည်းကောင်း၊ ရန်ကုန်ရှိ ၎င်း၏ ဒကာရင်းဖြစ်သော စာရင်းစစ်မင်းကြီး ဦးစံလွင်ထံသို့လည်းကောင်း၊ အမှုအခင်း အကျိုးအကြောင်းများကို ရေးသား၍ အကြံဉာဏ်တောင်းခံထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် နီးစပ်ရာပေါက်ရောက်ရာများသို့လည်း စာရေး၍ အကူအညီတောင်းလေသည်။ အထူးအားဖြင့် ဤအမှုကို ရန်ကုန်သို့ ပြောင်းရွှေ့စစ်ဆေးရန်အတွက် ကြိုးစားလေ၏။ သို့သော် အမှုမှာ မြစ်ကြီးနားတွင်ပင် ကြန့်ကြာနေကာ နေ့ရွှေ့ရက်ရွှေ့နှင့် နှစ်လနီးပါးမျှ ကြာနေလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၉

# အချုပ်ခန်း

ဘုန်းတော်ကြီး ဦးဓမ္မာဝုဓနှင့် ဆိုင်ရာတို့၏ ကြိုးစားမှုသည် အချည်းနှီး မဖြစ်ပေ။ မကြာမီ ဂဏေသ၏ နိုင်ငံကူးလက်မှတ်မဲ့ မြန်မာနိုင်ငံတွင်း သို့ ဝင်ရောက်လာမှုကို ရန်ကုန်သို့ ပြောင်းရွှေ့စစ်ဆေးရန် ရန်ကုန်ရုံး တော်မှ အမိန့်ကျလာလေတော့၏။

သွားမည့်သွားရတော့လည်း ဗြုန်းစားကြီးပင်ဖြစ်၏။ ရန်ကုန်မှ အမိန့်ရောက်လျှင်ရောက်ချင်းပင် တရားသူကြီးသည် ဂဏေသအား မီရာလေယာဉ်ပျံဖြင့် ရန်ကုန်သို့ပို့ဆောင်စေတော့၏။ ဂဏေသမှာ ဘုန်းတော်ကြီး ဦးဓမ္မာဝုဓနှင့်ပင် ရှည်ရှည်ဝေးဝေး ဆွေးနွေးတိုင်ပင်ချိန် မရတော့ဘဲ ဘုန်းတော်ကြီးထံမှ စာရင်းစစ်မင်းကြီး ဦးစံလွင်–ဒေါ်အေး ကြွယ်တို့ထံ လိပ်စာတပ်ထားသော စာတစ်စောင်ကိုသာ ယူခဲ့ရပြီး အစောင့်ရဲသားတစ်ဦးနှင့်အတူ ရန်ကုန်သို့ လေယာဉ်ပျံဖြင့် လိုက်ပါ သွားရလေတော့၏။

မင်္ဂလာဒုံလေဆိပ်သို့ မြစ်ကြီးနားမှ လေယာဉ်ဆိုက်ချိန်မှာ ည ၆ နာရီကျော်ပြီဖြစ်၏။ ဆောင်းရိပ်မကုန်သေးသော ရာသီဖြစ်သဖြင့် ည ၆ နာရီကျော်သည်ဆိုလျှင်ပင် မှောင်စပျိုး၍နေပေပြီ။ ကြိုတင်၍ အကြောင်းကြားချိန်မရသဖြင့် လာ၍ကြိုမည့်သူလည်း မရှိပေ။အစောင့် ပါလာသော ရဲသားမှာလည်း ရန်ကုန်မြို့သို့မျှပင် မရောက်ဖူးသော ပြည်နယ်ရဲသားတစ်ဦးဖြစ်ရာ အသိအကျွမ်းလည်းမရှိ။ သွားတတ် လာတတ်လည်းမရှိပေ။ လေယာဉ်အဆင်းတွင် ယူဘီအေ ခရီးတင် ကားကြီးဖြင့် မြို့ထဲသို့ လိုက်ပါသွားရသောကြောင့် ယူဘီအေရုံးသို့

www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲမရှိဘဲ ရောက်ရပါ၏။ ထိုမှ နောက်၌မူ ဘယ်သို့သွားရမည်ကို မသိပေ။ ဂဏေသအဖို့မူ အစောင့်ရဲသားမှတစ်ပါး အားကိုးစရာမရှိသဖြင့် သူ့အပြုအမူကိုပင် မျက်ခြည်မပြတ် စောင့်စားကြည့်ရှု၍နေပေသည်။

ရဲသားသည် ဟိုမေးသည်မေးနှင့်ပင် "အမှုသည်ဖြစ်က အချုပ်ထောင်သို့ပင် ပို့ရမည်"ဟူသော ထုံးစံအတိုင်း ဆိုက်ကားသမားတစ်ဦးကို အကူအညီတောင်း၍ ဂဏေသအား ဘားလမ်းအချုပ်ထောင်သို့ ပို့လေတော့၏။ ဆိုက်ကားတစ်စီးတွင် ရဲသားနှင့် ဂဏေသသည် ရှေ့နောက်စီး၍ ဟိုကွေ့သည်ကောက်ဖြင့် ဘားလမ်းအချုပ်ထောင်ရှေ့သို့ ရောက်လျှင် ဆိုက်ကားမှဆင်းကာ အချုပ်ခန်းသို့ သွားကြရ၏။

ဂဏေသကား မည်သို့မျှမသိ။ အစောင့်ရဲသား၏ အသိတိုက်အိမ်ကြီးလေလော၊ သို့မဟုတ် မြစ်ကြီးနားမှ တရားသူကြီး၏ ညွှန်ကြားချက်အရ မိမိတည်းခိုရမည့် တိုက်ကြီးတစ်တိုက်လေလော၊ ကျောင်းတိုက်ကြီးလော၊ တလောလော ဖြစ်ကောင်းစရာရှိသည်ဟူသောအထင်ဖြင့် ရဲသားနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားရာ သော့ခလောက်ကြီးဖွင့်၍ သံတံခါးအတွင်း ဝင်ခိုင်းမှပင် အချုပ်ခန်းမှန်း သိရတော့၏။

"မဝင်ဘူး...မဝင်ဘူး၊ ကျွန်မ ဒီအချုပ်ခန်းထဲ ဘယ်နည်းနဲ့မှ မဝင်နိုင်ဘူး၊ ကျွန်မ ရာဇဝတ်ကောင်မဟုတ်ဘူး"

ငြင်းဆန်နေသော ဂဏေသ၏စကားကို မည်သူကမျှ နားမလည်သော်လည်း အချုပ်ခန်းထဲသို့ မဝင်လို၍ ငြင်းဆန်နေကြောင်းကား သိကြလေသည်။ အချုပ်ခန်းဆိုင်ရာများနှင့် အစောင့်ရဲသားကလည်း တတ်နိုင်သလောက် ချော့မော့၍ အချုပ်ခန်းထဲသို့သွင်း၏။ ဂဏေသကား နားလည်အောင်လည်းမပြောတတ်သဖြင့် နားမလည်မည့်အတူတူ ပြောမနေတော့ဘဲ သံတံခါးအပြင်တွင် ဖွတ်အတင်းပေ၍နေလေ၏။

ဂဏေသအနေဖြင့် မည်သည့်နည်းနှင့်မျှ အချုပ်ခန်းထဲသို့ မဝင်လိုပေ။ ဓားပြ၊ သူခိုး၊ ကြမ်းပိုးတေလေ၊ ရာဇဝတ်ကောင်တွေ၏

www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ မိမိကဲ့သို့ ဘာသာရေးခရီးသည်တစ်ဦးအဖို့ နေရန်လည်းမထိုက်ဟု ယူဆထားလေသည်။ သို့နှင့် ဂဏေသက ဖွတ်ငြင်း၊ အစောင့်ရဲများက ဖွတ်သွင်းနှင့် ရှန်းရင်းဆန်ခတ်ဖြစ်၍နေပေတော့၏။

မှောင်သည်ထက် မှောင်၍လာလေပြီ။ ဂဏေသနှင့် ရဲများကိစ္စက မပြီးသေး။ ထိုအချိန်တွင် ဟိန္ဒူစုတန် စကားတတ်သော ရဲအရာရှိတစ်ဦး ရောက်လာကာ ဂဏေသအား သာယာညင်းပျောင်း ပျောင်းပျောင်းဖျဖျ ပြောဆိုလေသည်။

"ဒီမှာ…နီပေါသီလရှင်ကလေး ခုအချိန်မှာဆိုရင် အပြင်မှာ ယောကျ်ားတွေချည်းပဲဖြစ်လို့ ဒီအတိုင်းဆိုရင် သီလရှင်ကလေးအတွက် သိပ်အန္တရာယ်ရှိနေပါတယ်၊ ဒီညအဖို့ ဒီအထဲပဲ ဝင်နေစေချင်ပါတယ်"

"ကျွန်မကို မင်းကြီးဦးစံလွင်အိမ် ပို့ပေးပါ"

"အခုညတော့ သည်းခံစေချင်ပါတယ်၊ အချိန်ကလဲ မှောင်နေတော့ ဘယ်လိုမှ စီမံလို့မဖြစ်တော့ပါဘူး၊ ဒါကြောင့် တစ်ညတော့ သည်းခံပြီး ဒီအထဲမှာပဲ နေစေချင်ပါတယ်၊ မနက်ကျမှ ဆက်ဆက်လိုသလို ဖြစ်စေရပါမယ်"

အတင်းအကျပ်ပြောခြင်းမဟုတ်၊ အကျိုးအကြောင်းပြ၍တောင်းပန်ပြောဆိုခြင်းဖြစ်ရာ ဂဏေသမှာငြင်းဆန်၍မနေသာတော့ချေ။နောက်ဆုံးတွင် သက်ပြင်းချကာ ရှုံ့မှုန်းစရာကောင်းလှသော အချုပ်ခန်းအတွင်းသို့ပင် မဝင်ချင့်ဝင်ချင်ဖြင့် လေးကန်စွာ ဝင်ရလေတော့၏။

ဂဏေသအချုပ်ခန်းထဲသို့ ရောက်သွားလျှင်ပင် သံတံခါးကြီးသည် ပိတ်၍သွားကာ ကြီးမားသော သော့ခလောက်ကြီးများက လွတ်လပ်သောနယ်ပယ်နှင့် ခြားကန့်လိုက်တော့သည်။ မဆေးမကြောသဖြင့် ကြေးညှော်အထပ်ထပ် အနံ့တလှောင်းလှောင်း ဖြစ်နေသော အချုပ်ခန်းအတွင်းတွင် ခြင်တို့သည် မင်းမူချင်တိုင်း မင်းမူနေလေသည်။ ကြမ်းကြားများမှ ကြမ်းပိုးများကလည်း ခြင်တို့နှင့်အပြိုင်အဆိုင် သူနိုင်ကိုယ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကျ၍နေကြပြန်သောကြောင့် ဗုဒ္ဓဝါဒ ပိဋကတ်စာပေကို ရည်မှန်း၍ လာခဲ့သူ ဂဏေသအဖို့ ခြင်နှင့်ကြမ်းပိုးတို့ကို ပွဲဦးထွက် သွေးလှူ၍နေရ ပေတော့၏။

အပြင်မှ မီးတစ်ပွင့်သာရှိနေသော အချုပ်ခန်းမှာ အတွင်းတွင် မှောင်၍နေပေသည်။ သို့သော် ဝိုးတဝါး အလင်းရောင်ကြောင့် အတွင်း၌ ဂဏေသအပြင် အခြားအချုပ်ခံမိန်းမများလည်း ရှိသေးကြောင်း တွေ့မြင်နေရပေသည်။ မည်သည့်ပြစ်မှုကြောင့် အချုပ်ခံနေရသူများ ဖြစ်မည်မသိ။ လွတ်လပ်သောကမ္ဘာနှင့် ဝေးကွာနေရသော ဘဝတူချင်း ဖြစ်လာသဖြင့် ကိုယ်ချင်းစာမိကာ တတ်သလောက် မှတ်သလောက် စကားစမြည် ပြောလိုက်ချင်စမ်းလှသည်။ ခြင်နှင့် ကြမ်းပိုးတို့ကြောင့် အိပ်မရမည့်အတူတူ စကားပြောနေရလျှင် ကောင်းလေမလားဟုတွေးမိ သည်။ သို့သော် မိမိကလည်း မြန်မာစကား ဖြစ်ဖြစ်မြောက်မြောက် ပြောဖြစ်လောက်အောင် မတတ်သေး။ အချုပ်ခန်းထဲသို့ မမျှော်လင့်ဘဲ ရောက်နေရ စိတ်ကလည်းညစ်ပြီး စကားပြောလိုစိတ်မရှိသဖြင့် ထောင့် ချိုးတစ်ခုတွင် မှိုင်၍ထိုင်နေလေသည်။

ဤမျှ ညစ်ပတ်၍ ကြမ်းပိုးတွေများလှသော ကြမ်းပေါ်တွင် အိပ်၍လည်း မနေလိုသဖြင့် ငုတ်တုတ်ထိုင်လိုက် မတ်တတ်ရပ်လိုက် နှင့်သာ နေလေသည်။ တဝီဝီမြည်၍ သွေးစုပ်နေကြသောခြင်များနှင့် တရွရွတက်ကာ မသက်သာအောင် မင်းမူနေကြသည့် ကြမ်းပိုးတို့ ကြောင့် တလှုပ်လှုပ်တရှားရှားဖြစ်ကာ တစ်ညလုံး မအိပ်နိုင်ခဲ့ပေ။ တစ်ညလုံး ဂဏေသက ခြင်နှင့် ကြမ်းပိုးတို့ကြောင့် ရိုးတိုးရွတ လှုပ်ရှား၍ နေသလိုပင် တစ်ဖက်ရှိ မိန်းမအကျဉ်းသားတို့ကလည်း တလှုပ်လှုပ် ဖြစ်၍နေကြပေရာ "သြော်…သူတို့လဲ ငါ့လိုပဲ ကြမ်းပိုးနှင့် ခြင်အပြင် သောကဗျာပါဒ ပါဝင်နှိပ်စက်နေလို့ မအိပ်နိုင်ကြဘဲ တလှုပ် လှုပ်ဖြစ်နေကြတာ ထင်ပါရဲ့"ဟု တွေးတောကာ ကိုယ်ချင်းစာ၍ သနားနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကား ဤသို့မဟုတ်ပါချေ။ ညဥ့်မှောင်ရီရီတွင်မှ အချုပ်ခန်းသို့ ရောက်လာသော ဂဏေသအား တစ်ခန်းတည်းရှိ အခြားအချုပ်သမများက သံသယမကင်းဖြစ်ကာ ကြောက်လန့်နေရ၍ အိပ်မပျော်ဖြစ်နေရကြောင်း နောက်မှ သိရလေသည်။ ထွားကျိုင်းနုစိုသော မိန်းမပျိုလေးပင် ဖြစ်သော်လည်း ညဥ့်အမှောင်တွင် ခေါင်းတုံးပြောင်ပြောင်နှင့် အဝါရောင်လွင်သည့် ခြုံစောင်ကြီးပမာ အပေါ်ရုံအပြင် ယောကျ်ားရုပ်အင်္ကျီနှင့်တူသော ကော်လံတပ် အင်္ကျီဝါဝါနှင့် အသွင်ထူးနေသော ဂဏေသအား သူတို့တစ်တွေက မိန်းကလေးမထင်မိသည်မှာ မဆန်းလှတော့ချေ။ နံနက်လင်း၍ ဂဏေသ၏ ပျိုမျစ်ချောမွေ့သော မျက်နှာရုပ်သွင်နှင့် ဖွံ့ဖြိုးပြေပြစ်သော ကိုယ်နေကိုယ်ဟန်ကိုမြင်မှပင် နိုင်ငံခြား တစ်ပြည်သူကလေးမှန်းသိ၍ ဘဝတူ အချုပ်သမများမှာ ငိုအားထက်ရယ်အားသန်ဖြစ်ကာ တစ်ညလုံး ကြောက်ရွံ့၍ မအိပ်ဝံ့ဘဲ ဖြစ်နေရပုံကို ရယ်ရယ်မောမော ပြောပြနေကြလေသည်။

"ဟိန္ဒူစတန်နီ တတ်သလား"

နံနက်လင်းချိန်တွင် အချုပ်ခံမိန်းမများအား စားစရာလာပို့သော မြန်မာမိန်းမကြီးက ဂဏေသအားမြင်လျှင် တောက်ပသောမျက်လုံး သွယ်ချွန်သောနှာတံ ကိုယ်ဟန်အမူအရာတို့ကြောင့် အိန္ဒိယတိုင်းသူတစ်ဦးဟုထင်ကာ ဟိန္ဒူစကားဖြင့် လာရောက်မေးမြန်းလေသည်။ ထိုအခါတွင် ဂဏေသသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားကာ ဟိန္ဒူစကားဖြင့် အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

"အဲဒါပဲရှင်...ကျွန်မ ဦးစံလွင် ဒေါ်အေးကြွယ်တို့နဲ့ တွေ့ချင်ပါတယ်"ဟု နောက်ဆုံး လိုရင်းကို ပြောပြလိုက်လေ၏။

"သြော်...မင်းကြီးဦးစံလွင်လား...ကျွန်မသိပါတယ်၊ ကောင်းပါပြီ၊ သွားပြောပေးပါ့မယ်၊ ခဏလေးသည်းခံပြီး နေပါဦးနော်"ဟု ပြောကာ ထွက်ခွာသွားလေရာ ဂဏေသမှာ အချုပ်မှ မကြာမီလွတ်ရတော့မည်ဟု တွေး၍ဝမ်းသာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နေသာ တစ်စတစ်စ မြင့်တက်လာ၏။ အချုပ်ခန်းမှ လာရောက်ခေါ်ထုတ်မည့်သူကို မမြင်ရသေးပေ။ သွားပြောပေးမည်ဟု ဝန်ခံသွားသော မိန်းမကြီးကိုပင် မတွေ့ရတော့သဖြင့် ကြာသော် ဂဏေသမှာ အချုပ်ခန်းထဲတွင် အားငယ်သည်ထက် အားငယ်၍လာတော့၏။

နေအတော်မြင့်မှ အချုပ်ခန်းတံခါးကို လာ၍ဖွင့်သံကြားရသဖြင့် မော့ကြည့်ရာ မိမိမျှော်လင့်နေသူ ဟုတ်ပုံမပေါ်သဖြင့် စိတ်ပျက်မိလေသည်။ နောက်မှ အချုပ်ခန်းဝသို့ ရောက်လာကြသူများမှာ သာသနာရေးဌာနမှ အရာရှိများဖြစ်ပြီး နီပေါသီလရှင်တစ်ပါး အချုပ်ခန်းထဲတွင်ရှိကြောင်း သတင်းရ၍ လာခေါ်ကြောင်း၊ မြန်မာသီလရှင်ကျောင်းတိုက်တစ်ခုသို့ ပို့ပေးမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ဝမ်းသာသွားလေသည်။ သို့ဖြင့် အချုပ်မှထွက်ကာ သာသနာရေးအရာရှိများ ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေ၏။

သာသနာရေးအရာရှိများက ဂဏေသအား ရန်ကုန်မြို့ပဟ်သာဝတီရပ်ကွက်ရှိ မြန်အောင်သီလရှင်တိုက်သို့ ပို့ရန် စီစဉ်ကာ မြန်အောင်သီလရှင်ဆရာကြီး၏ အစ်ကိုတော်သူ ဦးဘသန်းအိမ်သို့ ခေါ်သွားပြီး မြန်အောင်တိုက်သို့ လိုက်ပို့ပေးရန် အပ်နှံထားခဲ့ရာ ဦးဘသန်းအိမ်တွင် ခေတ္တနေရလေ၏။

"ကျွန်မ ဦးစံလွင်အိမ်ကို သွားချင်ပါတယ်"

ဦးဘသန်းအိမ်သို့ရောက်ပြီးနောက် ဂဏေသက မိမိသွားလိုသောနေရာကို ပြောပြပြန်လေသည်။

"စာရင်းစစ်မင်းကြီး ဦးစံလွင်ဆိုတာလား"

"ဟုတ်ပါလိမ့်မယ်...ဒီမှာ စာပါပါတယ်"ပြောကာ ဆရာတော်ဦးဓမ္မာဝုဓထံမှစာကို ထုတ်ပေးလိုက်ရာ ဦးဘသန်းက စာကိုကြည့်ပြီး...

"ကောင်းပါပြီ...ဒီလိုဆိုရင်လဲ မြန်အောင်သီလရှင်တိုက်ကို မပို့ဘဲ ဦးစံလွင်တိုက် ပို့ပေးပါ့မယ်၊ ဒါပေမဲ့ ဆရာလေး အပန်းဖြေဦးပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံတို့ ဘာတို့ ဘုရားတွေ ဒီကပဲလိုက်ပို့ပေးပါ့မယ်၊ ညနေကျမှ အေးအေးဆေးဆေး ဦးစံလွင်တိုက် သွားကြတာပေါ့၊ ဦးစံလွင်ဆီလဲ ဖုန်းဆက်ပြီး အကြောင်းကြားထားပါ့မယ်၊ စိတ်ချသာနေပါဆရာလေး" ပြောဆိုကာ အမောအပန်း ဖြေ၍နေစေလေ၏။

နေ့လယ်တွင် ဦးဘသန်းကိုယ်တိုင်ပင် ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများသို့ အဖူးအမြော် လိုက်၍ပို့ပေးလေသည်။ ဂဏေသ ငယ်စဉ်ကပင် ကြားဖူး၍ ဖူးမြော်လိုစိတ် ပြင်းပြခဲ့ရသော ကမ္ဘာကျော် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်စုံမိုး၍ ရှိခိုးလိုက်ရသောအခါတွင်ကား တွေ့ကြုံခဲ့ရသော ဒုက္ခအမျိုးမျိုးတို့ကို မေ့ပျောက်သွားပြီး ဝမ်းမြောက်ခြင်း နှစ်သက်ခြင်း အတိဖြစ်ကာ တော်တော်နှင့် ဖူး၍မဝနိုင်ဘဲ ဖြစ်နေလေသည်။

"အဖဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့် တပည့်တော်မ ရည်ရွယ်ချက်ပြီးမြောက်ပြီး အဖဘုရားရှင်ရဲ့ သာသနာတော်ကြီးသုံးရပ်ကို ထမ်းဆောင်ကာ အဖဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးကို ပြုစုနိုင်ရပါလို၏ ဘုရား"ဟူ၍လည်း ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရင်း နှုတ်မှမြွက်၍ ဆုတောင်းခဲ့သေးသည်။

ဦးဘသန်းသည် ဂဏေသအား ဘုရားများကို ဖူးမြော်စေပြီး ညနေပိုင်းတွင် စာရင်းစစ်မင်းကြီးဦးစံလွင် နေအိမ်သို့ လိုက်ပို့ပေးလိုက်လေသည်။

မင်းကြီးနှင့် မင်းကြီးကတော်တို့ကလည်း နေ့လယ်ကတည်းက ဖုန်းနှင့်ပြောထားသဖြင့် အသင့်စောင့်ကြိုနေကြလေသည်။ ဂဏေသတို့ အိမ်ပေါ်သို့ရောက်လျှင်ပင် မင်းကြီးက "ဖြစ်မှဖြစ်ရလေ၊ ကျွန်တော်တို့လဲ သီလရှင်လေး ရန်ကုန်လာပြီဆိုတဲ့အကြောင်း မနက်ကပဲ မြစ်ကြီးနားက သံကြိုးရလို့ တစ်မနက်လုံး စုံစမ်းရှာဖွေနေတာပဲ၊ ဘာနဲ့လာလို့ ဘယ်အချိန်ရောက်မယ်လဲမပါတော့ ဘယ်သွားကြိုရမလဲ မသိတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



စမ်းတဝါးဝါး ဖြစ်နေတာပေါ့၊ ပြီးတော့ သီလရှင်လေးကို ရန်ကုန်ပို့လိုက်တယ်ကြားလို့လဲ အတော် အံ့သြမိတယ်ခင်ဗျ၊ ကျွန်တော်သိရတာက အမှုတွဲကိုသာ ရန်ကုန်ပို့ဖို့ဆိုတာပဲ သိတယ်၊ လူကိုပါ ရန်ကုန်ပို့လိုက်တယ်ဆိုတာ သိရတော့ အံ့သြသွားတာပေါ့၊ ဘာပဲဖြစ်ဖြစ်လေ တကယ်တော့ လူပါ ရန်ကုန်ရောက်လာတာ ပိုကောင်းတာပေါ့၊ ဒီရောက်မှတော့ ဘာမှမပူပါနဲ့တော့၊ အားလုံးကိစ္စပြီးပြီလို့ပဲ မှတ်ထားပါ၊ ဆရာတော် ဦးဓမ္မာဝုဓလဲ တစ်ရက်နှစ်ရက်ကြာရင် ရောက်လာမှာပါပဲ၊ ဒီမှာပဲ ဆရာလေးအမှု မပြီးမချင်း စိတ်အေးလက်အေးနေပေတော့"ဟု ပြောဆိုကာ ဂဏောသအတွက် အခန်းတစ်ခန်း စီစဉ်၍ပေးလေသည်။

လိုက်ပို့ပေးသော ဦးဘသန်းကလည်း အကြောင်းရှိက ပြောဆိုရန် မှာကြားပြီး နှုတ်ဆက်၍ပြန်သွားလေ၏။ ထိုအချိန်ကစ၍ ဂဏောသ၏ဘဝမှာ တစ်မျိုးတစ်ဖုံ ဆန်းသစ်၍လာရလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၀

# စိတ်ရှိလက်ရှိ

မော်လမြိုင်မြို့သည် တနင်္သာရီတိုင်း ကျိုက္ခမိခရိုင်၏မြို့တော်၊ မြန်မာနိုင်ငံ၏တတိယမြို့တော်ဖြစ်သည်နှင့်အညီ စည်ကားလှသော မြို့ကြီးတစ်မြို့ဖြစ်ပေသည်။ သင်္ဘောဆိပ် မြို့ကြီးဖြစ်၍ မြန်မာ့ထွက်ကုန် ဆန်စပါး၊ ကျွန်းသစ်များအတွက် နိုင်ငံခြားသင်္ဘောကြီးများ၏ ရပ်နားကုန်တင်ရာ၊ နိုင်ငံကူးသင်္ဘောရေယာဉ်ကြီးတို့ ဆိုက်ကပ်ရာ ဆိပ်ခံမြို့ကြီးဖြစ်၍လည်း ပိုမိုသာယာလှပေသည်။ ထို့ထက် ပြည်တွင်းခရီးတွင် အရေးပါသော လေယာဉ်ရေယာဉ်တို့အပြင် ရထားဆိပ် ကားဆိပ်ဖြစ်သဖြင့် မြန်မာပြည်အောက်ပိုင်းတွင် ရန်ကုန်ကလွဲ၍ အစည်ကားဆုံးမြို့ကြီးဖြစ်ပေရာ လောကီဘက်က ဂုဏ်ယူစရာတစ်မျိုးပင် ဖြစ်နေပေ၏ ။

လောကုတ္တရာ ဘာသာရေးဘက်ကလည်း ပိုမို၍ဂုဏ်ယူဖွယ်ကောင်းနေသည်မှာ မြို့၏ ပထဝီအနေအထားအရပင်ဟု ဆိုရပေမည်။ မှန်ပါ၏။ မြို့၏တစ်ဖက်တွင် သံလွင်မြစ်၏ ပြန့်ပြူးသောမြစ်ပြင်နှင့် တစ်ဖက်တွင် မြစ်ပြင်နှင့်မြို့တွင်းကို အလျားလိုက် လျှောင်း၍ တည်ငြိမ်စွာ စောင့်စားကြည့်ရှုနေသလို ရှိနေသော နာဂဝိသ တောင်တန်းကြီးမှာ စေတီပုထိုးနှင့် အမျိုးမျိုးသော ဗုဒ္ဓဘာသာအဆောက်အအုံတို့၏ တည်ကိန်းရာဌာနကြီး ဖြစ်နေပေသည်။

ထိုနာဂဝိသတောင်တန်းကြီး၏ အချက်အချာနေရာတွင် ရွှေရောင်ဝင်းနေသော ကျိုက်သလွန် စေတီတော်မြတ်ကြီးနှင့် တစ်ဖက်တွင် မဟာမြတ်မုနိ ရုပ်ရှင်တော်၏ ကိန်းဝပ်ရာ ဂန္ဓကုဋီပြာသာဒ်ကျောင်းတော်ကြီးကို တစ်ဖက်တွင် စီတန်းလျက်ရှိသော စေတီတော်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဖျားတွင် ကျိုက်သလ္လန်စေတီတော်ကြီးကဲ့သို့ပင် ကျက်သရေဆောင် ညီတော်နောင်တော်ဖြစ်သော ဦးဖိနခေါ် ဖိနမာရ်အောင် စေတီတော်ကြီးတို့ကား ဤမြို့တော် ဤဌာန၏ ဗုဒ္ဓဘာသာအခြေအနေကို ထင်ရှားစွာ သရုပ်ဖော်နေသည်နှင့်အညီ ရွှေရောင်တဝင်းဝင်းနှင့် မြင့်မြတ်တည်ငြိမ်သော အသရေကို ဆောင်လျက်ရှိပေ၏။

နာဂဝိသ တောင်တန်းကြီးနှင့် သာသနာ့အဆောက်အအုံများက သာသနာ့ကျက်သရေကို ဆောင်ပြနေသည်နှင့်အညီ ထိုတစ်ဝိုက်တွင် ဗုဒ္ဓဘာသာ၏ အခြေအမြစ်ဖြစ်သော ဗုဒ္ဓစာပေပိဋကတ်တော်များကို အဆင့် အတန်းမြင့်မြင့် ပို့ချသင်ကြားရာ ကျောင်းတိုက်ကြီးများကလည်း မြို့ရွှေမြိုင်၏ ဂုဏ်ရောင်ကိုသာမက ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဂုဏ်ရောင်ကိုပါ ထွန်းပြောင်စေခဲ့ပေသည်။

အထူးအားဖြင့် ကျိုက်သလ္လန်စေတီတော်ကြီးနှင့် မနီးမဝေး နာဂဝိသ တောင်စွယ်တစ်နေရာရှိ ခေမာရာမ သီလရှင်ကျောင်းတိုက်ကြီးသည် ရဟန်းတော်များနေရာ မောင်တော်စာသင်တိုက်ကြီးများနည်းတူ ဗုဒ္ဓစာပေ ပိဋကတ်တော်များကို အဆင့်အတန်းမြင့်မားစွာ ပို့ချလျက် သီလရှင်ဟူသော အမျိုးသမီး သာသနာ့ဝန်ဆောင်များအား ပိဋကတ်ပညာရှင်အဖြစ်သို့ အထင်အရှားပင် ပို့ဆောင်၍နေပေသည်။ ထို့ကြောင့်ပင် ခေမာရာမဟူသော အမည်သည် ယနေ့မြန်မာနိုင်ငံ၏ ပါဠိစာပေနယ်တွင် ထင်ရှားတွင်ကျယ်လျက် ရှိပေသည်။ စည်းကမ်းရှိခြင်း၊ ပညာသင်ကြားရာ၌ စနစ်ကောင်းခြင်း၊ စာမေးပွဲအအောင်များခြင်းတို့ကလည်း ခေမာရာမ၏ဂုဏ်ကို တသုန်သုန် လှိုင်ထုံစေခဲ့၏။ ထို့ပြင် ခေမာရာမ၏ သမီးတော်များက ကိုယ်ကျင့်တရားပြည့်စုံ၍ သိက္ခာသမာဓိဂုဏ် ပြည့်ဝလျက် ဒါယကာ၊ ဒါယိကာမတို့၏ အကြည်ညိုကို ခံယူနိုင်ခြင်းသည်လည်း ရှိရင်းစွဲဂုဏ်ရည်ကို တိုးတက်သည်ထက် တိုးတက်စေခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်ကား...ထိုခေမာရာမ စာသင်တိုက်ကြီး၌ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ထူးခြားသော မှတ်တမ်းတင်ဖွယ် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်၍လာခဲ့ပေသည်။

ထိုဖြစ်ရပ်ကား... မြင့်မြတ်သော အလိုဆန္ဒ၏ စေ့ဆော်မှုကြောင့်ဒုက္ခအမျိုးမျိုးတို့ကို မကြောက်မရွံ့ ရင်ဆိုင်၍လာခဲ့သည့် ဓမ္မဝတီမည်သော နီပေါသီလရှင်ကလေး ဂဏောသ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်ပေသည်။

ဂဏောသသည် နိုင်ငံကူးလက်မှတ်မဲ့ ဝင်ရောက်လာမှုဖြင့် ၆လ နီးပါးခန့် ရန်ကုန်တွင် အမှုဆိုင်ရင်း ကြန့်ကြာနေခဲ့ပြီး ဘုန်းတော်ကြီး ဦးဓမ္မာဝုဓ၊ စာရင်းစစ်မင်းကြီး ဦးစံလွင်၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ စသော ပုဂ္ဂိုလ်ကြီးများ အသင်းအဖွဲ့များ အကူအညီဖြင့် ကွင်းလုံးကျွတ် အပြစ်မှ လွတ်မြောက်ခဲ့ရပေသည်။ အမှုဆိုင်နေရသော ၆ လခန့်အတွင်း ရန်ကုန်တွင် နေရစဉ်မှာလည်း သူ့အဖို့ အကျိုးမဲ့မဖြစ်၊ နေရသမျှအချိန်ကို အကျိုးရှိအောင် သုံးစွဲတတ်သူပီပီ မြို့တော်ရန်ကုန်၏ အသုံးအနှုန်း လေယူလေထားအတိုင်း မြန်မာစကားကို မင်းကြီးဦးစံလွင်၏ အိမ်မှာပင် သင်ကြားခွင့်ရခဲ့သဖြင့် ထို ၆ လကုန်ဆုံး၍ အမှုပြီးသည့်နောက်တွင် မြန်မာစကားကို ရေရေလည်လည် ပြောတတ်ဆိုတတ် ဖြစ်လာခဲ့ပေသည်။ ထို့ပြင် မြန်မာစာကိုပါ အတော်အသင့် ရေးတတ်ဖတ်တတ် ရှိလာခဲ့လေ၏။

ထို့နောက် ရည်မှန်းရင်းအတိုင်း ဤမော်လမြိုင်မြို့တော်၏ ခေမာရာမစာသင်တိုက်သို့ ဆရာတော်ဦးဓမ္မာဝုဓ အမိန့်အရ ဆိုင်ရာပုဂ္ဂိုလ်များ၏ ပို့ဆောင်မှုဖြင့် ရောက်ရှိလာခဲ့ရာတွင် ရေငတ်လာသူ ရေချိုတွင်းကို တွေ့ရဘိသကဲ့သို့ လိုလားနေသော ဗုဒ္ဓစာပေတို့ကို အချိန်အအားမထား အားတက်သရော သင်အံလေ့ကျက်ခဲ့တော့၏။

ခေမာရာမ၏ နာယကဆရာကြီး ဒေါ်ပညာစာရီမှာ ဤကဲ့သို့သော ပိဋကတ်ရင်နှစ် သမီးချစ်များအား ပိဋကတ်စာပေ သင်ကြားပို့ချ

www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်ပညာရှင်အဖြစ်သို့ ပို့ဆောင်ရာတွင် ကျွမ်းကျင်ပြီးသူတစ်ဦး ဖြစ်သည့်အတိုင်း ဂဏောသအားလည်း အခြေမှစ၍ ဆန္ဒနှင့်လျော်ညီအောင် တစ်စတစ်စ သင်ကြားပေးခဲ့ရာ တစ်နှစ်အတွင်းမှာပင် ဂဏောသသည် မော်လမြိုင်မြို့ သဒ္ဓမ္မပါလ စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်ခဲ့ရုံမက ပထမအဆင့်ကို လက်ဦးအောင်ပန်း ဆွတ်လှမ်းပန်ဆင်နိုင်ခဲ့ပေတော့၏။

ထိုမှစ၍ ၁၉၅၄/၅၅ ခုနှစ်တွင် အဘိဓမ္မာစာမေးပွဲ ၃ ဆင့်နှင့် အစိုးရ ပထမငယ်တန်းကို အောင်မြင်ခဲ့၏။ ၁၉၅၆ ခုနှစ်တွင် အစိုးရ ပထမလတ်တန်း၊ ၁၉၅၇ ခုနှစ်တွင် သုသမာစာရ စာမေးပွဲအငယ်တန်းနှင့် ၁၉၅၈ ခုနှစ်တွင် အစိုးရပထမကြီးတန်းတို့ကို နှစ်ဆက် အောင်မြင်ခဲ့လေသည်။

"မနီပေါ...ထွက်ခဲ့ပါဦးလေ၊ ဒီမှာ ဧည့်သည်က တွေ့လိုပါသတဲ့"

စာချ သီလရှင်ဆရာတစ်ဦးက ခေါ်လိုက်ရာ အသံဆုံးလျှင်ပင် သိက္ခာနှင့်ပြည့်စုံ၍ ရင့်ကျက်သော ဣန္ဒြေရှင် သီလရှင်ဆရာကလေး တစ်ဦးသည် ဖြည်းညင်းသာယာစွာ ကျောင်းခန်းတွင်းမှ ထွက်၍လာလေသည်။

ထွက်လာသော သီလရှင်ကလေးအား ယခင်က ဝါလွင်သော ဝတ်စုံဖြင့် ဒုက္ခအဖုံဖုံတို့ကို ဖိသိဖတ်သိ ကျော်လွှား၍လာခဲ့သူ နီပေါ သီလရှင်ကလေး ဂဏောသခေါ် မဓမ္မဝတီ (ယခု...ခေမာရာမရောက်သော် သောကြာသမီး နေ့သင့်နံသင့် မသုဓမ္မဝတီ)ပင် ဖြစ်ပေသည်။ ယခုသော် ဂဏောသခေါ် မဓမ္မဝတီ ဝါ မသုဓမ္မဝတီ (ရွှေမြိုင်၏ချစ်စနိုးအခေါ် 'မနီပေါ')မှာ ယခင်ကကဲ့သို့ နနွင်းရောင် ဝါထိန်နေသော ကိုယ်ရုံဖားဖား ယောကျ်ားဝတ်ရှပ်အင်္ကျီပမာ အောက်ခံဖြင့် နီပေါဟန် ပါမနေတော့ဘဲ မြန်မာသီလရှင်ကလေးများအတိုင်း နီဖျော့ဖျော့ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



အဆင်၊ ကြည်လင်သော မျက်နှာအသွေးဖြင့် ငယ်သွေးငယ်ပေါက်ကာ လေးစားလောက်သော ဣန္ဒြေသိက္ခာဖြင့် ကြည်ညိုစရာ တွေ့မြင်ရလေသည်။

မနီပေါခေါ် ဂဏောသမှာ ခေမာရာမသို့ရောက်၍ ၆နှစ်အတွင်း အပြင်းအထန် မနားမနေကြိုးစားခဲ့ခြင်းဖြင့် ပထမကြီးတန်းအောင်မြင်သည်အထိ မြင့်မားသော စာပေအဆင့်အတန်းသို့ တက်လှမ်းခဲ့ပြီဖြစ်ရာ လာမည့်နှစ်တွင် ပါဠိတက္ကသိုလ်စာမေးပွဲ၏ ဓမ္မာစရိယ (စာချ)တန်းကို တက်လှမ်းခူးဆွတ်နိုင်ရန် အထူးကြိုးပမ်း၍နေချိန်ပင်ဖြစ်၏။ သူ၏ ကြိုးစားမှုနှင့် အောင်မြင်မှုတို့အပြင် သူ့ဘဝဖြစ်စဉ်ကိုကပင် ခင်မင်ကြည်နူးစဖွယ် ဖြစ်နေပေရာ ပတ်ဝန်းကျင်မှ သူ့အား တွေ့လိုမြင်လို၊ ခင်မင်လိုကြသော ဧည့်သည်များမှာလည်း ခေမာရာမသို့ တဖွဲဖွဲလာရောက်၍ နေလေသည်။ ထိုဧည့်သည်များထဲမှပင် မနီပေါအား တွေ့မြင်ရလျှင် အကြည်ညိုတိုး၍သွားကာ "မနီပေါ ပညာသင်နေစဉ်အတွင်း ထောက်ပံ့ပါရစေ"ဟု ဆိုကာ ဒကာခံ၍သွားကြသူများကလည်း ပေါ်ထွက်လာစမြဲပင် ဖြစ်ပေ၏။

"ဟော...မနီပေါအတွက် လေယာဉ်လက်မှတ် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က ပေးမယ့်အကြောင်း လာပြောတာပဲ၊ သွားမယ့်ရက်ကိုလဲ သိချင်သတဲ့"

ကျောင်းခန်းထဲမှ ထွက်လာပြီး နာယကဆရာကြီးရှေ့မှောက်သို့ ကျုံ့ယုံ့ပိရိစွာ ထိုင်နေသော မနီပေါခေါ် ဂဏောသအား နာယကဆရာကြီးက စကားစ၍ပြောလိုက်သဖြင့် ဂဏောသသည် လာရောက်သော ဧည့်သည်များကို ကြည့်လိုက်ရာ သာသနာရေးအရာရှိများ ဖြစ်နေသည်ကို တွေ့ရပေသည်။ ဟုတ်ပါသည်၊ မိမိ၏မွေးရပ်ဌာနေမှ မဖြစ်မနေမရောက်မနေဟူသောစွဲဖြင့် ထွက်ခွာလာခဲ့ရာ ယခု ၈နှစ်တိုင်တိုင်ရှိနေပေပြီ။ နီပေါပြည် လလိတပူရ(ပါတန်)ရှိ မိခင်ဖခင်တို့ထံမှ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက် အရောက်ပြန်ခဲ့ပါရန် အတန်တန် စာပေး၍မှာနေသဖြင့် ပထမကြီးအောင်ပြီးလျှင် ခေတ္တပြန်မည်ဟု စိတ်ကူးထားခဲ့သည်။ ထို့ကြောင့်ပင် မိမိအား ပညာသင်စရိတ်ထောက်ပံ့နေသော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သို့ (သာသနာပြုတရားဟောရန် နီပေါပြည်သို့ ခေတ္တသွားမည့်အကြောင်း) အကြောင်းကြားမေတ္တာရပ်ခံထားရာ ယခု သွားခွင့်နှင့် အသွားအပြန် ခရီးစရိတ် လေယာဉ်လက်မှတ်ပင် ပေးတော့မည့်အကြောင်း သတင်းပို့လာပေပြီ။

"ဟုတ်ပါတယ် ဆရာလေး၊ ဘယ်ရက်လောက် နီပေါပြည်ကို သွားဖို့ စိတ်ကူးပါသလဲဆိုတာ အချိန်ကို သိချင်လို့ပါပဲ၊ သွားမယ့်ရက် သေချာရင် ရန်ကုန်ကို လိုက်ပို့ဖို့လဲ အဆင်သင့်ပါပဲ"

သာသနာရေးအရာရှိများက ထပ်၍ပြောသဖြင့် မနီပေါသည်လေးလေးနက်နက် စဉ်းစားနေရာက...

"သွားဖို့သာ စိတ်ကူးထားတာပါ၊ ရက်တော့ မရှိသေးပါဘူး"

ဟု အရာရှိများအား ပြန်ကြားပြောဆိုပြီး နာယကဆရာကြီးဘက်သို့ လှည့်ကာ ရိုကျိုးစွာဖြင့် "ဆရာဘုရား အမိန့်ရှိစေချင်ပါတယ်၊ ဘယ်နေ့သွားဖို့ သင့်မယ်ဆိုတာ စီစဉ်ပေးပါဦးဘုရား"ဟု လျှောက်ထားလိုက်လေသည်။

"သွားခွင့်နဲ့ ဆေးလက်မှတ်တောင်းဖို့ဆိုရင် ဘယ်လောက်ကြာမှာလဲ"ဟု ဆရာကြီးက အရာရှိများအား မေးလိုက်သည်။

"အလွန်ဆုံး ၁၅ ရက်ပေါ့၊ ပတ်စ်ပို့လုပ်ရရင်သာ ကြာမှာပါ၊ အခု မနီပေါအတွက်ဆိုရင် ပတ်စ်ပို့ကိစ္စကမရှိတော့ သိပ်မကြာပါဘူး"

"ဒါဖြင့်...နောက်လဆန်းလောက် သွားနိုင်အောင် ဒီကနေပြီး ရန်ကုန်ကို သန်ဘက်ခါလောက်သွားရင် ကောင်းမယ်ထင်တယ်၊ ဘယ့်နယ်လဲ...မနီပေါ"

"ဆရာဘုရား အမိန့်အတိုင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



နာယကဆရာကြီးကပင် သာသနာရေးအရာရှိများနှင့် တိုင်ပင်၍ စီစဉ်ပေးသဖြင့် ဂဏောသလည်း သဘောတူလိုက်ကာ ထိုအတိုင်းပင် လက်ခံအတည်ပြုလိုက်ပေ၏။

၈ နှစ်တိုင်တိုင် ကွဲကွာနေသော ဇာတိဌာနေ နိပေါမြေသို့ ရောက်ရချေဦးတော့မှာပါတကား။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၁

# မွေးရပ်ဌာနေ

သီရိမတိဟောရာထကူသည် မီးဖိုခန်းတွင် စားသောက်ဖွယ်ရာများကို ချက်ပြုတ်လုပ်ကိုင်နေရင်း ၈ နှစ်တိုင်တိုင် ခွဲခွာနေရသည့် တစ်ဦးတည်းသော သမီးချစ်ကလေး ဂဏေသအား အမှတ်ရလွမ်းဆွတ်၍ နေလေသည်။ လွန်ခဲ့သော ၈ နှစ်ကာလ၏ တစ်နေ့လယ်၌ ဤနေရာတွင်ပင် မြန်မာပြည်သို့ သွားလိုကြောင်း စတင်ခွင့်တောင်း၍ သွားခွင့်ပေးမည်ဟု မိမိကပြောလိုက်လျှင်ပင် ရွှင်မြူးဝမ်းသာသွားကာ မိမိ၏ခါးကို အတန်ကြာဖက်ထားပြီး အိမ်ပေါ်မှ ခုန်ပေါက်မြူးထူးလျက် ပြေးဆင်းသွား၍ သုဘာလက္ခမီတို့အား အဖော်ညှိသွားခဲ့ပုံတို့ကို တရေးရေးမြင်ယောင်နေမိပေပြီ။

သမီးချစ်သည် ယခုအချိန်တွင် ဗုဒ္ဓစာပေတို့ကို အတော်ပင်တတ်၍နေပေတော့မည်။ စာမေးပွဲများ အဆင့်ဆင့်အောင်မြင်နေသည်ဟုလည်း စာရသည်။ ယခုနှယ် သမီးချစ် လလိတပူရ(ပါတန်)တွင်ရှိလျှင် အဘယ်မျှကောင်းပါမည်နည်း။ မာဂဓီ မာဓဝီခေါ် မနေ့ာဟာရဒေဝီနှင့် သုဘာလက္ခမီတို့ ညီအစ်မသည် သီလရှင်ဘဝဖြင့် လလိတပူရ(ပါတန်)တွင် ကျောင်းတည်ကာ မိဘမဲ့ကလေးများအား ထေရဝါဒဗုဒ္ဓစာပေတို့ကို သင်ကြားပေးနေကြသည်။ ၎င်းတို့ သီလရှင်ညီအစ်မကို မြင်တိုင်း အတူထွက်သွားခဲ့သော သမီးချစ်ကို မြင်ယောင်လွမ်းတနေရပေ၏။ ၁၉၅၆ ခုနှစ် နှစ်ထောင့်ငါးရာပွဲ ကျင်းပစဉ်က မာဂဓီတို့ညီအစ်မသည် မြန်မာနိုင်ငံသို့သွားရောက်ခဲ့ကာ ၃ နှစ်ခန့် ပညာသင်ပြီးပြန်ခဲ့စဉ်က တွေ့ခဲ့ရသော သမီးချစ် ဂဏေသအကြောင်းကို ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပညာတတ်သမီးအတွက် ဝမ်းသာနေရသည်။ ထို့ကြောင့် အပြီးမဟုတ်တောင် တစ်ခါတစ်ခေါက် အလည်အပတ်ပြန်လာရန် အတန်တန်စာရေးခဲ့ရာ စာမေးပွဲကြီးတစ်ခု အောင်ပြီးလျှင် ပြန်လာပါဦးမည်ဟု စာရောက်လာ၏။ ယခု စာမေးပွဲကြီးပြီး၍ အောင်မြင်ပြန်ပြီဟုဆိုရာ သမီးပြန်ရက် နီးလာပေပြီ။

ဘယ်နေ့ဘယ်ရက် ရောက်လာမည်မသိရ၍ ကြိုဆိုရန်လည်း ဘာမျှပြင်ဆင်မထားရပေ။ ရက်နီးလျှင်တော့ ထပ်မံအကြောင်းကြားပေလိမ့်မည်။ ထိုအခါကျမှပင် မြန်မာပြည်ပြန် ပညာရှိသမီးချစ်အား အထူးတလည် ကြိုဆိုရပေတော့မည်။ သူ့ဖခင်ကဆိုလျှင် မိမိထက်ပိုသေးသည်။ သမီးပြန်လာလျှင် လလိတပူရ (ပါတန်)တစ်မြို့လုံး လွှမ်းခြုံသွားအောင် တစ်ခဲနက် ဂုဏ်ပြုကြိုဆိုမည်။ နေထိုင်သာသနာပြုရန်လည်း ကျောင်းဆောက်ပေးမည်ဟုပင် စီစဉ်နေသေး၏။

"အမေရေ... ဘုန်းကြီးတစ်ပါး အိမ်ရှေ့မှာ ရပ်နေတယ်"

သမီးချစ်ကို မှန်းဆ၍ အတွေးအမျှင် မပြတ်ဖြစ်နေစဉ် အိမ်ရှေ့မှ သားအငယ်၏အော်သံကို ကြားရ၍ အတွေးရပ်သွားသည်။ ဘုန်းကြီးတစ်ပါးဆိုလျှင် အရှင် သီရိဗုဒ္ဓဃောသ ဖြစ်ပေလိမ့်မည်။ သမီးဆီက သတင်းထူး၍ လာပြောသည်ထင်ရဲ့...ဟု တွေးကာ "အေး... အေး... အမေလာပြီ"ဟု ပြန်ပြောရင်း အလုပ်ကိုထား၍ ပျာယီးပျာယာဖြင့်ပင် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

နီပြေဖျော့တော့သော အရောင်ရှိသည့် ဝတ်စုံဖြင့် အသွင်ထူးသူ တစ်ဦးသည် တည်ကြည်ငြိမ်သက်စွာ အိမ်ရှေ့တွင် ဣန္ဒြေသိက္ခာရှိရှိ ရပ်နေသည်ကို တွေ့ရလေသည်။ ဒေါ်ဟေရာထကူသည် ဘုန်းကြီးတစ်ပါးဆိုသဖြင့် မိမိတို့ဆရာ အရှင်သီရိဗုဒ္ဓဃောသကို တွေ့ရမည် အထင်ဖြင့် ထွက်ခဲ့ရာ ထင်သည့်အတိုင်းမဟုတ်ဘဲ မိမိမမြင်ဖူးသော မျက်နှာစိမ်းတစ်ဦးကို တွေ့နေရသဖြင့် ရုတ်တရက် ခပ်အမ်းအမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသည်။ နောက်မှ အိမ်ရှင်မ ကောင်းတို့၏ ဝတ္တရားအတိုင်း "ကြွပါ...ကြွပါ... ဘာကိစ္စရှိပါသလဲ"ဟု ဖိတ်ခေါ်ရင်း အသံပြုရသည်။

အသွင်ထူးသူသည် ဖြည်းညင်းစွာပင် ဣန္ဒြေရရဖြင့် အိမ်လှေကားဆီသို့ လျှောက်၍လာသည်။ "အလို...မိန်းကလေးပါလား၊ ဘယ်ကပါလိမ့်၊ သြော်...သြော်...မြန်မာသီလရှင်နဲ့တူတယ်၊ မနော ဟာရတို့ဆီကနဲ့တူရဲ့ မြန်မာပြည်က သမီးဆီက စာပေးတဲ့လူကြုံများ လား"ဟု ဒေါ်ဟေရာထကူ တွေးနေစဉ်...

"အမေ... ကျွန်မ ဂဏေသကုမာရီ...ရယ်လေ"

"အလိုလေး...လေ"

အသွင်ထူးသူထံမှ အသံထွက်လာမှ ဒေါ်ဟေရာထကူသည် ရုတ်တရက် အော်လိုက်မိတော့၏။ ထိုအခါမှပင် ဖြောင့်စင်းသော နှာတံပေါ်ရှိ ထင်ရှားသောမှဲ့ရှင်ကလေးကို သတိပြုမိကာ တစ်ဆက်တည်း ရုပ်ကိုဖမ်းမိသွားပြီး ဝမ်းသာခြင်းဖုံးလွှမ်းလျက် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့၏။

"သားတို့ရေ...လာကြ...လာကြ၊ ဒါ နင်တို့အစ်မ ဂဏေသ ရယ်လေ၊ ဟဲ့...ဟိုအိမ်က နင်တို့ဦးကြီးသွားခေါ်ချေစမ်းပါဦး၊ မာဏ ကာဂျိ ဟိုဖက်ထွက်သွားထင်ပ...လိုက်ခေါ်ချေစမ်း၊ သွား...မြန်မြန်၊ သြော်...သြော်...သမီး...ဟင်း ဟုတ်ပေါင်... ဂဏေသ...အာ... သီလရှင်လေး အိမ်ပေါ်ကိုကြွပါ...လာပါ"

အံ့သြမှု ဝမ်းမြောက်မှုတို့ဖြင့် ဒေါ်ဟေရာထကူမှာ ပျာယာခတ်၍နေကာ ထူးသောအသွင်ဖြင့် ဣန္ဒြေသိက္ခာရှင် ပညာရှင်ဖြစ်နေသော သမီးချစ်အား အယောင်ယောင်အမှားမှားဖြင့် အိမ်ပေါ်သို့ ပင့်ဆောင်လေတော့၏။ သီလရှင်လေး ဂဏေသသည် မိခင်ကြီး၏ ဝမ်းမြောက်လှုပ်ရှား အယောင်ယောင် အမှားမှား ဖြစ်နေမှုကို တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



မှ ပြုံးကြည့်ရင်း အိမ်ပေါ်သို့ တက်လာလေသည်။ အငယ်မောင်လေး နှစ်ယောက်ကား သူတို့အစ်မကြီး ဂဏေသဟူ၍ အမေပြောသဖြင့်သာ ခွာမသွားသေးဘဲ ကြည့်နေရသည်။ လုံးဝမမှတ်မိသဖြင့် မျက်နှာစိမ်း တစ်ယောက်ပမာ မပြုံးမရယ် တည်တည်ကြီးဖြစ်နေကြသေးသည်။

"ဟဲ...သား သွားလေ၊ ဒါနင့်အစ်မ မမှတ်မိဘူးလား...သွား နင်တို့အဖေ အလုပ်တိုက်ကိုလိုက်သွား...မြန်မာပြည်ကမမ ပြန်လာပြီ လို့ပြော...နင့်အစ်ကိုကြီးလဲခေါ်ခဲ့...သွား...မြန်မြန်"

"ဟုတ်ကဲ့...အမေ"

အငယ်မောင်ကလေးသည် ယခုမှပေါ်လာသော အစ်မကြီးအား ပြန်ကြည့်ပြန်ကြည့်လုပ်ရင်း ထွက်သွားလေသည်။ မောင်ကလေးများ ကသာ ဂဏေသအား မမှတ်မိကြသည်မဟုတ်၊ ထွက်လာစဉ်က ကလေးများသာဖြစ်နေသေးသော မောင်ကလေးများကို ယခု လူပျို ကြီးဖားဖားအရွယ် ပြန်တွေ့ရသော ဂဏေသကလည်း ကောင်းစွာ မမှတ်မိတော့ပေ။

ဒေါ်ဟောရာထက္ကူသည် သမီးချစ်အား ကုလားထိုင်တစ်လုံးတွင် ထိုင်စေလေသည်။ ထို့နောက် စကားမပြောနိုင်သေးဘဲ ရှိသေလေး မြတ်စွာ လက်အုပ်ချီ၍ ရှိခိုးလိုက်လေသည်။ မိမိ၏သမီးဖြစ်သော် လည်း မြင့်မြတ်သောဘဝသို့ ရောက်ရှိနေပြီး ငြိမ်သက်သော ဗုဒ္ဓဓမ္မ သိက္ခာနှင့် ပညာဂုဏ်သိန်တို့ကြောင့် ရှိခိုးထိုက်သည်ဟုပင် ဒေါ်ဟောရာ ထက္ကူ ယုံကြည်လေသည်။ ထို့နောက်မှ သမီးချစ်နှင့် မနီးမဝေး နိမ့်သောနေရာ၌ ပျပ်ဝပ်စွာထိုင်လျက် လေးလေးစားစား စကားပြောဆို နေလေသည်။

"အကြောင်းမကြား... ဘာမကြား ရုတ်ရက်ဆိုတော့ သမီး ဟုတ်မယ်မထင်လို့ လူတောင်မှားသွားတယ်၊ သိပ်ထွားလာတာကိုး အားလုံးကတော့ မြင်မြင်ချင်း ဝမ်းသာကုန်ကြမှာပဲ၊ နေ့တိုင်း ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



သမီးအကြောင်းချည်း ပြောနေကြတာ၊ စာမေးပွဲအောင်တယ်ကြားရင်း ဒီကနေပြီး ဂုဏ်ပြုပွဲလုပ်ရင်းပဲ၊ ဟော...လာကြပါ...လာကြပါ"

ဒေါ်ဟောရာထကူမှာ သမီးချစ် သိက္ခာရှင်နှင့် စကားပြောနေရာက ဆွေမျိုးတစ်စု အိမ်ပေါ်တက်လာသဖြင့် ဆီးကြိုနေရာပေးရလေသည်။ ဂဏေသ၏ အဒေါ်များ ဝမ်းကွဲညီအစ်မများတို့သည် အိမ်ပေါ်သို့ တက်လာပြီး ဒေါ်ဟောရာထကူအနီး၌ စုရုံး၍ထိုင်ကာ ကုလားထိုင်ပေါ်မှ သီလရှင် ဂဏေသကို ရှိခိုးပြီးနောက် "ဘယ်မလဲ...ဂဏေသလာတယ်ဆို"ဟု မေးလေသည်။

"အဲဒါလေ"ဟု ဒေါ်ဟောရာထကူက ရယ်မော၍ ညွှန်ပြလိုက်မှ "အလို...ဒါလား"ဟု သံပြိုင်မေးရင်း အံ့အားသင့်ကုန်ကြပြန်၏။

"အမယ်လေး မသိဘူး၊ တကယ်မမှတ်မိတာ...ကြည့်စမ်းပြောမှပဲ တူလာတော့တယ်"ဟု ဝိုင်းဝန်း၍ ရယ်ရယ်မောမော ပြောဆိုကြကာ ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားကြလေ၏။

သူတို့ မျက်မှောက်မှ ၁၃–၄ နှစ်သမီးအရွယ် ခုန်ပျံကစားနေရာမှ ပျောက်ကွယ်သွားခဲ့ပြီး ယခု ၂၀ ကျော်အရွယ် ထွားကျိုင်းပြည့်တင်း၍ အဆင်းအင်္ဂါပြည့်စုံလျက် အသွင်တစ်မျိုးဖြင့် ရောက်လာသောဂဏေသအား သူတို့တွေ့ရသည်မှာ နတ်ရေကန်မှတက်လာသူတစ်ဦးကို တွေ့ရသကဲ့သို့ပင် တအံ့တသြဖြစ်နေကြလေတော့၏။

"အားလုံးနေကောင်းတယ်နော်...ဆွေမျိုးတွေကို ကျွန်မကာလဲမမေ့ပါဘူး၊ ဟိုမှာနေပေမဲ့ စိတ်ကတော့ အမြဲရောက်နေပါတယ်၊ ဒါပေတဲ့ နေ့မအား ညမအားဆိုသလို ပညာသင်နေရတော့ စာတွေလဲ မရေးနိုင်ဘူးပေါ့"

ငယ်စဉ်ကအသံနှင့်လုံးလုံးကွာခြား၍မသွားသေးသော ဂဏေသ၏ အသံကို ကြားသောအခါတွင် ၈ နှစ်အတွင်း ပြောင်းလဲသွားသော အခြေအနေကို သူတို့ ပြန်လည်သုံးသပ်မိကြတော့သည်။ သို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးတစ်စုသည် မြန်မာပြည်အကြောင်းများ ဗုဒ္ဓဘာသာရေးရာများကို မေးမြန်းပြောဆိုနေကြလေ၏။

ထိုအတွင်း ဦးဟာရသမာနနှင့် ဂဏောသ၏အစ်ကိုနှစ်ယောက်တို့သည် အိမ်ပေါ်သို့ ဝမ်းသာအားရတက်လာကြသည်။ ၎င်းတို့လည်း အများနည်းတူပင် ချက်ချင်းမမှတ်မိဘဲဖြစ်နေကြပြီးမှ မိမိသမီး၊ မိမိနှမမှန်း သိသွားကြမှပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေတော့၏။ ယခင်က မိမိတို့နှင့် တစ်ဖက်တစ်လမ်းလုပ်ကာ တားမြစ်ကာဆီးထားသည့် အတွင်းမှ ဖွတ်ထွက်သွားခဲ့သဖြင့် ရင်ကွဲပက်လက် အပြစ်တင်မဆုံး ဖြစ်ခဲ့ကြသည်။ လုပ်မှလုပ်ရက်လေခြင်းဟု ကရုဏာဒေါသောဖြင့် ပြောချင်တိုင်းပြောခဲ့ကြသည်။ ယခု ဣန္ဒြေသိက္ခာအပြည့်နှင့် တကယ့်ပညာရှင်ကြီးဘဝဖြင့်ပြန်ရောက်လာသောအခါ၌ အပြစ်ဟူသမျှ စင်ကွာ၍ ကျေနပ်နှစ်သိမ့်ခြင်း၊ ဝမ်းမြောက်ဂုဏ်ယူခြင်းတို့ဖြင့် လေးစားမဆုံး ရှိသေမဆုံး ဖြစ်နေကြပြန်လေသည်။

နောက် သူငယ်ချင်းချစ် မနေဘာရဒေဝီ၊ သုဘာလက္ခမိ(မမာဂဓိ မမာခဝိ)တို့နှင့်လည်း တွေ့ဆုံလေသည်။ သူတို့ညီအစ်မသည်လည်း မြန်မာပြည်တွင် သုံးနှစ် ပညာသင်ခဲ့သဖြင့် ဂဏောသကဲ့သို့ စာမေးပွဲများ မအောင်ခဲ့သော်လည်း ဗုဒ္ဓစာပေ သင်ကြားပို့ချနိုင်သူများဖြစ်၍ ကျောင်းတစ်ကျောင်းကို ဦးစီးလျက် ထေရဝါဒသာသနာပြုနေကြလေသည်။ ၎င်းတို့ကလည်း ဂဏောသရောက်လာသဖြင့် ဝမ်းသာကြသည်။ အတူနေ၍ အတူသာသနာပြုရန် ပြောဆိုကြလေသည်။ သို့သော် ဂဏောသက လုပ်ငန်းမပြီးသေး၍ ခေတ္တလာကြောင်းဖြင့် ပြောဆိုတောင်းပန်ရလေသည်။

ဂဏောသတစ်ဖြစ်လဲ ထူးကဲသည့်ပါရမီရှင် မသုမေ့ဝတီသည် နီပေါပြည် မွေးရပ်ဌာနေ ဇာတိမြေတွင် နှစ်လမျှ နေထိုင်ခဲ့လေသည်။ ထိုအတွင်း နေ့ရောညဉ့်ပါ ထေရဝါဒဗုဒ္ဓဘာသာ တရားတော်များကို

www.burmeseclassic.com

www.burmeseclassic.com



ဟောကြားခဲ့ပေ၏။ ဗုဒ္ဓဝါဒ၏ အခြေခံဖြစ်သော သရဏဂုံသုံးပါး ငါးပါးသီလမှစ၍ ဗောဓိပက္ခိယတရား ၃၇ ပါး ကျင့်စဉ်များနှင့် ဝိပဿနာတရားများကိုပါ မိဘအိမ်တွင်လည်းကောင်း၊ ဆွေမျိုးတို့အိမ်တွင်လည်းကောင်း၊ ကျောင်းများတွင်လည်းကောင်း မနားမနေ ဟောပြောခဲ့ရာ နဂိုကပင် ထေရဝါဒဘက်သို့ပါပါတွင် ပုဂ္ဂိုလ်ခင်၍ တရားမင်သော သဘောကပါ ဖြည့်စွက်နေသဖြင့် ထေရဝါဒဗုဒ္ဓဘာသာဘိုးရေမှာ နေ့ချင်းညချင်း တိုးတက်၍ လာလေတော့၏။

တစ်ခါတစ်ရံ တစ်နေ့လုံး တရားဟော၍ မောပန်းနွမ်းလျနေသည့် အကြားမှ ညပိုင်းတွင်လည်းညဥ့်နက်သန်းခေါင်အထိ ဂဏေသတည်းခိုနေထိုင်ရာ မိဘအိမ်သို့ လာရောက်ဆွေးနွေးကြသူများအား ရှင်းလင်းပြကြားတရားစကား ပြောရသေးသည်။ အမြဲအားဖြင့် ၁၁ နာရီထက်စော၍ အိပ်ရသည်မရှိပေရာ မိခင်ကြီးဒေါ်ဟောရာထက္ကူမှာ ခေတ္တခဏလာရောက်သော သမီးချစ်၏ ကျန်းမာရေးကိုပင် စိုးရိမ်၍နေမိလေ၏။ ထို့ကြောင့် ည ၁၀ နာရီထိုးလျှင်ပင် ဧည့်သည်များကိုပြန်ရန်စကားစတတ်လေသည်။ ထိုအခါ ဂဏေသက အခွင့်ကြုံတုန်းမေးကြပါစေဟု မိခင်ကြီးအား သိစေရ၏။

တရားနာသူ၊ တရားဆွေးနွေးသူများသာ များသည်မဟုတ် ဖိတ်ခေါ်ကျွေးမွေးသူတွေလည်း များလှပေသည်။ ရောက်စ ၄–၅ ရက်လောက်ကလွဲ၍ မိဘအိမ်တွင် စားသောက်ရသည်ဟူ၍ပင်မရှိတော့။ သီလရှင်ဖြစ်၍ ညစာမစားသဖြင့် နံနက်စာဖိတ်ကြားထားသူများမှာ ပြန်ရက်အထိ အစေ့အငဖြစ်နေပေသည်။ အချို့ရက်မရ၍ပင် စိတ်မကောင်းဖြစ်ကြရသူများလည်း ရှိသေးသည်။ ထိုနေရာ၌ ဂဏေသနှင့် မိဘဆွေမျိုးတို့ သဘောကွဲလွဲချက်များ ထွက်ပေါ်၍လာသေး၏။

ဂဏေသတို့အမျိုးမှာ 'သကျ'ခေါ် ဇာတ်အမြင့်ဆုံးအမျိုးပင်ဖြစ်လေသည်။ သို့သော် ဂဏေသကား သာသနာ့ဝင် သီလရှင်ပီပီ ထို

www.burmeseclassic.com

www.burmeseclassic.com



အမျိုးဇာတ် အယူအစွဲကို အမှတ်မထားတော့ချေ။ တရားဟောပင့်ရာသို့ လိုက်ပါဟောပြော၍ဖိတ်ခေါ်ကျွေးမွေးရာသို့လည်း လက်ခံသွားရောက်စားသောက်လိုက်သည်ချည်းဖြစ်သည်။ ထိုအခါ မိဘများက "တွေ့ကရာ အိမ်မှာ မစားမသောက်ပါနဲ့၊ဇာတ်ပျက်တော့မှာပဲ"ဟု အရေးတကြီးတားမြစ်ပိတ်ပင်တတ်လေသည်။

ထိုအခါ ဂဏေသက အဖဘုရားရှင် ပြည်တော်ဝင်စဉ်က ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား ဗုဒ္ဓဝင်တရားဟောပြောပုံကို ပြန်လည်တင်ပြ၍ ဗုဒ္ဓသားသမီးဖြစ်သော ရဟန်းတော်များနှင့် ဘိက္ခုနီနှယ်ဝင် သီလရှင်တို့အဖို့ ဇာတ်ဟူ၍မရှိတော့ကြောင်း ဟောပြောကာ မိဘတို့၏ စိုးရိမ်မှုကို ပယ်ဖျောက်ခဲ့လေသည်။ မိဘဆွေမျိုးတို့ကား လုံးဝကျေနပ်မှု မရှိသော်လည်း မြင့်မြတ်တတ်သိသော ပညာရှိသမီးချစ်၏ အလိုဆန္ဒကို မဆန့်ကျင်ကြတော့ပေ။

သို့နှင့် လူမျိုးမရွေး တန်းတူဆက်ဆံ၍ မွန်မြတ်သော ထေရဝါဒ ဗုဒ္ဓဘာသာတရားကို သဘောပေါက်အောင် ဟောပြောတတ်သော ဆရာကလေး ဂဏေသအား တွေ့သမျှမြင်သမျှ နီပေါပြည်သူတို့က ကျေနပ်နှစ်သိမ့်မဆုံး ဖြစ်နေကြပေတော့၏။ ထို့ကြောင့်ပင် ဂဏေသ၏ နှစ်လတာမျှ ပြန်လာဟောပြောမှုသည် ငါတို့နှစ်နှစ်ဟောပြောမှု ထက်ပင် အကျိုးရှိပေသည်ဟူ၍ပင် နီပေါဘုန်းတော်ကြီးများက ဂုဏ်တင်ပြောဆိုကြလေ၏။

"မြန်မာပြည်မပြန်ပါနဲ့တော့၊ တစ်ခါတည်းပဲ ဒီမှာနေပါတော့"

ဤသို့ အားလုံးကပင် ဝိုင်းဝန်းတောင်းပန်ကြသည်။ သို့သော် ဝန်မခံနိုင်ပါပေ။ ဝင်နွဲ့ရတော့မည့်ဆဲဆဲ ပါဠိတက္ကသိုလ်စာမေးပွဲကြီးအတွက် ဤထက်ပို၍ အချိန်ကုန်လည်း မခံနိုင်တော့သဖြင့် အားလုံး၏ ဆန္ဒကို ဆန့်ကျင်ခဲ့ရပေတော့၏။ သို့နှင့် ဂဏေသခေါ် ဆရာကလေး မသုဓမ္မဝတီသည် ငိုငိုယိုယိုနှင့် ကျန်ရစ်ခဲ့သော ဆွေမျိုးတို့အား နောက်ခိုင်းခဲ့၍ မြန်မာပြည်သို့ ပြန်လည်ခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခင်က ကလေးမငယ်ကလေးအဖြစ် ဤလမ်းမှ တိတ်တဆိတ် ကြောက်ကြောက်ရွံ့ရွံ့နှင့် ထွက်ပြေးလာခဲ့ရသော်လည်း ယခုမူ သာသနာ့ပြုအာဇာနည်မယ်ကြီးအဖြစ် ဤလမ်းတွင် သိုက်သိုက် ဝန်းဝန်း လိုက်ပို့ကြသူများဖြင့် ထည်ထည်ဝါဝါ ထွက်ခွာခဲ့လေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၂

# အောင်ပန်း ပန်ချိန်

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်၊ ၁၃၂၄ နှစ်၊ နတ်တော်လဆန်း ၆ ရက်နေ့၌ ရန်ကုန်မြို့ ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပသော ပါဠိတက္ကသိုလ်စာချတန်းစာမေးပွဲ ဘွဲ့နှင်းသဘင်မှ "သာသနဓဇ ဓမ္မာစရိယ" ဘွဲ့ယူ၍ ထွက်လာသော အသက် ၂၅ နှစ်အရွယ် သီလရှင်ဆရာလေးတစ်ဦးအား အားလုံးသော ရောက်လာသမျှ ပရိသတ်တို့က ကောင်းချီးသြဘာပေးနေကြလေသည်။

ထိုဆရာကလေးကား ဂဏေသခေါ် မဓမ္မဝတီ (မသုဓမ္မဝတီ) မည်သော ရွှေမြိုင်အချစ်တော် မနီပေါကလေးပင်ဖြစ်ပေ၏။ မနီပေါ ဂဏေသအား မိတ်ဆွေများ၊ ဒကာဒကာမများနှင့် သတင်းထောက်များက ဝိုင်း၍မေးကြသည်။ သတင်းဓာတ်ပုံများလည်း ရိုက်ကြသည်။ မေးကြသော မေးခွန်းများမှာ ပုံစံအမျိုးမျိုးဖြစ်သော်လည်း လိုရင်းအတိုချုပ်မှာမူ တစ်မျိုးတည်းသာ ဖြစ်ပေ၏။

"မနီပေါ ဓမ္မာစရိယအောင်ပြီး နီပေါပြည် သာသနာပြုဖို့ ပြန်မယ်ဆိုတာ တကယ်ပဲလား၊ အဟုတ်ပြန်တော့မှာလား"

ဤမေးခွန်းပင်ဖြစ်၏။ မနီပေါတစ်ယောက် နီပေါပြည် ပြန်ခြင်းအားဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာအတွက် အားတက်စရာပင်ဖြစ်ပါ၏။ သို့သော် တကယ်ပြန်မည်ဆိုသောအခါ မြန်မာပြည်က သူ့အားနှမြောနေသည်။ မလွှတ်ရက်ရက် ဖြစ်နေသည်။ အခွဲခက်နေသည်။

မနီပေါကား ဖြည်းညင်းစွာပင် အဖြေပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ဖို့ကတော့ အမှန်ပါပဲ၊ ဟိုမှာနေဖို့ သီလရှင်ကျောင်းတစ်ဆောင်တောင် မိဘဆွေမျိုးများက စီစဉ်နေပါပြီ၊ ဒီက စွမ်းရည်ရှိတဲ့ မြန်မာသီလရှင်တစ်ပါးပါ ပင့်သွားဖို့ အစီအစဉ်ရှိလဲရှိပါတယ်၊ ပြီးတော့ အားလုံးက တိုက်တွန်းလို့လာမယ့်နှစ် ပါဠိတက္ကသိုလ်စာမေးပွဲမှာ ပါဠိပါရဂူတန်းဝင်ဖြေဖို့လဲ စိတ်ကူးထားသေးတာမို့ တစ်နှစ်အတွင်းတော့ ပြန်နိုင်ဦးမယ် မဟုတ်သေးပါဘူး၊ ဒီအကြောင်းလဲ နီပေါကို အကြောင်းကြားထားပြီးပါပြီ"

"ပဋိပတ်လုပ်ငန်းလုပ်ဖို့ကော မနီပေါ စိတ်ကူးပါသလား"

"စိတ်ကူးပါတယ်။ သာသနာပြုတဲ့နေရာမှာ ပရိယတ်တင် မဟုတ်ဘဲ ပဋိပတ်ပါ ပြည့်စုံမှ အောင်မြင်မယ်လို့ ယူဆထားပါတယ်"

ရဲရဲတောက် ပါရမီရှင်မကလေးပါပေ။ သီလိုသူတို့၏ ဝိုင်းဝန်းမေးမြန်းနေမှုကို တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရပင် ဖြေဆိုနေပါ၏။ သူ၏ လေးနက်တည်ကြည်သောမျက်လုံးသည် နက်ရှိုင်းသော အတွေးအခေါ်ပိုင်ရှင်ဖြစ်ကြောင်း ဖော်ပြနေပေသည်။ ဤမျက်လုံးသည် ယခင်က စွန့်စားမှုအမျိုးမျိုးတို့ကြောင့် လှုပ်ရှားခဲ့ပေမည်။ ဒုက္ခဒဏ်ချက်တို့ကြောင့် မျက်ရည်တို့ဖြင့် လိမ်းကျံခဲ့ပေမည်။ ကြောက်ရွံ့တုန်လှုပ်ဖွယ်တို့ကြောင့် ပြူးကလူးပျာကလာ ဖြစ်ခဲ့ပေမည်။ အားငယ်မှု အားကိုးမဲ့မှုတို့ကြောင့် ညှိုးလျခဲ့ပေမည်။ သို့သော် ယခုမူ ထိုအဖြစ်တို့၏ လေ့ကျင့်ပေးမှုကြောင့် နက်ရှိုင်းစူးရှ၍ ပညာရည်ပြည့်ဝသော မျက်လုံးဖြစ်နေပေပြီ။

ထူးခြားသော ဖြောင့်စင်းသည့်နှာတံပေါ်ရှိ မှဲ့ရှင်ညိုညိုသည် ယခင်ကသော် အမျိုးသမီးဘဝ၏ လှပမှုအမှတ်အသားဖြစ်ခဲ့ဟန်တူသော်လည်း ယခုမူ တည်ငြိမ်သောဣန္ဒြေ၏အထိမ်းအမှတ်၊ နက်နဲသော ပညာ၏ လက္ခဏာသဖွယ် မျက်နှာပေါ်ဝယ် ဝင့်ကြွား၍နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာပါသာဏလိုဏ်ဂူတော် ဘွဲ့နှင်းသဘင်မှ ထွက်လာကြကုန်သော ရဟန်းပညာရှိ လူပညာရှိတို့သည်လည်း မနီပေါ်အား ကြည့်ရှုအကဲခတ်နေကြဟန် တူပေသည်။ ၎င်းတို့၏စိတ်တွင် "ဤနီပေါမယ်သီလရှင် ဆရာကလေးသည် ဗုဒ္ဓစာပေသင်ကြားမှု အထွတ်အထိပ်သို့ ရောက်ရှိနေပြီကား မှန်ပါသည်။ သို့သော် သင်ကြားမှု အထွတ်အထိပ်သို့ ရောက်ရုံမျှဖြင့် ကျေနပ်တင်းတိမ်၍ သွားလေမည်လား။ ပါဠိအဋ္ဌကထာ ဋီကာနှင့် ဂန္ထ န္တရအဝဝတို့ကို လေ့လာရန် ပိဋကတ်စာပေ၏ ခံရာခံဆစ်တို့ကို အဖုအထစ်မထင်အောင် သက်ဝင်သုံးသပ်ရန်၊ ထိုထက် ဗုဒ္ဓဝါဒ တိကျမှန်ကန်သော ဝိမုတ္တိတရားစစ်တို့ကို ညှစ်ထုတ်ဖော်ပြပြီး ဓမ္မရသများကို ပေးဝေနိုင်ရန် စသော အရေးအရာများကို မေ့လျော့၍များနေလေမည်လား"ဟု တွေးတောကြလေသလောမသိ။ မနီပေါ်အနီးမှ တော်တော်နှင့် မခွာနိုင်ကြသည်ကို တွေ့ရပေတော့သည်။

ဤမနီပေါ်အား အဖနီပေါပြည်ကြီးနှင့် မိဘဆွေမျိုးတို့က စောင့်စားလျက် ရှိပါ၏။ သို့သော် တစ်နှစ်လောက်တော့ အောင့်၍ စောင့်စားပါဦးတော့...နီပေါပြည်ကြီးနှင့် မိဘဆွေမျိုးတို့။

ညကြီးမှောင်မှောင် ကြယ်ရောင်မတောက် မိုးတဖြောက်ဖြောက်ကြားတွင် မကြောက်မရွံ့ စွန့်စွန့်စားစား ပြေးလာခဲ့ပြီး ဘာသာနှင့် သာသနာ ပညာအရှာခဲ့သည့် သမီးချစ်ကလေး ဂဏောသည် ပညာစုံလင်သော သီလရှင်မကလေးအဖြစ်ဖြင့် သာသနာပြုရန် အမိတိုင်းပြည်သို့ တခမ်းတနား လာပေတော့မည်။

မထင်မရှား ကလေးမကလေးဘဝမှ ထွက်ပြေးလာခဲ့ပြီးနောက် စွန့်စားမှုကြောင့် ပရိယတ် ပဋိပတ် စွယ်စုံတတ်ပညာရှင်ကြီးအဖြစ်ဖြင့် နီပေါပြည်ကြီးသို့ ဆိုက်ရောက်လာတော့မည့် မိဘနှစ်ပါး၏ သမီးချစ်၊ နီပေါပြည်ကြီး၏ သမီးချစ်၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး၏ သမီး

www.burmeseclassic.com

www.burmeseclassic.com



ချစ်။ ဤသမီးချစ် ဂဏ္ဍသည်ကား ထေရဝါဒသာသနာရောင် မီးတန်ဆောင်ကြီးကို အမိတိုင်းပြည်ကြီးအတွက် ညှိထွန်း၍ ပြီးပါလေပြီတကား။

*

www.burmeseclassic.com

www.burmeseclassic.com

# သမီးချစ်နှင့် နီပေါပြည်

မြန်မာသက္ကရာဇ် ၁၃၂၅ ခုနှစ် ဝါခေါင်လပြည့် (၁၉၆၃ ခု ဩဂုတ်လ ၄ ရက်) တနင်္ဂနွေနေ့ မော်လမြိုင်မြို့ ခေမာရာမသီလရှင်စာသင်တိုက်ကြီးတွင် ထူးခြားသော ဂုဏ်ပြုပွဲတစ်ပွဲ ကျင်းပ၏။ ထိုဂုဏ်ပြုပွဲကား မြန်မာနိုင်ငံမှ နီပေါပြည်သို့ သွားရောက်သာသနာပြုကြမည့် ခေမာရာမ သမီးတော်များအား ခေမာရာမ နယကဆရာကြီး အမှူးပြုသည့် ခေမာရာမ သီလရှင်များ၊ ရွှေမြိုင်သူရွှေမြိုင်သား ဒါယကာ ဒါယိကာမများက ခေမာရာမ ဓမ္မာစရိယသမီးတော် မနီပေါခေါ် မသုဓမ္မဝတီနှင့် မြန်မာသီလရှင် (မုဒုံသူ) မဂုဏဝတီတို့အား ဂုဏ်ပြုချီးကျူး ထူးထူးခြားခြား နှုတ်ဆက်ကြသော ပွဲသဘင်ပင် ဖြစ်ပေသည်။

ထိုနောက်၌ကား ဂုဏ်ပြုခံဓမ္မာစရိယ မသုဓမ္မဝတီနှင့် မဂုဏဝတီတို့သည် ဩဂုတ်လ ၁၁ ရက်နေ့တွင် မော်လမြိုင်မှ ရန်ကုန်မြို့သို့ မီးရထားဖြင့် ထွက်ခွာခဲ့ကြသည်။ ရန်ကုန်ရှိ ဗုဒ္ဓသာသနာအဖွဲ့ (ယခု သာသနာရေးဦးစီး) လူကြီးများနှင့် ဒကာရင်းဖြစ်ကြသော မင်းကြီး ဦးစံလွင်၊ ဒေါ်အေးကြွယ်၊ ဦးတင်အေး၊ ဒေါ်ခင်ပြုံးတို့က ကြိုဆိုဧည့်ခံ၍ နိုင်ငံကူးလက်မှတ် လေယာဉ်လက်မှတ် စသော လုပ်ဆောင်ဖွယ်တို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးကြသဖြင့် မသုဓမ္မဝတီတို့သည် ချောချောမောမောပင် နီပေါသို့ ခရီးဆက်ခဲ့ကြသည်။

မသုဓမ္မဝတီတို့ ရန်ကုန်လေဆိပ်မှ ထွက်ခွာခဲ့သောနေ့ကား ၁၉၆၃ ခု စက်တင်ဘာလ ၅ ရက်နေ့ပင်ဖြစ်ပေသည်။ ထိုနေ့တွင် မင်္ဂလာဒုံလေဆိပ်သို့ မော်လမြိုင် ခေမာရာမ သီလရှင်တိုက်မှ သီလရှင်အချို့နှင့် မင်းကြီးဦးစံလွင်မိသားစု၊ ဦးတင်အေးမိသားစု စသည်တို့နှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ တာဝန်ရှိသူများ သိုက်သိုက်ဝန်းဝန်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါပို့ဆောင်ကြသည်။ သတင်းစာတိုက်မှ သတင်းထောက်များလည်းပါရှိ၍ သတင်းဓာတ်ပုံများ ရိုက်ကြသည်။ (နောက်နေ့ထုတ်ကြေးမုံသတင်းစာတွင် ဓာတ်ပုံနှင့်သတင်း ပါရှိခဲ့လေသည်။)

ထိုနေ့ အိန္ဒိယပြည် ကာလကတ္တားလေဆိပ်သို့ ရောက်၍ ကာလကတ္တားမြို့နေ နီပေါသူဌေးကြီး ဦးမဏိဟာရဇောတိ အိမ်၌ တည်းခိုနေထိုင်ကြသည်။ ထိုအိမ်တွင် ၆ ရက်ခန့်နေ၍ ကာလကတ္တားမြို့ရှိ ကြည့်ရှုလေ့လာစရာ နေရာဌာနများကို လေ့လာကြပြီး ၁၉၆၃ ခု စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဗာရာဏသီ သက္ကတ ယူနီဗာစီတီတွင် သိတင်းသုံးနေသော ဦးဓမ္မာလောက (သမီးချစ်ကို မြန်မာပြည်သို့ပို့ဆောင်သူ) အရှင်မြတ်ထံသို့ ကန်တော့နှုတ်ဆက်ရန် သွားရောက်ခဲ့ကြသည်။

ဆရာတော်ထံတွင် ၂ ရက်ခန့်နေထိုင်၍ မိဂဒါဝုန်စသည်သို့ သွားရောက်ဖူးမြော်ကြပြီး ဗုဒ္ဓဂယာသို့ ခရီးဆက်ခဲ့ကြသည်။ ထိုမှ ဦးဓမ္မာလောကကိုယ်တိုင် ကာလကတ္တားသို့ ပြန်လည်ပို့ဆောင်ပြီး နီပေါသို့ စက်တင်ဘာလ ၁၉ ရက်တွင် ခရီးဆက်ခဲ့ကြသည်။

နီပေါပြည် ကတ္တမန္ဒုလေဆိပ်၌ ဦးသုမင်္ဂလ ဦးသုဒဿနစသော နီပေါဆရာတော်များ မဟာပရိဂုဏ်ဆရာကြီး ကြီးမှူးသော သီလရှင်အဖွဲ့နှင့် ကတ္တမန္ဒုနှင့် မွေးရပ်မြေ ပါတန်(လလိတပူရ)မှ ဥပါသကာ ဥပါသိကာများနှင့် မသုမ္မဝတီ၏ သူငယ်ချင်း နီပေါ သီလရှင် မမာခဝီ၏ ကျောင်းသူကျောင်းသားများ အသင်းအဖွဲ့များ၊ ဆွေမျိုးမိတ်သင်္ဂဟများ မော်တော်ယာဉ် ၇ စီးဖြင့် တခမ်းတနား ကြိုဆိုကြလေသည်။

ထို့နောက် သာသနာ့အလံများ စိုက်ထူထားသော ကား ၇ စီးသည် လေဆိပ်မှာ ကတ္တမန္ဒုမြို့စည်ကားရာလမ်းများမှဖြတ်၍ကြီးကျယ်စည်ကားစွာ မွေးရပ်ဌာနေဖြစ်သော ပါတန် (လလိတပူရ) မိဘနေအိမ်သို့ သွားရောက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သာသနာပြုလုပ်ငန်း ဆောင်ရွက်ခြင်း

မိဘရပ်ထံသို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် သမီးချစ် (ဓေါ်သုဓမ္မဝတီ)သည် အမြဲတမ်းအခြေချသာသနာပြုရမည့် ကတ္တမန္ဒူနေပြည်တော်သို့သွားရောက်အခြေတည်ရန် စိတ်ကူးရလေသည်။ သို့နှင့် မိဘနေအိမ်တွင် တစ်လခန့် အနားယူနေထိုင်ပြီး မိဘဆွေမျိုး ဒါယကာဒါယိကာမများနှင့် တိုင်ပင်ကာ ၁၉၆၃ ခု အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကတ္တမန္ဒူမြို့တော်ရှိ မဟာယာန ဗုဒ္ဓဘာသာဝင်ဖြစ်သော အိမ်သို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ ထိုနေ့မှစ၍ ကျောင်းဇရပ်ဆောက်လုပ်နိုင်မည့် သင့်လျော်သောမြေကို စုံစမ်းရှာဖွေကြလေသည်။

ထိုအိမ်တွင် ၅ လခန့်ကြာ နေထိုင်စဉ်မှာပင် နီပေါဆရာတော်ဦးသုမင်္ဂလ(ဘာ့စ်ခရစ်ရှနာ) စုဆောင်းရှာဖွေထားရှိသော ကလေးသူငယ် ၅၀ ကျော်တို့အား အခြေခံဗုဒ္ဓဘာသာစာပေများကို သင်ကြားပေးခဲ့နိုင်သည်။ တစ်ဖက်မှလည်း ကျောင်းဇရပ်ဆောက်ရန် မြေနေရာကို ရှာဖွေခဲ့လေသည်။

၅ လခန့်ကြာမြင့်ပြီးနောက် ဇရပ်ဆောက်ရန် သင့်လျော်သောမြေနေရာကို ရရှိသဖြင့် ထိုမြေနှင့်နီးသော အခြားအိမ်တစ်အိမ်သို့ပြောင်းရွှေ့လာခဲ့ပြီးလျှင် ကလေးများကိုလည်းစာသင် ဇရပ်ဆောက်မည့်မြေကိုလည်း သုတ်သင်လျက် အခွင့်ရလျှင်ရသလို ကတ္တမန္ဒူမြို့ပေါ်ရှိ ရပ်ကွက်များ၌ ၇ ရက်တစ်ကြိမ်၊ ၁၅ ရက်တစ်ကြိမ် တရားပွဲများ စီစဉ်၍ ထေရဝါဒဗုဒ္ဓဘာသာတရားများ ဟောပြောကြလေသည်။

တစ်နှစ်အတွင်းမှာပင် ၎င်းမြေနေရာ၌ ဓေါ်သုဓမ္မဝတီ၏ မိဘများက မြေကိုဝယ်ယူပြီးလျှင် မိဘမောင်နှမများက မတည်လျက် တစ်ထပ်တိုက်ဇရပ်ကို စတင်တည်ဆောက်ခဲ့လေသည်။ လူသိနည်းပါးဒကာဒကာမ မများသေး၍ ဇရပ်ဆောက်လုပ်ရာ၌ လက်သမားများမှ တစ်ပါး လုပ်အားပေးသူရှားပါး၍ ဆရာလေးများကိုယ်တိုင်ပင် အုတ်

www.burmeseclassic.com



သယ်၊ ရေသယ်၊ သရိုးနယ် စသောအလုပ်များကိုလုပ်ကြရ၏။ နေ့လယ်ပိုင်းတွင် တစ်နေကုန်လုပ်ကိုင်၍ ညဘက်တွင် တရားဟောပြောကြရသဖြင့် အလွန်ပင်ပန်းလှလေသည်။ ညတရားဟောရာတွင် ရှေးဦးစွာမြန်မာသီလရှင် ဒေါ်ဂုဏဝတီက မြန်မာလိုဟော၍ ဒေါ်သုဓမ္မဝတီက နီပေါဘာသာဖြင့်ဟောပြောရာ တစ်ခါတစ်ရံတွင် နေ့ပိုင်းက ပင်ပန်းထားသဖြင့် ဒေါ်ဂုဏဝတီ မြန်မာလိုဟောပြောနေခိုက်တွင် ဒေါ်သုဓမ္မဝတီမှာ အိပ်ငိုက်၍ပင်နေပေသည်။ သို့သော် ဟောနေကျတရားဖြစ်သဖြင့် အဆက်အစပ်ကိုက်ညီအောင်ကား ဟောပြောနိုင်ခဲ့ပေသည်။ ဤသို့ဖြင့် ကတ္တမန္ဒူမြို့တော်တွင် သီလရှင်များအနေဖြင့် ထေရဝါဒသာသနာအစပျိုးစအချိန်တွင် ပင်ပန်းဆင်းရဲခံကာ နေထိုင်စားသောက်လျက် စိတ်ရှည်ဖွဲ့သန်စွာဖြင့် သာသနာပြုခဲ့ရင်းပင် တစ်ထပ်တိုက်ဇရပ်မှာ အပြီးသတ်ခဲ့ရပေတော့သည်။

ဇရပ်အပြီးသတ်ပြီးသည့် ၁၉၆၅ ခု မေလ ၁၉ ရက်နေ့တွင် ဇရပ်ကို "ဓမ္မကိတ္တိဝိဟာ"ဟု အမည်ဆိုင်းဘုတ်တင်ကာ ကျောင်းဖွင့်ပွဲနှင့် ရေစက်ချပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့လေသည်။ ထိုမှ နောက်၌ ဇရပ်ပေါ်တွင် အတည်တကျနေထိုင်ကြပြီး ကလေးများကို အခြေခံဗုဒ္ဓဘာသာသင်ကြားပေးခဲ့ရာ ၁၀ ယောက်၊ ၁၅ ယောက်မှစ၍ မကြာမီပင် ၃၀၊ ၄၀ ခန့် ဖြစ်လာလေသည်။ ၁၉၆၆-၆၇ ခုနှစ်မှစ၍ ၇၀၊ ၈၀ ဖြစ်လာပြီး ယခုသော် ၁၀၀ ကျော်၍ ကျောင်းပိတ်ရက်များတွင် သင်တန်းတွင် ၁၅၀ ကျော်အထိ တက်ရောက်သင်ကြားလာကြသည်ကို တွေ့ရပေသည်။

ကလေးများအား ရှေးဦးစွာ တိရတနဝန္ဒနာခေါ် ဘုရားရှိခိုးကို အစသင်၍ ငါးပါးသီလ မင်္ဂလသုတ် ပရိတ်ကြီး ဓမ္မပဒဂါထာများနှင့် ယင်းတို့၏အဓိပ္ပာယ်မှတ်သားဖွယ်များ၊ အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ်) သရုပ်ခွဲနှင့် အဓိပ္ပာယ်များအပြင် ဂဏန်းသင်္ချာနှင့် နေဝါရီဘာသာလက်ရေးစာများကိုပါ အချိန်ခွဲ၍ သင်ကြားပို့ချပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ကျောင်းမထားနိုင်ကြသည့် တောင်သူလယ်သမား သားသမီးများကိုလည်း သင်ပုန်းကြီးမှစ၍ ဗုဒ္ဓစာပေအချို့နှင့် ဂဏန်းသင်္ချာများပါ အတွက်အဖတ်အရေး (အ သုံးလုံး) သင်ကြားပေးရပေသည်။ ကျောင်းပိတ်ရက်များ၌ အချို့ကောလိပ်ကျောင်းသူများပါ လာရောက်သင်ကြားကြသဖြင့် ဓမ္မပဒနှင့် အဘိဓမ္မာစာပေများကို သင်ကြားပေးပြီး စာမေးပွဲပြုလုပ်ပေးပြီး ဖြေကြားစေရ၏။ နေ့စဉ်အချိန်မှန် နံနက် ၆ နာရီမှ ၈ နာရီခွဲအထိ စာသင်ကြားပေးပြီး ဘုရားရှိခိုးစေရသည်။ ဦးစွာငါးပါးသီလခံယူစေ၍ ဂုဏ်တော်များကို ရွတ်ဆိုစေကာ ကဗျာစာပေ (မြန်မာရှစ်လုံးဘွဲ့ဆန်ဆန်)များပါ ရွတ်ဆိုစေပါသည်။

၇ ရက်တစ်ပတ်အလှည့်ကျ ပါရမီ ၁၀ ပါး၊ လုမ္ဗိနီသာမောအင်ကြင်းတော၊ သာသနာ့အလံတော်၊ ရတနာသုံးပါးဂုဏ်တော်များ၊ ရာဟုလာ အမွေတောင်းခန်း၊ အောင်ခြင်းရှစ်ပါး ဗုဒ္ဓတရားတော်ကို လာရောက်ကြည့်ရှုကြပါ ဆွေသဟာတို့ စသည့်ကဗျာစာပေများပင် ဖြစ်ရာ သံနေသံထားဖြင့် ရွတ်ဆိုရ၍ ကလေးများ များစွာစိတ်ဝင်စားကြလေသည်။

စနေနေ့တိုင်းတွင် ဗုဒ္ဓဝင်နှင့်ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုကြောင်းများကို ဟောပြောပေးခြင်း၊ ငါးပါးသီလ အကျိုးအပြစ်များကို အမေးအဖြေ ပြုလုပ်ပေးခြင်းတို့မှာ ကလေးများ လွန်စွာစိတ်ဝင်စားကြသည်။ တစ်နှယ်ငင် တစ်စင်ပါစကားအတိုင်းပင် ကလေးများကိုအကြောင်းပြုပြီး ၎င်းတို့၏မိဘများ၊ မိသားစုများပါ တစ်စတစ်စ ပါဝင်လာကာ ထေရဝါဒ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာကြပြီး ထေရဝါဒဗုဒ္ဓဘာသာဝင်ဦးရေ တိုးပွားလာခဲ့ပေသည်။

၎င်းကလေးများအား ဇရပ်မှ ကျင်းပပေးသော မင်္ဂလာ၊ ဓမ္မပဒနှင့် အဘိဓမ္မာစာမေးပွဲ ထေရဝါဒဘိက္ခု မဟာသံဃအဖွဲ့မှ ကျင်းပပေးသော ဗုဒ္ဓပရိယတ္တိစာမေးပွဲများကို ဝင်ရောက်ဖြေဆိုစေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ရက်များတွင်လည်း ဗုဒ္ဓဓမ္မဆိုင်ရာ မေးဖြေပြိုင်ပွဲများကို ပါ ကျင်းပပေးပြီးလျှင် ပထမ၊ ဒုတိယ ရရှိသည့်သူများအား ခဲတံ ဗလာစာအုပ် စသည့်ဆုများကို ချီးမြှင့်ပေးလေသည်။

## ဗုဒ္ဓပူဇော်ပွဲနှင့် တရားပွဲများ

ရှစ်ရက်၊ လပြည့်၊ လကွယ်နှင့် နေပါလီ လကုန်ရက်များတွင် ဝါတွင်းဝါပ တစ်လလျှင် ငါးကြိမ်ကျ ဗုဒ္ဓပူဇော်ပွဲနှင့် တရားပွဲများကို ကျင်းပပေးသည်။

လေးရာကျော်ငါးရာခန့်ရှိ အမျိုးသမီးကြီးငယ်များတို့က နံနက် ၅ နာရီခွဲ ၆ နာရီအချိန်တွင် လာရောက်ကြပြီး မိမိတို့ ယူဆောင်လာကြသော ပန်း၊ ဆီမီး၊ သစ်သီး၊ မုန့် စသည်တို့ကို စားပွဲခုံကြီးပေါ်၌ စုပေါင်းထားကြပြီး နံနက် ၆ နာရီခွဲမှ ၇ နာရီခွဲအထိ ဆရာလေးများနှင့်အတူ ညီညာစွာ ဘုရားဝတ်တက်ကြပြီးလျှင် မေတ္တာဘာဝနာ၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်တော်များကို အလှည့်ကျ ထည့်သွင်းရွတ်ဆို ပူဇော်ကြပေသည်။

ထို့နောက် ဆရာလေးဒေါ်သုဓမ္မဝတီက တရားဓမ္မများကို ဟောပြောပြသရေစက်ချ အမျှဝေဗေပါသည်။ အများအားဖြင့် နံနက် ၈ နာရီခွဲ အချိန်ကျမှ ပြီးလေ့ရှိပါသည်။ ရံဖန်ရံခါ ဒေါ်ဂုဏဝတီက ဟောပြောရေစက်ချပေးပါသည်။ ဝါတွင်းအခါများတွင် ဤသို့ ဗုဒ္ဓပူဇော်ပွဲနှင့် တရားပွဲများကို နေ့စဉ်ပြုလုပ်ပေးပြီး တရားနာပရိသတ်များအား ဗုဒ္ဓဓမ္မဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်ရာ မေးခွန်းပုစ္ဆာများကိုမေး၍ ဖြေဆိုနိုင်သူများအား မှန်ဘောင်သွင်းထားသော ဘုရားပုံတော်များကို ဆုအဖြစ် ချီးမြှင့်ပေးပါသည်။

ဤသို့မေးဖြေပြုလုပ်ပေးသဖြင့် တရားနာသူများသည် အမှတ်မဲ့ နာကြားခြင်းမပြုဘဲ မှတ်မှတ်သားသား နာယူကြသဖြင့် လွန်စွာအကျိုးရှိ

www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ ထိုပြင်လည်း ဝါတွင်း ၃ လ၌ နေ့စဉ် ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ကြသူများလည်း နေ့စဉ် ၅၀ ခန့်ရှိပြီး ဝါပအခါတွင် ၂၅ ခန့် ရှိလေသည်။ ဤသို့ဖြင့် ပရိယတ် ပဋိပတ် နှစ်ရပ်စုံစွာ ထေရဝါဒ သာသနာပြုနေကြပါသည်။

## အဓိဋ္ဌာန်ပြု၍ ကုသိုလ်ယူခြင်း

နှစ်စဉ် ဝါတွင်းသုံးလတို့တွင် အဓိဋ္ဌာန်ပြု၍ ကုသိုလ်ယူကြပါသည်။ ဆရာလေးများနှင့် ဒကာဒကာမတို့ ညီညွတ်စွာ မိမိတို့ တတ်နိုင်သမျှ ဒါန၊ သီလ၊ဘာဝနာမှုတို့ကို အဓိဋ္ဌာန်ပြု၍ဆောက်တည် ပွားများကြသည်မှာ ဒါန၊ သီလ၊ ဘာဝနာ သုံးပါးတို့တွင် မိမိတို့တတ် နိုင်သော ကုသိုလ်မှုတို့ကို တတ်နိုင်သမျှ ပြုလုပ်ကြပါအံ့ဟု အဓိဋ္ဌာန်ပြု ၍ မပျက်မကွက် ဆောက်တည်ပွားများကြပါသည်။ ဒါန၊ သီလ၊ ဘာဝနာမှုတို့တွင် အဓိဋ္ဌာန်မပြုနိုင်ကလည်း ဤဝါတွင်း ၃ လတွင် ကပွဲ၊ ရုပ်ရှင်သဘင်များကို မကြည့်ရှုပါအံ့ဟု အဓိဋ္ဌာန်ပြုကြရလေ သည်။

ဝါကျွတ်၍ အဓိဋ္ဌာန်အောင်မြင်ကြသောအခါ အဓိဋ္ဌာန်အောင်ပွဲ ဟု ဆိုကာ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းဘောဇဉ်များကို ဆက်ကပ်လျက် အဓိဋ္ဌာန်အောင်ပွဲ ဆင်နွှဲရသည်မှာ လွန်စွာပျော်ရွှင် ဖွယ် ကောင်းလှပေသည်။

## ဗုဒ္ဓပူဇော်ပွဲ ဝတ်စုံဆင်တူနွဲ

၁၉၇၀ ခုနှစ်မှစ၍ ဇရပ်ဗုဒ္ဓပူဇော်ပွဲသို့ လာရောက်ကြသော အမျိုးသမီးကြီးများအား တိုင်းရင်းဖြစ်အထည် ဆင်တူဝတ်ဆင်ကြရန် စီစဉ်ပေးသဖြင့် ပင်နီရောင်အင်္ကျီနှင့် ဆာရီဆင်တူ အပေါ်ရုံတဘက်

www.burmeseclassic.com

www.burmeseclassic.com



အဖြူဖြစ်ပြီး အမျိုးသမီးငယ်များတွက်မူ ကြက်သွေးရောင်ဆာရီဆင်တူ များကို ဝတ်ဆင်စေသည်။

ဤသို့ ဆာရီဆင်တူများကြောင့် ဥပုသ်နေ့ကို မေ့နေသူများပင် ဆင်တူဝတ်ဆင်လာကြသည့် ဗုဒ္ဓပူဇာအဖွဲ့ဝင် အမျိုးသမီးကြီးများကို လမ်း၌ တွေ့မြင်ရသည်နှင့်ပင် ဥပုသ်နေ့ကို အသိပေးနှိုးဆော်သကဲ့သို့ ဖြစ်နေသဖြင့် လွန်စွာအကျိုးရှိရပေသည်။ ဤသို့ ဆင်တူဝတ်ကြရခြင်းဖြင့် အချင်းချင်း တုပပြိုင်ဆိုင်မှုလည်း ကင်းဝေးသွားပြီး စိတ်၏ တည်ငြိမ်မှုလည်း ဖြစ်၍လာရပေသည်။

ဤဓမ္မကိတ္တိ ဗုဒ္ဓပူဇာပွဲဝင်အမျိုးသမီးများကိုအားကျ၍ ဗနေပါးရှာရှိ အမျိုးသမီးများကလည်း ဗုဒ္ဓပူဇာပွဲသို့သွားရောက်ကြလျှင် ဝတ်စုံဆင်တူဝတ်ကြလေသည်။ ထို့ကြောင့် ယခုအခါ ယင်းဝတ်စုံကို ဗုဒ္ဓပူဇာဝတ်စုံဟုပင် ခေါ်တွင်လျက် ရှိကြပေသည်။

## သောကြာနေ့ ကျောင်းသူများအသင်း

၁၉၇၁ ခု မေလအတွင်းမှာပင် ပျိုရွယ်သူကျောင်းသူကလေးများ အတွက် ဗုဒ္ဓဘာသာလေ့လာရေးအသင်းတစ်ခုကို ဖွင့်လှစ်ထားရှိသဖြင့် သောကြာနေ့တိုင်းမှာပင် ဇရပ်သို့လာရောက်ကြပြီး ညနေ ၄ နာရီမှ ၅ နာရီခွဲ ၆ နာရီအထိ ဗုဒ္ဓဘာသာဆိုင်ရာ သိသင့်သိထိုက်သော တရားဓမ္မများနှင့် ဗုဒ္ဓဘာသာဆိုင်ရာ အမေးအဖြေများကို ပြုလုပ်ပေးခြင်းနှင့် တကွ ပါဠိစကား သင်ကြားခြင်း ဗုဒ္ဓဓမ္မဆိုင်ရာ ဆောင်းပါးရေးနည်းပြခြင်းတို့ကိုပါ သင်တန်းပေးသဖြင့် စိတ်ဝင်စားစွာ တက်ရောက်ကြလေသည်။

ဤကဲ့သို့ သင်တန်းပေးလေ့ကျင့်စေသဖြင့် ကဆုန်လပြည့် ဗုဒ္ဓနေ့(ဗုဒ္ဓဇယန္တီ)နေ့ကြီးအတွက် အထူးထုတ်စာစောင်တွင် ဆောင်းပါး များကို ရေးသားနိုင်ကြသည့်အပြင် အခြားသော ဗုဒ္ဓဘာသာဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲများတွင် ဝင်ရောက်ဟောပြောနိုင်လာကြသည်ကို တွေ့ရပေသည်။

ဤသို့ ဗုဒ္ဓဘာသာလေ့လာရေးအသင်း ဖွဲ့စည်းပေးရာ၌ အောက်ပါရည်ရွယ်ချက်လေးရပ်ရှိပေသည်။ ၎င်းမှာ–

(၁) ဗုဒ္ဓဘာသာတရားတော်ကို ကိုယ်တိုင်သိရှိ နားလည်သဘောပေါက်စေခြင်း။

(၂) မိမိသိရှိသဘောပေါက်သည့်အတိုင်း သူတစ်ပါးအား ဟောပြောညွှန်ကြားရခြင်း။

(၃) ဗုဒ္ဓဓမ္မဆိုင်ရာ စာအုပ်စာစောင်များ ပုံနှိပ်ဖြန့်ဝေခြင်း။

(၄) ဗုဒ္ဓဘာသာနိုင်ငံခြားဧည့်သည်များအား ကြိုဆိုဧည့်ခံ၍ ဗဟုသုတ နှီးနှောဖလှယ်ခြင်း။

ဤရည်ရွယ်ချက် လေးချက်အနက် နံပါတ် ၂ အရ ရံဖန်ရံခါ တောလက်ကျေးရွာများသို့ ဆရာလေးများခေါင်းဆောင်၍ အသင်းသူအားလုံး စုရုံးကာ မော်တော်ယာဉ်များဖြင့် သွားရောက်၍ ဗုဒ္ဓဓမ္မဆိုင်ရာ ဟောပြောပွဲများ တစ်နှစ်လျှင် နှစ်ကြိမ်သုံးကြိမ်ထက်မနည်း သွားရောက်ဟောပြောကြပေသည်။ ဤကဲ့သို့ပြုလုပ်ပေးသဖြင့် တောလက်ကျေးရွာလူထုမှာ အသိဉာဏ်တိုးပွား၍ ဗုဒ္ဓတရားတော်များကို စိတ်ဝင်စားလာကြရပေသည်။

## စာမတတ်သူအမျိုးသမီးကြီးများအား သင်ကြားပေးခြင်း

၁၉၇၅ ခု မေလမှစ၍ သောကြာနေ့တိုင်း နေ့လယ် ၁၂ နာရီမှ ၄ နာရီအထိ စာမတတ်သူအမျိုးသမီးကြီးများအား သင်ပုန်းကြီးမှစ၍ သင်ကြားပေးပြီး အချို့အနည်းငယ် စာဖတ်တတ်ကြသူ အမျိုးသမီးကြီးများအား ဓမ္မပဒဂါထာပါဠိအနက် အဘိဓမ္မတ္ထသင်္ဂဟသရုပ်ခွဲ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါး စသည်တို့ကို သင်ကြားပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးများမှာ အသက် ၃၀ မှ ၆၀ ကျော်အထိရှိပြီး ဦးရေ ၆၅ ဦးရှိသည့်အတွက် လက်ရေးနှင့်စာလုံးကြီးကြီး ရေးပြသင်ကြားပေးရသဖြင့် ဆရာလေးများမှာ ၁ နာရီမှ ၄ နာရီအတွင်းမနားကြရပေ။

၎င်းတို့အား စာမေးပွဲကျင်းပ၍ အောင်မြင်သူများအား လူထုပရိသတ်ရှေ့တွင် ဆုပေးသဖြင့် ၎င်းတို့အားတက်ကြပြီး တစ်ဆင့်ထက်တစ်ဆင့် ကြိုးစားအားထုတ်ကြလေသည်။

## အသင်း၏ နှစ်ပတ်လည်ပွဲနှင့် ဆုပေးပွဲ

အသင်း၏ နှစ်ပတ်လည်အထိမ်းအမှတ်ပွဲနှင့် ဓမ္မပဒ အဘိဓမ္မာစာအောင်ကလေးများအား ဆုပေးပွဲများကိုလည်း ၁၉၇၁ ခု မေလမှစ၍ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ကြသည်။ ထိုအထိမ်းအမှတ်ပွဲများတွင် ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံပေါင်းစုံမှ စေတီတော်များ၊ ရုပ်ပွားတော်များနှင့် ဗုဒ္ဓသာသနာဆိုင်ရာ အဆောက်အအုံပုံများ၊ ဓာတ်ပုံပန်းချီကားချပ်များကို စုပေါင်း၍ ဇရပ်အောက်ထပ်ခန်းမကြီးတွင် ပြပွဲခင်းကျင်းပြသခဲ့လေသည်။

၎င်းပြပွဲနှင့်အတူ စက္ကူပန်းများပြုလုပ်၍ ရောင်းချခြင်း၊ ကလေးများအား ယောပြော့ပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် အစီအစဉ်တစ်မျိုးပြီးတစ်မျိုး ပြုလုပ်ပေး၍ ဆုများချီးမြှင့်လေသည်။ ထို့အတွက်လည်း မြို့ပေါ်မှ လူကြီးလူကောင်းတို့က ဆုပေးချီးမြှင့်၍ ဝတ္ထုငွေများ တာဝန်ယူ လှူဒါန်းကြပေသည်။

ထို့ပြင် ကျောင်းပတ်ဝန်းကျင်နှင့် စေတီတော်တို့တွင် လပြည့်နေ့တိုင်း သန့်ရှင်းရေးပြုလုပ်စေကြပြီး လက်ဖက်ရည်အချိုတို့ဖြင့် ဧည့်ခံကျွေးမွေးကြသဖြင့် လူတိုင်းပင် စိတ်ပါဝင်စားကြလေသည်။ လူမမာအိမ်၊ အသုဘအိမ်များနှင့် မွေးနေ့ပွဲများသို့ သွားရောက်၍ တရားပွဲများကျင်းပခြင်း ပရိတ်တရားတော်များ ရွတ်ဆိုခြင်းတို့ကိုလည်း မကြာခဏပြုလုပ်ပေးခြင်းဖြင့် မြို့သူမြို့သားများတို့သည် ထေရဝါဒဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ခရေး၌ စိတ်ဝင်စားလာကြရပေသည်။ မြို့ပေါ် ရပ်ကွက်များသာမက ဆတာပိုင်းကျသောရပ်ကွက်များနှင့် မြို့နှင့် မနီးမဝေးကျေးရွာများသို့ သည်း အစုအဝေးဖြင့် သွားရောက်၍ ဟောပြော ရွတ်ဆိုကြသဖြင့် နယ်ပယ်ကျယ်ပြန့်၍လာရပေတော့သည်။

ထိုကဲ့သို့ ဗုဒ္ဓတရားတော်များကို အခွင့်ကြုံတိုင်း ဟောပြော ရွတ်ဆိုပေးခြင်းကြောင့် ဒကာ ဒကာမများမှာ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ဒါနပြုမှု၊ သီလဆောက်တည်မှုသာမက ဘာဝနာ တရားပွားများမှုတို့၌ပါ စိတ်ပါဝင်စားလာကြသဖြင့် အလှူအတန်း မပြတ် ဥပုသ်သီလနှင့် တရားအားထုတ်မှုတို့မှာပါ မြဲစွဲလာကြသူ များပြားလျက်ရှိပေသည်။

ဘုရားပွဲကျင်းပခြင်း အခါတော်နေ့များပြုလုပ်ခြင်းတို့အပြင် တန်ဆောင်မုန်းလ၌ ကထိန်သင်္ကန်းလှူဒါန်းခြင်းတို့အထိ အဆင့်မြင့် လျက်ရှိပေသည်။ အထူးအားဖြင့် ဆရာလေး ဒေါ်သုဓမ္မဝတီသည် မိမိတို့ နီပေါလူမျိုးများ ဗုဒ္ဓဓမ္မရေးရာ၌ လိမ္မာကြစေရန် ရည်ရွယ်၍ ဗုဒ္ဓဓမ္မဆိုင်ရာ မှတ်သားစရာများ ကျက်မှတ်ရွတ်ဆိုဖွယ်ရာများတို့ကို စုပေါင်း၍ ဗုဒ္ဓဓမ္မစာစောင်များကို ပုံနှိပ်ဖြန့်ချိဝေငှပြန်ရာ ဒကာဒကာမ တို့သည် ကွယ်လွန်သူမိဘများအတွက် ရည်စူး၍ အုပ်ရေ ၁၀၀-၂၀၀ စသည်ဖြင့် ဓမ္မဒါနပြုလုပ်ကြလေသည်။ ဤသို့ဖြင့် ဓမ္မကိတ္တိဝိဟာမှ ဘာသာရေးစာစောင်များ လစဉ်ထွက်ပေါ်၍နေပေသည်။ ထိုစာစောင် များသည် ကဋ္ဌမန္ဒုမြို့ပေါ်တွင်သာမက တောလက်ကျေးရွာများသို့ပင် အနံ့ရောက်ရှိ တွင်ကျယ်၍နေလေသည်။

ဤသို့ သာသနာပြုခြင်း မေတ္တာပွားများခြင်းလုပ်ငန်းများသာ မက ကရုဏာတရားပွားများရန်အတွက် နှီးဆော်၍ ၁၉၇၄ ခုနှစ် မေလမှစ၍ ဇရပ်သို့လာရောက်ကြသူ ဒကာဒကာမတို့အား နှီးဆော်၍ အလှူငွေများကောက်ခံပြီးလျှင် ကဋ္ဌမန္ဒုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး

www.burmeseclassic.com

www.burmeseclassic.com



ကလေးဆေးရုံ၊ တီဘီဆေးရုံ၊ ကူးစက်ဆေးရုံများသို့ သွားကာ ရောဂါသည်များအား လိမ္မော်သီး၊ ဘီစကွတ်မုန့် စသော စားသောက်ဖွယ်ရာများနှင့် လိုအပ်သော ဆေးဝါးများပါ လှူဒါန်းကြပြန်လေသည်။

လှူသတင်း လှူချင်းဆောင်ဆိုသကဲ့သို့ ထိုကဲ့သို့ မေတ္တာကရုဏာလုပ်ငန်းတို့ဖြင့် မနားတမ်းသာသနာပြုနေကြသော ဆရာလေးများအား ကြည်ညိုသဖြင့် မဟာယာနဗုဒ္ဓဘာသာဝင် တီဘီအထူးကုနီပါလသာကီဝင်အနွယ် ဆရာဝန်ကြီးတစ်ဦးသည် ဓမ္မကိတ္တိဝိဟာသို့ ရောက်လာကာ မိမိတတ်စွမ်းသည့်ပညာဖြင့် ကူညီ၍ သာသနာပြုလိုပါသည် ဆိုကာ စနေနေ့တိုင်း လာရောက်၍ ဆရာလေးများနှင့် လာရောက်ကြသော ကလေးလူကြီးများအား အခမဲ့စမ်းသပ်ကုသပေးနေသည်မှာ သာဓုခေါ်ဖွယ်ပင်ဖြစ်ပါသည်။

ဤသို့ဖြင့် ဒေါ်သုဓမ္မဝတီနှင့် မြန်မာသီလရှင်ဒေါ်ဂုဏဝတီတို့ ဦးဆောင်၍ ပြုလုပ်နေသော နီပေါပြည် သာသနာပြုလုပ်ငန်းမှာ ယခုအခါ ကတ္တမန္ဒူမြို့တော်ကို ဗဟိုပြု၍ နီပေါတစ်ပြည်လုံးသို့ ဖြန့်ကျက်လျက်ရှိနေပေရာ ယခုသော် သီလရှင်များ ဝတ်အသင်းအဖွဲ့များဖြင့် တရားစာပေသံများ ပြည့်လျှံဝေဆာ၍ နေပေသည်။ သီလရှင်လေးများကိုလည်း မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း စသောနိုင်ငံများသို့ ပညာသင်စေလွှတ်ထားသဖြင့် နောင်သော် နီပေါနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး စည်ပင်တောက်ပ၍လာတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်နေပါသတည်း။

*

www.burmeseclassic.com



အသက် ၁၅ နှစ်အရွယ်ရှိ သီလရှင်လောင်းလျာ–ဂဏေသကုမာရီ၊
အိန္ဒိယ ကုသိနာရုံတွင် သီလရှင်ဝတ်မည့်ဆဲဆဲ ရိုက်ကူးထားစဉ်။



နီပေါနိုင်ငံ–လလိတပူရ(ပါတန်)မြို့သူ သာသနာပြု အာဇာနည်မယ်
ဒေါ်ဓမ္မဝတီ ခေါ် ဒေါ်သုဓမ္မဝတီ အသက် ၁၅ နှစ်အရွယ်က ပုံ။

www.burmeseclassic.com

www.burmeseclassic.com



သမီးချစ်ကို အာသန်နယ်ခြား တောတောင်ဒေသကြားမှ ပင်ပန်း ဆင်းရဲ
စွာနှင့် မြန်မာပြည်သို့ခေါ်ဆောင်လာခဲ့သော ဆရာတော်
ဦးဓမ္မာဝုဓပုံတော်



၅.၉. ၆၃ ရက်နေ့တွင် နီပေါနိုင်ငံသို့ သာသနာပြုသွားကြမည့်
သမီးချစ်ဒေါ်သုဓမ္မဝတီနှင့် ဒေါ်ဂုဏဝတီတို့ကို မင်္ဂလာဒုံလေဆိပ်သို့
လိုက်ပို့ကြသော သီလရှင်ဆရာလေးများ၊ ဒကာ ဒကာမများနှင့်အတူ။

www.burmeseclassic.com

www.burmeseclassic.com





ကတ္တမန္တူလေဆိပ်သို့ရောက်စဉ် သမီးချစ်၏ အစ်ကိုကြီးနှင့်တူများက လေယာဉ်အနီးသို့လာရောက်ပြီး ကြိုဆိုနေကြစဉ်။



၁၉၆၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့၌ နီပေါနိုင်ငံ ကတ္တမန္တူလေဆိပ်တွင် သမီးချစ်တို့ မိသားစုနှင့်ဆွေမျိုးမိတ်သင်္ဂဟများ၊ အိမ်မှထွက်ပြေးခဲ့စဉ်က အတူလာကြသော သုဘာလက္ခမီခေါ်မမာဂဓိ၊ မခနာဟာရဒေဝီခေါ်မမာခဝီ ညီအမ ၂ ဦးနှင့် ၎င်းတို့၏တပည့် ကျောင်းသူ ကျောင်းသားများအဖွဲ့၊ ကတ္တမန္တူမြို့ ယူနီဘာစီတီတွင် စာပြနေသော ကထိက ဦးသုဒဿနနှင့်တပည့်ဒကာ ဒကာမများတို့က ကြိုဆိုနေကြစဉ်။

www.burmeseclassic.com

www.burmeseclassic.com




နီပေါနိုင်ငံ ကတ္တမန္တုမြို့ရှိ ဓမ္မကိတ္တိသီလရှင်ကျောင်းပုံ
၁၉၆၅-၆၆ ခုနှစ်။



ဓမ္မကိတ္တိကျောင်းဦးစီးနာယကဖြစ်သော ဒေါ်သုဓမ္မဝတီက သီလရှင်အချို့နှင့်
အမျိုးသမီးကြီးတို့အား အဘိဓမ္မာသင်တန်းကို သင်ပြ ဟောကြားနေစဉ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဓမ္မများ၏အလင်းရောင်ကြောင့်ဒုလ္လဘရှင်ရဟန်း၏အဖြစ်ကိုရှေးဦးစွာ လက်ခံရရှိသူများဖြစ်ကြသော ဗုဒ္ဓဘာသာ လေ့လာရေး အသင်းသား ၁၄ ဦး၊ ဗုဒ္ဓ၏အရှေ့တည့်တည့်၌ထိုင်နေသော ဆရာတော်မှာ ဗနေပါး ရွာကြီး ဈာနကုဋီကျောင်းထိုင်ဆရာတော် ဦးအဿယောသ ဖြစ်သည်။




အမှောင်မှ အလင်းသို့ရောက်လာကြသော အသက် ၁၀ နှစ်မှ ၁၂ နှစ် အရွယ် လူမမယ်ယောဂီ ရသေ့မငယ်များ၏ပုံ၊ ဓမ္မကိတ္တိသီလရှင်ကျောင်း၌ ဝတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နီပေါနိုင်ငံ ကတ္တမန္ဒူမြို့၊ အပြည်ပြည်ဆိုင်ရာ ပဏ္ဍိတာရာမ ရိပ်သာ၊ ဤရိပ်သာ၏ကမ္မဋ္ဌာနာစရိယ ဆရာတော်မှာ ဦးအာသဘာစာရ ဖြစ်သည်၊ ဤရိပ်သာတွင် ဒေါ်ဂုဏဝတီသည် ၅ နှစ်ခွဲကြာမျှ နီပေါယောဂီတို့အား တရားစစ်သည့်အခါ ဘာသာပြန်ဆိုပေးရသည့်အပြင် ဗုဒ္ဓဘာသာ ကလေး သင်တန်း ဖွင့်သည့် အခါများတွင် ကလေးများအား သင်ကြားပို့ချကူညီပေးရပါသည်၊ ၎င်းအပြင် အထွေထွေ ဝေယျာဝစ္စများကိုပါ ကူညီဆောင်ရွက်ပေးရပါသည်။



အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာကြီးဒေါ်ဓမ္မဝတီ (သမီးချစ်) ဓမ္မကိတ္တိဝိဟာရတွင် နီပေါရောက် ၂၅ နှစ်မြောက် ငွေရတုပွဲပြုလုပ်ရာ၌ တရားဓမ္မများဟောကြားနေပုံ။

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်ကို ရေးသားရာ၌ ဆရာတော်က လူကြီးများ ဗုဒ္ဓဝင်နှင့် သာသနာတော်အကြောင်းကို နားလည်စေရန် နှင့် ကလေးများအား ထပ်ဆင့် သင်ကြားပေးရန် အလေး အနက် ရည်ရွယ်ခဲ့သည်။

စာအုပ်အဖြစ် ထုတ်ဝေလျှင် သင့်တော်ရာပန်းချီများနှင့် တွဲဖက် ဖော်ပြရန် ဆန္ဒရှိခဲ့သည်။ သို့သော် အကြောင်း ကြောင်းကြောင့် စာချည်းသက်သက်သာ ထုတ်ဝေနိုင်ခဲ့ သည်။

### အမရပူရ မဟာဂန္ဓာရုံဆရာတော်
### အရှင်ဇနကာဘိဝံသ

# ရုပ်ပုံ ဗုဒ္ဓဝင် အမေးအဖြေ

ယခုအခါ ဆရာတော်၏ဆန္ဒတော်ကို ဖြည့်ဆည်းပေး သောအားဖြင့် ရေးပုရပိုက်ပန်းချီများနှင့် တွဲဖက်ကာ တစ်အုပ်လုံး လေးရောင်ရိုက်နှိပ်၍ မကြာမီ ထုတ်ဝေရန် စီစဉ်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ်မင်္ဂလာအခါတော်နေ့၊ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့၊
နယုန်လပြည့် မဟာသမယအခါတော်နေ့၊ ဝါဆိုလပြည့် ဓမ္မစကြာ
အခါတော်နေ့၊ ဝါဆိုလပြည့်ကျော် ၅ ရက် အနတ္တလက္ခဏာအခါတော်နေ့၊
ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့၊ တော်သလင်းလပြည့် ဂရုဓမ္မ
အခါတော်နေ့၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့၊
တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့၊ နတ်တော်လပြည့်
ဓမ္မစာဆိုတော်များနေ့၊ ပြာသိုလပြည့် ရှင်တစ်ထောင်အခါတော်နေ့၊
တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နေ့၊ တပေါင်းလပြည့်
မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့

## မာဂဓီ(သာစည်)

# အခါတော်နေ့များ

အခါတော်နေ့ ၁၃ နေ့အကြောင်း နောက်ခံသမိုင်းနှင့်

အထွေထွေသိမှတ်ဖွယ်ရာများ အစုံအလင်၊

သက်ဆိုင်ရာအခါတော်နေ့များတွင် ရွတ်ဆိုပူဇော်ရန်

ပါဠိတော်၊ ဘုရားရှိခိုး၊ ဂါထာ ရတု ကဗျာများ

www.burmeseclassic.com

www.burmeseclassic.com

လူငယ်လူရွယ်တို့ ရတနာသုံးပါးနှင့် နီးစပ် ယဉ်ကျေးစေရန်၊ ကိုယ်ကျင့်တရားကောင်း ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ မြန်မာစကားပြေသက်သက်ဖြင့် ဆရာကြီး ဦးဖိုးကျား ရေးသားခဲ့သော

ဦးဖိုးကျား

# ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ

ဆိုက်ကြီး စာမျက်နှာ စုစုပေါင်း ၃၀၀၀ ကျော်ရှိသော စာအုပ်ကြီးကို ဖတ်ရှု မှတ်သား သင်ကြားရန် အလွန် လွယ်ကူအောင်နှင့် လိုရင်းအနက် မပျက်ရအောင် အကျဉ်းချုံး စီစဉ်ထားပါသည်။

ပ၊ ဒု၊ တ သုံးတွဲ ခွဲ၍ ထွက်မည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထုတ်ဝေမည့်ပါရမီစာအုပ်များ

| | |
|---|---|
| မင်းပူးဦးသြဘာသ | မဟာဇနကဇာတ်တော်ကြီး |
| အရှင်ဇနကာဘိဝံသ | ဗုဒ္ဓဝင်အမေးအဖြေ |
| မာဂဓီ(သာစည်) | အခါတော်နေ့များ |
| ဦးဖိုးကျား | ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ |
| ဦးဖိုးကျား | မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယနဂိုဏ်း |
| ဦးဖိုးကျား | သီပေါမင်းပါတော်မူအရေးတော်ပုံ |
| မန်းတင် | မြို့ပိုင်မောင်ပြုံးချို |
| မောင်ထင် | ငဘ |
| ချစ်နိုင်(စိတ်ပညာ) | စက္ကန့်တိုင်းကို စိန်စီထားတယ် |
| စိန်စိန် | ခရီးဝက်ပါ |
| ဒေါက်တာမတင်ဝင်း | အောင်ဟိတ်နဲ့လူ |
| ဒေါက်တာမတင်ဝင်း | ဇာတိနဲ့အစဉ်အလာ |
| ဒေါက်တာမတင်ဝင်း | ဘုံအနှမ်းမှ လူဆန်းများ |
| ဒေါက်တာမတင်ဝင်း | လူငယ်များနှင့်စကားပြောခြင်း |
| မစန္ဒာ | ဝတ္ထုတိုများ(၄) |
| မစန္ဒာ | ဝတ္ထုတိုများ(၁) |
| မစန္ဒာ | မဂ္ဂဇင်းဝတ္ထုရှည်များ |
| မစန္ဒာ | တိမ်ဖုံးပါလို့ လမသာ |
| Rawe Htun | The Modern Buddhist Nun |
| Ma Sandar | Upstream and other stories |

www.burmeseclassic.com